www.dhammaransi.com

ဆုပြည့်စုံထွန်းစာပေ



မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ်

# သျှင်သီရိ

ဓမ္မာစရိယ(ထီဝက)

# တန်ခိုးထက်မြက် အစွမ်းထက်သည့် ရဟန္တာကိုရင်ငယ်များ

ဒုတိယအကြိမ်

www.dhammaransi.com

ဆုပြည့်စုံထွန်း စာပေ
၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၃၈၃၆၆၄၊ ၃၈၆၈၃၃။

www.dhammaransi.com

## ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများ အား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ခြေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.dhammaransi.com

ဆုပြည့်စုံထွန်းစာပေ



www.dhammaransi.com

စာမူခွင့်ပြုချက်အမှတ် ။ ၃၂၀၄၆၇၀၆၆

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ။ ၃၂၀၅၆၃၀၆၉

❖

**ပုံနှိပ်ခြင်း**

ဒုတိယအကြိမ် ။ (၂၀၀၇၊ ဩဂုတ်လ)

အုပ်ရေ ။ (၅၀၀)

❖

မျက်နှာဖုံး ။ နီပိုဦး

ကွန်ပျူတာစာစီ ။ *Quality*

အတွင်းဖလင် ။ *Quality*

❖

ဦးမန်းနော်တင်(ပိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)

အမှတ် ၁၂၀၊ မင်းရဲကျော်စွာလမ်း၊ အလုံမြို့နယ်။

❖

**ထုတ်ဝေသူ**

မခင်မာရွှေ၊ (၀၃၉၀၅) (မြဲ)၊

၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

❖

တန်ဖိုး ။ ၇၀၀ - ကျပ်

www.dhammaransi.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အမှာစာ | |

## အခန်း(၁)

| | | |
|---|---|---|
| ၂။ | ရှင်သာမဏေသွတ်သွင်းပွဲဟာမို | ၁ |
| | – ပဗ္ဗဇ္ဇသာမဏေရရှင်ဟူသည် | ၁ |
| | – ရှင်ပြုရန်ခွင့်ပြုတော်မူခြင်း | ၃ |
| | – ရှင်ပြုရန်အစ ရာဟုလာက | ၄ |
| | – ရှင်ပြုပေးရန် သိက္ခာပုဒ်ပညတ်ခြင်း | ၇ |
| | – ရှင်သာမဏေပြုသင့်သောအရွယ် | ၉ |
| | – ရှင်မပြုထိုက်သူများ | ၁၁ |
| | – မိဘခွင့်ပြုမှု | ၁၃ |

## အခန်း(၂)

| | | |
|---|---|---|
| ၃။ | ရှင်သာမဏေဖြစ်ရန် နည်းလမ်းမှန်များ | ၁၄ |
| | – ရှင်ပြုမင်္ဂလာ | ၁၄ |
| | – ရှင်လောင်းလှည့်ခြင်း | ၁၄ |
| | – ဆံချပေးခြင်း | ၁၅ |
| | – ကမ္မဋ္ဌာန်းလက်ဘ | ၁၇ |
| | – ဆံချစဉ်ရွတ်ဆိုရမည့် တစပဉ္စကမ္မဋ္ဌာန်း | ၁၈ |
| | – သင်္ကန်း၀တ်ပေးခြင်း | ၁၉ |
| | – ဥပဇ္ဈာယ်ဆရာထံ သင်္ကန်းကပ် | ၂၁ |
| | – ဥပဇ္ဈာယ်ဆရာထံမှ သင်္ကန်းတောင်း | ၂၁ |
| | – ရှင်သာမဏေအဖြစ်တောင်းရန် | ၂၁ |
| | – သင်္ကန်း၀တ်ဆင်ပုံ | ၂၂ |
| | – ကန်တော့ရန် ဩကာသကန်တော့ချိုး | ၂၃ |
| | – ဥပဇ္ဈာယ်က ဆုပေးရန် | ၂၃ |
| | – ဆယ်ပါးသီလတောင်းပါဠိ | ၂၄ |
| | – ဘုရားရှိခိုးရန် | ၂၄ |
| | – သရဏဂုံတည်ဆောက်ရန် | ၂၄ |
| | – ဆယ်ပါးသီလပါဠိ | ၂၆ |
| | – ဥပဇ္ဈာယ်ဆရာ | ၂၈ |
| | – ဆရာတပည့်၀တ္တရားများအတွက် လျှောက်ထားပုံ | ၂၈ |

www.dhammaransi.com


- ကိုရင်ဆင်ခြင်ရန်ပစ္စဝေက္ခဏာ (၄)ဖြာ ၂၉
  - သင်္ကန်း၌ဆင်ခြင်ရန် ၂၉
  - ဆွမ်း၌ဆင်ခြင်ရန် ၂၉
  - ကျောင်း၌ဆင်ခြင်ရန် ၃၀
  - ဆေး၌ဆင်ခြင်ရန် ၃၀
  - လိင်ကျရသည့်အကြောင်းရင်းများ ၃၃
  - ဆယ်ပါးသီလခွဲပုံ ၃၄
  - ဒဏ်ဆယ်ပါး ၃၅
  - ဒဏ်ဆယ်ပါး ပါဠိ ၃၆
- ရှင်သာမဏေတို့ ကျင့်အပ်သော ကျင့်ဝတ် (၇၅)ပါး ၃၇
  - ပရိမဏ္ဍလကျင့်ဝတ်များ ၃၇
  - ဥဇ္ဇဂ္ဃိကကျင့်ဝတ်များ ၃၈
  - ခမ္ဘကတကျင့်ဝတ်များ ၃၈
  - သက္ကစ္စကျင့်ဝတ်များ ၃၉
  - ကဗဠကျင့်ဝတ်များ ၃၉
  - သုရုသုရုကျင့်ဝတ်များ ၄၀
  - ရှင်သာမဏေတို့ပြုရသော ဝတ် (၁၄)ပါး ၄၁


## အခန်း(၃)


၄။ ဘဝငယ်ငယ်အလှကြွယ်သူများ ၄၆
- ပဏ္ဍိတကိုရင်ငယ် ၄၆
- သံကိစ္စကိုရင်ငယ် ၆၉
- ရေဝတကိုရင်ငယ် ၈၀
- သုမနကိုရင်ငယ် ၈၇
- တိဿကိုရင်ငယ် ၉၆
- သောပါကကိုရင်ငယ် ၁၁၆
- သမဒါနိယကိုရင်ငယ် ၁၁၈
- ကောသမ္ဗီပြည်သားကိုရင်ငယ် ၁၁၉
- သာနုကိုရင်ငယ် ၁၂၃
- မိဂပေါတကိုရင်ငယ် ၁၂၈
- နိဂြောဓကိုရင်ငယ် ၁၃၀
- တောသွားဥပဇ္ဈာယ်နှင့် ကိုရင်ငယ် ၁၃၆
- ကိုရင်ငယ်စျာန်ကစား ကန်းမနှင့်ညား ၁၃၉

www.dhammaransi.com

# အမှာစာ

စာရေးသူနှင့်မိတ်ဆွေများသည် ရှမ်းပြည်မြောက်ပိုင်း၊ ကွမ်းလုံမြို့၌ ပြုလုပ်သော ထေရဝါဒလူပုဂ္ဂိုလ်သာသနာပြုသင်တန်းမှ အပြန်မန္တလေးမှ တင်သင့် နံနက်(၅)နာရီရထားစီးပြီး ရန်ကုန်မြို့သို့ပြန်ခဲ့ပါသည်။

စာရေးသူတို့ရထား ဘာစည်ဝင်သည်ရှိသော် သာစည်ဘူတာ၌ ကိုရင်ငယ်လေး အတော်များများသည် ရထားတွဲအသီးသီးသို့ တက်ရောက်ကြသည်။ တချို့မှာစာရေးသူတို့စီးသော အထက်တန်းတွဲ (၂)သို့လည်း တက်လာပါသည်။

တက်လာသော ကိုရင်ငယ်တို့သည် ဆွမ်းဖိုးဟုဆိုကာ ငွေအလှူခံကြပါသည်။ လှူသူကလည်း လှူကြပါသည်။ မလှူသူကလည်း မလှူကြပါ။ ကျွန်တော်နှင့်အတူပါလာကြသော ဦးစီးအရာရှိ ဦးခင်မောင်သိန်းနှင့် ဦးကျော်လွင်တို့ကလည်း သာသနာရေးဌာနမှ ဝန်ထမ်းများပီပီ ကိုရင်ကျင့်ဝတ်နှင့်မညီသော ဤကိုရင်များကို လှူရန်စိတ်မဝင်စားကြပါ။ ကိုရင်များကိုလည်း သာသနာကို ညစ်နွမ်းအောင် လုပ်နေကြသူများဟု မြင်နေကြ၍ စိတ်မချမ်းမသာ ဖြစ်နေဟန် ဖြစ်နေပါသည်။

ထိုခဏမှာပင် ကိုရင်တစ်ပါးနှစ်ပါးက စာရေးသူတို့ နံနက်စာစားရန်ဝယ်ထားသော ထမင်းထုပ်နှင့် ရေသန့်ဘူးကို မပြောမဆို အတင်းဆွဲဖြုတ်ယူသွားပါသည်။

ဦးကျော်လွင်က ကိုရင်လာလုပ်တာလဲ၊ ကိုရင်ဖြစ်ပြီး ဒီလိုလုပ်ရသလား၊ ကိုရင်ဘယ်ကျောင်းကလဲ၊ ကိုရင့်ကျောင်းကိုပြော၊ တပည့်တော်တို့ကိုဘာအောက်မေ့သလဲ၊ တပည့်တော်တို့ သာသနာရေး ဝန်ကြီးဌာနက ဟိုဆရာကြီးက လ/ထ ညွှန်ကြားရေးမှူး တပည့်တော်တို့က ဦးစီးအရာရှိတွေ

www.dhammaransi.com

ကိုရင်တို့ကို ဆိုင်ရာပို့လိုက်ရမလားဟု ပြောသောအခါကျမှ ကိုရင်များသည် အထုပ်ကိုပြန်ပေးပြီးဆင်းသွားကြပါသည်။

ထိုကိုရင်များကိစ္စနှင့် ပတ်သက်၍ ရထားတွဲပေါ်တွင် အတော်ပင် ပွစိပွစိနှင့် ပွက်လောရိုက်သွားပါသည်။

ဒီကိုရင်တွေဟာ သာသနာဖျက်တွေပဲ။ သာသနာကို ခုတုံးလုပ်ပြီးအချောင်တောင်းစားနေကြတာပဲ။ ဒီကိုရင်တွေ ထိန်းသိမ်းကြပ်မတ်မည့် ဆရာတွေ မရှိဘူးလား၊ ဗုဒ္ဓသာသနာက ဒီလိုပဲ စည်းမဲ့ကမ်းမဲ့သင်္ကန်း ဝတ်ကြသလား၊ သင်္ကန်းကို ယခုလိုစည်းမဲ့ ကမ်းမဲ့ဝတ်ပြီးနေတာကလည်း သာသနာတော်အတွက် ညိုးနွမ်းစရာရောက်လှပါတယ်၊ အရေးယူသင့်ပါတယ်စသည်ဖြင့် ဆွေးနွေးမှုများဖြစ်ပေါ်လာကြပါသည်။

''ဒီကိုရင်တွေလုပ်ပုံကတော့ သာသနာညစ်နွမ်းရာ အမှန်ဖြစ်ပါတယ်။ ဗုဒ္ဓသာသနာကို အခြားဘာသာဝင်တွေက အထင်မြင်သေးစရာဖြစ်ပါတယ်။ ဘုရားရှင်ကတော့ သူ့သာသနာမှာ ဒီလိုစည်းမဲ့ကမ်းမဲ့တွေမရှိအောင်သန့်ရှင်းစင်ကြယ်သော ပုဂ္ဂိုလ်တွေဖြစ်အောင် စည်းမျဉ်းတွေ စည်းကမ်းတွေ ကျင့်ဝတ်တွေပညတ်ထားခဲ့ပါတယ်၊ သာသနာ့ဝန်ထမ်း ရှင်သာမဏေရဟန်းတွေဟာ ဒီကျင့်ဝတ်စည်းကမ်းတွေနှင့် အညီနေထိုင်ကျင့်ကြံရမှာပါ။ ဘုရားက ဆရာနှင့် စည်းကမ်းနှင့်ထားခဲ့တဲ့အကြောင်းကိုတော့ ဟော ဟာလက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုမြိုင်(စာရေးဆရာ ဆရာတက္ကသိုလ်သျှင်သီရိ၊ ဓမ္မာစရိယ–ဘီအေ) ကရှင်းပြပါလိမ့်မယ်''

ဟု ဦးစီးအရာရှိ ဦးကျော်လွင်က စာရေးသူကို လက်ညှိုးထိုးရည်ညွှန်းပြီး ပရိသတ်ထဲမှ ပွစိ ပွစိ ဦးဆောင်သူကို ပြောလိုက်သည်။

ဦးကျော်လွင်၏ တိုက်တွန်းချက်အရ စာရေးသူမှာ မပြောလျှင်မဖြစ်တော့၍ ရှင်သာမဏေပြုပုံ၊ ဥပဇ္ဈာယ်ဆရာက ခွင့်ပြုမှဝတ်ရပုံ၊ ဥပဇ္ဈာယ်ဆရာထိန်းသိမ်းမှုရှိပုံ၊ သင်္ကန်းကို ကိုယ့်ဘာသာကိုယ်ဝတ်၍ မရပုံ၊ ဆက်ပြီးဝတ်ပြီးထိန်းသိမ်းရမည့် လိင် (၁၀)ပါး၊ ဒဏ် (၁၀)ပါးနှင့် ယဉ်ကျေး မှုရှိအောင်ထိန်းသိမ်းရမည့် သေခိယကျင့်စဉ်တွေရှိပုံ အကြောင်းစုံကို ရှင်းလင်းပြရပါသည်။

ရထားစီးလာသူ ဓမ္မမိတ်ဆွေ တစ်ဦးက ဆရာ့အနေနှင့် ကိုရင်သာမဏေတစ်ပါးကျင့်ရမည့် ကျင့်ဝတ်များရှိပုံ၊ ဘယ်လို အင်္ဂါညီမှ ဝတ်ရပုံတွေကိုကျွန်တော်တို့ ဗုဒ္ဓသာသနာ ဒါယိကာတွေသိအောင် စာအုပ်တစ်အုပ်မှာ

www.dhammaransi.com

ရေးပြရင်ကောင်းမယ်ဆရာ'' ဟုအကြံပြုဆွေးနွေးပါသည်။

စာရေးသူက ဆက်လက်၍ ကိုရင်လေးတွေ ငယ်ပေမယ့် ဆရာကောင်းနှင့်တွေ့၍ အကျင့်ကောင်းကျင့်ကာ ကိုရင်ဘဝနှင့်ပင် တစ်မဂ်တစ်ဖိုလ်ရနိုင်ကြောင်း ဘုရားရှင်လက်ထက်က ၄ နှစ်သား၊ ၅နှစ်သား၊ ၇ နှစ်သားနှင့် ရဟန္တာဖြစ်ကြသူများရှိကြောင်း၊ အနှစ်ကိုလိုလျှင်အကာကို အရင်မွေးယူရကြောင်း၊ ဤကိုရင်လေးများမှတစ်ဆင့် စာတတ်ပေတတ် မထေရ်ကြီးတွေဖြစ်လာကြောင်း စသည်ဖြင့် သာသနာအပေါ်နှင့် ကိုရင်များ အပေါ် သူတို့ သဒ္ဓါတရားမပျက်ရလေအောင် စာရေးသူက ဟောပြောပြရပါသည်။

''ဆရာ လေးနှစ်၊ ငါးနှစ်၊ ခုနစ်နှစ်နှင့် ရဟန္တာ ဖြစ်နိုင်ပါ့မလား ဆရာ''

ဟုတစ်ယောက်က တအံ့တသြမေးသည်။

စာရေးသူက ဘုရားရှင်လက်ထက်က ပါရမီမှင် ရဟန္တာ သာမဏေတွေပေါ်ပေါက်ခဲ့ပုံ၊ ယခုခေတ်တွင်လည်း ပိဋကတ်မောင်ထွန်းကြိုင်ဆိုသော လူငယ်ကလေး ငယ်ငယ်ရွယ်ရွယ်နှင့် ပိဋကတ်တော်များကို တတ်ပုံ၊ တောင်ကိုရီးယားနိုင်ငံ၌ ဆယ်နှစ်သား ထူးချွန်သူပေါ်ခဲ့ပုံအကြောင်းစုံ စသည်ကို ရှင်းပြရပါသည်။

ရထားပေါ်ပါ ဓမ္မမိတ်ဆွေတစ်ဦးသည် စာရေးသူရှင်းပြသည်ကို လက်ခံပြီး ရထားခရီးစဉ်တစ်လျှောက်လုံး ဓမ္မဆိုင်ရာ ဆွေးနွေးပွဲများဖြစ်လာခဲ့ရပါသည်။

စာရေးသူသည် ရန်ကုန်ပြန်ရောက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဗုဒ္ဓဟူးနေ့ ပုံမှန်အစည်းအဝေးတက်ရောက်ရင်း ဒုတိယ ဥက္ကဋ္ဌ ဆရာတော်ဖြစ်သော အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာ (မိတ္ထီလာ) ဆရာတော်ကိုသာစည်ဘူတာ၌ သာသနာအညစ်အကြေးသဖွယ် သာသနာညှိုးနွမ်းအောင်ဘူတာ ရထားတို့၌ အဓမ္မသဖွယ် အလှူခံနေကြသော ရှင်သာမဏေများကိစ္စကိုလျှောက်ထားပြရပါသည်။

ဆရာတော်ဘုရားကြီးကလည်း သူကိုယ်တိုင် ကြုံတွေ့ရကြောင်း၊ ပြင်းထန်စွာအရေးယူဆောင်ရွက်ဖို့ သာစည်မြို့နယ် သံဃနာယကအဖွဲ့ကိုပြောထားခဲ့ကြောင်းမိန့်ကြားပါသည်။

အလားတူပင် ရန်ကုန်မြို့နှင့်မြို့တော်အတော်များများရှိ လက်ဖက်ရည်ဆိုင်နှင့်အခြားဆိုင်တို့တွင် ကိုရင်များသည် သပိတ်ပိုက်ကာလှိုက်လှံ

www.dhammaransi.com

အလှူခံနေကြပါသည်။ လက်ဖက်ရည်ဆိုင်ဟူသည် ဘာသာစုံ လူမျိုးစုံထိုင်၍ သောက်သော နေရာဖြစ်ပါသည်။

ထိုကိုရင်ငယ်များကို ဘာသာခြားတို့တွေ့မြင်ကြသည်ရှိသော် ဗုဒ္ဓဘာသာဝင်ကိုရင်၏ ကျင့်ဝတ်စည်းကမ်းကိုမသိကြ၍ ဤကိုရင်ငယ်များကို ကြည့်ပြီး ဗုဒ္ဓဘာသာဝင်ကိုရင်ငယ်များသည် လူသာမန်နှင့်ဘာမှမထူးခြား၊ သက်န်းဝတ်ထားတာနှင့် လူအဝတ် ဝတ်တာသာကွာသည်ဟု ထင်မြင်ကြပေမည်။

အမှန်အားဖြင့်လည်း ဤသို့ထင်ကြသည်များပါသည်။ ဤသို့ထင်ကြသည်ရှိသော် ဗုဒ္ဓဘာသာ သာသနာအတွက် ရှက်စရာကောင်းလှပါသည်။ အောက်တန်းစားလူတန်းစား၏ သာသနာဟု ထင်မြင်သုံးသပ်မိကြသည်ဆိုပါကပို၍ပင် နစ်နာလှပါသည်။

ဗုဒ္ဓဘာသာ သာသနာတွင် ရှင်သာမဏေကိုရင်ဝတ်မှုသည် အလွန်စည်းကမ်း စနစ်တကျ ရှိလှပါသည်။ သင်္ကန်းကို ကိုယ့်ဘာသာ ကိုယ်ဝတ်၍မရပါ။ သင်္ကန်းရှိရုံနှင့်ကိုရင်ဝတ်၍မရပါ။ ထိုသို့မရသလိုပင် ကိုရင်သာမဏေကို အနီးကပ်ကြီးကြပ်စောင့်ရှောက်ရသော ဥပဇ္ဈာယ်ဆရာ သည်ယိုတပည့်အတွက် နည်းမှန်လမ်းမှန် ကျင့်စဉ်မှန်ရောက်အောင်အနီးကပ် ကြီးကြပ်စောင့်ရှောက်ပေးရသူ ဖြစ်ပါသည်။

ဗုဒ္ဓသာသနာတွင် ဘုရားရှင်သည် သာသနာ့ဘောင်သို့ ဝင်လာသောရှင်ရဟန်းများနှင့် ပတ်သက်၍ သတ်မှတ်ချက်များသည် အလွန်ပင်ကောင်းမွန်လှပြီး တိကျလှပါသည်။ အလွန်လည်းခေတ်မီပြီး ယနေ့ထိမပြောင်းလဲရသေးသော ဥပဒေစည်းကမ်းများ ဖြစ်ကြပါသည်။

ဘုရားရှင် သတ်မှတ်ထားသော စည်းကမ်းဥပဒေအတိုင်း လိုက်နာကြမည့် ဆရာများကလည်း ဘုရားရှင်လမ်းညွှန်ထားသော ဥပဇ္ဈာယ်စက်အတိုင်း ထိန်းသိမ်း ကြပ်မတ် စောင့်ရှောက်ကြမည်ဆိုလျှင် ဤသာသနာဝယ်ယခုလတ်တလောဖြစ်ပေါ်နေသော သာသနာကို ညစ်နွမ်းယုတ်ညံ့စေသော အပြုအမူရှိ ကိုရင်ငယ်များ၏ အပြုအမူများသည် ဖြစ်ပေါ် ပေါ်ပေါက်လာမည် မဟုတ်ပါချေ။

ဘုရားရှင် လက်ထက်က ပါရမီရှင် ငါးနှစ်သား၊ ခုနစ်နှစ်သား ကိုရင်ငယ်များကို အရှင်သာရိပုတ္တရာကဲ့သို့သော ဥပဇ္ဈာယ်ဆရာမြတ် တို့က

www.dhammaransi.com

အနီးကပ် ကြီးကြပ်စောင့်ရှောက်ပေးကြ၍ ထိုငါးနှစ်၊ ခုနစ်နှစ်သက်တမ်းမှာ ပင်ရဟန္တာဖြစ်ကြသည်ကို တွေ့ရပါသည်။

စာရေးသူသည် ဤ''တန်ခိုးထက်မြက် အစွမ်းထက်သည့် ရဟန္တာကိုရင်ငယ်များ'' စာအုပ်ဖြင့် ဗုဒ္ဓမြတ်စွာ မြတ်စွာ သာသနာ့ဝယ် လူငယ်ကလေးများ ပြင့်မြတ်သော သာသနာ့အမွေ ခံယူကြရာ၌ စည်းကမ်းတကျ သတ်မှတ်ထားသော ဥပဒေများနှင့်အညီ ဝင်ရောက်ခံယူကြရမည့်အဖြစ်ကိုလည်းကောင်း

- ဗုဒ္ဓမြတ်စွာ သာသနာတော်ဝယ် အသက်အရွယ်သည် ပဓာနမဟုတ် ကျင့်ကြံအားထုတ်သော သီလ သမာဓိ ပညာသည်သာ အဓိကဖြစ်သည်ကိုလည်းကောင်း၊
- ဘဝအဆက်ဆက်က ဆည်းပူးအားထုတ်ခဲ့သော ပါရမီ ရင့်ကျက်မှု မရင့်ကျက်မှုသည် အဓိကဖြစ်သည်ကိုလည်းကောင်း၊
- မြင့်မြတ်သော သာသနာတော်ဝယ် အနီးကပ်လမ်းညွှန်ပေးသော ဥပဇ္ဈာယ်ဆရာသည် အဓိက တာဝန်ရှိသလို တပည့်ကလည်း ကြိုးစားအားထုတ်ရန် လိုအပ်ပုံတို့ကိုလည်းကောင်း၊

ဗုဒ္ဓဘာသာဝင်များအဖို့ သိရှိသဘောပေါက်နားလည်ပြီးလျှင် သာသနာအပေါ်၌လည်းကောင်း၊ ရှင်ရဟန်း သံဃာအပေါ်၌လည်းကောင်း ကြည်ညိုမြတ်နိုးတတ်စေလိုပါသည်။ ဤသာသနာ့ဝယ်၊ သာသနာ့အကျိုးဆောင်သော (ဝါ) သာသနာ့အမွေခံ သာသနာ့ကို ထိန်းသိမ်းစောင့်ရှောက်မည့်သူများသည် ရှင်ရဟန်းသံဃာတော်များ ဖြစ်ကြပါသည်။ ဘုရားရှင်၏ ဓမ္မက္ခန္ဓ ပေါင်း ရှစ်သောင်း လေးထောင် တရားတော်များ မကွယ်ပျောက်ရ အောင်ထိန်းသိမ်းစောင့်ရှောက်သူများမှာလည်း ဤရဟန်းတော်များပင် ဖြစ်ပါသည်။

သို့အတွက် ဗုဒ္ဓဘာသာဝင်တို့သည် အနှစ်ကိုလိုလျှင် အကာကို အရင်မွေးယူရသည့်အဖြစ်ကိုလည်းကောင်း၊ အတုနှင့်အစစ်ကိုခွဲခြားပြီး ကြည်ညိုတတ်စေရန် လည်းကောင်း၊ တကယ်လုပ်လျှင် အပဂုဏ်ဖြစ်သည် အသက်အရွယ်သည် ပဓာနမဟုတ်သည်ကိုလည်းကောင်း၊ ဤကိုရင် ရဟန္တာငယ်များကို ဖတ်ရှုလေ့လာပြီး အားကျစေလို၍ လည်းကောင်းရည်ရွယ်ပြီးဤစာအုပ်ကို ရေးသားထုတ်ဝေလိုက်ရပါသည်။

ဆုပြည့် စုံထွန်းစာပေ

www.dhammaransi.com

ဤစာအုပ်ကို ဖတ်ရှုပြီး၍ သာသနာအမွေခံကလေးများကို ပြုစုပျိုးထောင်လိုသောစိတ်ဖြင့် အတုအစစ်ကို ခွဲခြားတတ်ခြင်း၊ အစစ်ကို အားပေးချီးမြှင့်၍ သာသနာတော်ကို စောင့်ရှောက်လိုသော စိတ်ရှိကြမည်ဆိုလျှင် စာရေးသူ၏ တစ်စိတ်တစ်ဒေသ ပြည့်ဝပြီဟု ယုံကြည်မိပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးခဲ့ကြသော ရထားပေါ် ခရီးကြုံ၊ ဓမ္မမိတ်ဆွေကြီး ဦးထွန်းအောင်၊ စာမူကို ဝိုင်းဝန်းကူညီရေးပေးသော သမီးငယ် မစန္ဒာမြင့်နှင့် ဟုတ်ဝေသူ ဆုပြည့်စုံထွန်းစာပေ မှမခင်မာရွှေတို့ကိုလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်ပျို့သိရိ
(ဓမ္မာစရိယ၊ ဘီအေ)

www.dhammaransi.com

# အခန်း(၁)

## ရှင်သာမဏေ သွတ်သွင်းပွဲဟာမို့

ပဗ္ဗဇ္ဇ = သာမဏေရရှင်ဟူသည်

ပဗ္ဗဇ္ဇ = ရဟန်းပဉ္စင်းဘဝသို့ မရောက်မီရှေးဦးစွာ ရောက်အပ်သောအဆင့်ဖြစ်သောကြောင့် ရှင်သာမဏေအဆင့်ကို ပဗ္ဗဇ္ဇဟု ဆိုပါသည်။

ပဗ္ဗဇ္ဇ (၃)မျိုး

၁။ ဆံရိတ်ပြီးသောရှင်လောင်း (ဘဏ္ဍုပဗ္ဗဇိတ)

၂။ ဆံရိတ် သင်္ကန်းဝတ်ပြီးသော်လည်း သရဏဂုံ မတင်ရသေးသောရှင်လောင်း (လိင်္ဂပဗ္ဗဇိတ)

၃။ ဆံရိတ် သင်္ကန်းဝတ်ပြီးသရဏဂုံတည်ဆောက်ပြီး၍ သာမဏေအစစ်ဖြစ်သောသူ (သရဏပဗ္ဗဇိတ)

ဟူ၍ပဗ္ဗဇိတ (၃)မျိုးရှိလေသည်။

သာမဏေ = (သာမဏေသသ အပစ္စရောမဏေယော ဟူသော ပါဠိစကားအဆိုနှင့်အညီဆရာရဟန်းက 'ဝတ်တော့' ဟုခွင့်မပြုလျှင် ကိုယ်ပိုင်သင်္ကန်းရှိသော်လည်း ကိုယ်တိုင်ဝတ်ခွင့်မရှိ၊ ဆရာရဟန်းက ခွင့်ပြုမှသာဝတ်ခွင့်ရှိသည်။ သရဏဂုံတည်ဆောက်ရွတ်ဆိုမှု၌လည်း၊ ကိုယ်တိုင်ရွတ်ဆိုတတ်စေကာမူဆရာရဟန်းက ဥာန်ကရိုကျိုးကျနစွာနှုတ်ခံတွင်းဖြင့် သရဏဂုံရွတ်ဆိုပေးပြီးနောက် မိမိကိုယ်တိုင်ဆရာရဟန်းကဲ့သို့ ဥာန်ကရိုကျိုးကျနစွာ သရဏဂုံကို ရွတ်ဆို

www.dhammaransi.com



နိုင်မှသာ သာမဏေဘဝသို့ ကောင်းစွာရောက်နိုင်သည်၊ (ဥပဇ္ဈာယ်ဆရာ) ရဟန်း၏သားတပည့်ကို သာမဏေရဟုဆိုပါသည်။

ထို့ကြောင့်သာမဏေများသည် ဆရာရဟန်း၏ နှုတ်ခံတွင်းမှ မွေးဖွားပေးလိုက်သောသားအရာ၌ တည်ကြသည်။ ဆရာရဟန်းကသာ မမွေးဖွားပေးလျှင် သာမဏေဟူ၍ မပေါ်ပေါက်နိုင်ပါ။

ရှင် = ဟူသောနာမည်သည် သာမဏေ၏ နာမည်တစ်မျိုး ဖြစ်ပါသည်။

မြန်မာ ဗုဒ္ဓဘာသာတို့က သာမဏေကို ''ရှင်'' ဟူ၍လည်းကောင်း၊ ''ကိုရင်ဟူ၍လည်းကောင်း၊ ''မောင်ရှင်''ဟူ၍လည်းကောင်း၊ ''မောင်ရင်ဟူ၍လည်းကောင်း၊ ရှင်နှင့်သာမဏေကိုတွဲစပ်၍ ရှင်သာမဏေဟူ၍ လည်းကောင်း အမျိုးမျိုး သုံးစွဲခေါ်ဝေါ်ကြပါသည်။

ဦးဖိုးလတ်၏ မြန်မာအဘိဓာန်ငယ်က ပြန်မာစကားအဖွင့်ကျမ်း၌ ''ရှင်'' ဟူသော ဝေါဟာရသည် အရှင်မင်းကြီး၊ ဘုရားရှင် စသည်တို့၌ ပါရှိသော ''ရှင်'' ကဲ့သို့ ''ကြီးမြတ်သူ''၊ ''စိုးပိုင်သူ'' ဟုအဓိပ္ပါယ်ရပါသည်။

ဦးသာမြတ်၏ ပေါရာဏအဘိဓာန်၌ကား ''ရှင်'' ကိုပူဇော်ခံထိုက်သူ အရှင်သခင်ဟူ၍ အနက်အဓိပ္ပါယ် ပြန်ပါသည်။

အရဟန္တမှ - တကို ချေလျှင် 'အရဟ' ရသည်။ အရဟ၌အရဟင် အရှင်= ဖြစ်သည်( စာ၌ ကာရန်နှင့် အင်ကာရန်မိရန် ဖလှယ်၍ အရဟင်ကို သဒ္ဒါသဘောပမာ ထိုးလျှင် ''အရှင်'' စကားလုံးရ၏ဟု ရှင်းပြထားပါသည်။

မြန်မာလူမျိုးဓလေ့များတွင် အမျိုးသားများ၏ နာမည်ရှေ့တွင် အသက်အရွယ်နှင့် ဂုဏ်ကြီး ဂုဏ်ငယ်အလိုက် ဦး၊ ကို၊ မောင် ဟူသော ရှေ့ဆက် ဂုဏ်ပြုပုဒ်တို့ကို ထည့်ကာ သုံးစွဲလေ့ရှိပါသည်။

ထို့အတူ သာသနာတော်၌လည်း ''ပဉ္စင်း''ဟူသော နာမည် ရှေ့တွင် ''ဦး'' ကိုထည့်၍ ''ဦးပဉ္စင်း'' ဟူ၍လည်းကောင်း၊ ''ရှင်'' ဟူ၍လည်းကောင်း ခေါ်ဝေါ်သုံးစွဲကြသည်။

ယင်း ''ကိုရှင်၊ မောင်ရှင်'' မှတစ်ဆင့် ဟထိုးကိုဖြုတ်၍ ''ကိုရင်'' ''မောင်ရင်'' ဟူ၍ပြောင်းလဲသုံးစွဲကြခြင်းဖြစ်လေသည်။

www.dhammaransi.com

ရှင်ပြုရန် ခွင့်ပြုတော်မူခြင်း

''ရဟန်းတို့ ငါဘုရားသည် လူနတ်တို့၌ ဖြစ်သော(ကိလေသာ) ကျော့ကွင်းအားလုံးတို့မှ လွတ်တော်မူပြီ''

''ရဟန်းတို့ သင်တို့သည် လူနတ်တို့၌ ဖြစ်သော(ကိလေသာ) ကျော့ကွင်းအားလုံးတို့မှ လွတ်တော်မူပြီ''

''ရဟန်းတို့ များစွာသော လူတို့၏အကျိုးစီးပွားခြင်းငှာ၊ ချမ်းသာခြင်းငှာ၊ လောကကိုစောင့်ရှောက်ရန်အလို့ငှာ၊ နတ် လူတို့၏ အကျိုးစီးပွားချမ်းသာခြင်းငှာ၊ ခရီးလှည့်လည်ကြကုန်လော့ခရီးတစ်ကြောင်းလျှင် နှစ်ပါးမသွားပါလင့်''

''ရဟန်းတို့ အစ၏ကောင်းခြင်း၊ ခလယ်၏ကောင်းခြင်း၊ အဆုံး၏ကောင်းခြင်းရှိသော အနက်နှင့်ပြည့်စုံသော သဒ္ဒါနှင့်ပြည့်စုံသော တရားကို ဟောကုန်လော့၊ အလုံးစုံ ပြည့်စုံသော ထက်ဝန်းကျင် စင်ကြယ်သော အကျင့်ကို ပြကုန်လော့၊ မြတ်သောအကျင့်ကို ပြကုန်လော''

''ပညာမျက်စိ ကိလေသာမြူနည်းသော သဘောရှိကုန်သောသတ္တဝါတို့သည်ရှိကုန်၏။ တရားတော်ကို မကြားနာရသဖြင့် ဆုတ်ယုတ်ကြရကုန်၏။ တရားတော်ကို သိလွယ်သော သူတို့ရှိကုန်လတ္တံ့''

မြတ်စွာဘုရားရှင်သည် မိမိစုဆောင်းရရှိသော ရဟန်းတော် (၆၀) တို့ကို ဒေသအသီးသီးသို့ သာသနာပြုရန် စေလွှတ်ခဲ့သည်။

ထိုအခါ ရဟန်းတို့သည် အထူးထူးသောအရပ်၊ အထူးထူးသော ဇနပုဒ်တို့မှ ရှင်လောင်း ရဟန်းလောင်းတို့ကို

''မြတ်စွာဘုရားသည် ရှင်ပြုလတ္တံ့၊ ပဉ္စင်းပြုလတ္တံ့'' ဟုခေါ်ဆောင်လာကြကုန်သည်။

ထိုသို့ခေါ်ဆောင်လာကြရာမှ ရဟန်းတို့သည်လည်းကောင်း၊ ရှင်လောင်း၊ ရဟန်းလောင်းတို့သည်လည်းကောင်း ပင်ပန်းကြသည်။

မြတ်စွာဘုရားသည် တစ်ပါးတည်း ဆိတ်ငြိမ်ရာ၌ ကပ်၍ ယခုအခါ ရဟန်းတို့သည် အထူးထူးသောအရပ် အထူးထူးသောဇနပုဒ်တို့မှ ရှင်လောင်း ရဟန်းတို့ကို မြတ်စွာဘုရားသည် ရှင်ပြုလတ္တံ့၊ ပဉ္စင်းဖြစ်လတ္တံ့ဟု ခေါ်ဆောင်လာကြရာရဟန်းတို့သည် လည်းကောင်း၊ ရှင်လောင်းတို့သည် လည်းကောင်း၊ ပင်ပန်းကြကုန်၏။ အကယ်၍ ငါဘုရားသည် ရဟန်းတို့ ယခုအခါ သင်တို့ ကိုယ်တိုင်သာလျှင် ထိုထိုအရပ်၊ ထိုထိုဇနပုဒ်တို့၌ ရှင်ပြုပေးကြကုန်လော ပဉ္စင်းပြုပေးကြကုန်လော့ဟု ရဟန်းတို့အားခွင့်ပြုရမူ ကောင်းလေစွ''

www.dhammaransi.com



ဟူ၍အကြံဖြစ်ပေါ်တော်မူသည်။

ဘုရားရှင်သည် ညချမ်းအချိန်တွင်ရဟန်းတော်များကိုတရားဟောရင်း

"ရဟန်းတို့ ယခုအခါ သင်တို့ကိုယ်တိုင်သာလျှင် ထိုထိုအရပ်ထိုထိုဇနပုဒ်တို့၌ ရှင်ရဟန်းပြုပေးကုန်လော့" ဟုခွင့်ပြုတော်မူသည်။

ရဟန်းတို့ ဤသို့ ရှင်ပြုပေးရမည်၊ ရဟန်းပြုပေးရမည်။

ရှေးဦးစွာ ဆံပင်မုတ်ဆိတ်တို့ကို ဖယ်ပြီးလျှင် ဖန်ရည်ဆိုးသောအဝတ်တို့ကို ဝတ်စေ၍ လက်ဝဲတစ်ဖက် ပုခုံးထက်၌ ကိုယ်ဝတ်ကို စံပွါယ်တင်စေပြီးလျှင် ရဟန်းတို့၏ ခြေတို့ကို ရှိခိုးစေလျက် ဆောင့်ကြောင့်ထိုင်နေစေကာလက်အုပ်ချီစေပြီးလျှင်

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ
ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ
တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ

ဟုရွတ်လော့ဟု ပြောဆိုရမည်။

"ရဟန်းတို့ ဤသရဏဂုံသုံးပါးတို့ဖြင့် ရှင်ရဟန်းအဖြစ်ကို ခွင့်ပြုတော်မူ၏"

ဘုရားရှင်က သရဏဂုံဆောက်တည်၍ ရှင်ရဟန်းပြုပေးရန် ခွင့်ပြုတော်မူခဲ့ပါသည်။

သရဏဂုံဖြင့် ရှင်ပြုပေးခြင်းစနစ်သည်၊ ခွင့်ပြုသည်မှ သာသနာတော်ကုန်ဆုံးသည့်တိုင်အောင်ပင် ရှိနေမည်ဖြစ်ပါသည်။

## ရှင်ပြုခြင်းအစ ရာဟုလာက

မြတ်စွာဘုရားရှင်သည် ကာဠုဒါယီမထေရ်၏ ပင့်လျှောက်ချက်အရ ရဟန္တာအပေါင်း နှစ်ထောင်ခြံရံလျက် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁)ရက်နေ့တွင် ရာဇဂြိုဟ်မြို့မှထွက်ခွာ၍ တစ်နေ့လျှင် တစ်

www.dhammaransi.com


ယူဇနာခရီးဖြင့် ယူဇနာ(၆၀)ဝေးကွာသော ကပိလဝတ္ထု နေပြည်တော်သို့ကြွ တော်မူလေသည်။

မဟာ သက္ကရာဇ် ၁၀၄ခု၊ ကဆုန်လပြည့်ကျော် (၁) ရက်နေ့တွင် ကပိလဝတ္ထုပြည်သို့ ရောက်တော်မူသည်။

ဘုရားရှင်သည် ကပိလဝတ္ထုပြည်သို့ရောက်လျှင် အလွန်မာနခက် ထန်သော ဆွေတော်မျိုးတော်များကို ရေအစုံ၊ မီးအစုံ တန်ခိုးပြ၍ မာန်မာန ကျစေခဲ့သည်။

ထို့နောက် ဇနပဒကလျာဏီနှင့် လက်ထပ်မည့်ဆဲဆဲဖြစ်သော ညီတော် နန္ဒမင်းသားကို ရဟန်းဝတ်ပေးခဲ့သည်။

ညီတော်နန္ဒမင်းသားကို ရဟန်းပြုပြီး၍ (၇)ရက်မြောက်သောနေ့တွင် ဘုရားရှင်သည် ရဟန္တာအပေါင်း နှစ်ထောင်ခြံရံလျက် ခမည်းတော်မင်းကြီး၏ နန်းတော်သို့ ဆွမ်းဘုဉ်းပေးရန် ကြွလာတော်မူသည်။

ထိုအချိန်ဝယ် ရာဟုလာမယ်တော် ယသော်ဓရာမိဖုရားသည် ခုနစ် နှစ်အရွယ်မျှသာ ရှိသေးသော သားတော်ငယ် ရာဟုလာကို လှပတင့်တယ်စွာ တန်ဆာဆင်ပြီးလျှင် –

"ချစ်သား ရဟန်းတော်အပေါင်းနှစ်ထောင် ခြံရံလျက် ရွှေကဲ့သို့ အဆင်းရှိ၍ ဗြဟ္မာမင်းနှင့်အတူ ဖြောင့်စင်းသော ကိုယ်ရှိသော ထိုရဟန်း တော်မြတ်ကြီးကို ချစ်သားကြည့်ရှုစမ်းပါ။ ဤအရှင်မြတ်သည်ကား ချစ်သား ၏ဖခင်အစစ်ဖြစ်ပေသည်။

သားမောင်ဖခင် တောထွက်၍ ရဟန်းမပြုမီက သင်္ခ၊ ဧလ၊ ဥပ္ပက၊ ပုဏ္ဍရိကအမည်ရှိသော ရွှေအိုးကြီးလေးလုံးရှိခဲ့ပါသည်။ ထိုရွှေအိုးကြီးလေး လုံးသည် သားမောင်ဖခင်တောထွက်၍ ရဟန်းပြုသွားသော အချိန်မှစ၍ယနေ့ ထိမေမေမတွေ့မြင်ရတော့ပါ။

ချစ်သား သားမောင်ဖခင်အရှင်မြတ်ထံသို့ သွားရောက်ချဉ်းကပ်ပြီး ခမည်းတော်ဘုရား၊ သားတော်ကား ဖို့မြစ်နနယ် ငယ်ရွယ်သောမင်းသားဖြစ် ပါသည်။ သားတော်သည် ဗုဒ္ဓါဘိသိက်သွန်း၍ လေးကျွန်းသနင်း စကြာမင်း ဖြစ်ရပါလိမ့်မည်။ သားတော်သည် မင်းတို့ပြုဖွယ်ရာ ဥစ္စာရတနာတို့ကို အလို ရှိပါသည်။ ကျွန်ုပ်အားဖခမည်းတော်၏ ဥစ္စာဖြစ်သောရွှေအိုးကြီးလေးလုံးကို ပေးတော်မူပါလော့၊ သားဖြစ်သူသည် ဖခင်၏အမွေကို ပိုင်ဆိုင်ခံယူရမြဲဖြစ် ဓမ္မတာဖြစ်ပါသည်"ဟု လျှောက်ထားပြောဆို၍ အမွေဥစ္စာကို တောင်းခံပါ ချေလော့။"

www.dhammaransi.com


ဟုပန်ကြားပြောဆိုပြီးလျှင် ဘုရားရှင်ထံသို့ သားတော်ငယ်ကို စေလွှတ်လိုက်လေသည်။

ရာဟုလာသည် ဘုရားရှင်အနီးသို့ရောက်လျှင် ဖခင်ဟူသော ချစ်ခြင်းမေတ္တာကို ဖြစ်စေသော အလွန်ရွှင်လန်းဝမ်းမြောက်သော စိတ်ရှိလျက်

''ဖခမည်းတော်ဘုရား အရှင်ဘုရား၏ အရိပ်သည် အလွန်အေးမြချမ်းသာလှပါသည်''

ဟုလျှောက်ထားပြီး မိမိနှင့်လျော်ပတ်သော တီတီတာတာများစွာ စကားတို့ကို ပြောကြားလျက် ဘုရားရှင်၏ အနီး၌နေလေသည်။

ဘုရားရှင်သည် ဆွမ်းဘုဉ်းပေးခြင်း ကိစ္စပြီးလေသော် ဆွမ်းအနုမောဒနာတရားဟောကြားပြီးလျှင် နေရာမှထ၍ ရဟန္တာအပေါင်း ခြံရံလျက် ရွှေနန်းတော်မှ ထွက်ကာ နိဂြောဓာရုံကျောင်းသို့ ကြွသွားတော်မူလေသည်။

ရာဟုလာမင်းသားသည် ဘုရားရှင်နောက်မှ တကောက်ကောက် လိုက်ကာ

''ဖခည်းတော်ဘုရား၊ အကျွန်ုပ်အား အမွေဥစ္စာကိုပေးတော်မူပါဘုရား''

ဟုလျှောက်ထားသည်။

မြတ်စွာဘုရားသည် သားတော်ရာဟုလာကို ''ချစ်သား ပြန်လော့'' ဟုမိန့်ကြားတော်မမူချေ။

မင်းချင်းယောကျ်ားများကလည်း ဘုရားရှင်နှင့်အတူလိုက်သွားသောမင်းသားကို အဖနောက်သို့သားလိုက်သွားခြင်းဖြစ်၍ မဟန့်တားဝံ့ကြချေ။

ဤနည်းဖြင့်ပင် ရာဟုလာမင်းသားသည် ဘုရားရှင်နှင့်အတူတကွ နိဂြောဓာရုံကျောင်းသို့ အမွေတောင်းခံရင်း ရောက်ရှိသွားလေသည်။

ကျောင်းတော်သို့ရောက်သောအခါ ဘုရားရှင်သည်

''ဤရာဟုလာမင်းသားသည် အဖ၏ ဥစ္စာဖြစ်သော အမွေအနှစ်ကို ရယူလို၏။ ဤလောကီ အမွေအနှစ်ဟူသည်မှာ ဝဋ်ဆင်းရဲ၌သာ စာရင်းအပါ အဝင်ဖြစ်၍ လွန်စွာဆင်းရဲဖို့သာ ဖြစ်ချေ၏''

ငါဘုရားရှင်သည် သားတော်ရာဟုလာအား မဟာဗောဓိ မဏ္ဍိုင်ဝယ် ငါဘုရားသည် မာရ်ငါးပါးကို အောင်မြင်နိုင်ခဲ့သော သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာ၊ သမာဓိ ဟိရိဩတ္တပ ဟူသောအရိယာခုနစ်ပါးကိုပေးအံ့၊ သားတော်ရာဟုလာကို လောကုတ္တရာအမွေအနှစ် ပိုင်ရှင်ဖြစ်အောင် ပြုပေးတော့အံ့'' ဟုကြံစည်တော်မူသည်။

---

ဆုပြည့် စုံထွန်းစာပေ

www.dhammaransi.com



ဘုရားရှင်သည် ရှင်သာရိပုတ္တရာမထေရ်ကို ခေါ်တော်မူကာ

"ချစ်သား သာရိပုတ္တရာ ရာဟုလာမင်းသားသည်ငါဘုရားထံ အမွေတောင်းလာသည်။ သင်ချစ်သားသည် ရာဟုလာမင်းသားကို ရှင်သာမဏေ ပြုပေးပါလော့"

ဟုမိန့်ကြားတော်မူသည်။

ထိုသို့ဘုရားရှင်၏ မိန့်ကြားချက်အရ

- ရှင်သာရိပုတ္တရာက ဥပဇ္ဈာယ်ဆရာပြု၍လည်းကောင်း၊
- ရှင်မောဂ္ဂလာန်က ဆံချ၊ သင်္ကန်းပေး၊ သရဏဂုံပေး ပဗ္ဗဇ္ဇာ စရိယပြု၍လည်းကောင်း၊
- အရှင်မဟာကဿပက အဆုံးအမ ဩဝါဒပေး ဩဝါဒစရိယ ပြု၍လည်းကောင်း ရှင်ရာဟုလာကို ရှင်သာမဏေ ပြုပေးတော်မူကြလေသည်။

## ရှင်ပြုရန်အင်္ဂါ (၂)ချက်

၁။ ရှင်ပြုမှု၌ အပြစ်မရှိသောသူဖြစ်ရခြင်း၊

၂။ မိဘကခွင့်ပြုခြင်း

ဤအင်္ဂါနှစ်ပါးနှင့်ပြည့်စုံမှသာ ရှင်ပြုပေးနိုင်ပါသည်။

## ရှင်ပြုပေးရန် သိက္ခာပုဒ်ပညတ်ခြင်း

"သားတော် ရာဟုလာပင်းသားကို ဘုရားရှင်က သာသနာ့အမွေ ရှင်ပြုပေးလိုက်ပြီ"

ဟူသော သတင်းသည် ကပ္ပိလနန်းတော်တစ်ခုလုံး ဂယက်ရိုက်ခတ်သွားသည်။

ဘိုးတော် သုဒ္ဓေါဒနမင်းကြီးသည် အလွန်စိတ်နှလုံး မသက်မသာ ပင်ပန်းဆင်းရဲခြင်း ပြင်းထန်စွာ ခံစားရလေသည်။

မင်းကြီးသည် နိမိတ်ဖတ်ပုဏ္ဏားဆရာကြီးများ၏ ဟောပြောချက်အရ သိဒ္ဓတ္ထမင်းသားမွေးစဉ်က စကြဝတေးမင်းဖြစ်မည်ဟု အဟောရှိ၍ အမျှော်လင့်ကြီး မျှော်လင့်ခဲ့သည်။ သားတော် စကြဝတေးမင်း၏ အသရေကို ငါမြင်ရတော့မည်ဆိုပြီး ဝမ်းမြောက်ဝမ်းသာရှိခဲ့သည်။

သားတော်သိဒ္ဓတ္ထမင်း တောထွက်ရဟန်းပြုသွား၍ စိတ်နှလုံးနိမိတ် ဆင်းရဲပင်ပန်းကြီးစွာ ခံစားသွားရပါသည်။

www.dhammaransi.com



သားတော်နန္ဒမင်းသား မွေးစဉ်ကတည်းက နိမိတ်ဆရာတို့က စကြဝတေးမင်း ဖြစ်မည်ဆို၍ အားတင်းဝမ်းမြောက်ခဲ့ရပြန်သည်။ သားတော်နန္ဒမင်းသား ရဟန်းပြုသွားပြန်သဖြင့် ဒုတိယအကြိမ် မျှော်လင့်ချက်ကင်းပြီး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ခံစားရပြန်သည်။

မြေးတော်ရာဟုလာ မွေးစဉ်ကလည်း နိမိတ်ဖတ်ပုဏ္ဏားတို့က စကြဝတေးမင်းဖြစ်မည်ဟု အဟောထွက်ထား၍ ငါ့မြေးတော် စကြဝတေးမင်း၏ အသရေကိုမြင်ရလိမ့်မည်ဟု မျှော်လင့်ချက်အပြည့်ဖြင့် စောင့်စားပြီး ကျေနပ်နှစ်သိမ့်နေခဲ့ရသည်။

ယခုပြုန်းဒိုင်းကြီး မြေးတော်က ရှင်သာမဏေဝတ်သွားပြန်သဖြင့် သုဒ္ဓေါဒနမင်းကြီး၏ စိတ်ထဲဝယ်

"ယခုအချိန်တွင် သကျမင်းမျိုးအနွယ် အဆက်ပင် ပြတ်ခဲ့လေပြီ။ စကြာမင်း၏အသရေကား အဘယ်မှာလျှင် ရနိုင်ပါတော့အံ့နည်း" ဟုစဉ်းစားမိကာ ရှေးကထက်ပင် ဆထက်လွန်ကဲ စိတ်ဆင်းရဲခြင်းဖြစ်၍ ခံစားရလေသည်။

မင်းကြီးသည် စိတ်ဆင်းရဲမှုဒဏ်ကို မခံစားနိုင်တော့သဖြင့် မြတ်စွာဘုရားရှင်ထံသို့ ချက်ခြင်းလိုက်သွားမိသည်။

"ဘုန်းတော်ကြီးသော သားတော်ဘုရား၊ ကျွန်ုပ်သည် သားတော်ထံ ဆုတစ်ခုကိုတောင်းလိုပါသည် ဘုရား"

"ခမည်းတော်မင်းကြီး၊ ဘုရားရှင်တို့မည်သည် လွန်မြောက်ပြီးသော ဆုရှိတော်မူကြကုန်၏"

"သားတော်မြတ်စွာဘုရား အပ်လည်းအပ်စပ်၊ အပြစ်မရှိသော ဆုကို တောင်းခံမည်ဖြစ်ပါသည်ဘုရား"

"ခမည်းတော်မင်းကြီး သင်မင်းကြီးတောင်းခံလိုသော ဆုကိုဆိုပါလော့"

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား ရှင်တော်ဘုရားတောထွက်၍ ရဟန်းပြုသောအခါ ခမည်းတော်မှာ မဖော်ပြနိုင်လောက်အောင် ဆင်းရဲကိုခံစားရပါတယ်ဘုရား။ သားတော်နန္ဒမင်းသား ရဟန်းပြုသောအခါမှာလည်း အလားတူပင် ခံစားရပါတယ်ဘုရား။ မြေးတော်ကို ရှင်ပြုပေးသော အခါ၌ အတိုင်းထက်အလွန် ဆင်းရဲဒုက္ခဖြစ်ရပါသည်ဘုရား"

" သားတော်မြတ်စွာဘုရား မိဘ ဘိုးဘွားတို့၏ သားသမီးမြေး အပေါ်၌ဖြစ်သော မေတ္တာပေမဓာတ်သည် အပေါ်ယံအရေသုံးပါးကိုလည်း

www.dhammaransi.com


ကောင်း၊ အသားကိုလည်းကောင်း၊ အကြောကိုလည်းကောင်း၊ အရိုးကိုလည်းကောင်း အစဉ်သဖြင့် ဖြတ်ပြီးလျှင် ရိုးတွင်းချဉ်ဆီသို့ တည့်ရှိပါသည် ဘုရား''

''သားတော်ဘုရား ခမည်းတော် လျှောက်ထားတောင်းပန် ပါရစေ၊ အရှင်ဘုရားတို့သည် မိဘတို့ခွင့်မပြုသော သားမြေးများကို ရှင်ရဟန်း ပြုခွင့် မပေးကြပါစေနှင့်ဘုရား''

ဘုရားရှင်သည် သုဒ္ဓေါဒနမင်းကြီးကို တရားစကား ဟောကြားတော်မူသည်။ ခမည်းတော်ပြန်သွားသောအခါ ရဟန်းတော်များကို စည်းဝေးစေ၍

''မိဘနှစ်ပါး ခွင့်မပြုသောသားကို ရှင်ရဟန်းမပြုပေးရ၊ အကြင် ရဟန်းသည် ရှင်ရဟန်းပြုပေးငြားအံ့၊ ထိုရဟန်အား ဒုက္ကဋ်အာပါတ်သင့်စေ''

ဟုသိက္ခာပုဒ်ပညတ်ပေးတော်မူသည်။

## ရှင်သာမဏေပြုသင့်သောအရွယ်

မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးနေစဉ် အမျိုးတစ်မျိုး အိမ်၌ ယဉ်းနာ မည်သော ကူးစက်တတ်သော ရောဂါဖြစ်၍ တစ်မျိုးလုံး သေဆုံးခဲ့ရာ သားအဖနှစ်ယောက်သာ ကျန်ရစ်ခဲ့သည်၊

သားအဖနှစ်ဦးစလုံး ရဟန်းပြုကြသည်။ ရှင်ရဟန်းပြုပြီးနောက် သားအဖနှစ်ဦး ဆွမ်းခံသွားခိုက် အဖရဟန်းအား ဆွမ်းလောင်းစဉ် သားငယ် ကိုရင်က နောက်မှ အပြေးလိုက်လာပြီးလျှင်

'ဖခင် ဖခင်ရတဲ့ထမင်း ကျုပ်လည်းပေးပါဦး''

ဟု တစာစာတောင်းလေသည်။

ထိုဖြစ်ရပ်ကို မြင်ကြသော ကဲ့ရဲ့လိုသူတို့က

''ဤရဟန်းများသည် ပေထုန်မှုကိုမရှောင်ကြ၊ ဤကိုရင်ဝတ်သည် ရဟန်းမက မွေးထားတာဖြစ်မှာပဲ''

ဟူ၍အထင်အမြင်ဖြစ်ကြသည်။

ထိုအကြောင်းကို ဘုရားရှင်ကြားသိတော်မူ၍

''တစ်ဆယ့်ငါးနှစ် မပြည့်သူကို ရှင်မပြုပေးရ''

ဟုပဌမဦးစွာ ပညတ်ချက်ထုတ်တော်မူသည် (မဟာဝါ (၆) ၁၁၀)

ထိုသို့ ပညတ်နေရင်း မကြာခင် ရှင်အာနန္ဒာ၏ ဒါယကာတစ်ဦး သည် ထိုယဉ်းနာကြောင့်ပင် တစ်မျိုးလုံးပျက်စီးပြန်ရာ လူမမယ် ကလေးငယ် နှစ်ယောက်သာ ကျန်ရစ်ခဲ့သည်။

www.dhammaransi.com


ထိုကလေးငယ်နှစ်ယောက်သည် မိဘများလက်ထက်က ရဟန်းများနှင့်အရောတဝင်နေထိုင်လေ့ ရှိကြသည့်အတိုင်း ရဟန်းတော်များကို မြင်လျှင် အားကိုးလိုစိတ်ဖြင့် ပြေးလာကြသည်။

ထိုအခါရဟန်းတော်များက အကပ်မခံဘဲ မောင်းမဲပေါက်ငန်းကြသောကြောင့် ကလေးများမှာ အားကိုးရာမဲ့ဖြစ်ပြီး ငိုယိုကြလေသည်။

ထိုကလေးများ၏ သနားစဖွယ်ဖြစ်အခင်ကို မြင်တွေ့ရသော ရှင်အာနန္ဒာသည် ဤသို့ပင်စဉ်းစားမိလေသည်။

''ဘုရားရှင်က (၁၅)နှစ် မပြည့်သေးက ရှင်မပြုပေးရဟု တားမြစ်တော်မူထားသည်။ ဤသူငယ်ကလေးများသည် (၁၅)နှစ် မပြည့်သေး။ ဤကလေးများအကျိုးမဲ့ မပျက်စီးအောင် ငါဘယ်ကဲ့သို့ စောင့်ရှောက်ပေးရပါမည်နည်း''

ရှင်အာနန္ဒာသည် ထိုအကြောင်းကို ဘုရားရှင်အား ပြည့်စုံစွာ လျှောက်ထားတင်ပြသည်။

''ချစ်သားအာနန္ဒာ ကလေးများသည် ချီးမြှောက်နိုင်လောက်ပြီလော''

''မြှောက်နိုင်လောက်ပါသည်ဘုရား''

''ချီးမြှောက်နိုင်သော ကလေးကိုတစ်ဆယ်ငါးနှစ် မပြည့်သော်လည်း ရှင်ပြုပေးနိုင်ကြသည်''

ဟုဒုတိယမြောက် ခွင့်ပြုတော်မူပါသည်။

ဤခွင့်ပြုချက်သည် ဘစ်မျိုးလုံးသေဆုံး၍ သနားစဖွယ် ဖြစ်ကျန်ရစ်ခဲ့သော ကလေးများ၏ အားကိုးရာမဲ့ပုံကို ရှုငဲ့တော်မူခြင်း

(၄)နှစ်သား၊ (၅)နှစ် သား၊ (၇)နှစ်သားအရွယ် ရဟန္တာဖြစ်သွားသော ပါရမီရှင်ကိုရင်ငယ်များကို ရည်ရွယ်တော်မူခြင်းတို့ကြောင့် ဖြစ်ပါသည်။

ဘုရားရှင်သည် ပထမ (၁၅)နှစ်သား ခွင့်ပြုသည်မှာ ယောကျ်ားလေး (၁၅)နှစ် အရွယ်ဆိုသည်မှာ လူပျိုပေါက်အရွယ် ဖြစ်သည်။ ကလေးဘဝအရွယ်ကိုစွန့်၍လူကြီးဘဝအသွင်သို့ပြောင်းဝင်ရန် အချိန်ယူနေသောအရွယ်ဖြစ်သည်။

ရုပ်ပိုင်းဆိုင်ရာ အစိတ်အပိုင်းများ ပြောင်းလဲလာသလို နာမ်ပိုင်းဆိုင်ရာစိတ်များလည်း အရှိန်အဟုန်ဖြင့် ပြောင်းလဲနေသော အချိန်ဖြစ်သည်။

ထိုအချိန်တွင် ရှင်ပြုပေးခြင်းဖြင့် သရဏဂုံကို ဌာန်ကရိုဏ်းကျကျ ပီပီသသ ရွတ်ဆိုနိုင်၍ လိင်၊ ဒဏ်၊ သေခိယ၊ ခန္ဓကဝတ်စသည်များကို မချွတ်မလွဲ စွဲစွဲမြဲမြဲ ကျင့်သုံးနေထိုင်တတ်ပြီး ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊

www.dhammaransi.com


ဆေး ပစ္စည်းလေးပါး၌ ဆင်ခြင်ဖွယ်ရာကိုလည်း ဉာဏ်ဖြင့် သက်ဝင်ဆင်ခြင်နိုင်သော အရွယ်ဖြစ်၍ ထိုအသက်အရွယ်ကို ခွင့်ပြုခြင်းဖြစ်ပါသည်။

ထိုကျင့်ဝတ်များကို ဆင်ခြင်သဖြင့် ထိုသူငယ်သည် ကျင့်ဝတ်ကောင်းများရပြီး နောင်တွင် လူတော်လူကောင်း တစ်ယောက်ဖြစ်နိုင်ပါသည်။

## ရှင်မပြုထိုက်သူများ

ဘုရားရှင်သာသနာတော်ဝယ် ရှင်အဖြစ် မထိုက်သင့်သော ပုဂ္ဂိုလ် ၁၁ မျိုးရှိပါသည်။

၁။ ဘာဝရုပ်ချို့တဲ့၍ ကိလေသာအပူအားကြီးသူ (ပဏ္ဍုက်)
၂။ စိတ်ထားမရှိဘဲ အသွင်နှင့်ပေါင်းဖော်ခြင်းကိုခိုးသူ (ထေယျသံဝါသက)
၃။ တိတ္ထိတို့၏ အသွင်ယူသူ (တိတ္ထိယပက္ကန္တက)
၄။ နဂါး၊ ဂဠုန်နှင့်နတ်များ (တိရစ္ဆာန)
၅။ အမိသတ်သူ (မာတုဃာတက)
၆။ အဖသတ်သူ (ပိတုဃာတက)
၇။ ရဟန္တာသတ်သူ (အရဟန္တဃာတက)
၈။ ဘုရားကိုသွေးစိမ်းတည်အောင်ပြုသူ (လောဟိတုပ္ပါဒက)
၉။ သံဃာကိုသင်းခွဲသူ (သံဃဘေဒက)
၁၀။ ရဟန်းမကိုအလိုမတူဘဲ ပြစ်မှားကျူးလွန်သူ
၁၁။ မိန်းမစိတ် ယောက်ျားစိတ် တစ်လှည့်စီရှိသူ (ဥဘတောဗျည်း)

လူအများ၏ ရှိခိုးကိုးကွယ်ခြင်းခံရမည့် ရှင်သာမဏေများသည် ကြည်ညိုဖွယ်ရာ ရုပ်အဆင်းရှိရန် လိုအပ်ပါသည်။ နုနာစသောရောဂါကင်းသူများဖြစ်ရန်လိုအပ်ပါသည်။

ဘုရားရှင်သည် ရှင်အဖြစ်နှင့်မထိုက်တန်အောင် အင်္ဂါချို့တဲ့ပျက်စီးနေသော (၃၂) ဦးကိုလည်း ရှင်မပြုပေးရန် အထူးပညတ်တော် မူခဲ့ပါသည်။

၁။ လက်ပြတ်သူ
၂။ ခြေပြတ်သူ
၃။ လက်ခြေပြတ်သူ
၄။ နားပြတ်သူ
၅။ နှာခေါင်းပြတ်သူ

www.dhammaransi.com



၆။ နား၊ နှာခေါင်းပြတ်သူ
၇။ ခြေချောင်း၊ လက်ချောင်းပြတ်သူ
၈။ ခြေမ၊ လက်မပြတ်သူ
၉။ အကြောမ ပြတ်သူ (ခြေမကို မတ်စွာမထားနိုင်သူ)
၁၀။ ဘဲခြေကဲ့သို့ ခြေချောင်းလက်ချောင်း ပူးနေသူ
၁၁။ ကုန်းကော့နေသူ
၁၂။ ပုက္ကသောသူ
၁၃။ လည်ပင်းကြီးနာရှိသူ
၁၄။ သံပူကပ်၍ တံဆိပ်ခံခပ်ထားရသူ
၁၅။ ကြိမ်ဒဏ်ပေးခံရသူ
၁၆။ တွေ့ရာအရပ်၌ သတ်စေဟုအမိန့်ကျခံရသူ
၁၇။ ခြေဒယဉ့်တိုက်ဆွဲသူ
၁၈။ ဆေးကုမရလောက်အောင်အနာဆိုးရှိသူ
၁၉။ သရဲသဘက်ကဲ့သို့ ရုပ်ရှိသူ
၂၀။ မျက်စိတစ်ဖက်ကန်းသူ
၂၁။ လက်ခြေကောက်သူ
၂၂။ လက်ခြေခွင်သောသူ
၂၃။ ကိုယ်တစ်ခြမ်းသေသူ
၂၄။ အသွားဆွံ့သောသူ
၂၅။ အိုမင်းမစွမ်းသူ
၂၆။ မျက်စိနှစ်ဖက်ကန်းသူ
၂၇။ စကားဆွံ့ဒ သောသူ
၂၈။ နားပင်းသူ
၂၉။ ကန်းလည်းကန်း၊ အ,လည်းအ,သူ
၃၀။ အ,လည်း,အ၊ နားပင်းသူ
၃၁။ ကန်းလည်းကန်း၊ နားပင်းသူ
၃၂။ ကန်း၊ အ၊ နားပင်းသူ

ဤကဲ့သို့သောသူများသည် သင်္ကန်းဝတ်နှင့်နေပါက သာသနာတော်၏ဂုဏ်သိရ်ကို မှေးမှိန်စေရာရောက်မည်၊ ထိုပုဂ္ဂိုလ်များသည် ရုပ်အင်္ဂါချို့တဲ့သည်နှင့်အမျှ စိတ်ဓာတ်ရေးရာဘက်တွင်လည်း အများအားဖြင့် အားနည်းချို့တဲ့ခြင်း မကင်းရှိကြသောကြောင့် အကျင့်တရား၌ အလေးထားမှု

www.dhammaransi.com


အားနည်းတတ်သည်၊ အကျင့်အားနည်းပါက သာသနာအတွက်ရော မိမိအတွက်အကျိုးမရှိ၊ အကုသိုလ်သည်သာ များပေမည်။

ထို့ကြောင့် ထိုပုဂ္ဂိုလ်များကို ဘုရားရှင်က ရှင်ရဟန်းအဖြစ် ခွင့်မပြုခြင်းဖြစ်ပါသည်။

## မိဘခွင့်ပြုမှု

ဘုရားရှင်၏ သားတော် ရာဟုလာမင်းသားကို ဘုရားရှင်က ရှင်ပြုပေးရာမှ ဘိုးတော်သုဒ္ဓေါဒနမင်းကြီးလျှောက်ထားတောင်းပန်သောကြောင့် မိဘက ခွင့်ပြုမှသာ ရှင်ပြုပေးရမည်ဟု ပညတ်တော်မူခဲ့သည့်အကြောင်း အထက်တွင် ဆိုခဲ့သည့်အတိုင်း–

ရှင်ပြုပေးလိုက မိဘတို့ခွင့်ပြုရမည်၊ မိဘကိုပန်ကြားရာ၌ မိဘအရင်းကို ဆိုလိုပါသည်၊ မိဘကို ပန်ကြားရာဝယ်

– ဥပဇ္ဈာယ်ဆရာကိုယ်တိုင်သွား၍လည်းကောင်း
– အခြားသူကိုစေလွှတ်၍လည်းကောင်း
– ထိုရှင်လောင်းကိုပင်စေလွှတ်၍လည်းကောင်း ပန်ကြားရပါမည်။

ရှင်လောင်းက တပည့်တော်၏ မိဘများကခွင့်ပြုပါသည်ဟုဆို၍ ထိုစကားကို ယုံကြည်ပါက မပန်ကြားဘဲ ရှင်ပြုပေးနိုင်ပါသည်။

မိဘနှစ်ဦးစလုံးမရှိ၍ အကြီးအထွေး ဆွေမျိုးများထံနေသော ရှင်လောင်းဖြစ်ပါက မပန်ကြားဘဲ ရှင်ပြုပေးနိုင်သော်လည်း ဆွေမျိုးများ ကဲ့ရဲ့ခြင်း၊ ခိုက်ရန်ဖြစ်ခြင်း၊ ငြင်းခုန်ခြင်းမဖြစ်ရလေအောင် ပန်ကြားပြီးမှသာရှင်ပြုပေးသင့်ပါသည်။

ရှင်ပြုပြီးသောသူသည် ထပ်မံဝတ်လိုပါက ထပ်မံ၍ ပန်ကြားရပါသည်။ မိဘတို့ မပန်ကြားဘဲ ရှင်ပြုပေးနိုင်သော အကြောင်းများမှာ

– မိဘတို့က ရှင်ပြုပေးရန် လျစ်လျူရှုထားခြင်း
– ငယ်စဉ်ကပင် မိဘများက ခွင့်ပြုထားခြင်း
– ရှင်ပြုမပေးက သံဃာတော်များ၌ ဘေးရန်အန္တရာယ် အကြောင်းရှိခြင်း၊
– ရှင်လောင်း၏အသက်ဘေးအန္တရာယ်ကို စောင့်ရှောက်စေလိုခြင်း

ဤသို့သော အကြောင်းများရှိက မိဘကိုမပန်ကြားဘဲ ရှင်ပြုပေးနိုင်ပါသည်။

www.dhammaransi.com

# အခန်း(၂)
# ရှင်သာမဏေဖြစ်ရန် နည်းလမ်းမှန်များ

## ရှင်ပြုမင်္ဂလာ

ရှင်ပြုမင်္ဂလာ ပြုလုပ်မည်ဆိုပါက ဗုဒ္ဓဘာသာတရားတော် ခွင့်ပြုချက်အရ မြန်မာဓလေ့ထုံးစံတွင် အစီအစဉ် (၄)ရပ်ဖြင့် ကျင်းပပြုလုပ်ခဲ့ကြလေ့ ရှိပါသည်။

အစီအစဉ် (၄)ရပ်မှာ

၁။ ရှင်လောင်းလှည့်ခြင်း

၂။ ဆံချပေးခြင်း

၃။ သင်္ကန်းဝတ်ပေးခြင်း

၄။ သရဏဂုံပေးခြင်း သီလ ဆောက်တည်စေခြင်း

အထက်ပါအစီအစဉ် (၄)ရပ်တွင် (၁) အစီအစဉ်သည် ဗုဒ္ဓဘာသာမြန်မာယဉ်ကျေးမှု ဓလေ့အရ ဘုရားရှင်လက်ထက်က ပြုလုပ်ခဲ့သော ရှင်ပြုရဟန်းခံနည်းကို အမှီပြုပြီး ပြုလုပ်ဆောင်ရွက် လာကြခြင်းဖြစ်ပါသည်။

နံပါတ် (၂) (၃) (၄) တို့မှာမူ မဟာဝါပါဠိတော်၌ စည်းကမ်းပညတ်ချက်များအရ ပြုလုပ်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

## ရှင်လောင်းလှည့်လည်ခြင်း

ရှင်သာမဏေ ပြုပေးမည့် ကိုရင်လောင်းကို မင်းဝတ်တန်ဆာဆင်ယင်၍ ခမ်းနားသိုက်မြိုက်စွာ လှည့်လည်ကြသည်။ ဤယဉ်ကျေးမှု ဓလေ့ထုံးစံသည်လည်း ဘုရားရှင်လက်ထက်ကပင် စခဲ့သည်ဟု ဆိုရပါမည်။

ဘုရားရှင်လက်ထက်တော်က ပဏ္ဍိတ သာမဏေလောင်းလျာကို ကျောင်းတော်သို့မပို့မီ လှူဘဝ၌ ပြုသင့်ပြုထိုက်သော ပူဇော်သက္ကာရ လုပ်ငန်းများကို မိဘများကိုယ်တိုင် ကြီးကျယ်ခမ်းနားစွာ ပြုလုပ်ပေးခဲ့သည်။

(ဓမ္မပဒ ၄-၁၊ ၃၆၇)

ဝနဝါသီတိဿ သာမဏေလောင်းလျာကို အရှင်သာရိပုတ္တရာ မထေရ်မြတ်ထံမှာ ရှင်ပြုရန်အတွက် ကျောင်းတော်သို့ ပို့ဆောင်အပ်နှင်းရာ၌လည်း ညနေချမ်းအခါတွင် ကြီးကျယ်ခမ်းနားစွာ မြတ်နိုးတနာ ပူဇော်သက္ကာရ ပြုခြင်းဖြင့် သားကိုခေါ်ဆောင်၍ ကျောင်းသို့သွားသည်။

(ဓမ္မပဒ ၄-၁၊ ၃၃၅)

သီရိဓမ္မာသောကမင်းလက်ထက် ညီတော် တိဿကိုရဟန်းပြုရာတွင် သီရိဓမ္မာသောကမင်းကြီးသည် အာသောကရုံကျောင်းသို့ သွားရာလမ်းတစ်လျှောက်ကို တန်ဆာဆင်ပြီး ညီတော်အား နှစ်သက်ဖွယ်အသွင်ကို ယူစေလျက်ဝတ်စုံပြည့် တန်ဆာဆင်ထားသော စစ်သည်များခြံရံကာ ကျောင်းတော်သို့ပို့ဆောင်သည်။

(ဝိ ၄၊ ၁-၁၄၂)

ဓမ္မဒိန္နာ သူဌေးကတော်သည် ဘိက္ခုနီမပြုလို၍ ဝိသာခ သူဌေးကြီးက ဘိက္ခုနီမကို ကျောင်းသို့ပို့ရာ၌လည်း ဗိမ္ဗိသာရဘုရင်က ရွှေထမ်းစင်ပေးသည်။ မြို့တော်တစ်ခုလုံးသန့်ရှင်းစေသည်။ ဓမ္မဒိန္နာကို နံ့သာရေဖြင့်ရေချိုးစေပြီး အဆင်တန်ဆာအစုံ တန်ဆာဆင်စေပြီး ရွှေထမ်းစင်၌ တက်ရောက်စေကာ ဆွေမျိုးအပေါင်းကို ဝန်းရံလိုက်ပါစေပြီးနောက် ပို့ခဲ့သည်။

ရှင်လောင်း- ပဥ္စင်းလောင်းများကို ကြီးကျယ်သော ပူဇော်အခမ်းအနားဖြင့် ကျောင်းသို့ပို့သော အစဉ်အလာများအရ ယနေ့ခေတ်တွင် ရှင်လောင်းလှည့်လည်ပွဲများကို ခမ်းနားသိုက်မြိုက်ကြီးကျယ်စွာ ပြုလုပ်ကြသည်။

ထို့ကြောင့်ရှင်လောင်းလှည့်ခြင်းအစ ဘုရားရှင်လက်ထက်ကဟုဆိုစမှတ် ပြုကြပါသည်။

## ၂။ ဆံချပေးခြင်း

ရှင်လောင်းလှည့်ပြီး၍ မောင်ရှင်လောင်းကို ရှင်သာမဏေပြုတော့မည်ဆိုလျှင် ဦးစွာပဌမ ကိုရင်လောင်း၏ဆံကို ရိတ်ပယ်ရပါသည်။

ကိုရင်လောင်း၏ ဆံပင်ကို ရိတ်ပယ်မည်ဆိုသော် ကျောင်းတိုက်အတွင်း၌ ဆံချမည်ဆိုပါက ကျောင်းတိုက်အတွင်းရှိ ရဟန်းတို့ကို ပန်ကြား

www.dhammaransi.com



ရပါမည်။ သံဃာကိုပန်ကြားပြီးမှ ဆံချကောင်းပါသည်။ မပန်ကြားဘဲ ဆံမချကောင်းပါ။

ကျောင်းတွင် ဆံရိတ်က သံဃာသို့ ပန်ကြားရသော အကြောင်းမှာ ဘုရားရှင်လက်ထက်က ပန်းပဲသည်၏ သားကလေးတစ်ယောက်သည် မိဘတို့နှင့်စိတ်ဆိုး၍ ကျောင်းသို့ထွက်ပြေးကာ ကိုရင်ဝတ်နေသည်။

မိဘတို့သည် ကျောင်းတိုက်သို့လာ၍ ကလေးပုံသဏ္ဌာန်ကို ပြောပြပြီးကလေးကို မြင် မမြင် မေးကြသည်။ ရဟန်းများက အမှန်ပင်မမြင်သောကြောင့် မမြင်ဟုပြောလိုက်ကြသည်။

ထို့နောက် လိုက်လံရှာဖွေကြရာ ကိုရင်ဝတ်နေသည်ကို တွေ့ရ၍ "ကိုယ်တော်တွေလိမ်တယ်" ဟုကဲ့ရဲ့အပြစ်တင်စကား ဆိုကြသည်။

ထိုဖြစ်ရပ်ကို အကြောင်းပြု၍ ခေါင်းရိတ်ခါနီးဝယ် ခေါင်းရိတ်မည့်အကြောင်းကို (သို့) ရှင်ပြုမည့်အကြောင်းကို သံဃာများထံ ခွင့်ပန်ကြားရန် ဘုရားရှင်က ပညတ်တော်မူခဲ့ပါသည်။ (မဟာဝါ–မဟာခန္ဓက၊ ကမ္မာရဘဏ္ဍုဝတ္ထု) မိမိနေရာကျောင်းတိုက်ဝယ် ရဟန်းသံဃာများရှိပါက သံဃာများကို ပန်ကြားပြီး ရှင်လောင်းကို ရဟန်းများကိုယ်တိုင် ဆံပင်ရိတ်ရပါသည်။

သံဃာတော်များကို ပန်ကြားရန် ရှေးဦးစွာ သံဃာတော်အားလုံးကို တစ်နေရာတည်း၌ စုရုံးနေစေရသည်။

ထို့နောက်ရှင်လောင်းကို ထိုနေရာသို့ ခေါ်ဆောင်ပြီး အောက်ပါအတိုင်းပန်ကြားရသည်။

"သံဃာအရှင်မြတ်များတို့၊ ဤရှေ့၌ထိုင်နေသော သူငယ်ကိုခေါင်းရိတ်ရန် သံဃာတော်တို့ထံခွင့်ပန်ကြားအပ်ပါသည်။ သဘောတူသော ပုဂ္ဂိုလ်သည်ဆိတ်ဆိတ်စွာနေတော်မူပါ။ သဘောမတူက သဘောမတူပါဟူ၍ ကန့်ကွက်စကားပြောကြားတော်မူပါဘုရား"

(နှစ်ကြိမ်မြောက် ပန်ကြားပြောရသည်)

(သုံးကြိမ်မြောက် ပန်ကြားပြောရသည်)

ဤရှေ့၌ ထိုင်နေသော သူငယ်ကိုခေါင်းရိတ်ရန် သံဃာများအား ပန်ကြားပြီးဖြစ်ပါသည်။ သံဃာတော်တို့သည် ကန့်ကွက်စကား မပြောကြားဘဲ တိတ်တိတ်ဆိတ်ဆိတ် သီတင်းသုံးနေခြင်းကြောင့် ဤသူငယ်အား ခေါင်းရိတ်ရန် ပန်ကြားခြင်းကို သံဃာများက သဘောတူသည်ဟု အသိအမှတ်ပြုပါသည်ဘုရား။

ရဟန်းသံဃာ နည်းပါးသော ကျောင်းဖြစ်လျှင် ရဟန်းတော်များ

www.dhammaransi.com


အားတစ်နေရာ၌ စုဝေးခြင်းမပြုတော့ဘဲ ထိုရဟန်းတော်များ နေရာအသီးသီးသို့ ရဟန်းတစ်ပါးပါးဖြစ်စေ၊ သာမဏေတစ်ပါးပါး ဖြစ်စေ ရှင်လောင်းကို ခေါ်၍ လျှောက်ထား ပန်ကြားနိုင်ပါသည်။

သံဃာထံ ရှင်လောင်းကို ခေါ်မသွားဘဲနှင့်လည်း ရဟန်းသာမဏေ တစ်ပါးပါး စေလွှတ်၍ ပန်ကြားနိုင်သည်။

ဆံပင်ရိတ်ပယ်ရာ၌ လက်နှစ်သစ်ရှည်သော ဆံပင်ကိုသာ ရိတ်ပယ်ရပါသည်။ မောင်ရှင်လောင်း၏ ဆံပင်သည် လက်နှစ်သစ်မကျော်ပါက သံဃာကိုမပန်ကြားဘဲ ဝတ်ကောင်းပါသည်။ လက်နှစ်သစ်မကျော်သော ဆံပင်ဖြင့်လည်းရှင်ပြုကောင်းပါသည်။

ရှင်ပြုမည့် ကိုရင်လောင်းအတွက် လိုအပ်သော သင်္ကန်းပရိက္ခရာစသည်များကြိုတင်စီမံထားရသလို ဆံချစဉ်အတွင်း ရွတ်ဆိုပွားများရသော(၃၂) ကောဋ္ဌာသတစပဉ္စကကမ္မဋ္ဌာန်းကို ကြိုတင်သင်ကြားပေးထားရပါသည်။သို့တည်းမဟုတ် ဆံချစဉ်အတွင်း ဆရာဥပဇ္ဈာယ်မှဖြစ်စေ၊ အခြားရဟန်းတစ်ပါးမှဖြစ်စေ အာရုံပြုနိုင်အောင်၊ ရွတ်ဆိုနိုင်အောင် ဆောင်ရွက်ပေးရပါသည်။

အနုလုံ - ဆံပင်၊ အမွေး၊ လက်သည်း၊ ခြေသည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ခြင်ဆီ၊ အညို့၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်

ပဋိလုံ - ကျင်ငယ်၊ အစေး၊ နှပ်၊ တံတွေး၊ ဆီကြည်၊ မျက်ရည်၊ အဆီခဲ၊ ချွေး၊ သွေး၊ ပြည်၊ သလိပ်၊ သည်းခြေ၊ ဦးနှောက်၊ အစာဟောင်း၊ အစာသစ်၊ အူသိမ်၊ အူမ၊ အဆုတ်၊ အဖျဉ်း၊ အမြှေး၊ အသည်း၊ နှလုံး၊ အညို့၊ ခြင်ဆီ၊ အရိုး၊ အကြော၊ အသား၊ အရေ၊ သွား၊ ခြေသည်း၊ လက်သည်း၊အမွေး၊ ဆံပင်။

## ကမ္မဋ္ဌာန်းလင်္ကာ

ငါ၏ ကိုယ်မှာ၊ စွဲမက်စရာ၊ အမွေးနှံ့သာဟူ၍ ဘာမှမရှိပါ။ ဆံပင် မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ စသည်သာရှိ၍ ထိုရှိသည့် ဆံပင်မွေးညှင်း စသည်တို့သည်လည်းအဆင်း၊ အသွင်၊ အနံ့မှိုတည်ရာ အားဖြင့် မသတီစရာ အပုပ်အသိုးမို့ စက်ဆုပ်ဖွယ်ပါတကား။

ငါ့ကိုယ်၊ ငါ့ဟာ ငါ ပုဂ္ဂိုလ် သတ္တဝါရှာမရ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တပါ တကား။ (ဤကမ္မဋ္ဌာန်းကို တစုလျှက် ငါးခုပြောက်သော အစုရှိသောကြောင့် တစပဉ္စက ကမ္မဋ္ဌာန်းဟု ခေါ်ပါသည်)

www.dhammaransi.com



ရှင်လောင်းခေါင်းရိတ်စဉ် ရွတ်ဆိုစေရမည့်တစပဉ္စကမ္မဋ္ဌာန်း

အနုလောမ (အကျော့) ရွတ်ဆိုပွားများပုံ

၁။ ကေသာ - ဆံပင်တွေဟာ
ရွံစရာတွေဖြစ်တယ်
မာတဲ့သဘောရှိတယ်
ပျက်စီးတတ်ကြတယ်။

၂။ လောမာ - မွေးညှင်းတွေဟာ
ရွံစရာတွေဖြစ်တယ်
မာတဲ့သဘောရှိတယ်။
ပျက်စီးတတ်ကြတယ်။

၃။ နခါ - လက်သည်းခြေသည်းတွေဟာ
ရွံစရာတွေဖြစ်တယ်
မာတဲ့သဘောရှိတယ်။
ပျက်စီးတတ်ကြတယ်။

၄။ ဒန္တာ - သွားတွေဟာ
ရွံစရာတွေဖြစ်တယ်
မာတဲ့သဘောရှိတယ်။
ပျက်စီးတတ်ကြတယ်။

၅။ တစော - အရေတွေဟာ
ရွံစရာတွေဖြစ်တယ်
မာတဲ့သဘောရှိတယ်။
ပျက်စီးတတ်ကြတယ်။

ဤသို့ဖြင့် အနုလောမနည်းဖြင့် ပွားများရပါသည်။

ပဋိလောမ အပြန်အားဖြင့်လည်း တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာ ဟူ၍ ဒဲ့စဉ်အတိုင်းပွားများရပါမည်။

အိမ်မှာရိတ်သည်ဖြစ်စေ၊ ကျောင်းမှာရိတ်သည်ဖြစ်စေ၊ ရှင်လောင်းကို ခေါင်းရိတ်ဆံချပေးသူက ဖြစ်စေ၊ အနီးအနားရှိ ပုဂ္ဂိုလ်တစ်ဦး ဦးကဖြစ်စေ တစပဉ္စက ကမ္မဋ္ဌာန်းကို အသံထွက်တိုင်ပေး၍ ရှင်လောင်းနှင့်တကွ မိဘများ ပါလိုက်ဆိုပွားများနေပါမည်။

ကိုရင်လောင်းကို ဆံချသောအခါ မိဘတို့က ဖြူစင်သောအဝတ်ဖြင့် ခံယူကြရသည်။

www.dhammaransi.com



ဦးခေါင်းရိတ်ပြီးသောအခါ ဦးခေါင်းနှင့်တကွကိုယ်ကိုတရော်ကင်ပွန်းတို့ဖြင့် ဆေးကြောရေချိုးပြီး နနွင်းမှုန့်ဖြင့် ဖြစ်စေ၊ နံ့သာမှုန့်ဖြင့်ဖြစ်စေ လူတွင်ပါလာသော လူနံ့ကိလေသာ အညစ်အကြေး ပျောက်အောင် ပွတ်တိုက်ပေးရသည်။

တဏှာအလိုလိုက်၍ အကြိုက်အမျိုးမျိုးဖြင့် ပြင်ဆင်ထားသော အမွှေးအကြိုင် နံ့သာစသည် လူနံ့ (ကိလေသာအနံ့) များပျောက်ကင်းသန့်စင်ရေးသည် အဓိကဖြစ်သောကြောင့် ယခုခေတ်သုံး ဆပ်ပြာမွှေး စသည်ဖြင့် ပွတ်တိုက်ရေချိုးပေးလိုက်လျှင် လူနံ့များ ပျောက်နိုင်ပါသည်။

အညစ်အကြေးမကင်းသော ပန်းမိုက်သွန်၊ မစင်ကျုံးသမားသည် မင်းမြောက်တန်ဆာများကို ဝတ်ဆင်ရန် မအပ်သကဲ့သို့ ကိလေသာအညစ်အကြေး ချေးထူ၍ လူအနံ့ဆိုးများ တလူလူရှိနေသူသည် မကြာမီ ဆင်မြန်းဝတ်ဆင်ရမည့် အလွန်တရာ မြင့်မြတ်သောအရဟတ္တဓဇ သင်္ကန်းဝတ်စုံနှင့် လားလားမှမထိုက်တန်ပေ။ ထို့ကြောင့် ကိုယ်၌ဆင်မြန်းသည့် ဝတ်ရုံသင်္ကန်းနှင့် ထိုက်တန်လိုက်ဖက်အောင် ခန္ဓာကိုယ်ကို သန့်စင်ထားရန် အထူးလိုအပ်လှပါသည်။

## သင်္ကန်းဝတ်ပေးခြင်း

### ပရိက္ခရာ

သင်္ကန်းဝတ်တော့မည့် ရှင်လောင်းသည် ဦးစွာပထမ ပရိက္ခရာ (၈)ပါး ပြည့်စုံရပါမည်။

ပရိက္ခရာ (၈)ပါးမှာ
၁။ သပိတ်
၂။ ကိုယ်ရုံ(ကောသီ)
၃။ သင်းပိုင်
၄။ ဒုကုဋ်
၅။ ခါးပန်းကြိုး
၆။ ပဲခွပ် (သင်ဝှန်းဓား)
၇။ အပ်
၈။ ရေစစ်
တို့ဖြစ်ပါသည်။

www.dhammaransi.com



ပရိက္ခရာ (၈)ပါးတွင်
၁။ သင်းပိုင်
၂။ ကောသိ(ကိုယ်ရုံ)
၃။ ဒုကုဋ်
၄။ ခါးပန်းကြိုး
(၄)မျိုးကို အတွင်းပရိက္ခရာဟုခေါ်ပါသည်။
ကျန် (၄)မျိုးကို အပြင်ပရိက္ခရာဟုခေါ်ပါသည်။

ဥပဇ္ဈာယ်ဆရာ

သင်္ကန်းဝတ်ရာ၌ကိုယ်ပိုင် ပရိက္ခရာရှိတိုင်းလည်း ကိုယ့်ဘာသာကိုယ် ဝတ်၍မရ၊ ဥပဇ္ဈာယ်ဆရာက ကိုယ်တိုင်ဖြစ်စေ၊ စေခိုင်း၍ဖြစ်စေ၊ ဝတ်တော့ ဟုခွင့်ပြုပေးမှဝတ်နိုင်ပါသည်။

ကိုယ်ဘာသာကိုယ်ဝတ်၍ မရသလို သာမဏေအချင်းချင်း ဝတ်ပေး၍လည်းမရပါပေ။

ရှင်လောင်းကို သင်္ကန်းဝတ်ပေးသော ဥပဇ္ဈာယ်ဆရာဂုဏ်အင်္ဂါ (၅)ပါးနှင့် ညီသောဆရာဖြစ်ရပါသည်။

ဥပဇ္ဈာယ်ဆရာဂုဏ်အင်္ဂါ (၅)ပါးမှာ
၁။ ဆယ်ဝါရပြီးဖြစ်ခြင်း၊
၂။ ဘိက္ခု၊ဘိက္ခုနီဝိဘင်း ဟူသောပါတိမောက်ကိုသိရှိနားလည်ခြင်း၊
၃။ ကံကြီး-ကံငယ် ပြုလုပ်နည်းကိုသိရှိနားလည်ခြင်း
၄။မဟာဝါစူဠဝါခန္ဓာကရှိလာသောဝတ္တရားအမျိုးမျိုးကိုနားလည်ခြင်း၊
၅။ ရုပ်နာမ်ကို ကွဲပြားအောင် ဟောပြောတတ်ခြင်း
ဤအင်္ဂါငါးပါးနှင့် ပြည့်စုံမှသာ ဥပဇ္ဈာယ်ဆရာပြုလုပ်နိုင်ပါသည်။

သင်္ကန်းဝတ်ရာ၌ သင်္ကန်းကပ်- သင်္ကန်းတောင်းကို ပြုလုပ်ရပါသည်။ ဥပဇ္ဈာယ်ဆရာက စေခိုင်းလျှင်ရဟန်းငယ်သည် ရှင်ပြုပေးကောင်းပါသည်။

သင်္ကန်းကပ် သင်္ကန်းတောင်းပြုရခြင်းမှာ မိမိပိုင်သော သင်္ကန်းပင် ဖြစ်လင့်ကစား ဆရာသမားက ဝတ်ခွင့်မပြုလျှင် မိမိအလိုအလျောက် အစိုးတရ (ပိုင်စိုးပိုင်နင်း) မဝတ်ကောင်းသောကြောင့် အသွင်ခိုးအဖြစ်မှကင်းလွတ်စေရန်ဖြစ်ပါသည်။

သင်္ကန်းကို သင်္ကန်းတောင်းဆိုစေခြင်းဖြင့် စိတ်တွင်လေးစား၍ ပို၍ဂရုဂါရဝထားရန်အတွက် ဖြစ်ပါသည်။

---

ဆုပြည့် စုံထွန်းစာပေ

www.dhammaransi.com


ဥပဇ္ဈာယ်ဆရာထံသက်န်းကပ်

"အရှင်ဘုရား အလုံးစုံသော သံသရာဝဋ်ဆင်းရဲအပေါင်းမှ ကင်းလွတ်ထွက်မြောက်သော နိဗ္ဗာန်ကိုမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့် လျင်မြန်စွာ မျက်မှောက်ပြုပါရခြင်း အကျိုးငှာ တပည့်တော်၏ လက်၌ ရှိသော ဤသင်္ကန်းကို ယူတော်မူ၍ ဘုရားတပည့်တော်အား သနားစောင့်ရှောက် ချီးမြှောက်သော အားဖြင့် ရှင်သာမဏေ ပြုပေးတော်မူပါသည်ဘုရား"

ဥပဇ္ဈာယ်ဆရာထံသက်န်းပြန်တောင်း

"အရှင်ဘုရား အလုံးစုံသော သံသရာဝဋ်ဆင်းရဲမှ အပေါင်းမှ ကင်းလွတ်ထွက်မြောက်ကုန်သော နိဗ္ဗာန်ကိုမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြင့်လျင်မြန်စွာ မျက်မှောက်ပြုပါရခြင်း အကျိုးငှာ အရှင်ဘုရား၏ လက်တော်၌ရှိသော ထိုသင်္ကန်းတော်ကို ပေးတော်မူ၍ ဘုရားတပည့်တော်အား သနားစောင့်ရှောက် ချီးမြှင့်သောအားဖြင့် ရှင်သာမဏေပြုပေးတော်မူပါဘုရား။

ရှင်သာမဏေအဖြစ်တောင်းရန်

"အရှင်ဘုရား သံသရာဝဋ်ဆင်းရဲမှ ကင်းလွတ်ထွက်မြောက်ပါရခြင်း အကျိုးငှာ ရှင်သာမဏေအဖြစ်ကို တောင်းပါ၏ဘုရား"

သင်္ကန်းကပ် – သကလဝဋ္ဋဒုက္ခ၊ နိဿရဏနိဗ္ဗာနသ္သ၊ သစ္ဆိကရဏတ္ထာယ ဣမံ ကာသာဝံ ဂဟေတွာ ပဗ္ဗာဇေထ၊ မံဘန္တေ အနုကမ္ပံ ဥပါဒါယ

သင်္ကန်းတောင်း – သကလဝဋ္ဋဒုက္ခ၊ နိဿရဏနိဗ္ဗာနသ္သ၊ သစ္ဆိကရဏတ္ထာယ ဧတံ ကာသာဝံ ဒတွာ ပဗ္ဗာဇေထ၊ မံဘန္တေ အနုကမ္ပံ ဥပါဒါယ

ရှင်သာမဏေအဖြစ်တောင်းရန် – ဘန္တေသံသာရ, ဝဋ္ဋ,ဒုက္ခတော မောစနတ္ထာယပဗ္ဗဇ္ဇံယာစာမိ
ဒုတိယမ္ပိ . . .
တတိယမ္ပိ . . .

ဆုပြည့် စုထွန်းစာပေ

www.dhammaransi.com


သင်္ကန်းဝတ်ဆင်ပုံ

ရှင်လောင်းသည်သင်္ကန်းဝတ်ခွင့် တောင်းပန်ပြီးသောအခါဥပဇ္ဈာယ်ဆရာက သင်္ကန်းကိုစနစ်တကျ ဝတ်ဆင်ပေးရပါသည်။

ဝတ်ဆင်ပုံနည်းကား - ခါးမှ ဝတ်သောသင်္ကန်းကို သင်းပိုင်ဟုခေါ်သည်။ သင်းပိုင်အစ နှစ်ဖက်ကို ပူး၍လက်ျာဖက်ဖြင့်ကိုင်ပြီး လက်ဝဲဖက်သို့ ဖုံးရမည်။

ထို့နောက် လက်ျာဘက်သို့ နှစ်ခေါက်ပြန်ခေါက်လိုက်ပြီး ဗိုက်မှာကပ်ကာ အထပ်သို့ဆွဲလိပ်ရမည်။ ချက်ကိုဖုံးဖိရမည်။ ချက်ပြူတ်မဝတ်ရပါ။

လိပ်တင်သောအခါ ဒူးဆစ်အောက် လက်ရှစ်သစ်လောက် အရောက်မှန်း၍ လိပ်တင်ရမည်။ အောက်တွင် ကတ်ကြေးဖြင့်ဖြတ်ထားသကဲ့သို့ ရှေ့နှင့်နောက် ညီအောင်ဝတ်ရမည်။

ဤသို့ဝတ်ခြင်းကို အဝန်းသုံးပါး ညီအောင်ဝတ်ခြင်းဟု ခေါ်သည်။ အဝန်းသုံးပါးကား

၁။ ချက်အဝန်းတစ်ပါး

၂။ ပုဆစ်ဒူးဝန်း နှစ်ဘက်တို့ဖြစ်ပါသည်။

အလိပ်မှာ နှစ်လိပ် သုံးလိပ်လောက်သာ အနေတော်ဖြစ်ပါသည်။

ကေသီဝတ်ပုံ - ကိုယ်ရုံသင်္ကန်းကို ကေသီဟုခေါ်ပါသည်။ ဝဲယာနှစ်ပိုင်း ခွဲကိုင်ပြီး ဝဲဘက်အပိုင်းကို ဝဲဘက် ပုခုံးပေါ်တင်၍ ယာဘက်ချိုင်းအောက်သွင်းကာ ယာဘက်အစကို ဝဲဘက်ပခုံးပေါ်မှ ကျောဘက်သို့ကျအောင် ယမ်း၍တင်ရမည်။

ဝဲဘက်အပိုင်းအစကို ဝဲဘက်ပခုံးပေါ်မှ ရှေ့ရင်ဘတ်သို့ကျအောင် ထပ်၍ခေါက်တင်ရမည်။ တံတောင်ဆစ်ဆုံးဖိရမည်။

ကေသီကိုဝတ်ရုံသောအခါ ဒူးဆစ်အောက်လက်လေးသစ်ချပြီး ဝတ်ရမည်။ သင်းပိုင်နှင့် ကေသီမှာ လက်လေးသစ်မျှကွာရမည်။ ရှေ့နှင့်နောက် ပတ်ဝန်းကျင်ညီနေရမည်။ မညီမညွတ် ရှေ့တွဲလွဲ နောက်တွဲလွဲ မဝတ်ဆင်ရပါ။

ရှေ့ရင်ဘတ်ဘက်မှကျသော သင်္ကန်းအနားစွန်းနှင့် ကျောဘက်ကျသောသင်္ကန်းအနားစွန်းတို့ အနားစွန်းချင်းအကျညီလျှင် ကေသီအောက်ပိုင်းလည်းအကျညီပါသည်။

ကိုရင်လောင်းသည် သင်္ကန်းကိုစနစ်တကျ ဝတ်ဆင်ပြီးသော အခါ ရှင်သာမဏေ ဖြစ်ရန်အကွက်သရဏဂုံ တည်ဆောက်ရပါမည်။သရဏဂုံတည်

www.dhammaransi.com


ဆောက်ရန်အတွက် ဥပဇ္ဈာယ်ရှေ့တွင် ဆောင့်ကြောင့်ထိုင်၍ ဆရာဥပဇ္ဈာယ်ကိုရှိခိုးကန်တော့ရပါသည်။

တပည့်ကိုရင်လောင်းက ဆရာဥပဇ္ဈာယ်ကို ကန်တော့၊ ဆရာဥပဇ္ဈာယ်က ဆုပေးပြီးသောအခါ တပည့်က သရဏဂုံနှင့် ဆယ်ပါးသီလကိုတောင်းရပါသည်။

## ကန်တော့ရန် ဩကာသကန်တော့ချိုး

ဩကာသ၊ ဩကာက၊ ဩကာသ ကာယကံ ဝစီကံ မနောကံ သဗ္ဗ ဒေါသ ခပ်သိမ်းသော အပြစ်တို့မှ ပျောက်ပါစေခြင်း အကျိုးငှာ၊ ပထမ ဒုတိယ တတိယ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ဘုရားရတနာ တရား ရတနာ သံဃာရတနာ ရတနာမြတ်သုံးပါးတို့ကို အရိုအသေအလေးအမြတ် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်ဟန်လျော့ ကန်တော့ပါ၏ အရှင်ဘုရား။

ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး ကပ်သုံးပါး ရပ်ပြစ်ရှစ်ပါး ရန်သူမျိုးငါးပါး ဝိပ္ပတ္တိ တရားလေးပါး ဗျသနတရားငါးပါးတို့မှအခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ အဆုံးစွန်သောဘဝ နောင်ကာလ၌မဂ်တရား ဖိုလ်တရား နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို ရပါလို၏အရှင်ဘုရား။

## ဥပဇ္ဈာယ်ဆရာက ဆုပေးရန်

ဘုရား တရား သံဃာ ရတနာသုံးပါး ဆရာသမားတို့အား ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျော့ ကန်တော့ရသော ပုဇ္ဇဝန္ဒပဏာမသက္ကစ္စ ဂါရဝ၊ နိဝါတ၊ နိမာန၊ ကုသိုလ်ကံစေတနာတို့ကြောင့် ဘေးဒဏ်ရန်မာန် အန္တရာယ်အပေါင်း မကောင်းဟူသမျှ အနိဋ္ဌတို့သည် ကင်းစင်လွင့်ပျောက်မကျရောက်ဘဲ ကောင်းမြတ်ချမ်းသာ ကျက်သရေမင်္ဂလာအဖြာဖြာတို့နှင့် ပြည့်စုံကြ၍ ပဋိဝေဓသာသနာကို ရရာရကြောင်း ပရိယတ္တိသာသနာကို ရရာရကြောင်း ပရိယတ္တိသာသနာ ပဋိပတ္တိ သာသနာထိုနှစ်ဖြာတို့ကို ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်လွယ်ကြသည် ဖြစ်ပါစေ။

တပည့် - ပေးသောဆုနှင့် ပြည့်စုံရပါလို၏အရှင်ဘုရား။

www.dhammaransi.com



## ဆယ်ပါးသီလတောင်းပါဠိ

အဟံဘန္တေ တိသရဏေနသဟ,ဒသ သာမဏေရ ပဗ္ဗဇ္ဇာသီလံ ဓမ္မံယာစာမိ အနုဂ္ဂဟံကတွာ သီလံဒေထ မေဘန္တေ

ဒုတိယမ္ပိ –

တတိယမ္ပိ –

အရှင်ဘုရား တပည့်တော်သည် သရဏဂုံသုံးပါးနှင့်တကွ ဆယ်ပါးသောရှင်သာမဏေသီလဖြစ်သော ကျင့်ဝတ္တရားကို တောင်းပန်ပါ၏ အရှင်ဘုရား။

အရှင်ဘုရား ချီးမြှောက်ခြင်းကို ပြုတော်မူ၍ ဘုရားတပည့်တော်အား ကျင့်ဝတ်သီလကို ပေးသနားတော်မူပါဘုရား။

နှစ်ကြိမ်မြောက်လည်း –

သုံးကြိမ်မြောက်လည်း –

ဥပဇ္ဈာယ်ဆရာ – ယမဟံ ဝဒါမိ တံ,ဝဒေထ

"အကြင်စကားကိုငါသည်ဆိုပါ၏။ ထိုစကားကို လိုက်၍ဆိုပါလေ"

တပည့် – အာမဘန္တေ

အရှင်မြတ်ဘုရားအမိန့်တော်အတိုင်း လိုက်ဆိုပါမည်။

## ဘုရားရှိခိုးရန်

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ (၃)ကြိမ်ဆို

"ပူဇော်အထူးကို ခံတော်မူထိုက်သော အလုံးစုံသော တရားတို့ကို မဖေါက်မပြန် ကိုယ်ပိုင်ဉာဏ်ဖြင့် သိတော်မူပြီးသော ထိုမြတ်စွာဘုရားအား ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ဘုရား"

## သရဏဂုံဆောက်တည်ရန်

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

ဓမ္မံ သရဏံ ဂစ္ဆာမိ

သံဃံ သရဏံ ဂစ္ဆာမိ

ဒုတိယမ္ပိ ...

တတိယမ္ပိ ...

မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ မှီဝဲဆည်းကပ်ပါ၏။

တရားတော်မြတ်ကို ကိုးကွယ်ရာဟူ၍ မှီဝဲဆည်းကပ်ပါ၏။

သံဃာတော်မြတ်ကို ကိုးကွယ်ရာဟူ၍ မှီဝဲဆည်းကပ်ပါ၏။

www.dhammaransi.com



နှစ်ကြိမ်မြောက်လည်း ...
သုံးကြိမ်မြောက်လည်း ...
ဥပဇ္ဈာယ် = ကိုသရဏာ ဂမန် ပရိပုဏ္ဏံ
ရတနာသုံးပါးကို မှီဝဲဆည်းကပ်ခြင်းသည် ပြည့်စုံပြီ။
တပည့် = အာမဘန္တေ
''အရှင်ဘုရား ပြည့်စုံပါပြီဘုရား''

ဤကား နိဂ္ဂဟိတ်ဝန္တ (သေးသေးတင်) သရဏဂုံတည်ဆောက်ပေးခြင်းဖြစ်သည်။

ဗုဒ္ဓံ၌ – ဓဗျည်းနှင့် နိဂ္ဂဟိတ် (သေးသေးတင်) အကြား အသံတစ်မျိုးအခြားမရှိပဲ တစ်စပ်တည်းပြု၍ ရွတ်ဆိုရမည်။

ဓဗျည်းကို ရွတ်ဆိုပြီးသည်နှင့် ပေစ်ပြိုင်နက် ခံတွင်းပိတ်မှုကို ပြုရသည်။ ခံတွင်းပိတ်မှုနောက်မကျစေရပါ။

ဓသံ၊ နိဂ္ဂဟိတ်သံ ပြိုင်တူထပ်စေရမည်။ မပြတ်စေရပါ။

နိဂ္ဂဟိတ် (သေးသေးတင်) ပါသော ဓမ္မံ သံဃံ၊ သရဏံ တို့၌လည်း အလားတူပင် ဖြစ်ပါသည်။

ဒုတိယအဆင့်အနေဖြင့် မ ကာရန္တ သရဏဂုံတည်ဆောက်နည်းဖြင့် သရဏဂုံတည်ဆောက်ရပါမည်။

ဗုဒ္ဓမ် – သရဏမ် ဂစ္ဆာမိ
ဓမ္မမ် – သရဏမ် ဂစ္ဆာမိ
သံဃမ် – သရဏမ် ဂစ္ဆာမိ
ဒုတိယမ္ပိ ...
တတိယမ္ပိ ...

ဗုဒ္ဓမ်၌ မ– ဗျည်းနှင့် (မ) အက္ခရာ၏ အကြားမှာ အတန်ငယ်ခြားပြီးမှ နှုတ်ခမ်းပိတ်မှုကို ပြုရပါသည်။

မသံ (မ်)သံ ရှေ့နောက်ထင်စေရမည်။ ပြတ်သားရမည်။

(မ်) သတ်ပါသမျှ ဓမ္မံ၊ သံဃမ်၊ သရဏံတို့၌လည်း 'ဗုဒ္ဓမ်' ကဲ့သို့ရွတ်ဖတ်ရပါမည်။

အထူးမှတ်ရန်မှာ – နိဂ္ဂဟိတန္တ (သေးသေးတင်)နှင့်ရွတ်လျှင် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိပုဒ်များကိုမပြတ်ဘဲတစ်ဆက်တည်း ရွတ်ပါ။ (မ်) ကာရန္တနှင့်ရွတ်လျှင် ဗုဒ္ဓမ်တစ်ပုဒ်၊ သရဏံတစ်ပုဒ်၊ ဂစ္ဆာမိတစ်ပုဒ် ရပ်နားဖြတ်တောက်ပြီးမှရွတ်ပါ။

www.dhammaransi.com



သရဏဂုံ ရွတ်ဆိုရာ၌ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သည် ဟူသော စိတ်မှာ ရှိနှင့်ပြီးဖြစ်၍ သရဏဂုံ၏ အနက်အဓိပ္ပါယ်ကို နားလည်သော် လည်းကောင်း၊ နားမလည်သော်လည်းကောင်း ပီသစွာရွတ်ဆိုနိုင်လျှင် ရပြီဖြစ်၏။ မပီသလျှင် မဖြစ်ပေ။

သာမဏေဖြစ်မှုသည် သရဏဂုံယူခြင်းဖြင့်သာလျှင် ပြီးသောကြောင့် သရဏဂုံတည်ဆောက်ပြီး သာမဏေအစစ်ဖြစ်တော့သည်။

သာမဏေဖြစ်သောအခါတွင် လိုက်နာရမည့် ကျင့်ဝတ္တရားသိက္ခာပုဒ်သည် အကျဉ်းအားဖြင့် ၁၀ပါးသီလ၊ အကျယ်အားဖြင့် လိင် (၁၀)ပါး၊ ဒဏ် (၁၀)ပါး၊ သေခိယ (၇၅)ပါး၊ ခန္ဓကဝတ် (၁၄)ပါးတို့ ဖြစ်ပါသည်။

## ဆယ်ပါးသီလကို ခွင့်ပြုခြင်း

အခါတစ်ပါး၌ ရှင်ရာဟုလာစသော သာမဏေများသည် "ငါတို့ လိုက်နာကျင့်ကြံရမည့် သိက္ခာပုဒ်တို့သည် အဘယ်မျှရှိသနည်း"

ဟုအကြံဖြစ်ကြ၍ ဘုရားရှင်ကို လျှောက်ထားကြသည်။

ထိုအခါ ဘုရားရှင်က

"ရဟန်းတို့ သာမဏေများသည် သူ့အသက်မသတ်ခြင်းစသော သိက္ခာပုဒ်များကို စောင့်ထိန်းကျင့်သုံးရန် ခွင့်ပြုတော်မူ၏"

ဟူ၍ သာမဏေတို့ ကျင့်ဆောင်ရန် သိက္ခာပုဒ် (၁၀)ပါးကို ခွင့်ပြုတော်မူခဲ့ပါသည်။

သာမဏေများသည် သရဏဂုံ ဆောက်တည်ပြီးက ဆယ်ပါးသီလ နှင့်လည်းပြည့်စုံပြီးဖြစ်၍ အထူးဆောက်တည်ဖွယ် မလိုသော်လည်း

- မြဲမြံစေခြင်းငှာလည်းကောင်း
- နောင်အခါ စောင့်စည်းမှု၌ လေးလေးနက်နက် တည်စေခြင်းငှာ လည်းကောင်း

ဆယ်ပါးသီလကို ထပ်မံ၍ ဆောက်တည်ရပါသည်။

ရှင်သာမဏေဖြစ်ပြီးက သိက္ခာပုဒ်များကို လိုက်နာစေရန် ဆရာသမားတို့က အထူးကြောင့်ကြစိုက်၍ သင်ကြားပေးရပါမည်။ ပါဠိလိုမရသော် လည်း မြန်မာလိုသိအောင် သင်ပေးထားရပါမည်။

## ဆယ်ပါးသီလပါဠိ

၁။ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

၂။ အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

www.dhammaransi.com



၃။ အဗြဟ္မစရိယာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ
၄။ မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ
၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ
၆။ ဝိကာလ ဘောဇနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ
၇။ နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသုက၊ ဒဿနာဝေရမဏီသိက္ခာပဒံ သမာဒိယာမိ
၈။ မာလာဂန္ဓ၊ ဝိလေပန၊ ဓာရဏ၊ မဏ္ဍနဝိဘူသနဋ္ဌာန ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ
၉။ ဥစ္စာသယနာ မဟာသယနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ
၁၀။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ

တပည့် = အဲဒီဘေနွေ

၁။ သူတစ်ပါး၏ အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။
၂။ အရှင်မပေးသော သူတစ်ပါး၏ ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ကြောင်း။ သိက္ခာပုဒ်ကို ဆောက်တည်ပါ၏
၃။ မမြတ်သော မေထုန်အကျင့်ကို ကျင့်ခြင်းမှ ရှောင်ကြဉ်ကြောင်းသိက္ခာပုဒ်ကို ဆောက်တည်ပါ၏။
၄။ မဟုတ်မမှန် စကားပြောဆိုခြင်းမှ ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။
၅။ မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေရည် သေရက်ကို သောက်စားခြင်းမှ ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။
၆။ နေ့လွဲညစာ စားသောက်ခြင်းမှ ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။
၇။ ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ သာသနာ၏ ငြောင့်တံကျင်သဖွယ် ကြည့်ရှုနားထောင်ခြင်း ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။
၈။ ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်း၊ နံ့သာပျောင်းတို့ဖြင့် အပြေ အပြစ်ပြုခြင်းမှ ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။

www.dhammaransi.com



၉။ မြင့်သောနေရာ မြတ်သောနေရာတို့၌ နေထိုင်ခြင်းမှ ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။

၁၀။ ရွှေငွေ အသပြာတို့ကို ကိုင်ဆောင်ခြင်းမှ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ်ကို ဆောက်တည်ပါ၏။

ဥပဇ္ဈာယ်ဆရာ = သရဏဂုံသုံးပါးနှင့်တကွ ဆယ်ပါးသော ရှင်သာမဏေသီလဖြစ်သော ကျင့်ဝတ်တရားကိုကောင်းစွာ အရိုအသေပြု၍ မမေ့မလျော့ မပေါ့မဆသောအားဖြင့် ပြည့်စုံအောင်ဖြည့်ကျင့်ပါလော့။

တပည့် = အရှင်ဘုရားအမိန့်တော်အတိုင်း ဖြည့်ကျင့်ပါမည်ဘုရား။

ဥပဇ္ဈာယ်ဆရာ

ဥပဇ္ဈာ ယောမေ ဘန္တေ ဟောတိ

ဒုတိယမ္ပိ

တတိယမ္ပိ

"အရှင်ဘုရား အရှင်ဘုရားသည် တပည့်တော်၏ အပြစ်ကြီးအပြစ်ငယ်တို့ကို ကြည့်ရှုမပြတ် ဆိုဆုံးမတတ်သော ဆရာမြတ်သည် ဖြစ်တော်မူပါဘုရား"

နှစ်ကြိမ်မြောက်လည်း . . .

သုံးကြိမ်မြောက်လည်း . . .

ဥပဇ္ဈာယ်ဆရာ = ပါသာဒိကေန သမ္ပာဒေထ။

ကြည်ညိုဖွယ်ကောင်းသော ကိုယ်အမူအရာ နှုတ်အမူအရာအားဖြင့်သိက္ခာသုံးရပ် သာသနာတော်မြတ်ကို ပြည့်စုံကြစေကုန်သော။

ဆရာတပည့် ဝတ္တရားများအတွက် လျှောက်ထားပုံ

ဥပဇ္ဈာယ်အပေါ်၌ ပြုသင့်ပြုထိုက်သော ဝတ်ကြီးဝတ်ငယ်များကို ခွင့်ပြုတော်မူပါဘုရား၊ တပည့်တော်ကလည်း ခွင့်ပြုပါ၏ဘုရား

(သို့မဟုတ်)

ဥပဇ္ဈာယ်ဆရာက - ဥပဇ္ဈာယ်ဆရာ၌ ပြုသင့်ထိုက်သော ဝတ်ကြီးဝတ်ငယ်များကို မပြုမူ၍ ချမ်းသာစွာ ပရိ

www.dhammaransi.com



ယတ် ပဋ္ဌပတ်တရားတို့ကို ကြိုးစားအားထုတ် ပါလေ။ ဝတ်ကြီးဝတ်ငယ် မပြုရန် ခွင့်ပြု၏။

တပည့် - တပည့်အပေါ်၌ပြုသင့်ပြုထိုက်သောဝတ္တရားများကိုမပြုမူ၍ ကြောင့်ကြကင်းစွာ ချမ်းသာစွာနေတော်မူပါဘုရား။

## ကိုရင်ဆင်ခြင်ရန် ပစ္စဝေက္ခဏာ(၄)ဖြာ

### (၁) သင်္ကန်းဝတ်ရုံ၌ ဆင်ခြင်ရန်

ပဋိသင်္ခါ ယောနိသော စီဝရံပဋိသေဝါမိ

၁။ ယာဝဒေဝ သီတဿ ပဋိဃာတာယ

၂။ ဥဏှဿ ပဋိဃာတာယ

၃။ ဍံသ မကသ ဝါတာတပ သရီသပ သမ္ဖဿာနံ ပဋိဃာတာယ

၄။ ယာဝ ဒေဝ ဟိရိကောပိန ပဋိစ္ဆာဒနတ္ထံ

သင့်သောအကြောင်းဖြင့် ပညာဖြင့် ဆင်ခြင်၍ သင်္ကန်းကို မှီဝဲပါသည်။

၁။ အအေးကိုပယ်ဖျောက်ဖို့ရာ

၂။ အပူကိုပယ်ဖျောက်ဖို့ရာ

၃။ မှက်၊ ခြင်၊ ယင်၊ လေ၊ နေပူ၊ မြွေ၊ ကင်း၊ သန်း တို့၏ အတွေ့ကို ပယ်ဖျောက်ဖို့ရာ

၄။ အရှက်ဂုဏ်ကို ဖျက်ဆီးတတ်သော အင်္ဂါကြီးငယ်ကို ဖုံးလွှမ်းဖို့ရာ သင်္ကန်းကိုမှီဝဲပါ၏။

''ချမ်းပူကိုဖျက်၊ ခြင်မှက်လေနေ၊ ကင်းမြွေလွဲသုန်၊ ဟီရိဂုဏ်ကို ကုန်စေတတ်စွာ၊ ကိုယ်အင်္ဂါကို၊ လုံပါစေလို့၊ ကိုယ်ကိုစံပယ်၊ ဆင်ခြင်မယ်ဟု စိတ်ဝယ်မသန်း ဤသင်္ကန်းကို ဖုံးလွှမ်းသုံးဆောင်ပါသတည်း''

### (၂) ဆွမ်း၌ဆင်ခြင်ရန်

ပဋိသင်္ခါယောနိသော ပိဏ္ဍပါတံ ပဋိသေဝါမိ

၁။ နေဝဒဝါယ

၂။ နမဒါယ

၃။ နမဏ္ဍနာယ

www.dhammaransi.com



၄။ နဝိဘူသနာယ
၅။ ယာဝ,ဒဝ,ဣမာသာ,ကာယဿဥ္စိတိယာ ယာပနာယ
၆။ ဝိဟိံသူပရတိယာ,ဗြဟ္မစရိယာနုဂ္ဂဟာယ
၇။ ဣတိ ပုရာဏဉ္စ ဝေဒနံ ပဋိဟင်္ခါမိ နဝဉ္စ ဝေဒနံန ဥပ္ပါဒေဿာမိ
၈။ ယတြာစ မေ ဘဝိဿတိ
၉။ အနဝဇ္ဇတာစ ဖာသုဝိဟာရောစ
သင့်သောအကြောင်းဖြင့် ပညာဖြင့် ဆင်ခြင်၍ ဆွမ်းကို မှီဝဲပါ၏။
၁။ ရွာသူရွာသားတို့ကဲ့သို့ မြူးတူးပျော်ပါး ကစားဖို့ရာ မမှီဝဲပါ။
၂။ လက်ဝှေ့လက်ပမ်းသည် စသည်တို့ကဲ့သို့ အားဟူသော မာန်ယစ် ဘို့ရာမမှီဝဲပါ။
၃။ နန်းတွင်းသူ၊ ပြည့်တန်ဆာမတို့ကဲ့သို့ အင်္ဂါကြီးငယ် ပြည့်ဖြိုးဖို့ရာ မမှီဝဲပါ။
၄။ ကျွမ်းသမား ကချေသည်တို့ကဲ့သို့ အရေအဆင်း လှပတင့်တယ် စေဘို့ရာ မမှီဝဲပါ။ (ပယ်လေးပါး)
၅။ ဤကိုယ်ခန္ဓာ၏ တည်ရုံငှာသာလျှင် မျှတရုံငှာသာလျှင်
၆။ ပင်ပန်းခြင်း၊ ငြိမ်းချမ်းရုံငှာသာလျှင် သာသနဗြဟ္မစရိယ အဂ္ဂ ဗြဟ္မစရိယ နှစ်ပါးကို ချီးမြှောက်ရုံငှာသာလျှင် ဆွမ်းအစရှိသော အဟာရကို မှီဝဲပါ၏။
၇။ ဤသို့ ဆွမ်းကိုမှီဝဲသဖြင့် အဟောင်းဖြစ်သော ဝေဒနာကို ပယ်ပျောက်စေလိမ့်အံ့၊ အသစ်ဖြစ်သော ဝေဒနာကိုလည်း မဖြစ်စေပေအံ့။
၈။ ငါ့အား မျှတခြင်းသည်လည်း ဖြစ်စေအံ့ . (ယူ-၄ပါး)
၉။ ငါ့အား အပြစ်မရှိခြင်းသည်လည်းကောင်း၊ ချမ်းသာစွာနေရခြင်း သည်လည်းကောင်း ဖြစ်လတ္တံ့။ (ဆွမ်းအကျိုး ၂ပါး)
ဤသို့ နှလုံးပြု၍ ဆွမ်းအစရှိသော အာဟာရကို မှီဝဲပါ၏။

"ဤသည့် စားဖွယ်အမယ်မယ်ကို မြူးရယ်မာန်ကြွ၊ လှပရေဆင်း၊ ပြည့်ဖြိုးခြင်းငှာ၊ မသုံးပါဘူး၊ လေးဖြာတတ်ဆောင်၊ ဤကိုယ်ကောင်သည်၊ ရှည်အောင်တည်လျက်၊ အသက်မျှတန်း၊ မမောပန်းငြား၊ ဘုရားသာသနာ၊ ဤနှစ်ဖြာကို ကျင့်နိုင်ပါစေ၊ ဝေဒနာဟောင်းသစ်၊ မဖြစ်စေရ၊ ယာပိမျှလစ် ခပ်သိမ်းပြစ်ကို၊ မဖြစ်လေအောင်၊ ချမ်းမြေ့အောင်ဟု သုံးဆောင်မှီဝဲပါသ တည်း။"

www.dhammaransi.com



အိမ်ရာကျောင်း၌ ဆင်ခြင်ရန် (သေနာသနပစ္စဝေက္ခဏာ)

ပဋိသင်္ခါယောနိသော သေနာသနံ ပဋိသေဝါမိ

၁။ ယာဝဒေဝ သီတဿပဋိဃာတာယ

၂။ ဥဏှဿ ပဋိဃာတာယ

၃။ ဍံသ မကသ ဝါတာတပ သရီသပ သမ္ဖဿာနံ ပဋိဃာတာယ

၄။ ယာဝဒေဝ ဥတုပရိဿယ ဝိနောဒနပ္ပဋိသလ္လာနာရာမတ္ထံ

သင့်သောအကြောင်းအားဖြင့် ပညာဖြင့် ဆင်ခြင်၍ အိပ်ရာနေရာကျောင်းကို မှီဝဲပါ၏။

၁။ အအေးကို ပယ်ဖျောက်ဖို့ရာ

၂။ အပူကို ပယ်ဖျောက်ဖို့ရာ

၃။ မှက်၊ ခြင်၊ ယင်၊ လေ၊ နေပူ၊ မြွေ၊ ကင်း၊ သန်း တို့၏ အတွေ့ကို ပယ်ဖျောက်ဖို့ရာ

၄။ ဥတုဘေးရန်ကို ပယ်ဖျောက်ခြင်း ကိန်းအောင်းမွေ့လျော်ခြင်း အကျိုးငှာသာ အိပ်ရာနေရာကျောင်းကို မှီဝဲပါ၏။

"ချမ်းပူကိုဖျက်၊ ခြင်မှက်လေနေ၊ ကင်းမြွေဝေးမှု၊ ဥတုဘေးဘျမ်း၊ မသန်းကင်းစင် စိတ်ကြည်လင်ကြောင်း နေရာကျောင်းကို ကိန်းအောင်းမှီနိ ပါသတည်း"

ဆေးစားရာ၌ ဆင်ခြင်ရန် (ဘေသဇ္ဇပစ္စဝေက္ခဏာ)

ပဋိသင်္ခါယောနိသော ဂိလာနပစ္စယ ဘေသဇ္ဇ ပရိက္ခာရံ ပဋိသေဝါမိ

၁။ ယာဝဒေဝ ဥပ္ပန္နာနံ ဝေယျာဗာဓိကာနံ ဝေဒနာနံ ပဋိဃာတာယ

၂။ အဗျာပဇ္ဇပရမတာယ

သင့်သောအကြောင်းအားဖြင့် ပညာဖြင့် ဆင်ခြင်၍ အနာ၏ ဆန့်ကျင်ဘက်အသက်၏ အရံအကာ တန်ဆာအဆောက်အဦ ဖြစ်သော ဆေးကိုမှီဝဲပါ၏။

၁။ ဖြစ်ပြီးဖြစ်ဆဲ ဖြစ်ကုန်သော ဓာတ်ချောက်ချားခြင်းကြောင့် ဖြစ်ကုန်သော ဆင်းရဲဝေဒနာကို ပယ်ပျောက်ဖို့ရာ

၂။ အနာကြောင့်ဖြစ်သော ဆင်းရဲခြင်း၏ မရှိခြင်းကို အကျိုးငှာ အနာ၏ ဆန့်ကျင်ဘက်အသက်၏ အရံကာ တန်ဆာ အဆောက်အဦးဖြစ်သော ဆေးကိုမှီဝဲပါ၏။

www.dhammaransi.com



"ကျောင်းနာခံခက်၊ နှိပ်စက်ဖိစီး၊ ဖြစ်ပြီးဖြစ်လာ၊ ဝေဒနာကို၊ စွန့်ခွာပယ်လျှင်း၊ ဆင်းရဲကင်း၍ လူမင်းမြတ်စွာ၊ သာသနာကို၊ ကြည်သာရွှင်လန်း၊ ဖြည့်နိုင်စွမ်းဖို့၊ ရည်မှန်းသုံးဆောင်ပါသတည်း"

## ကြွင်းပစ္စည်းများဆင်ခြင်ရန်

ဖိနပ်ဆီမီး၊ ထီးတောင်ဝှေးစ၊ ဟူသမျှ၊ အေးမြချမ်းပူ၊ မြေငူသစ်ငုတ်၊ ခလုတ်ဆူးငြောင့်၊ မနှောင့်ဘေးဘျမ်း၊ မသန်းကင်းစင်၊ စိတ်ကြည်လင်၍ အားအင်ပြည့်မာ၊ သာသနာကို၊ ကောင်းစွာကျင့်ဆောင် ဖြစ်နိုင်အောင်ဟု သုံးဆောင်မှီဝဲပါသတည်း။

## လိင်(၁၀)ပါး

လိင် - ဟူသော မြန်မာစကားသည် လိင်္ဂသဒ္ဒါမှလာသော စကားဖြစ်သည်။ မြန်မာလို အသွင်အပြင်ဟု အဓိပ္ပာယ်ရပါသည်။

သာကီဝင်မင်းသား ရှင်ဥပနန္ဒတပည့်ကဏ္ဍကသာမဏေသည် ကဏ္ဍတီအမည်ရှိသော ဘိက္ခုနီမအား မေထုန်မှီဝဲခြင်းကို အကြောင်းပြု၍ လိင်(၁၀)ပါးကို ဘုရားရှင်က ပညတ်ပါသည်။

လိင်(၁၀)ပါးမှာ

ဒသဟင်္ဂေဟိသမန္နာဂတော သာမဏေရော နာသေတဗ္ဗော

၁။ ပါဏာတိပါတော ဟောတိ
၂။ အဒိန္နာဒါယီ ဟောတိ
၃။ အဗြဟ္မစာရီ ဟောတိ
၄။ မုသာဝါဒီ ဟောတိ
၅။ သုရာမေရယ မဇ္ဇပါယီ ဟောတိ
၆။ ဗုဒ္ဓဿ အဝဏ္ဏံဘာသတိ
၇။ ဓမ္မဿ အဝဏ္ဏံဘာသတိ
၈။ သံဃဿအဝဏ္ဏံဘာသတိ
၉။ မိစ္ဆာဒိဋ္ဌိကော ဟောတိ
၁၀။ ဘိက္ခုနီဒူသကော ဟောတိ

ဣမေဟိ ဒေါဒသဟင်္ဂေဟိသမန္နာဂတော သာမဏေ ရောနာသေတဗ္ဗော၊

www.dhammaransi.com



ဆယ်ပါးသော အကြောင်းအင်္ဂါတို့နှင့် ပြည့်စုံသော သာမဏေကို လိင်ပြန်စေအပ်၏။

၁။ သူ့အသက်ကိုသတ်ခြင်း
၂။ သူ့ဥစ္စာကို ခိုးခြင်း
၃။ မမြတ်သော မေထုန်အကျင့်ကိုကျင့်ခြင်း
၄။ မဟုတ်မမှန်ပြောဆိုခြင်း
၅။ သေရည်သေရက်ကို သောက်ခြင်း
၆။ ဘုရားရှင်တို့၏ ဂုဏ်ကို ကဲ့ရဲ့ခြင်း
၇။ တရားဂုဏ်ကို ကဲ့ရဲ့ခြင်း
၈။ သံဃာဂုဏ်ကို ကဲ့ရဲ့ခြင်း
၉။ မှားသောအယူရှိခြင်း
၁၀။ ဘိက္ခုနီမကို (မေထုန်မှီဝဲ)ဖျက်ဆီးခြင်း

ဤအင်္ဂါ (၁၀)ပါးတို့တွင် တစ်ပါးပါးကို လွန်ကျူးသော သာမဏေသည်လိင်ကျပါသည်။ လိင်ကျခြင်းဆိုသည်မှာ သာမဏေအသွင်မှာ လူ့အသွင်သို့လျောကျခြင်းကို ဆိုလိုပါသည်။ လိင်ပြန်ခြင်းဆိုသည်မှာ သာမဏေအသွင်မှ (လူထွက်ခြင်း)ကိုဆိုလိုပါသည်။

## လိင်ကျရသည့်အကြောင်းရင်းများ

ရှင်သာမဏေများ လိင်ကျရခြင်းအကြောင်းရင်း (၆)ချက် ရှိပါသည်။

၁။ အရှက်မရှိခြင်း
၂။ ပညတ်ချက်သိက္ခာပုဒ်ကို မသိခြင်း
၃။ အပ်သလော မအပ်သလောဟု ထင်မှတ်ခြင်း
၄။ အပ်သည်၌ မအပ်သည်ဟုထင်မှတ်ခြင်း
၅။ မအပ်သည်ကို အပ်သည်ဟု ထင်မှတ်ခြင်း
၆။ သတိမေ့လျော့ခြင်း

ဤ (၆)ပါးကြောင့် လိင်ဒဏ်သင့်ကြပါသည်။

လိင်ကျသော သာမဏေသည် ကျူးလွန်သော သိက္ခာပုဒ်အရ အကုသိုလ်အပြစ်ဖြစ်ပါသည်။

ဝိနည်းအပြစ်ကား လိင်ကျသည့်နှင့်တစ်ပြိုင်နက်

- သရဏဂုံယူခြင်း
- ဥပဇ္ဈာယ်ယူခြင်း

www.dhammaransi.com



- ကျောင်းခံယူခြင်းတို့သည် ပျက်ကုန်သည်။

သံဃာလာဘ်လာဘကိုလည်း မခံယူထိုက်သော သာမဏေအသွင်မျှသာရှိတော့သည်။

လိင်ကျသော သာမဏေသည် အပြစ်အနာအဆာတွေများပြီး သိက္ခာပုဒ်များစောင့်ထိန်းခြင်း မရှိမှု ကျောင်းမှဆုတ်ရပါသည်။

မိမိအပြစ်ကို ဝန်ခံ၍နောင်ကိုလည်း စောင့်စည်းပါမည်ဟု ဝန်ခံက အသွင်ကို မပျက်စီးစေဘဲ (လဝတ်မလဲစေဘဲ) ဝတ်မြဲတိုင်း သရဏဂုံဥပဇ္ဈာယ် ထပ်မံပေးရပါသည်။

သိက္ခာပုဒ်များကိုလည်း လေးနက်မြဲမြံစေခြင်းငှာ ထပ်မံ၍ ပေးရပါသည်။ ဝါတွင်းကာလဝယ် ပထမဝါဆိုပြီးလိင်ကျလျှင် ဒုတိယဝါထပ်ဆိုရပါမည်။ ဝါကျွတ်လျှင် ဒုတိယဝါဆိုသည့်အတွက် သံဃာ လာဘ်လာဘကို ရနိုင်သည်။

ဒုတိယဝါဆိုပြီးမှ လိင်ကျပါမူ ဝါကျိုးပြီးဖြစ်သောကြောင့် သံဃာ လာဘ်လာဘကို မရနိုင်တော့ချေ။ မသိ၍ပေးလျှင် သံဃိကဖြစ်၍ သံဃာသို့ ပြန်ပေးရမည်။ သံဃာကို ပန်ကြား၍ အများသဘောတူပေးသော် ယူကောင်းသည်။

လိင်(၁၀)ပါး တွင် ဘိက္ခုနီမ ကိုဖျက်ဆီးသော သိက္ခာပုဒ်သည် ကုစား၍ မရသောကြောင့် ဤတစ်သက်တွင် ရှင်ရဟန်းအဖြစ်ကို မရထိုက်သူဖြစ်သွားပါတော့သည်။ ယင်းသိက္ခာပုဒ်ကို သာမဏေပါရာဇိက သိက္ခာပုဒ်ဟု ခေါ်ဆိုပါသည်။

## (၁၀)ပါးသီလအစွဲ

- သူ့အသက်သတ်ခြင်းမှအစ အရက်သောက်ခြင်းအဆုံး ဘိက္ခုပုဒ် (၅)ပါးသည် သီလကျင့်ဝတ်ပါသည်။
- ကျန် (၅)ပါးသည် သီလကျင့်စဥ္စမပါ။

ထို့ကြောင့် ပါဏာတိပါတ စသော သီလသိက္ခာပုဒ်များသည် လိင်ကျပြီးသော် ဒဏ်မပေးဘဲ သရဏဂုံပေးအပ်ပါသည်။

ကျန် (၅)ပါးသည် လိင်ကျပြီးသော် ဒဏ်ပေးပြီးမှ သရဏဂုံပေးရပါသည်။

ဆုပြည့် စုံထွန်းစာပေ

www.dhammaransi.com



ဒဏ်(၁၀)ပါး

သာမဏေတို့သည် ရဟန်းတို့အပေါ်၌ မရိုသေခြင်း၊ အကြီးအကဲ မထားခြင်း၊ မလေးစားခြင်း စသောအကြောင်းများကြောင့် ဒဏ်ပေးခြင်းအံမှု ကိုဘုရားရှင်က ခွင့်ပြုတော်မူပါသည်။

ပြုအပ်သော သေခိယဝတ်စသည်ကို မပြုခြင်း၊ မပြုအပ်သော အမှုတို့ကို ပြုခြင်းကြောင့် ဒဏ်ပေးမည်ဟု ဆိုပါသည်။

ဒဏ်ဟူသည် သာမဏေတို့အားဆုံးမကြောင်း (ဝါ) နှိပ်ကွပ်မှု ပြုလုပ်ခြင်းကို ဒဏ်ပေးသည်ဟု ဆိုပါသည်။

အပြစ်ရောက်သော သာမဏေအား ဤနေရာသို့ မလာရ မနေရ စသည်ဖြင့် တားမြစ်သော ဒဏ်ကိုပေးရလိမ့်မည်ဟု ပါဠိတော်၌ ဆိုပါသည်။

အဋ္ဌကထာဆရာကမူ ရေ၊ ထင်း၊ သဲ စသည်တို့ကို ထမ်းနိုင်း၍ ဒဏ်ပေးရမည်ဟု ဆိုပါသည်။

- သံဃာအရာမ်အားလုံးတွင် မဝင်ရ၊ မထွက်ရ ဟူသောဒဏ်မျိုး၊
- ယနေ့မစားရ မသောက်ရ ဟူသောဒဏ်မျိုးတို့ကို မပေးအပ်ဟု ပါဠိတော်၌ ဆိုပါသည်။
- ပူသောနေရာ၌ အိပ်နိုင်းခြင်း
- လေးလံသော ကျောက်ခဲစသည်ရွက်နိုင်းခြင်း
- ရေငုပ်နိုင်းခြင်း

စသော ဒဏ်မျိုးမပေးရ၊ ထိုဒဏ်မျိုးကိုပေးသော ဆရာသည် ဒုက္ကဋ် အာပါတ်သင့်သည်ဟု အဋ္ဌကထာ၌ ဆိုပါသည်။

ဒဏ်ပေးရာ၌ ဤဒဏ်ပေးသည်ရှိသော် နောင်အခါ မကောင်းမှု အပြုအမှုမှ ရှောင်လတ္တံ့ ဟူသောသနားစိတ်ဖြင့်သာ ဒဏ်ပေးရမည်။

ဤဒဏ်ပေးသည်ရှိသော် သာမဏေသည် ပျက်စီးလတ္တံ့၊ ဤနေရာ မှထွက်ပြေးလတ္တံ့ဟူသော မကောင်းစိတ်တတ်အလိုဆိုဖြင့် ဒဏ်မပေးရပါ။

သာမဏေကို ဒဏ်ပေးရာ၌ ဆရာဥပဇ္ဈာယ်ကသာ ဒဏ်ပေးရပါ သည်။ ဥပဇ္ဈာယ်ဆရာထံမှ အခွင့်မရဘဲ ဒဏ်မပေးရပါ။ ပေးသော် ဒုက္ကဋ် အာပါတ်သင့်ပါသည်။

- ဥပဇ္ဈာယ်ဆရာက ဒဏ်ပေးရန် ကြိုတင်ခွင့်ပြုထားသော် လည်းကောင်း

- အပြစ်ပြု၍ ဒဏ်ပေးရန် သုံးကြိမ်တိုင်အောင်ပြောကြားသော် လည်းဥပဇ္ဈာယ်က အရေးမယူ ဒဏ်မပေးသော်လည်းကောင်း

မိမိကိုယ်တိုင် ဒဏ်ပေးကောင်းပါသည်။

www.dhammaransi.com



ဒဏ်(၁၀)ပါးပါဠိ

ဒသဟင်္ဂေဟိသမန္နာဂတဿ သာမဏေရဿဒဏ္ဍကမ္မံ ကာတဗ္ဗံ

၁။ ဝိကာလဘောဇနောဟောတိ

၂။ နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသုက ဒဿနော ဟောတိ

၃။ မာလဂန္ဓ၊ ဝိလေပန၊ ဓာရဏ၊ မဏ္ဍန၊ ဝိဘူသနော ဟောတိ

၄။ ဥစ္စာသယန မဟာသယနာဟောတိ

၅။ ဇာတရူပရာဇတပဋိဂ္ဂဏောဟောတိ

၆။ ဘိက္ခူနံ အလာဘာ ပရိသက္ကတိ

၇။ ဘိက္ခူနံအဝါသာယ ပရိသက္ကတိ

၈။ ဘိက္ခူနံ အနတ္ထာယ ပရိသက္ကတိ

၉။ ဘိက္ခူနံ အက္ကောသတိ ပရိဘာသတိ

၁၀။ ဘိက္ခူ ဘိက္ခူဟိ ဘေဒေတိ

ဣမေဟိ ခေါ ဒသဟင်္ဂေဟိသမန္နဂတဿ သာမဏေရဿ ဒဏ္ဍကမ္မံကာတဗ္ဗံ

"ဆယ်ပါးသော အကြောင်းအင်္ဂါတို့နှင့် ပြည့်စုံသော သာမဏေအား သဲဒဏ် ရေဒဏ် ပေးခြင်းအမှုကို ပြုအပ်၏"

၁။ နေ့လွဲညစာ စားသောက်ခြင်း

၂။ ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း တို့ကို ကြည့်ရှုနားထောင်ခြင်း

၃။ ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်း၊ နံ့သာချောင်းတို့ဖြင့် အတင့် အတယ် အပြေအပြစ်ပြုခြင်း

၄။ မြင့်သောနေရာ မြတ်သောနေရာတို့၌ နေထိုင်ခြင်း

၅။ ရွှေငွေတို့ကို ကိုင်ခြင်း၊ သာယာခြင်း

၆။ ရဟန်းတို့ကို လာဘ်မရအောင် အားထုတ်ခြင်း

၇။ ရဟန်းတို့ကို နေရာမရအောင် အားထုတ်ခြင်း

၈။ ရဟန်းတို့ကို အကျိုးမဲ့ဖြစ်အောင် အားထုတ်ခြင်း

၉။ ရဟန်းတို့အားဆဲရေးခြင်း ခြိမ်းခြောက်ခြင်း

၁၀။ ရဟန်းများ တစ်ပါးနှင့်တစ်ပါး ကွဲပြားအောင် ကုန်းတိုက်ခြင်း

ဤအင်္ဂါ (၁၀)ပါး တစ်ပါးပါးကို ပြုသော သာမဏေအား ဒဏ်သင့် ပါသည်။

www.dhammaransi.com



## သာမဏေတို့ကျင့်အပ်သောကျင့်ဝတ် (၇၅)ပါး(သေခိယ)

သေခိယ = ကျင့်အပ်သောကြောင့်လည်းကောင်း၊ သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သောကြောင့် လည်းကောင်း 'သေခိယ'' ဟုခေါ်ပါသည်။

သေခိယ သိက္ခာပုဒ်များကို ဘုရားရှင်သည်
ကောသမ္ဗီပြည်၌ (၁)ပုဒ်
ဘဂ္ဂတိုင်း (၂)ပုဒ်
သာဝတ္ထိ၌ (၇၂)ပုဒ်
ပညတ်ခဲ့ပါသည်။

သိက္ခာပုဒ်များ၌ လာရှိသည့်အတိုင်း မညီမညွတ်ဝတ်ရုံ ရုံခြင်းစသော အကြောင်းများကြောင့် သေခိယသိက္ခာပုဒ်များကို ပညတ်ပါသည်။

သေခိယ သိက္ခာပုဒ်များသည် မရိုမသေ မလေးမစား အကုသိုလ် ဒေါသနှင့် စေတနာနှင့် လွန်ကျူးမှသာ အပြစ်ဖြစ်ပါသည်။

- လွန်ကျူးမည်ဟု စေတနာမရှိလျှင်လည်းကောင်း
- သတိမေ့လျော့ ချွတ်ယွင်းသော်လည်းကောင်း
- မသိ၍ ချွတ်ယွင်းသော်လည်းကောင်း

အပြစ်မရှိပါ။

သေခိယတွင်

| | |
|---|---|
| - တင့်တယ်ကြည်ညိုဖွယ်ရာနှင့်စပ်၍ ပညတ်သော သိက္ခာပုဒ် | ၂၆ ပုဒ် |
| - ဆွမ်းခံဆွမ်းစားခြင်းနှင့်စပ်၍ ပညတ်သော သိက္ခာပုဒ် | ၃၀ ပုဒ် |
| - တရားဟောခြင်းနှင့်စပ်၍ ပညတ်သော သိက္ခာပုဒ် | ၁၆ ပုဒ် |
| - ကျင်ကြီး ကျင်ငယ်စွန့်မှုနှင့်စပ်၍ ပညတ်သော သိက္ခာပုဒ် | ၃ ပုဒ် |
| စုစုပေါင်း | ၇၅ ပုဒ် |

### ပရိမဏ္ဍလကျင့်ဝတ်များ

၁။ အဝန်းညီစွာ သင်းပိုင်ကို ဝတ်အံ့
၂။ အဝန်းညီစွာ ကိုယ်ဝတ်သင်္ကန်းကို ရုံအံ့
၃။ လည်- လည်ကောက်ဝတ်တို့ကို ကောင်းစွာ ဖုံးလွှမ်းလျက် ရွာတွင်းသို့သွားအံ့။

www.dhammaransi.com



၄။ လည်း လက်ကောက်ဝတ်တို့ကို ကောင်းစွာဖုံးလွှမ်းလျက် ရွာတွင်း၌နေထိုင်ပါအံ့။
၅။ လက်ခြေတို့ကို မကစားဘဲ ဣန္ဒြေကိုကောင်းစွာ စောင့်စည်းလျက်ရွာတွင်းသို့ သွားပါအံ့။
၆။ လက်ခြေတို့ကို မကစားဘဲ ဣန္ဒြေကိုကောင်းစွာစောင့်စည်းလျက် ရွာတွင်း၌နေထိုင်ပါအံ့။
၇။ လေးထောင့်ခန့်ချအပ်သော မျက်လွှာရှိသည်ဖြစ်၍ ရွာတွင်းသို့ သွားပါအံ့။
၈။ လေးထောင့်ခန့်ချအပ်သော မျက်လွှာရှိသည်ဖြစ်၍ ရွာတွင်း၌နေပါအံ့။
၉။ သင်္ကန်းကိုပင့်လျက် ရွာတွင်းသို့မသွားပါ။
၁၀။ သင်္ကန်းကိုပင့်လျက် ရွာတွင်း၌ မနေပါ။

## ဥဇ္ဇဂ္ဃိကကျင့်ဝတ်များ

၁၁။ ပြင်းစွာရယ်လျက် ရွာတွင်းသို့မသွားပါ။
၁၂။ ပြင်းစွာရယ်လျက် ရွာတွင်း၌ မနေပါ။
၁၃။ ငယ်သော တီးတိုးညင်သာသောအသံရှိလျက် ရွာတွင်းသို့ သွားပါမည်။
၁၄။ ငယ်သော တီးတိုးညင်သာသောအသံရှိလျက် ရွာတွင်း၌ နေပါမည်။
၁၅။ ကိုယ်ကိုလှုပ်၍ လှုပ်၍ရွာတွင်းသို့ မသွားပါ။
၁၆။ ကိုယ်ကိုလှုပ်၍ လှုပ်၍ ရွာတွင်း၌ မနေပါ။
၁၇။ လက်ရုံးကို လှုပ်၍ လှုပ်၍ ရွာတွင်းသို့မသွားပါ။
၁၈။ လက်ရုံးကို လှုပ်၍ လှုပ်၍ ရွာတွင်း၌မနေပါ။
၁၉။ ဦးခေါင်းကို လှုပ်၍ လှုပ်၍ ရွာတွင်းသို့မသွားပါ။
၂၀။ ဦးခေါင်းကို လှုပ်၍ လှုပ်၍ ရွာတွင်း၌မနေပါ။

## ခမ္ဘကတကျင့်ဝတ်များ

၂၁။ ခါးကိုထောက်၍ ရွာတွင်းသို့မသွားပါ။
၂၂။ ခါးကိုထောက်၍ ရွာတွင်း၌ မနေပါ။
၂၃။ ဦးခေါင်းကိုခြုံလျက် ရွာတွင်းသို့ မသွားပါ။

www.dhammaransi.com


၂၄။ ဦးခေါင်းကို ခြုံလျက် ရွာတွင်း၌ မနေပါ။
၂၅။ ဖဝါးကို ဆွံ့နင်းလျက် ရွာတွင်းသို့မသွားပါ။
၂၆။ ဖဝါးကို ဆွံ့နင်းလျက် ရွာတွင်း၌ မနေပါ။
၂၇။ ရိုသေစွာ ဆွမ်းခံပါမည်။
၂၈။ သပိတ်၌ အမှတ်ရှိသည်ဖြစ်၍ ဆွမ်းကိုခံပါမည်။
၂၉။ ဆွမ်း၏ လေးဖို့တစ်ဖို့ ပဲနောက်ဟင်း စသည်နှင့်အမျှ ဆွမ်းကိုခံပါမည်။
၃၀။ သပိတ်အတွင်း အနားရေးနှင့်အမျှ ဆွမ်းကိုခံပါမည်။

## သက္ကစ္စဝတ်များ

၃၁။ ရိုသေစွာ ဆွမ်းကိုစားပါမည်။
၃၂။ သပိတ်၌ အမှတ်ရှိသည်ဖြစ်၍ ဆွမ်းကိုစားပါမည်။
၃၃။ အစဉ်အတိုင်း ဆွမ်းကိုစားပါမည်။
၃၄။ ဆွမ်း၏လေးဖို့တစ်ဖို့ ပဲနောက်ဟင်းနှင့်အမျှ ဆွမ်းကိုစားပါမည်။
၃၅။ ဆွမ်းဦးကိုနှိမ်၍ ဆွမ်းကိုမစားပါ။
၃၆။ ဟင်းကိုလည်းကောင်း စားမဲဟင်းလျာကိုလည်းကောင်း များသည်ကိုအလိုရှိ၍ ဆွမ်းဖြင့်ဖုံးမထားပါ။
၃၇။ ဟင်းနှင့်ဆွမ်းကိုမနာမဖျားပဲ မိမိ၏အကျိုးငှာ တောင်း၍မစားပါ။
၃၈။ ကဲ့ရဲ့လိုသောအမှတ်ဖြင့် သူတစ်ပါး၏ သပိတ်ကို မကြည့်ပါ။
၃၉။ အလွန်ကြီးသော ဆွမ်းလုတ်ကိုပြုလုပ်မစားပါ။
၄၀။ အဝန်းညီသော ဆွမ်းလုတ်ကိုပြု၍ စားပါမည်။

## ကဗဠကျင့်ဝတ်များ

၄၁။ ဆွမ်းလုတ်ခံတွင်းဝသို့ မရောက်မီ ပါးစပ်ကို ဖွင့်မထားပါ။
၄၂။ ဆွမ်းစားသော လက်များကိုခံတွင်းထဲသို့ မထည့်ပါ။
၄၃။ ဆွမ်းလုတ်နှင့် စကားမပြောဆိုပါ။
၄၄။ ဆွမ်းလုတ်ကို မြှောက်၍ မြှောက်၍မစားပါ။
၄၅။ ဆွမ်းလုတ်ကို ကိုက်ဖြတ်၍ မစားပါ။
၄၆။ မျောက်ကဲ့သို့ ပါးဖောင်း၍ ထား၍မစားပါ။

www.dhammaransi.com


၄၇။ လက်ကို ခါ၍ ခါ၍ မစားပါ။
၄၈။ ဆွမ်းလုတ်ကို ကြဲ၍ ကြဲ၍ မစားပါ။
၄၉။ လျှာကို ထုတ်၍ ထုတ်၍ မစားပါ။
၅၀။ စပ်စပ် အသံမြည်၍မစားပါ။

## သုရုသုရုကျင့်ဝတ်များ

၅၁။ ရှပ်ရှပ်အသံပြု၍ မစားပါ။
၅၂။ လက်ကို လျက်၍ လျက်၍ မစားပါ။
၅၃။ သပိတ်ကို ခြစ်၍ ခြစ်၍မစားပါ။
၅၄။ နှုတ်ခမ်းကိုလျက်၍ လျက်၍မစားပါ။
၅၅။ ဆွမ်း၊ ဆွမ်းဟင်းပေနေသောလက်ဖြင့် သောက်ရေခွက်ကို မကိုင်ရပါ။
၅၆။ ဆွမ်းလုံးနှင့်တကွ သပိတ်ဆေးရေကို ရွာတွင်း၌ မစွန့်ရပါ။
၅၇။ ထီးလက်၌ရှိသော၊ မနာမဖျားသော သူကိုတရားမဟောပါ။
၅၈။ တုတ်တောင်ဝှေးလက်၌ရှိသော မနာမဖျားသော သူကို တရား မဟောပါ။
၅၉။ ဓားလက်နက်ရှိသော၊ မနာမဖျားသောသူကို တရားမဟောပါ။
၆၀။ လေးလက်နက် လက်၌ရှိသော မနာမဖျားသော သူကို တရား မဟောပါ။
၆၁။ ခြေနင်းစီးသော မနာမဖျားသော သူကိုတရားမဟောပါ။
၆၂။ ဖိနပ်စီးသော မနာမဖျားသူကို တရားမဟောပါ။
၆၃။ ယာဉ်စီးသော မနာမဖျားသူကို တရားမဟောပါ။
၆၄။ အိပ်ရာ၌ နေသော မနာမဖျားသူကို တရားမဟောပါ။
၆၅။ လက်အာယောဂပတ် ပုဆိုးအာယာဂပတ်ဖွဲ့လျက် ထိုင်သော မနာမဖျားသူကို တရားမဟောပါ။
၆၆။ ဦးခေါင်း ပေါင်းထားသော မနာမဖျားသူကို တရားမဟောပါ။
၆၇။ ဦးခေါင်းခြုံထားသော မနာမဖျားသူကို တရားမဟောပါ။
၆၈။ မြေ၌ နေ၍ နေရာ၌ထိုင်သော မနာမဖျားသူကို တရားမဟော ပါ။
၆၉။ နိမ့်သောနေရာ၊ မြင့်သောနေရာ၌ နေသော မနာမဖျားသော သူကိုတရားမဟောပါ။

---
ဆုပြည့် စုံထွန်းစာပေ

www.dhammaransi.com



၇၀။ ရပ်နေသော ငါသည် ထိုင်နေသော မနာမဖျားသူကို တရားမဟောပါ။

၇၁။ နောက်မှလိုက်သော ငါသည် ရှေ့မှသွားသော မနာမဖျားသူကို တရားမဟောပါ။

၇၂။ ခရီးမဟုတ်သဖြင့် သွားသော ငါသည် ခရီးဖြင့်သွားသော မနာမဖျားသူကို တရားမဟောပါ။

၇၃။ မနာမဖျားသောသူသည် ရပ်လျက် ကျင်ကြီး ကျင်ငယ်ကို မစွန့်ပါ။

၇၄။ မနားမဖျားသောသူသည် စိမ်းသော မြက်သစ်ပင်ရှိရာ အရပ်၌ကျင်ကြီးကျင်ငယ် တံတွေးတို့ကို မစွန့်ရပါ။

၇၅။ မနာမဖျားသောသူသည် သုံးဆောင်ကောင်းသော ရေ၌ ကျင်ကြီး ကျင်ငယ် တံတွေးတို့ကို မစွန့်ရပါ။

ရှင်သာမဏေမှန်သမျှသည် ဤကျင့်ဝတ်များကို လိုက်နာကျင့်သုံးရပါမည်။

## ရှင်သာမဏေတို့ပြုရသောဝတ်(၁၄)ပါး

### ၁။ အာဂန္တုကဝတ် - ဧည့်သည်ဝတ်

ဧည့်သည် သာမဏေသည် အရံအတွင်းသို့ မဝင်မီ ဖိနပ်ချွတ်ရမည်။ ထီးရုပ်ရမည်။ ဦးခေါင်းခြုံကိုဖွင့်ရမည်။ ဦးခေါင်း၌ တင်ထားသော သင်္ကန်းကို ပခုံးသို့ချရမည်။

ကျောင်းနေရဟန်းကြီးများကို ရှိခိုးရမည်။

### ၂။ အာဝါသိကဝတ် (ကျောင်းနေဝတ်)

ကျောင်းနေ သာမဏေသည်

- ဧည့်သည် ရဟန်းကိုမြင်လျှင် ခရီးဦးကြိုရမည်။
- သပိတ် သင်္ကန်းကိုလှမ်းယူရမည်။
- ဧည့်သည် ရဟန်းကို ရှိခိုးရမည်။
- ခြေဆေးရေ၊ ခြေဆေးအင်ပျဉ် စသည်တို့ကိုအနီး၌ ချထားပေးရမည်။

www.dhammaransi.com



ဂမိကဝတ် (ခရီးသွားဝတ်)

ရှင်သာမဏေသည် ခရီးသွားမည်ဆိုပါက

- သစ်ဘဏ္ဍာ မြေဘဏ္ဍာစသည်တို့ကို သိမ်းဆည်း သိုမှီးသွားရမည်။
- တံခါးမ ပြတင်းတို့ကို ပိတ်၍သွားရမည်။
- အတူနေ ပုဂ္ဂိုလ်ကို ပန်ကြား၍သွားရမည်။

အနုမောဒနာ (တရားဟောဝတ်)

- မထေရ်ကြီးကသာ တရားဟောရမည်။
- မထေရ်ကြီးက တိုက်တွန်းမှသာ မိမိက တရားဟောပြောရမည်။
- မထေရ်ကြီးကို ပန်ကြားလျှောက်ထားပြီးမှ တရားဟောရမည်။

ဘတ္တဂ္ဂဝတ် (ဆွမ်းစားဇရပ်၌ပြုရသောဝတ်)

ဆွမ်းစားဇရပ်၌ ရှင်သာမဏေသည်

- ဆွမ်းအနုမောဒနာ တရားဟောရမည်။
- ကြီးသော ရဟန်းတို့နှင့် တိုးဝှေ့၍ မနေထိုင်ပါ။
- ရဟန်းငယ်ကိုနေရာဖြင့် မတားမြစ်ရပါ။

ပိဏ္ဍစာရိကဝတ် (ဆွမ်းခံဝတ်)

ဆွမ်းခံထွက်သော ကိုရင်သာမဏေသည်

- သစ်ဘဏ္ဍာ မြေဘဏ္ဍာ စသည်များကို သိမ်းဆည်းသိုမှီးသွားရမည်။
- သပိတ်ကို ရေကျင်းဆေးရမည်။
- ခါးပန်းကြိုးကို ဖွဲ့ရမည်။
- သင်းပိုင်၊ ကေသီကိုအဝန်းနှင့်ညီစွာ ဝတ်ရုံရမည်။
- သေခိယနှင့်အညီ သွားလာရမည်။
- မနှေးမလျင် ရွာတွင်းသို့ဝင်ရမည်။
- မရှည်မကြာ ဆွမ်းခံရပါမည်။

www.dhammaransi.com



၇။ အာရညဝတ် (တောနေပြုရမည့်ဝတ်)

တော၌နေသော ရှင်သာမဏေသည်

- သောက်ရေ သုံးဆောင်ရေတို့ကို တည်ထားရမည်။
- မီးပွတ်ခုံ ပွတ်ကျည်တောင်ဝေးများ ထားရမည်။
- အရပ်လေးမျက်နှာရှိ တာရာနက္ခတ်တို့ကို မှတ်သားထားရမည်။

၈။ သေနာသနဝတ် (ကျောင်း၌ပြုရသောဝတ်)

- ညောင်စောင်း၊ အင်ပျဉ်၊ အိပ်ရာနေရာတို့ကို သုတ်သင်ရှင်းလင်းရမည်။ နေလှန်းပေးရမည်။
- ပရဝုဏ်၊ ရေချိုးအိမ်၊ ကုဋီအိမ် စသည်တို့ကို တံမြက်လှည်းရမည်။ ရေဖြင့်ဆေးကြောရမည်။

၉။ ဇန္တာဃရဝတ် (မီးဖို၌ပြုရသောဝတ်)

- ပြာတို့ကိုစွန့်ပစ်ရမည်။
- တံမြက်လှည်း သန့်ရှင်းရမည်။

၁၀။ ဝစ္စကုဋိဝတ် (ကျင်ကြီးအိမ်၌ပြုရသောဝတ်)

- ကုဋီအိမ်ဝင်ကာနီး ချောင်းဟန့်ရမည်။
- သင်္ကန်းတန်း၌ သင်္ကန်းကိုတင်၍ ပနေ့းမလျှင်ဝင်ရမည်။
- သင်းပိုင်ကို ပင့်၍မဝင်ရပါ။
- ခြေနင်းခုံ၌ နင်းပြီးမှ သင်းပိုင်ကို ပင့်တင်ရမည်။
- ကြမ်းသော ကနုတ်စသည်ဖြင့် မသုတ်သင်ရပါ။
- သန့်သက်ရေဖြင့် ဆေးကြောရမည်။
- ပြီးလျှင် နင်းခုံ၌နင်းလျက် သင်းပိုင်ကိုဖုံးလွှမ်းရမည်။

၁၁။ ဥပဇ္ဈာယ်ဝတ် (တပည့်ကဆရာ၌ပြုရမည့်ဝတ်)

- နံနက် စောစောထ၍ ကိုယ်ပတ်ကိုလက်ကန်တော့တင်၍ မျက်နှာသစ်ရေ၊ ဒန်ပူကပ်ရမည်။
- ယာဂုဆွမ်းကပ်ရမည်။
- သပိတ်ခွက်ကို ဆေးပေးရမည်။

www.dhammaransi.com


- ကျောင်းအိပ်ရာနေရာတို့ကို ရှင်းလင်းပေးရမည်၊ နေလှန်း ပေးရမည်။
- အိပ်ရာနေရာ ခင်းပေးရမည်။

၁၂။ သဒ္ဓိဝိဟာရိကဝတ် (ဆရာကတပည့်အပေါ်၌ပြုရမည့်ဝတ်)
- တပည့်အပေါ်၌ ထောက်ပံ့ချီးမြှင့်ရပါမည်။

၁၃။ အာစရိယဝတ်(တပည့်လေးပါးကဆရာလေးပါး၌ပြုရသောဝတ်)
- ဥပဇ္ဈာယ်ဝတ်အတိုင်း ဆောင်ရွက်ရမည်။

၁၄။ အန္တေဝါသိကဝတ် (တပည့်လေးပါးအပေါ်ဆရာလေးပါးက-ပြုရသောဝတ်)
- သဒ္ဓိဝိဟာရိက ဝတ်အတိုင်းဆောင်ရွက်ရမည်။

ဝတ်ကြီးဝတ်ငယ်ပြုမှသီလရှိသည်။
- ဝတ်ကြီး ဝတ်ငယ်တို့ကို မဖြည့်ကျင့်သော ရှင်သာမဏေသည် သီလကိုဖြည့်ကျင့်သည် မမည်ပါ။
- သီလမစင်ကြယ်သော ပညာနည်းသော ရှင်သာမဏေသည် စိတ်၏ ငြိမ်သက် တည်ကြည်ခြင်းကို မရနိုင်ပါ။
- လေတိုက်သော တံခွန်ကဲ့သို့ ပျံ့လွင့်သောစိတ်ရှိသည်ဖြစ်၍ မတည်ကြည်သော ရှင်သာမဏေသည် မဂ်-ဖိုလ်တရားကို ကောင်းစွာမမြင်ရနိုင်ပါ။
- မဂ်-ဖိုလ် နိဗ္ဗာန်တရားကို မမြင်ရသော ရှင်သာမဏေသည် ဝဋ်ဆင်းရဲမှ မလွတ်မြောက်နိုင်ပါ။
- ထို့ကြောင့် ဝတ်ကြီးဝတ်ငယ်ကို မဖြည့်ကျင့်သော ရှင်သာမဏေသည် ဝဋ်ဆင်းရဲမှ မလွတ်မြောက်နိုင်ပါ။
- စင်ကြယ်သော သီလရှိသော ရှင်သာမဏေသည် ပညာရှိသည်ဖြစ်၍ စိတ်၏တည်ကြည်ခြင်းကို ရနိုင်ပါသည်။
- မပျံ့လွင့်သော စိတ်ရှိသော ရှင်သာမဏေသည် တည်ကြည်သောအာရုံရှိသည်ဖြစ်၍ မဂ်ဖိုလ်တရားကို ကောင်းစွာမြင်နိုင်ပါသည်။

www.dhammaransi.com



- မဂ်ဖိုလ်တရားကို ကောင်းစွာမြင်နိုင်သော ရှင်သာမဏောသည် ဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်ပါသည်။
- ထို့ကြောင့် ဝတ်ကြီး ဝတ်ငယ်ကို ရှင်သာမဏေတို့သည် ပြုကျင့် ဖြည့်ကျင့်ရပါမည်။
- ဤသို့ ပြုကျင့် ဖြည့်ကျင့်ခြင်းသည် ဘုရားရှင်၏ အဆုံးအမကို အရိုအသေပြုရာရောက်သောကြောင့် အမြော်အမြင်ရှိသော ဘုရားသားတော်ဖြစ်ပြီး နိဗ္ဗာန်သို့ရောက်ရမည်သာ ဖြစ်ပါသည်။

www.dhammaransi.com

# အခန်း(၃)
# ဘဝငယ်ငယ် အလှူကြွယ်သူများ
# ပဏ္ဏာတကိုရင်ငယ်

## ကဿပ ဘုရားရှင်လက်ထက်

ကဿပဘုရားရှင်လက်ထက်ဖြစ်သည်။

ကဿပမြတ်စွာဘုရားသည် ရဟန္တာပေါင်းနှစ်သောင်း ခြံရံတော်မူလျက်ဗာရာဏသီပြည်သို့ ကြွတော်မူလေ၏။ လူတို့သည် မိမိတို့၏ သဒ္ဓါတရား တတ်အားသလောက် (၈)ယောက်တစ်စု၊ (၁၀)ယောက်တစ်စု စုပေါင်းလျက် အာဂန္တုက အလှူတို့ကို ပေးလှူကြလေသည်။

တစ်နေ့သ၌ ကဿပမြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးပြီးသော အဆုံး၌

၁။ ဥပါသကာ ဒါယကာတို့ ဤလောက၌ အချို့သောသူသည် မိမိ၏ဥစ္စာကိုသာ လှူဒါန်းခြင်းငှာ သင့်၏။ သူတစ်ပါးကို တိုက်တွန်းနှိုးဆော် စေသဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု နှလုံးသွင်း၍ မိမိသာလျှင် အလှူပေး၍ သူတစ်ပါးကို မတိုက်တွန်း၊ ထိုသူသည် ဖြစ်တိုင်း ဖြစ်တိုင်းသော ဘဝ၌ ဥစ္စာပြည့်စုံသည်။ အခြံအရံကား မပြည့်စုံချေ။

၂။ အချို့သောသူသည် သူတစ်ပါးကို နှိုးဆော်တိုက်တွန်း၏။ မိမိကားမလှူဒါန်း၊ ထိုသူသည် ဖြစ်တိုင်းဖြစ်တိုင်းသောဘဝ၌ အခြံအရံကား ပြည့်စုံ၏။ ဥစ္စာကားမပြည့်စုံ။

၃။ အချို့သောသူသည် မိမိလည်းမပေးလှူ၊ သူတစ်ပါးကိုလည်း မနှိုးဆော်မတိုက်တွန်း၊ ထိုသူသည် ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝ၌ ဥစ္စလည်း

www.dhammaransi.com


မပြည့်စုံ၊ အခြံအရံလည်းမပြည့်စုံ၊ သူဘောင်းစားဖြစ်၍သာ အသက်မွေးရသည်။

၄။ အချို့သော သူသည် မိမိလည်းလှူဒါန်း၊ သူတစ်ပါးကိုလည်း နှိုးဆော်တိုက်တွန်း၏။ ထိုသူသည် ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝ၌ ဥစ္စာလည်း ပြည့်စုံရ၏။ အခြံအရံလည်း ပြည့်စုံရ၏ဟု တရားဟောကြားတော် မူလေသည်။

ထိုတရားတော်ကို ကြားရလျှင် အနီး၌နေသော ပညာရှိ ယောကျ်ား တစ်ယောက်သည် "ငါသည်ကား ယခုအခါ အကြင်အခြင်းအရာဖြင့် ပြုသည် ရှိသော် ဥစ္စာ၏ပြည့်စုံခြင်း၊ အခြံအရံ ပြည့်စုံခြင်းဟူသော ပြည့်စုံခြင်းနှစ်ပါးတို့သည် ဖြစ်ကုန်လတ္တံ့။ ထိုအခြင်းအရာဖြင့် ပြုပေအံ့ဟု ကြံစည်လေသည်" ထိုပညာရှိသော ယောကျ်ားသည် မြတ်စွာဘုရားကို ရှိခိုးဦးချပြီးလျှင် "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ နက်ဖြန်တပည့်တော်၏ ဆွမ်းကိုခံယူတော်မူကြပါဘုရား" ဟုလျှောက်ထားသည်။

"အသင်ကား ရဟန်းမည်မျှ အလိုရှိပါသလဲ"

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ရှင်တော်မြတ်ဘုရား၏ အခြံအရံသည် အဘယ်မျှ အရေအတွက်ရှိပါသနည်း"

"ရဟန်းနှစ်သောင်းရှိ၏"

"မြတ်စွာဘုရားသည် ရဟန်းတို့နှင့်တကွ နက်ဖြန် တပည့်တော်၏ဆွမ်းကိုခံယူတော်မူပါဘုရား"

မြတ်စွာဘုရားသည် သည်းခံတော်မူလေ၏။

ထိုယောကျ်ားသည် ရွာသို့ဝင်၍ –

"အို မိခင်၊ ဘခင်တို့ အကျွန်ုပ်သည် နက်ဖြန်အလို့ငှာ ဘုရားအမျူးရှိသော ရဟန်းအပေါင်းကို ပင့်ဖိတ်ခဲ့ပါ၏။ အသင်တို့သည် တတ်နိုင်သမျှသောရဟန်းတို့အား လှူဒါန်းကြပါကုန်လော့" ဟုလှည့်လည်၍ ဟောပြောလေသည်။

ထိုအခါ ရွာသူရွာသားတို့ကလည်း မိမိတို့တတ်နိုင်သော သံဃာ အရေအတွက်ကို သတ်မှတ်လက်ခံ၍ လှူဒါန်းရန် စာရင်းပေးကြလေသည်။ အမျိုးကောင်းသားသည် ရသမျှသော သံဃာစာရင်းနှင့် ဆွမ်းအရေအတွက် ကိုမှတ်တမ်းတင်ထားလေသည်။

www.dhammaransi.com



## မဟာဒုက်ရဟန်းတစ်ပါးအတွက် တာဝန်ခံခြင်း

ထိုအချိန်၌ ဗာရာဏသီပြည်ဝယ် အလွန်ဆင်းရဲသော လင်မယား နှစ်ဦးရှိသည်။ လင်အမည်မှာ မဟာဒုက်ဟူ၍ အမည်ထင်ရှားသည်။ ဆွမ်းဖိတ်သောယောက်ျားသည် မဟာဒုက်ကို မိမိ၏ရှေ့မှောက်၌ မြင်သောကြောင့် ''အချင်း မဟာဒုက် ငါသည် နက်ဖြန် ကောင်းမှုအလို့ငှာ ဘုရားအမှူးရှိသော ရဟန်းတော်တို့ကို ပင့်ဖိတ်ခဲ့၏။ နက်ဖြန် ပြည်သူပြည်သားတို့သည် အလှူဒါနကိုပေးလှူကြကုန်လတ္တံ့။ အသင်သည် အဘယ်မျှလောက်သော ရဟန်းတို့ကို ဆွမ်းကျွေးမည်နည်း'' ဟုမေးသည်။

''အချင်း ငါကား ရဟန်းတို့ကိုဖြင့် အဘယ်မှာ အလိုရှိနိုင်အံ့နည်း။ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝကုန်သော သူတို့အားသာ ရဟန်းတို့ဖြင့် အလိုရှိနိုင်မည်။ အကျွန်ုပ်ကား နက်ဖြန် ယာဂုကျိုစရာ အလို့ငှာ ဆန်တစ်စလယ် တစ်ကွင်းစားမျှလည်း မရှိခဲ့။ အကျွန်ုပ်သည် အခစားပြု၍ အသက်မွေး ရပါသည်။ အကျွန်ုပ်အား ရဟန်းတို့ဖြင့် အဘယ်မှာ အလိုရှိနိုင်ပါအံ့နည်း''

သူတစ်ပါးတို့ကို တိုက်တွန်းနှိုးဆော်တတ်သော နိဗ္ဗာန်ဆော်မည် သည့်လိမ္မာထက်မြက်ခြင်း ရှိသင့်၏။

ထို့ကြောင့် နှိုးဆော်သော ယောက်ျားသည် မဟာဒုက်က မရှိဟု ပြောဆိုသော်လည်း ဆိတ်ဆိတ်မနေဘဲ မဟာဒုက်အနီးသို့ လာရောက်ပြီးလျှင် ''အချင်းမဟာဒုက် ဤဗာရာဏသီမြို့ကြီး၌ကောင်းမြတ်သော ဘောဇဉ်ကိုစား၍သိမ်မွေ့သော အဝတ်ကို အထူးထူးသော တန်ဆာတို့ဖြင့် တန်ဆာဆင်ယင်လျက် အသရေရှိသော အိပ်ရာ၌ အိပ်နေကုန်လျက် များစွာသောလူတို့သည် စည်းစိမ်ချမ်းသာကို ခံစားစံစားကြကုန်၏။ သင်သည်ကား တစ်နေ့လုံး အခစားပြုလျက် ဝမ်းပြည့်လောက်ရုံမျှကိုလည်းမရချေ။ ဤသို့ပင် ဖြစ်သော်လည်း သြော်ငါသည် ရှေးအခါကကာလ၌ ကုသိုလ်ကောင်းမှု မပြုမိဘူးသောကြောင့် တစ်စုံတစ်ရာကိုမျှ မရပါချေတကား ဟူ၍သိပါ၏လော''၊ ''အရှင် သိပါသည်''၊ ''ထိုသို့သိပါလျက်အဘယ်ကြောင့် ယခုအခါ ကုသိုလ်ကောင်းမှုမပြုဘဲ နေသနည်း''၊ ''အသင်သည် ပျိုနု၏ ခွန်အားဗလနှင့် ပြည့်စုံ၏။ အသင်သည် အခစားအမှုကိုပြုပြီး၍သော်လည်း အစွမ်းသတ္တိ ရှိသည့်အလျောက် အလှူလှူခြင်းငှာ မသင့်ပါသလော'' ဟုပြောပြသည်။

မဟာဒုက်သည် ထိုပညာရှိယောက်ျား ပြောကြားစဉ်ပင် ထိတ်လန့်ခြင်းသို့ရောက်သည်ဖြစ်၍ ''အကျွန်ုပ်အတွက်လည်း ရဟန်းတစ်ပါးကို ကမ္ပည်းစာ၌ရေးတင်မှတ်သားပါလော။ တစ်စုံတစ်ခုသော အခစားအမှုကို ပြုလုပ်၍

www.dhammaransi.com


ရဟန်းတစ်ပါးအား ဆွမ်းလှူဒါန်းပါတော့အံ့'' ဟု ဝန်ခံပြောဆို လက်ခံလိုက်သည်။

ထိုပညာရှိနိဗ္ဗာန်ဆော်ယောက်ျားသည်လည်း

''ရဟန်းတော်တစ်ပါးအတွက် စာရင်း၌ ရေးမှတ်တင်ထားသဖြင့် အဘယ်ပြုအံ့နည်း၊ ကိစ္စတစ်စုံတစ်ရာ မရှိတန်ရာ'' ဟုစာရင်း၌ တင်မထားဘဲထားရှိသည်။ မဟာဒုက်သည်လည်း အိမ်သို့သွားရောက်၍ မယားကို

''ချစ်နှမ ပြည်သူပြည်သားတို့သည် နက်ဖြန်သံဃာတော်များအား ဆွမ်းကျွေးခြင်းကို ပြုကြကုန်လတ္တံ့။ ဒါသည်လည်း နှိုးဆော်တိုက်တွန်းသောယောက်ျားသည် ရဟန်းတစ်ပါးအား ဆွမ်းလှူလော့ဟု နှိုးဆော်တိုက်တွန်းသောအပ်သောကြောင့် ငါတို့သည်လည်း နက်ဖြန်ရဟန်းတစ်ပါးအား ဆွမ်းလှူဒါန်းကြကုန်အံ့'' ဟုပြောပြလေသည်။

''အမောင်၊ အမောင်သည် ကောင်းမြတ်သော အမှုကို ပြုအပ်ပေ၏။ ငါတို့သည် ရှေးရှေးသော ဘဝ၌လည်း တစ်စုံတစ်ခုကိုမျှ မပေးလှူခဲ့ခြင်းကြောင့် ဤယခုအခါ ဆင်းရဲနွမ်းပါးသော သူတို့ဖြစ်ကြရကုန်၏။ ငါတို့နှစ်ယောက်စလုံးတို့သည် အခစားအမှုပြုလုပ်၍ ရဟန်းတော်တစ်ပါးအားဆွမ်းလှူအံ့''

သို့နှင့်နှစ်ဦးကုန်သော ဇနီးခင်ပွန်းတို့သည် အိမ်မှထွက်၍ အခစားအမှုပြုလုပ်ရာအရပ်သို့ သွားကြလေကုန်၏။

## မဟာဒုက်လင်မယားထင်းပေါက် ဆန်ဖွပ်ကြခြင်း

သူဌေးကြီးတစ်ဦးသည် ထိုမဟာဒုက်ကိုမြင်လျှင်

''အချင်းမဟာဒုက် အခစားအမှုကို ပြုလုပ်ကြလော့''ဟုမေးသည်။

''အရှင်သူဌေးမင်း ပြုလုပ်ပါမည်''

'' အဘယ်အမှုကို ပြုလတ္တံ့နည်း''

''အရှင်သူဌေးတို့ ပြုလိုသော အမှုကိုပြုလုပ်ပါမည်''

''ထိုသို့ဖြစ်မူ ငါတို့သည် နက်ဖြန် နှစ်ရာ သုံးရာမျှလောက်ကုန်သောရဟန်းတို့ကို ဆွမ်းကျွေးအံ့၊ ထင်းတို့ကိုပေါက်ခွဲလော့'' ဟုဆိုကာ ပဲကွပ်ပေါက်ဆိန်ကို ထုတ်ဆောင်၍ ပေးလေ၏။

မဟာဒုက်သည် ထင်းတို့ကို မရပ်မနား ကြိုးစား၍ခွဲသည်။ ပျော်ရွှင်တက်ကြွစွာနှင့်ခွဲသည်။ ထိုသည်ကို သူဌေးကမြင်၍ -

''အချင်း မဟာဒုက်သည် ယနေ့အလွန်ပင် အင်တိုက်အားတိုက်

www.dhammaransi.com



အမှုကိစ္စကို ပြုလေဘိ၏။ အကြောင်းကား အသို့ရှိသနည်း'' ဟု သူဌေးကြီးက မေးလေသည်။

''အရှင်သူဌေးမင်း အကျွန်ုပ်သည် နက်ဖြန် ရဟန်းတော်တစ်ပါး ကိုဆွမ်းလုပ်ကျွေး လိုပါသည်။ ဤသည်ပင် အကြောင်းဖြစ်ပါသည်။

ထိုစကားကိုကြားလျှင် သူဌေးကြီးသည် ကြည်လင်သောစိတ်ရှိသည် ဖြစ်၍ ကြံစည်ဆင်ခြင်သည်မှာ ဩော် အံ့သြဖွယ်ရှိလေတကား။ ဤသူသည် ပြုနိုင်ခဲသောအမှုကို ပြုဘိ၏။ ငါသည် လူဆင်းရဲတစ်ယောက်ဟု ဆိတ်ဆိတ် နေခြင်းသို့ မရောက်မူ၍ အခစားအမှုပြုလုပ်လျက် ရဟန်းတစ်ပါးကို ဆွမ်း လုပ်ကျွေးလိုပါသည်ဟု ပြောဆိုဝန်ခံဘိသည် ဟုကြံစည်ဆင်ခြင်မိ၏။

သူဌေးကတော်သည်လည်း ထိုမဟာဒုက်၏ မယားကို မြင်သဖြင့် အမိ အဘယ်အမှုကိုပြုလတ္တံ့နည်းဟုမေးသည်။

''အရှင်မ၊ အရှင်မတို့သည် အကြင်အမှုကို ပြုလိုကြကုန်၏။ ထိုအမှု ကိုပြုပါမည်။

သူဌေးကတော်သည် မဟာဒုက်မယားကို မောင်းတင်းကုပ်သို့ဝင်စေ ၍ ကျည်ပွေ့ စသည်တို့ကိုပေးအပ်လေ၏။

မဟာဒုက်မယားသည် ကခုန်သည့်အသွင် ရွှင်လန်းစွာနှစ်သက်စွာ စပါးကို ထောင်းလည်းထောင်း၏။ ပြာလည်းပြာ၏။

ထိုအခါ မဟာဒုက်မယားကို သူဌေးကတော်က

''အမိ အသင်သည် အလွန်လျှင် ရွှင်လန်းနှစ်သက်စွာအမှုကို ပြုလုပ်ဘိ၏။ အမိအား အကြောင်းအသို့ရှိသနည်း''

ဟုမေးသည်။

''အရှင်မ၊ ဤသို့ အခစားအမှုပြုလုပ်၍ အကျွန်ုပ်တို့သည်လည်း ရဟန်းတော်တစ်ပါးကို ဆွမ်းလုပ်ကျွေး လိုကြပါကုန်သည်''

ဟုပြောဆိုလေသည်။

ထိုစကားကိုကြားလျှင် သူဌေးကတော်ကြီးသည်လည်း

''ဩော် အံ့ဖွယ်ရှိလေစွ တကား။ ဤမိန်းမသည် ပြုနိုင်ခဲသောအမှု ကိုပြုဘိ၏''

ဟုကြည်လင်နှစ်သက်ခြင်း ဖြစ်လေ၏။

သူဌေးကြီးသည် ထင်းတို့ကိုခွဲပြီးသောအခါ မဟာဒုက်အား

'' ဤသည်ကား သင့်လုပ်ခတည်း''

ဟုသလေးဆန်လေးစလယ် တစ်ကွမ်းစားတို့ကို ပေးစေပြီးလျှင်

www.dhammaransi.com


" ဤသည်ကား သင့်အားနှစ်သက်၍ ပေးသောဆုတည်း"

ဟုဆိုကာ အခြားသလေးဆန်လေးစလယ်ကွမ်းစားတို့ကို ပေးစေပြန်လေ၏။ မဟာဒုက်သည် အိမ်သို့သွား၍ မယားကိုပြောဆိုသည်မှာ-

"ငါသည် အခစားအမှုကိုပြုသဖြင့် သလေးဆန်ကို ရခဲ့ပါသည်။ ဤဆန်ဖြင့် ဆွမ်းချက်ပါမည်။ ရှင်မ ရခဲ့သော အခဖြင့် နို့ဓမ်းဆီ၊ ငရုတ်စသော ဘဏ္ဍာတို့ကို ဝယ်ချေလော့"

ဟုပြောဆိုလေ၏။

သူဌေးကတော်ကြီးသည်လည်း မဟာဒုက်မယားအား ထောပတ်တစ်အိုး၊ နို့ဓမ်းတစ်အိုး၊ ငရုတ်စသော ဘဏ္ဍာနှင့်စင်ကြယ် သန့်ရှင်းသော သလေးဆန် တစ်စလယ်ကွမ်းစားကို ပေးလေသည်။

ဤသို့သောအကြောင်းခြင်းရာဖြင့် ဇနီး ခင်ပွန်း နှစ်ဦးတို့သည် ဆွမ်းအစရှိသော သလေးဆန်တို့ကို ရခဲ့ကြသည်။

"ငါတို့သည် လှူဖွယ်ဝတ္ထုကို ရအပ်ပေပြီ"

ဟုနှစ်သက်ရွှင်လန်းကုန်သည်ဖြစ်၍ စောစောကပင်အိပ်ရာမှ ထကြသည်။

ဆွမ်းလုပ်ကျွေးရန် ငါးကြင်းလေးကောင် တံငါသည်ကပေးခြင်း

"အမောင် သွား၍ ဟင်းရွက်ကို ရှာဖွေကာ ယူဆောင်ခဲ့ပါလော့"

မယားက စေခိုင်း၍ မဟာဒုက်သည် တောသို့သွားသည်။ အမဲဈေး၌ဟင်းရွက်မရသောကြောင့် မြစ်ဆိပ်ကမ်းနားသို့ ဆက်လက်သွားသည်။

ယနေ့အရှင်မြတ်တို့အား ဆွမ်းဘောဇဉ်ကို လှူဒါန်းရတော့မည်ဟု အလွန်ရွှင်လန်းသော စိတ်ရှိသည်ဖြစ်၍ သီချင်းကိုသီဆို၍ သွားသည်။

မဟာဒုက်သီချင်းဆိုသံကိုကြားသော တံငါသည်တစ်ဦးသည် မဟာဒုက်ကိုမေးသည်။

"အကြောင်းအသို့ရှိသနည်း"

"အချင်း ဟင်းရွက်တို့ကို ရွေးချယ်ဆွတ်ခူးနေပါသည်"

"ဟင်းရွက်ဖြင့် အဘယ်အမှုကို ပြုလတ္တံ့နည်း"

"ရဟန်းတော်တစ်ပါးကို ဆွမ်းလုပ်ကျွေးအံ့"

"ဩော် အံ့ဖွယ်ရှိစွ၊ သင်ဟင်းရွက်ကို အဘယ်ရဟန်းသည် ချမ်းချမ်းသာသာ ဘုဉ်းပေးနိုင်ပါလတ္တံ့နည်း"

"အချင်း အသို့ ပြုနိုင်ပါအံ့နည်း၊ မိမိရအပ်သော ဟင်းရွက်ဖြင့်ပင် ကျွေးမွေးပေတော့အံ့"

www.dhammaransi.com


"ဒါဆိုလျှင် လာလော့"

"အချင်းအသို့ ပြုနိုင်ပါအံ့နည်း"

"ဤငါးတို့ကိုယူ၍ တစ်မတ်ဖိုး၊ ငါးမူးဖိုး၊ တစ်ကျပ်ဖိုး တို့ပေါင်းစု ဖွဲ့ခြင်းတို့ကို ပြုလုပ်လေလော့"

မဟာဒုက်သည် တံငါသည်ဆိုသည့်အတိုင်း ပြုလုပ်လေ၏။ ဖွဲ့တိုင်း ဖွဲ့တိုင်းသော ငါးတို့ကို ပြည်သူပြည်သားတို့သာ ပင့်ဖိတ်အပ်ကုန်သော ရဟန်း တို့အလို့ငှာ ဆောင်ယူကြကုန်၏။ မဟာဒုက်သည် ငါးအတွဲအဖွဲ့တို့ကို ပြုလုပ်စဉ် ပင်ဆွမ်းစားချိန်သည် ရောက်လာ၏။

မဟာဒုက်သည် အချိန်ကိုမှတ်သား၍

"အချင်းငါသည် သွားတော့အံ့။ ဤအခါသည် ရဟန်းတော်တို့၏ ကြွလာသောအခါတည်း" တစ်စုံတစ်ခုသော ငါးအတွဲသည် ရှိလေသေးသလော" ဟုဆိုလေသည်။

"အချင်း တစ်ခုမျှမရှိ အလုံးစုံသော ငါးအတွဲတို့သည် ကုန်လေပြီ"

"ထိုသို့ဖြစ်မူ ငါသည်မိမိ၏အလို့ငှာ သဲ၌မြုပ်၍ ငါးကြင်းလေးကောင် တို့ကားထားအပ်ကုန်၏။ ရဟန်းသံဃာတော်တို့ ဆွမ်းလုပ်ကျွေးလိုမူကား ဤငါးကြင်းတို့ကို ယူ၍သွားလော့"

တံငါသည် ငါးတို့ကို မဟာဒုက်အား ပေးလိုက်လေ၏။

## ဘုရားနှင့်သိကြားတို့ မဟာဒုက်ကိုကြည့်ရှုခြင်း

ထိုနေ့၌ မြတ်စွာဘုရားသည် နံနက်စောစောအခါ လောကကို ကြည့်ရှုတော်မူသည်ရှိသော် မဟာဒုက်သည်ကိုယ်တော်မြတ်၏ ဉာဏ်တော်ကွန် ရက်အတွင်းသို့ ဝင်လာသည်ကိုမြင်တော်မူ၍

"အသို့ဖြစ်လတ္တံ့နည်း" ဟုဆင်ခြင်တော်မူသည်ရှိသော် မဟာဒုက် သည်ရဟန်းတစ်ပါးကို ဆွမ်းလုပ်ကျွေးအံ့ဟု မယားနှင့်တကွ ယမန်နေ့က အခစားအခမှ ပြုလုပ်လေ၏။ အဘယ်ရဟန်းကို ရလတ္တံ့နည်းဟု ဆင်ခြင်တော် မူပြန်သည်။ လူတို့သည် စာရင်း၌ တင်ထားပြီးသော အမှတ်သညာဖြင့် ရဟန်းတို့ကိုပင့်၍ မိမိတို့အိမ်၌ နေစေကြကုန်လတ္တံ့။ မဟာဒုက်သည် ငါဘုရား ကိုဖယ်ထား၍ တစ်ပါးသော ရဟန်းတို့ကို မရအံ့ရှိလတ္တံ့ဟု ဆင်ခြင်တော် မူမိသည်။

"ဘုရားတို့မည်သည် ဆင်းရဲပင်ပန်းလှသော သူတို့၌ အစဉ်သနား ခြင်းကို ပြုတော်မူကြကုန်သတည်း"

www.dhammaransi.com



ထို့ကြောင့် မြတ်စွာဘုရားသည် နံနက်စောစောကလျှင် ကိုယ်လက်သုတ်သင်ခြင်းကို ပြုတော်မူ၍ မဟာဒုက်ကို ချီးမြှောက်အံ့ဟု အောက်မေ့ဆင်ခြင်တော်မူလျက် ဂန္ဓကုဋီတိုက်သို့ ကြွဝင်၍ သီတင်းသုံးနေတော်မူလေ၏။

မဟာဒုက်သည်လည်း ငါးကြင်းတို့ကို ယူဆောင်၍ အိမ်သို့ဝင်သည်ရှိသော် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာကျောက်ဖျာနေရာသည် ပူသောအခြင်းအရာကိုပြ၏။ သိကြားမင်းသည်လည်း

"အကြောင်ကား အသို့ပေနည်း"

ဟုကြည့်ရှုလတ်သည်ရှိသော် ယမန်နေ့က မဟာဒုက်သည် ရဟန်းသံဃာတော်တစ်ပါးအား ဆွမ်းလုပ်ကျွေးအံ့ဟု မိမိမယားနှင့်တကွ အခစားအမှုကိုပြုလေ၏။ အဘယ်ရဟန်းကို ရလတံ့နည်းဟု ဆင်ခြင်ပြန်သောအခါ ထိုမဟာဒုက်အတွက် တစ်ပါးသော ရဟန်းသည်မရှိ။ မြတ်စွာဘုရားသည် မဟာဒုက်ကို ချီးမြှင့်အံ့ဟု ဂန္ဓကုဋီတိုက်၌ သီတင်းသုံးနေထိုင်တော်မူ၏။

မဟာဒုက်သည် မြတ်စွာဘုရားအလို့ငှာ မိမိအားသာ သုံးဆောင်စေခြင်းငှာထိုက်သော ယာဂုဆွမ်းကိုလည်းကောင်း၊ ဟင်းရွက် ဟင်းလျာကိုလည်းကောင်း စီမံ၍ မြတ်စွာဘုရားအား ပေးလှူလေရာ၏။ ငါသည် မဟာဒုက်အိမ်သို့သွား၍ ထမင်းချက်အမှုကိုပြုလုပ်ရမူကား ကောင်းလေစွ"

ဟုကြံပြီးလျှင် ထိုသိကြားမင်းသည် မထင်ရှားသောအသွင်ဖြင့် ထိုမဟာဒုက်၏ အိမ်အနီးအပါးသို့သွား၍

"တစ်စုံတစ်ယောက်သောသူအား အခဖြင့် ငှားရမ်း၍ ပြုဖွယ်ကိစ္စတစ်စုံတစ်ခုသည် ရှိပါသလော"

ဟုမေးမြန်းသည်။

"အဘယ်သို့သောအမှုကို ပြုလတ္တံ့နည်း"

"အရှင် ငါသည် အလုံးစုံသော အတတ်ကိုတတ်၏။ မသိသောအတတ်မည်သည်မရှိ။ ယာဂုထမင်း စသည်တို့ကိုလည်း ပြည့်ပြည့်စုံစုံ ချက်ပြုတ်ခြင်းငှာ တတ်သိနားလည်၏"

"အချင်း ငါတို့ကား အသင်၏ ပြုလုပ်သော အမှုကိစ္စဖြင့် အလိုရှိကုန်၏။ သို့ရာတွင် သင့်အား ပေးကမ်းဖွယ်တစ်စုံတစ်ခုသော အခသည် မရှိပါ"

"သင်ကား ပြုလုပ်ဖွယ်အဘယ်အမှုသည် ရှိသနည်း"

ရဟန်းတော်တစ်ပါးအား ဆွမ်းလှူဒါန်းလို၏။ ထိုရဟန်းအလို့ငှာ ယာဂုဆွမ်း စီရင်ခြင်းကို အလိုရှိပါ၏"

www.dhammaransi.com



ရဟန်းသံဃာတော်များအား အကယ်၍ ဆွမ်းလှူလိုသည်ဖြစ်ငါ့အား အဖိုးအခဖြင့် အလိုမရှိ၊ ငါ့အား ကုသိုလ်ကောင်းမှုသည် မသင့်လျော်ပါသလော"

"အချင်းထိုသို့ဖြစ်မူ ကောင်းလှပါပြီ၊ ချက်ပြုတ်စီမံပါလော့"

## မဟာဒုက်သံဃာမရှေ့၌ ကျောင်းတော်သို့သွားခြင်း

သိကြားမင်းသည် မဟာဒုက်၏အိမ်တွင်းသို့ဝင်၍ ဆီ၊ ဆန် စသည်တို့ကို ဆောင်ယူစေပြီးလျှင်

"အချင်း မဟာဒုက်သွားချေ၊ မိမိအားရောက်သော ရဟန်းတော်ကို ပင့်ဆောင်လေလော့"

ဟုဆို၍ မဟာဒုက်ကို လွှတ်လိုက်လေ၏။

အလှူတော်ကို ပြုစုစီမံသော စာရင်းကိုင်ယောက်ျားသည်လည်း ကမ္မည်းစာ၌ ရေးသားတင်ထားသော အမှတ်ဖြင့်သာလျှင် ထိုသူတို့၏ အိမ်သို့ ထိုရဟန်းတို့ကို ပို့လိုက်လေ၏။ မဟာဒုက်သည် စာရင်းကိုင်ယောက်ျား၏အထံသို့သွား၍

"အကျွန်ုပ်အတွက်ရသော ရဟန်းတော်ကိုပေးတော်မူပါလော့"

ဟုတောင်းဆိုလေ၏။ ထိုစာရင်းကိုင်ယောက်ျားသည် တစ်ခဏ၌ သတိရ၍

"ငါကားသင့်အတွက် ရဟန်းကို သတိမေ့လျော့ခဲ့လေပြီ"

ဟုဆိုသော် မဟာဒုက်သည် ထက်လှစွာသော လှံဖြင့် ရင်ကိုထိုးဆွ ပုတ်ခတ်ဘိသကဲ့သို့ ခံစားရပြီးလျှင်

"အချင်း နိဗ္ဗာန်ဆော်ယောက်ျား အဘယ်ကြောင့်အကျွန်ုပ်ကိုဖျက်ဆီးနှိပ်စက်ပါသနည်း။ အသင်သည် ယမန်နေ့က အကျွန်ုပ်ကိုနှိုးဆော်တိုက်တွန်းခြင်းကြောင့်မယားနှင့်တကွ တစ်နေ့ပတ်လုံး အခစားအမှုပြုလုပ်၍ ယနေ့ နံနက်စောစောကပင်လျှင် ဟင်းရွက်အလို့ငှာ မြစ်ကမ်းနား၌ ရှာဖွေလှည့်လည်၍လာခဲ့ပါသည်။ အကျွန်ုပ်အား ရဟန်းတော်တစ်ပါးကို ပေးသနားတော်မူပါခင်ဗျား"

ဟုပြောကြားလျက် လက်မြှောက်ကာ ငိုကြွေးရှာလေ၏။ လူတို့လည်း စည်းဝေးကုန်လျက် မဟာဒုက်၌သို့ငိုကြွေးရခြင်းအကြောင်းကို မေးကြသည်။ မဟာဒုက်သည် အကြောင်းစုံကိုပြောပြသည်။ လူတို့သည် အလှူဝတ်ကို စီစဉ်သောစာရင်းကိုင်ယောက်ျားကို

www.dhammaransi.com



"အချင်း သင်သည် ဤမဟာဒုက်အား အခစားအမှုကိုပြုလုပ်၍ ရဟန်းတော်တစ်ပါးအား ဆွမ်းကိုလှူဒါန်းပါလော့"

ဟုနှိုးဆော်တိုက်တွန်းသည်မှာ မှန်ပါသလောဟု မေးကြသည်။

"အရှင်တို့ နှိုးဆော်မိသည် မှန်ပါပေ၏"

"အကြင်သင်သည် ဤမျှလောက်သော ရဟန်းတို့ကို စီရင်နိုင်လျက် ဤမဟာဒုက်အား ရဟန်းတစ်ပါးကိုမျှ မပေးနိုင်၊ အသင်သည် ဝန်လေးသော အမှုကိုပြုအပ်ဘိလေတော့၏"

စာရင်းကိုယောက်ျားလည်း ထိုလူအများ၏ စကားဖြင့်မျက်နှာမသာ မယာဖြစ်၍ မဟာဒုက်ကို

"အချင်း မဟာဒုက်ငါ့ကိုမဖျက်ဆီးပါလင့်။ ငါကား သင်တော်ယောက်၏အကြောင်းကြောင့် ကြီးမှာသောပင်ပန်းခြင်းသို့ ရောက်ခဲ့ရပါပြီ။ လူတို့သည် လည်းစာရင်း၌ တင်ပြီးသော နည်းအားဖြင့် မိမိအားရောက်သော ရဟန်းတို့ကို ထုတ်ဆောင်၍ ပေးသောသူမည်သည်မရှိ၊ မြတ်စွာဘုရားသည်ကား မျက်နှာတော်သစ်၍ ဂန္ဓာကုဋီတိုက်၌သာလျှင် သီတင်းသုံးနေတော်မူ၏။ မင်း၊ အိမ်ရှေ့မင်း၊ စစ်သူကြီးစသော သူတို့သည် မြတ်စွာဘုရား၏ ဂန္ဓာကုဋီမှ ထွက်တော်မူခြင်းကို ကြည့်ရှုငံ့လင့်ကုန်လျက် မြတ်စွာဘုရား၏ သပိတ်တော်ကို ယူ၍သွားကုန်အံ့ဟု ဆိုင်းငံ့နေကြကုန်၏။ ဘုရားရှင်တို့ မည်သည်ကား ဆင်းရဲသောသူတို့အစဉ် သနားတော်မူကြကုန်၏။ အသင်သည် ကျောင်းတော်သို့သွား၍ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်သည် အလွန်အမင်းဆင်းရဲသောသူဖြစ်ပါသည်။ တပည့်တော်အား ချီးမြှောက်ခြင်းကို ပြုတော်မူပါဘုရားဟု လျှောက်ထား၍ မြတ်စွာဘုရားကို ရှိခိုးလေလော့၊ အသင့်အား အကယ်၍ ကုသိုလ်ကံရှိသည်ဖြစ်အံ့၊ မချွတ်ကေန် ရပေလတ္တံ့"

ဟုပြောဆို၍ စေလွှတ်လိုက်၏။ မဟာဒုက်သည် ကျောင်းတော်သို့ သွားလေ၏။

## မဟာဒုက်ဘုရားသပိတ်တော်ရလာခြင်း

ထိုအခါ မဟာဒုက်ကို တစ်ပါးသောနေ့၌ ကျောင်းတွင်းစားကြွင်း စား၏အဖြစ်ဖြင့် မြင်အပ်ဖူးသောကြောင့် မင်းအိမ်ရှေ့မင်း စသောသူတို့

"အချင်းမဟာဒုက်ယခုအခါဆွမ်းဘုဉ်းပေးသော အချိန်အခါမဟုတ်သေး၊ အဘယ်ကြောင့် အသင်လာဘိသနည်း"

ဟုပြောဆိုကုန်၏။

www.dhammaransi.com



အသင်ယခုအခါ ဆွမ်းဘုဉ်းပေးသော အချိန်အခါ မဟုတ်သေးဟု သိပါ၏။ သို့သော်လည်း မြတ်စွာဘုရားကို ရှိခိုးခြင်းငှာ ရောက်လာပါသည်''

ဟုပြောပြောဆိုဆိုဖြင့် သွား၍ဂန္ဓာကုဋီ တံခါးခုံ၌ ဦးခေါင်းကိုထား လျက် ငါးပါးသော တည်ခြင်းဖြင့် ရှိခိုးပြီးလျှင်

''ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ဤဗာရာဏသီပြည်ကြီး၌ ဘုရားတပည့်တော်အောက် ဆင်းရဲ ပင်ပန်းနွမ်းပါးလွန်းသောသူ မည်သည် မရှိပါဘုရား၊ မြတ်စွာဘုရားသခင် ဘုရားရှင်တို့သည် တပည့်တော်၏ ကိုးကွယ်မှီခိုရာ ဖြစ်တော်မူကြပါဘုရား။ တပည့်တော်အား သင်္ဂြိုဟ်ချီးမြှင့်ခြင်း ကိုပြုတော်မူကြပါဘုရား''

ဟုလျှောက်ကြားလေ၏။

ကဿပ မြတ်စွာဘုရားသည် ဂန္ဓကုဋီတံခါးဝကို ဖွင့်လှစ်တော်မူ၍ သပိတ်တော်ကို ထုတ်ဆောင်တော်မူပြီးလျှင် မဟာဒုက်လက်၌ ထားတော်မူ လေ၏။ မဟာဒုက်သည် စကြာဝတေးမင်း၏ အသရေကို ရဘိသကဲ့သို့ ဖြစ်လေ၏။ မင်း အိမ်ရှေ့မင်း စသော သူတို့သည် အချင်းချင်း မျက်နှာတို့ ကိုကြည့်ရှုကြကုန်၏။ မြတ်စွာဘုရားကိုယ်တော်တိုင် ပေးသနားတော်မူအပ် သောသပိတ်တော်ကို တစ်စုံတစ်ယောက်သောသူတို့သည် အစိုးတရ ပိုင်စိုးပိုင်နင်းယူခြင်းငှာ စွမ်းနိုင်သောသူမည်သည်မရှိ။

''အချင်း မဟာဒုက် ငါတို့အား သပိတ်တော်ကို ပေးကုန်အံ့၊ သင့်အား ဤမျှလောက်သော အသပြာကို ပေးကုန်အံ့၊ သင်သည်ဆင်းရဲလှ လှ၏။ ပစ္စည်းဥစ္စာကိုသာ ယူပါလော့၊ သင့်အား သပိတ်တော်ဖြင့် အဘယ် အကျိုးရှိအံ့နည်း''

ဟုပြောဆိုကြလေကုန်၏။

''အကျွန်ုပ်သည် တစ်စုံတစ်ယောက်သောသူအား ပေးလိမ့်မည် မဟုတ်၊ အကျွန်ုပ်အားဥစ္စာဖြင့်အလိုမရှိ၊ မြတ်စွာဘုရားကိုသာ ဆွမ်းလုပ်ကျွေး ပါအံ့''

ဟုပြန်ပြောလေ၏။ ကြွင်းကျန်သောသူတို့သည် မဟာဒုက်ကိုတောင်း ၍သပိတ်တော်ကိုမရသောကြောင့် ပြန်လည်ဆုတ်နစ်ကြကုန်၏။ ပြည့်ရှင်မင်း သည်ကားမဟာဒုက်သည် ဥစ္စာဖြင့် ဖြားယောင်းဖျောင်းဖျသော်လည်း မြတ်စွာ ဘုရား၏ သပိတ်တော်ကိုမပေး၊ မြတ်စွာဘုရားကိုယ်တိုင် သနားတော်မူအပ် သောသပိတ်တော်ဖြစ်၍ တစ်စုံတစ်ယောက်သောသူသည်အတင်း ယူခြင်းငှာ လည်းမစွမ်းနိုင်၊ ဤမဟာဒုက်၏ လှူဖွယ်ဝတ္ထုမည်သည် အဘယ်မျှ ရှိသည်

www.dhammaransi.com



ဖြစ်လတ္တံ့နည်း။ မဟာဒုက်သည်နန်းတော်သို့ ပင့်ဆောင်ပြီးလျှင် ငါ၏ ကောင်းစွာစီရင်အပ်သော အဟာရကို ပေးလှူအံ့ဟု ကြံလျက် မြတ်စွာဘုရား နှင့်အတူတကွ လိုက်ပါသွားလေ၏။

သိကြားမင်းသည်လည်း ယာဂုခဲဖွယ်ဆွမ်း ဟင်းရှက်ဟင်းစသည် တို့ကို ပြည့်ပြည့်စုံစုံ စီမံပြီးလျှင် မြတ်စွာဘုရားအလို့ငှာ ထိုင်နေသီတင်းသုံး ခြင်းငှာ ယိုက်သောနေရာကိုခင်း၍ နေလေသည်။

## မဟာဒုက်အိမ်ကုပ်၌ ကဿပဘုရားအား မင်းကြီးလျှောက်ကြားပုံ

မဟာဒုက်သည် မြတ်စွာဘုရားကို ပင့်ဆောင်၍ ဘုန်းတော်ကြီးတော် မူသော မြတ်စွာဘုရားကြွဝင်တော်မူပါဘုရားဟု လျှောက်ကြားလေ၏။

မဟာဒုက်၏နေအိမ်သည် နိမ့်သည်ဖြစ်၍ မညွတ်မကိုင်းဘဲ ဝင်ခြင်း ငှာမ ဖက်ကောင်း။ မြတ်စွာဘုရားတို့မည်သည်လည်း ဝင်တော်မူသည်ရှိသော် ညွတ်ကိုင်း၍ ဝင်တော်မမူကြကုန်၊ အိမ်သို့ နိမ့်ဝင်ရ၏။ အိမ်သည်မှုလည်း အထက်သို့ မြင့်တက်ရ၏။ ဤသည်ကား ဘုရားရှင်တို့၏ ကောင်းစွာလှူဒါန်း အပ်သော အလှူဒါန၏အကျိုးတည်း၊ တစ်ဖန်ထွက်၍ ကြွသွားတော်မူသော အခါအလုံးစုံသည် ပကတိအတိုင်းသာလျှင်ဖြစ်၏။

ထို့ကြောင့် မြတ်စွာဘုရားသည်ရပ်တော်မူလျက်သာလျှင် မဟာဒုက် ၏အိမ်သို့ကြွတော်မူ၍ သိကြားမင်းခင်းထားသော နေရာ၌ သီတင်းသုံးတော် မူလေ၏။ မြတ်စွာဘုရားထိုင်နေ သီတင်းသုံးမူသည်ရှိသော် ဟာရကာသီပြည့် ရှင်ဘုရင်မင်းမြတ်သည်

''အချင်း မဟာဒုက် သင်သည် ငါတို့တောင်းကြကုန်သည်ရှိသော် လည်းဘုရား၏ သပိတ်တော်ကို မပေး၊ ငါတို့သည် ရှေးဦးစွာ ကြည့်ရှုလို ကုန်၏။ အသင်သည် မြတ်စွာဘုရားအား အဘယ်သို့သော ပူဇော်သက္ကာရ ကိုပြုဘိသနည်း''

ဟုဆိုလေသည်။

ထိုအခါ မင်းကြီးအား သိကြားမင်းသည် ယာဂုခဲဖွယ် စသည်တို့ ကိုဖွင့်လှစ်ပြလေ၏။ ယာဂုခဲဖွယ် စသည်တို့၏ တကြိုင်ကြိုင် လှိုင်သောအနံ့ သည်တစ်ပြည်လုံးကို လွှမ်းမိုး၍တည်လေ၏။ မင်းကြီးသည် ယာဂုစသည် တို့ကို ကြည့်ရှုပြီးလျှင် မြတ်စွာဘုရားကို

''ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားအား တပည့်တော်သည် မဟာဒုက်၏ ခဲဖွယ်ဝတ္ထုကား အဘယ်မျှလောက် ဖြစ်လတ္တံ့နည်း၊ ဤမဟာ

www.dhammaransi.com



ဒုက်သည် လှူဖွယ်ဝတ္ထုကို ပေးလှူပြီးသည်ရှိသော် မြတ်စွာဘုရားကို နန်းတော်သို့ဆောင်၍ မိမိအလို့ငှာ စီရင်အပ်သော အဟာရကို ပေးလှူအံ့ဟု ကြံ၍ လာခဲ့ပါသည်ဘုရား။ တပည့်တော်သည် ဤသို့သဘောရှိသော အဟာရတို့ကို ရှေးအခါက မမြင်အပ်ဘူးပါ။ ဤအရပ်၌ တပည့်တော်နေသည်ရှိသော် မဟာဒုက်သည် ပင်ပန်းရာ၏။ တပည့်တော်သွားပါဦးမည်ဘုရား''

ဟုလျှောက်ကြား၍ မြတ်စွာဘုရားကို ယာဂုစသည်တို့ကို လှူဒါန်းသဖြင့်ရှိသေစွာ လုပ်ကျွေးပြုစုလေ၏။ မြတ်စွာဘုရားသည်လည်း ဆွမ်းစားခြင်းကိစ္စကို ပြုပြီးသည်ရှိသော် အနုမောဒနာပြု၍ နေရာမှထတော် မူပြီးလျှင် ကြွတော်မူလေ၏။ သိကြားမင်းသည် မဟာဒုက်အား အမှတ်သညာကိုပေးသဖြင့် မဟာဒုက်လည်း သပိတ်တော်ကိုယူ၍ မြတ်စွာဘုရားကို လိုက်ပို့လေ၏။

## ရတနာမိုးရွာ၍ မဟာဒုက်သူဌေးကြီးဖြစ်ခြင်း

သိကြားမင်းသည် နတ်ပြည်သို့ပြန်လေသောအခါ မဟာဒုက်၏ အိမ်တံခါး၌ ရပ်လျက် ကောင်းကင်သို့ကြည့်ရှုလေ၏။ ထိုခဏ၌သာလျှင် ကောင်းကင်မှ ရတနာခုနစ်ပါးဖြင့်ပြီးသော မိုးကြီးကိုရွာချ၍ မဟာဒုက်အိမ်၌ ခပ်သိမ်းသော အိုးတို့ကို ပြည့်စေပြီးလျှင် တစ်အိမ်လုံးကို ပြည့်စေလေသည်။ ထိုမဟာဒုက်၏အိမ်နေရာ ကွက်လပ်မရှိလေပြီ၊ မဟာဒုက်၏မယားသည် သားငယ်တို့ကို လက်ဆွဲငင်ထုတ်ဆောင်လျက် အိမ်အဝ၌ ရပ်နေလေသည်။ မဟာဒုက်သည် မြတ်စွာဘုရားကို လိုက်ပို့၍ပြန်လာသောအခါ သားငယ်တို့ကိုအိမ်ပြင်ပ၌ တွေ့မြင်ရလျှင်

''ဤကားအကြောင်းအဘယ်သို့နည်း''

''အမောင် ကျွန်မတို့ တစ်အိမ်လုံးသည် ရတနာခုနစ်ပါးတို့ဖြင့် ပြည့်သည်ဖြစ်၍ ဝင်ခြင်းငှာနေရာကွက်လပ်မရှိပါ''

မဟာဒုက်သည် ယနေ့ပင်လျှင်ငါ့အားအလှူဒါနသည် အကျိုးပေးလေပြီဟု ဆင်ခြင်အောက်မေ့လျက် မင်းကြီး၏အထံသို့ သွားရောက်၍ ရှိခိုးကာ ရပ်တည်၍နေလေ၏။

''အဘယ်ကြောင့်လာသနည်း''

''အရှင်မင်းကြီး၊ အရှင့် ကျွန်တော်မျိုး၏အိမ်သည် ရတနာခုနစ်ပါးတို့ဖြင့်ပြည့်နေပါပြီ ထိုဥစ္စာတို့ကို ယူတော်မူပါဘုရား''

ဩော် အံ့ဖွယ်ရှိလေစွ၊ ဘုရားရှင်တို့အား ပေးလှူအပ်သောဒါနသည်ယနေ့ပင်လျှင်အပြီးအဆုံးသို့ရောက်ချေပြီ၊ မဟာဒုက်ကို အဘယ်ဝတ္ထုကို ရခြင်းငှာ သင့်သနည်း''

www.dhammaransi.com



''အရှင်မင်းမြတ် ဥစ္စာပစ္စည်းကို ဆောင်ယူသယ်ပို့ခြင်းငှာလည်း အစီးတစ်ထောင်ရခြင်းငှာ သင့်ပါသည်ဘုရား''

မင်းကြီးသည် လှည်းအစီးတစ်ထောင်ကို စေလွှတ်၍ ဥစ္စာကို ဆောင်ယူစေပြီးလျှင် မင်းရင်ပြင်၌ ပေါင်းစုပုံထားစေ၏။ ထန်းတစ်ဆင့်အတိုင်း အရှည်မြင့်သော ရတနာအစုအပုံသည် ဖြစ်လေ၏။ မင်းကြီးသည် ပြည်သူပြည်သားတို့ကိုစုဝေးစေပြီးလျှင်

''ဤပြည်၌ တစ်စုံတစ်ယောက်သောသူအား ဤမျှလောက်သော ဥစ္စာရှိလေသလော''

ဟုမေးလေ၏။

''အရှင်မင်းမြတ် မရှိပါ''

''ဤသို့သော ပစ္စည်းဥစ္စာများစွာ ကြွယ်ဝချမ်းသာလှသောသူအား အသို့ပြုခြင်းငှာ သင့်သနည်း''

''အရှင်မင်းမြတ် သူဌေးအရာကို ပေးသင့်ပါသည်''

ဟုပြည်သူပြည်သားတို့လျှောက်ထားချက်အရ မင်းကြီးက မဟာဒုက် အားများစွာသော ပူဇော်သက္ကာရကို ပြု၍ သူဌေးကြီးအရာကို ပေးသနားတော်မူလေသည်။ ထို့နောက် မဟာဒုက်အား ရှေးအခါက ဘစ်ဦးသောသူဌေး၏ နေဘူးသောအိမ်နေရာကို ညွှန်ကြားလျက်

''ဤအရပ်၌ ပေါက်ရောက်ကုန်သော ချုံတို့ကို ခုတ်ထွင် ဖယ်ရှားစေ၍ အိမ်ကိုဆောက်လုပ်ပြီးနေထိုင်လေလော့''

ဟုအမိန့်ချမှတ်လေသည်။

မဟာဒုက်ရသော နေရာအရပ်ကို သုတ်သင်ရှင်းလင်းလျက် အညီအညွတ်ပြုပြီး မြေကိုတူးသည့်ရှိသော် အချင်းချင်းထိ၍ တည်နေသော ရွှေအိုးတို့သည်ပေါ်ပေါက်လာကုန်၏။

မဟာဒုက်သည် မင်းကြီးအားလျှောက်ကြားသည့်ရှိသော်

''အသင်၏ကောင်းမှုကြောင့် ပေါ်ပေါက်လာကုန်၏။ အသင်သည် သာယူလေလော့''

ဟုမိန့်ကြားတော်မူ၏။

မဟာဒုက်လည်းအိမ်ကို ဆောက်လုပ်စေပြီးလျှင် ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော ရဟန်းသံဃာတော်အပေါင်းအား အလှူကြီးကို ပေးလှူ၏။ ထိုမှနောက်၌လည်း အသက်ရှည်သမျှ ကာလပတ်လုံး တည်နေလျက် ကောင်းမှုတို့ကို ပြုရသဖြင့် အသက်၏ အဆုံး၌နတ်ပြည်၌ ဖြစ်လေ၏။

www.dhammaransi.com



## ဂေါတမဘုရားရှင်လက်ထက်

မဟာဒုက်သည် နှစ်ဆူသော ဘုရားရှင်တို့၏ တစ်ခုသောအကြား ကာလပတ်လုံး နတ်စည်းစိမ်ကို အစဉ်ခံစားပြီး ယခုဂေါတမ ဘုရားပွင့်သော အခါ နတ်ပြည်မှစုတေ၍ သာဝတ္ထိပြည်၌ အရှင်သာရိပုတ္တရာမထေရ်၏ အလုပ်အကျွေးအမျိုးအိမ်တွင် သူဌေးသမီးဝမ်း၌ ပဋိသန္ဓေစွဲယူလေ၏။

ထိုအခါ သူဌေးသမီး၏ မိခင် ဖခင်တို့သည် ကိုယ်ဝန်တည်သည့် အဖြစ်ကိုသိ၍ ကိုယ်ဝန်အစောင့်အရှောက်ကို ပေးကြလေကုန်၏။ ထိုသတို့ သမီးအားတစ်ပါးသောအခါ ဤသို့သောသဘောရှိသော ချစ်ခြင်းသည် ဖြစ် လေ၏။

"ငါသည် တရားစစ်သူကြီးဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်ကို အစပြု၍ငါးရာသော ရဟန်းတော်တို့အား ငါးကြင်းသားဟင်း ရသာဖြင့် အလှူကို ပေးလှူပြီးလျှင် ဖန်ရည်စွန်းသော အဝတ်ကိုဝတ်လျက် နေရာအစွန်း၌ နေပြီးမှ ရဟန်းတော်တို့၏ စားကြွင်းထမင်းကို စားရပါမူကား ကောင်းလေစွ"

သူဌေးသမီးသည် မိခင်ဖခင်တို့အား ပြောပြသည်။ မိဘတို့သည် သမီးချင်ခြင်းဖြစ်သည့်အတိုင်း ပြုပေးကြသည်ရှိသော် ချင်ခြင်းသည် ငြိမ်း ပျောက်လေ၏။

ထိုမှတပါး ခုနစ်ပါးသော မင်္ဂလာတို့ပြုလုပ်သောအခါ၌လည်း ငါးကြင်းသားဟင်းကိုသာလျှင် အရှင်သာရိပုတ္တရာမထေရ် အမှူးရှိကုန်သော ရဟန်းတော်ငါးရာတို့ကို ဆွမ်းလုပ်ကျွေးကြကုန်လေ၏။ ထိုသူငယ်ကို အမည် မှည့်အံ့သောနေ့၌ –

"အရှင်ဘုရား – အရှင်မြတ်တို့၏ ကျေးကျွန်ဖြစ်သော သူငယ်အား သိက္ခာပုဒ်တို့ကို ပေးသနားတော်မူပါဘုရား"

ဟုမိခင်က လျှောက်ကြားသည်။ မထေရ်က

"အရှင်ဘုရား ဤသူငယ်သည် ဝမ်း၌ ပဋိသန္ဓေတည်နေသော အခါမှစ၍ ဤအိမ်၌ ထုံအ၊ ဖျင်းနုံ၊ ထိုင်းမှိုင်းကုန်သော သူတို့သည်လည်း ပညာရှိဖြစ်ကုန်ကြပါ၏။ ထို့ကြောင့် တပည့်တော်မ၏သားအား ပဏ္ဍိတ ဟူသောအမည်သာလျှင် သင့်ပါလိမ့်မည်ဘုရား"

အရှင်သာရိပုတ္တရာမထေရ်သည်လည်း သိက္ခာပုဒ်တို့ကိုပေးသနား တော်မူလေ၏။

"ထို သူငယ်ကို ဖွားမြင်သောနေ့မှစ၍ ငါ၏အလိုဆန္ဒကို ငါမဖျက် ဆီးအံ့" ဟုမိခင်အားစိတ်အကြံသည်ဖြစ်ပါသည်။

www.dhammaransi.com



## မောင်ပဏ္ဍိတရှင်ပြုခြင်း

သူငယ်သည် ခုနစ်နှစ်သားအရွယ်ရှိသောအခါ မိခင်ကို မိခင်-ကျွန်ုပ်သည် အရှင်သာရိပုတ္တရာမထေရ်၏ အထံ၌ရှင်သာမဏေ ပြုပါရစေဟု ခွင့်တောင်းလေ၏။

"ချစ်သားကောင်းလှပါပြီ၊ ငါမိခင်သည် ချစ်သား၏အလိုဆန္ဒကို မဖျက်ဆီးပေအံ့ဟူ၍ စိတ်အကြံကို ဖြစ်စေဘူးပြီ"

မိခင်သည် ရှင်သာရိပုတ္တရာမထေရ်ကို ပင့်ဖိတ်ဆွမ်းကျွေး၍

"အရှင်ဘုရား အရှင်မြတ်တို့၏ ကျေးကျွန်ဖြစ်သော ဤသူငယ်သည်ရှင်သာမဏေပြုခြင်းငှာ အလိုရှိပါသည်။ တပည့်တော်မသည် ညချမ်းသောအခါ၌ ဤသူငယ်ကိုကျောင်းသို့ ပို့ဆောင်ပါမည်ဘုရား"

ဟုလျှောက်ကြားသည်။ မိဘတို့သည် ဆွေမျိုးတို့ကို စည်းဝေးစေလျက်

"ငါ၏သားအား လူအဖြစ် ပြုစုထိုက်သော အလုံးစုံသော ပူဇော်သက္ကာရကို ယနေ့ပင်လျှင်ပြုတော့အံ့"

ဟုပြောကြားကာ များစွာသော ပူဇော်သက္ကာရတို့ကို ပြုစေပြီးလျှင် သူငယ်ကိုကျောင်းတော်သို့ ခေါ်ယူသွားပြီးလျှင်

"အရှင်ဘုရား ဤသူငယ်ကို ရှင်သာမဏေပြုပေးတော်မူပါဘုရား" တောင်းပန်လျက် မထေရ်အား အပ်နှံလေသည်။

မထေရ်သည်လည်း ရဟန်းအဖြစ်၌ ဆင်းရဲငြိုငြင်စွာ ကျင့်ကြံရသည့်အဖြစ်ကို ပြောကြားသည်။

"အရှင်ဘုရား တပည့်တော်သည် အရှင်ဘုရားတို့၏ အဆုံးအမပေးတော်မူသမျှကို လိုက်နာကျင့်ကြံပါမည်ဘုရား"

"ထိုသို့ဖြစ်တော်မူလော့"

ရှင်သာရိပုတ္တရာမထေရ်သည် ပဏ္ဍိတသူငယ်ကိုဆံချ၍ တစပဉ္စက ကမ္မဋ္ဌာန်းကိုဟောကြားလျက် ရှင်သာမဏေ ပြုပေးလေ၏။ ပဏ္ဍိတသာမဏေ၏မိခင်ဖခင်တို့သည်လည်း ခုနစ်ရက်ပတ်လုံးကျောင်း၌သာနေကုန်လျက် ဘုရားအမှူးရှိသော ရဟန်းသံဃာတော်အပေါင်းအား ငါးကြင်းသားဟင်းဖြင့် ဆွမ်းအလှူဒါနကို ပေးလှူ၍ ခုနစ်ရက်မြောက်သော ညနေချမ်းလာသောအခါ အိမ်သို့ပြန်သွားကြလေကုန်၏။

အရှင်သာရိပုတ္တရာမထေရ်သည်လည်း ရှစ်ရက်မြောက်သောနေ့၌ရွာတွင်းသို့ ဆွမ်းခံကြွဝင်လာသောအခါ သာမဏေကိုခေါ်၍ ကြွသွားတော်မူ၏။ ရဟန်းအပေါင်းနှင့်အတူမကြွပေ။

www.dhammaransi.com



အကြောင်းမှာသာမဏေငယ်၏ သက်နှံး၀တ်ခြင်း၊ သပိတ်ကိုင်ခြင်း၊ ဣရိယာပုထ်၌ ကြည်ညိုဖွယ်ဆောင်နိုင်ခြင်းတို့သည် ရှေးဦးစွာ မဖြစ်သေး၍ လည်းကောင်း၊

ကျောင်း၌ အရှင်သာရိပုတ္တရာအား ပြုအပ်သော ၀တ်သည်ရှိ၏။ မထေရ်ကြီးတစ်ပါးပင်ဖြစ်သော်လည်း ရဟန်းသံဃာရွာတွင်းသို့ ဆွမ်းခံကြွသည်ရှိသော် ကျောင်းအလုံးကို လှည့်ပတ်လျက် တံမြက်မလှည်းသော အရပ်ကိုတံမြက်လှည်း၍ ရေမရှိသောအိုးတို့၌ သောက်ရေသုံးဆောင်ရေထည့်လောင်း၍ မကောင်းသဖြင့် ခင်းထားအပ်သော ညောင်စောင်းအင်းပျဉ်စသည်တို့ကို သိုမှီးသိမ်းဆည်းပြီးမှ ဆွမ်းခံကြွရသောကြောင့် လည်းကောင်း၊

သာသနာတော်မှ အပဖြစ်သော တိတ္ထိတို့သည် အချည်းနှီးသော ကျောင်းသို့၀င်ရောက်ပြီးလျှင် ရဟန်းကြီးဂေါတမမိမိ၏တပည့်သား တို့၏ နေရာအရပ်တို့ကို ကြည့်ရှုစမ်းပါဦးဟုရှုတ်ချပြောဆိုခြင်းငှာ မရကြပါစေလင့်ဟု ဆင်ခြင်၍ ကျောင်းအလုံးကို သုတ်သင်ရှင်းလင်းပြီးမှ နောက်၌ ရွာသို့ကြွ၀င်တော်မူလာသောကြောင့်လည်းကောင်း၊

ထို့နေ့၌လည်း သာမဏေကို သပိတ်သင်္ကန်းကို ယူစေတော်မူ၍ နေမြင့်မှဆွမ်းအလို့ငှာ ကြွ၀င်တော်မူလေသည်။

## ကိုရင်ပဏ္ဍိတဆင်ခြင်ပုံ

ပဏ္ဍိတကိုရင်ငယ်သည် ဥပဇ္ဈာယ်ဆရာနှင့် အတူတကွ ကြွသွားလျှင်ခရီးကြား၌ မြောင်းကိုမြင်လျှင်

"အရှင်ဘုရား ဤသည်ကား အဘယ်အမည်ရှိပါသနည်း"

ဟုမေးလျှောက်လေ၏။

"သာမဏေ မြောင်းမည်၏"

"ဤမြောင်းဖြင့် အဘယ်ကိုပြုကြပါကုန်သနည်း"

"ထိုမှ ဤမှ ရေကိုဆောင်၍ မိမိ၏လယ်လုပ်ခြင်းအမှုကို ပြုကြကုန်၏"

"အရှင်ဘုရား ရေမှာစိတ်ရှိပါသလောဘုရား"

"ငါ့ရှင် သာမဏေ ရေမှာစိတ်မရှိ"

"အရှင်ဘုရား ဤသို့သဘောရှိသော စိတ်မှကင်းသောရေကို မိမိ၏ လိုရာအရပ်ကိုရောက်အောင် ဆောင်နိုင်ကြပါကုန်သလောဘုရား"

"ဆောင်နိုင်သည်မှန်၏ ငါ့ရှင်"

www.dhammaransi.com



သာမဏေသည် ဤကဲ့သို့ဆင်ခြင်၏။

ဤသို့သဘောရှိသော စိတ်မရှိသော ရေကိုမိမိ၏ အလိုရှိရာ အရပ်သို့ ဆောင်လျက် လယ်လုပ်ခြင်း စသောအမှုကို အကယ်၍ပြု လုပ်နိုင်ကြသည်ဖြစ်စေ၊ စိတ်ရှိသော သူတို့သည်လည်း စိတ်ကိုမိမိ၏ အလိုနိုင်ငံသို့ လိုက်စေ၍ ရဟန်းတရားများကို အားထုတ်ခြင်းငှာ အဘယ်ကြောင့် မတတ်နိုင်ဘဲရှိအံ့နည်း''

ထို့နောက် ပဏ္ဍိတ သာမဏေငယ်သည် ရှေ့သို့သွားပြန်လတ်သည်ရှိသော် လေးသမားသည် မြားတံကိုမီး၌ ကင်၍ မျက်စိထောင့်စွန်းဖြင့်ကြည့်လျက် ဖြောင့်မတ်စွာ ပြုကြသည်ကို ပြင်ရပြန်လျှင်

''အရှင်ဘုရား ဤသူတို့သည်ကား အဘယ်အမည်ရှိပါသနည်း ဘုရား'' မေးလျှောက်လေ၏။

''ငါ့ရှင် သာမဏေ လေးသမားတို့ မည်ကုန်၏''

''ဤသူတို့သည် အဘယ်အမှုကို ပြုကြပါကုန်သနည်း ဘုရား''

''ငါ့ရှင် သာမဏေ မီးကင်၍ မြားတံကို ဖြောင့်မတ်အောင် ပြုကြကုန်၏''

''အရှင်ဘုရား ဤမြားကား စိတ်ရှိပါသလောဘုရား ''

''ငါ့ရှင် သာမဏေ ဤမြားကား စိတ်မရှိ''

သာမဏေသည် ဤသို့ကြံစည်မိလေသည်။

''စိတ်မရှိသော မြားတံကိုယူလျက်မီး၌ကင်လျက် ဖြောင့်မတ်အောင် အကယ်၍ ပြုလုပ်နိုင်ကြသည်ဖြစ်အံ့၊ စိတ်ရှိသော သူသည်လည်း မိမိ၏စိတ်ကိုမိမိအလိုသို့ လိုက်စေ၍ ရဟန်းတရားများကို အားထုတ်ခြင်းငှာ အဘယ်ကြောင့်မတတ်နိုင်ဘဲ ရှိကုန်အံ့နည်း''

ထို့နောက် ပဏ္ဍိတ သာမဏေငယ်သည် ရှေ့သို့သွားပြန်သည်ရှိသော်သစ်တို့ကို အကန့်အကွပ် ပုံတောင်းချက်မ စသည်တို့ကို ရွေဘော်ဖြင့် ရွေနေကြသည် တို့ကိုမြင်ရပြန်သည်။

''အရှင်ဘုရား ဤသူတို့သည်ကား အဘယ်အမည်ရှိပါသနည်း''

''ငါ့ရှင်သာမဏေ တံစဉ်သမား၊ ပဲခွပ်သမားတို့မည်ကုန်၏''

''သစ်တို့ကို ယူ၍ လှည်းယာဉ်စသည်တို့၏ ဘီးစသည်တို့ကို ပြုကြကုန်၏''

''အရှင်ဘုရား၊ ဤသစ်တို့သည် စိတ်ရှိကြပါကုန်သလောဘုရား''

''ငါ့ရှင် သာမဏေ စိတ်မရှိ''

www.dhammaransi.com



သာမဏေကား ဤသို့သောစိတ်အကြံဖြစ်လေ၏

"စိတ်မရှိသော သစ်တုံးတို့ကိုယူလျက် လှည်းဘီးစက်ဝန်း စသည်တို့ကိုအကယ်၍ ပြုနိုင်ကြကုန်သည်ဖြစ်အံ့၊ စိတ်ရှိသောသူတို့သည် မိမိ၏စိတ်ကိုမိမိအလိုသို့လိုက်စေ၍ ရဟန်းတရားကိုအားထုတ်ခြင်းငှာ အဘယ်ကြောင့်မတတ်နိုင်ဘဲ ရှိကုန်အံ့နည်း"

## ရှင်ပဏ္ဍိတအားသိကြားစောင့်ရှောက်ပုံ

သာမဏေသည် ဤအကြောင်းတို့ကို မြင်ရပြီးလျှင်

"အရှင်ဘုရား အရှင်ဘုရား၏ သပိတ်သင်္ကန်းတို့ကို အရှင်ဘုရားသည်ယူမည်ဆိုပါက တပည့်တော်သည် ပြန်လိုပါသည်ဘုရား" ဟုလျှောက်ကြားလေ၏။

မထေရ်သည်လည်း

"ဤသာမဏေသည် ယခုပင်ရှင်ပြုသော သာမဏေငယ် ဖြစ်လျက် ငါ့နောက်သို့ အစဉ်အတိုင်းလိုက်နေစဉ်ဖြစ်လျက် ဤသို့ဆိုဘိ၏"

ဟုစိတ်ကိုမဖြစ်စေမူ၍

"သာမဏေ ယူဆောင်ခဲ့ပါလေလော့"

ဟုဆိုပြီးလျှင် မိမိ၏ သပိတ်သင်္ကန်းကို ယူတော်မူလေ၏။

သာမဏေသည်လည်း ဥပဇ္ဈာယ်ကိုရှိခိုး၍ ပြန်ရန်ပြုစဉ်

"အရှင်ဘုရား တပည့်တော်၏အလို့ငှာ ဆွမ်းအာဟာရကိုယူဆောင်လာသည်ရှိသော် ငါးကြင်းသားဟင်းလျှင် ဆောင်ယူတော်မူခဲ့ပါဘုရား"

ဟုလျှောက်လေ၏။

"ငါ့ရှင် ပဏ္ဍိတသာမဏေ အဘယ်သို့လျှင် ရနိုင်ပါအံ့နည်း"

"အရှင်ဘုရား ဘုန်းကံဖြင့်မရနိုင်လျှင် တပည့်တော်၏ ဘုန်းကံဖြင့် ရနိုင်ပါလိမ့်မည်"

ရှင်သာရိပုတ္တရာသည်

" သာမဏေငယ်အား ကျောင်းပြင်ပ၌နေရသည်ရှိသော် ဘေးရန်သော်လည်းဖြစ်ရာ၏" ဟုစဉ်းစားမိပြီး သော့ပေးလိုက်သည်။

"ငါနေသော တိုက်ခန်း၏တံခါးကို ဖွင့်ပြီးလျှင် အတွင်းသို့ ဝင်၍နေလေလော့"

ဟုမှာထားတော်မူလိုက်၏။ သာမဏေလည်း မထေရ်မှာ လိုက်တိုင်း အတွင်း၌နေ၍ မိမိ၏ ခန္ဓာကိုယ်၌ ဉာဏ်ကိုဆင်ခြင်ပြီးလျှင် အတ္တဘောကို သုံးသပ်ကာနေလေ၏။ ထိုအခါ သာမဏေ၏ ဂုဏ်ကျေးဇူးအာနုဘော်ကြောင့်

www.dhammaransi.com


သိကြားမင်း၏ နေရာသည် ပူသောအခြင်းအရာကို ပြလေ၏။

သိကြားမင်းသည် 'အကြောင်းကားအဘယ်သို့နည်း''

ဟုကြည့်ရှုဆင်ခြင်သည်ရှိသော်

''ပဏ္ဍိတ သာမဏေသည် ဥပဇ္ဈာယ်အား သပိတ်သင်္ကန်းကိုပေး လိုက်၍ ရဟန်းတရားကို အားထုတ်အံ့ဟု ပြန်လာခဲ့လေ၏။

ငါသိကြားမင်းသည်လည်း ထိုပဏ္ဍိတသာမဏေရှိရာသို့ သွားခြင်း ငှာသင့်၏''

ဟုကြံ၍စတုမဟာရာဇ်နတ်မင်းကြီးလေးယောက်တို့ကို ခေါ်ပြီးလျှင် ကျောင်း၏ ဥပစာရအနီးအနား၌ နေကုန်သောငှက်တို့ကို ပျံသွားစေ၍ ထက်ဝန်းကျင်မှအစောင့်အရှောက်ကို ယူကုန်ကြလော့ဟု မိန့်တော်မူသည်။

လနတ်သားကိုလည်း

''လဝန်းကိုဆွဲငင်၍ ဆီးတားထားလော့''

နေနတ်သားကိုလည်း

''နေဝန်းကိုဆွဲငင်၍ ဆီးတားထားလော့'' ဟုဆိုပြီးမှ မိမိကိုယ်တိုင် သွား၍တံခါး သော့ကြိုးဆွဲငင်ရာအရပ်၌ အစောင့်အရှောက်ကို ယူတည်နေ လေ၏။

## ဘုရားရှင်ကြွသွား၍ စောင့်ရှောက်ပုံ

ကျောင်း၌ သစ်ရွက်ခြောက်တို့ ကြွေ၍ကျသော်လည်း ကျသံမပြည် သာမဏေ၏စိတ်သည် မတုန်မလှုပ်တည်ကြည်လတ်သည် ဖြစ်၍ သာမဏေ သည်ဆွမ်းမစားမီအကြား၌သာလျှင် ကိုယ်ခန္ဓာအတ္တဘောကို သုံးသပ်ဆင်ခြင် ၍ဖိုလ်တရားတို့သို့ ရောက်လေ၏။

ရှင်သာရိပုတ္တရာမထေရ်သည်လည်း

''သာမဏေငယ်သည် ကျောင်း၌နေ၏။ ထိုသာမဏေအား သုံးဆောင်ခြင်းငှာ ထိုက်သောဆွမ်းဘောဇဉ်ကို အဘယ်မည်သော အမျိုးအိမ်၌ ရခြင်းငှာ တတ်နိုင်ကောင်းအံ့နည်း''

ဟုအောက်မေ့လျက် ချစ်ခြင်းပြတ်နိုး၊ ရှိသေခြင်းရှိသော အလုပ် အကျွေး ဒါယိကာတစ်ဦး၏ အိမ်သို့ကြွသွားတော်မူလေ၏။

ထိုအလုပ်အကျွေး ဒါယိကာအိမ်၌လည်း ထိုနေ့၌ ငါးကြင်းတို့ကို ရသဖြင့် မထေရ်မြတ်၏ ကြွလာခြင်းကို ဆိုင်းငံ့မြော်လင့်ကာ နေကြကုန်၏။

ထိုဒါယိကာတို့သည် ကြွလာတော်မူသောမထေရ်ကို မြင်ရလျှင်

www.dhammaransi.com



''အံ့ရှင်ဘုရား အရှင်ဘုရားတို့ ဤအိမ်သို့ကြွလာတော်မူခြင်းတို့ပြင် ကောင်းသောလာခြင်းကို ပြုတော်မူပေ၏''

ဟုလျှောက်ပြီး အိမ်တွင်းသို့ပင့်ပြီးလျှင် ယာဂု၊ ခဲဖွယ် စသည်တို့ကို လှူ၍ ငါးကြင်းသားဟင်းကို မထေရ်၏ သပိတ်၌ ဘောဇဉ်နှင့်အတူ ပြည့်စေလျက် လှူဒါန်းလေသည်။

မထေရ်သည်လည်း ဆောင်ယူသွားအံ့သောအကြောင်းကိုပြသည်။

''အရှင်ဘုရား ဘုဉ်းပေးတော်မူပါဘုရား၊ ကျောင်းသို့ဆောင်ယူ အပ်သောဆွမ်းကိုလည်း ရပါလိမ့်မည်ဘုရား''

ဟုလျှောက်ကုန်၍ မထေရ်ဆွမ်းဘုဉ်းပေးပြီးသောအခါ သပိတ်ကို ငါးကြင်းသားဟင်း အရသာရှိသော ဘောဇဉ်ဖြင့် ပြည့်စုံစေ၍ လှူဒါန်း ကြလေကုန်၏။ မထေရ်သည်လည်း သာမဏေသည် ဆာလောင်မွတ်သိပ် တန်ပြီဟု လျင်မြန်စွာ ကြွသွားတော်မူလေ၏။

ဘုရားရှင်သည်လည်း ထိုနေ့စောစောကပင် ဆွမ်းဘုဉ်းပေး၍ ကျောင်းတော်သို့ကြွသဖြင့် ဤသို့ဆင်ခြင်တော်မူ၏။ ပဏ္ဍိတသာမဏေသည် ဥပဇ္ဈာယ်ဆရာအား သပိတ်သင်္ကန်းကိုပေး၍ ရဟန်းတရားကို အားထုတ်အံ့ ဟုပြန်လာ၏။ ထိုသာမဏေအား ရဟန်းကိစ္စ အပြီးတိုင်အံ့လော့ဟု စူးစမ်း သည်ရှိသော် သုံးပါးသောဖိုလ်တို့သို့ ရောက်သည့်အဖြစ်ကို သိရပြီးလျှင် အရဟတ္တဖိုလ်၏အကြောင်းဥပနိဿယရှိလော၊ မရှိလောဟု ဆင်ခြင်ပြန်သည် ရှိသော် ရှိ၏ဟု မြင်တော်မူ၍ ဆွမ်းမစားမိလျှင် အရဟတ္တဖိုလ်သို့ရောက် စေခြင်းငှာ တတ်နိုင်အံ့လော၊ မတတ်နိုင်အံ့လောဟု စူးစမ်းဆင်ခြင်တော်မူ သည်။

''တတ်နိုင်လတ္တံ့''

ဟုသိမြင်တော်မူသည်။

''ရှင်သာရိပုတ္တရာသည် သာမဏေငယ်အလို့ငှာ ဆွမ်းကိုယူ၍ လျှင်မြန်စွာလာလေသည်။ သာမဏေငယ်သည်ကား ရဟန်းတရားပြီးဆုံးခြင်း ၏အန္တရာယ်ကို ပြုရာရောက်ပေမည်။ တံခါးမုခ်၌ အစောင့်အရှောက်ကို ယူ၍နေပြီးလျှင် သာရိပုတ္တရာကို ပြဿနာလေးရပ်ကိုမေးအံ့၊ ထိုပြဿနာကို ဖြေဆိုသည်ရှိသော် ရှင်သာမဏေသည် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တ ဖိုလ်သို့ဆိုက်ရောက်လတ္တံ့''ဟုဘုရားရှင်အား အကြံသည်ဖြစ်ပေါ်လာလေသည်။

ထို့နောက် ဘုရားရှင်သည် ကြွသွားတော်မူ၍ တံခါးမုခ်၌ စောင့်နေ လေသည်။ ရှင်သာရိပုတ္တရာသည်လည်း မကြာခင်ရောက်လာသည်။

---

ဆုပြည့် စုံထွန်းစာပေ

www.dhammaransi.com


ဘုရားရှင်သည် ရှင်သာရိပုတ္တရာကို အထဲသို့မဝင်စေဘဲ ပြဿနာ လေးရပ်ကို မေးမြန်းလေသည်။

"ချစ်သား သာရိပုတ္တရာ အဘယ်ကို ရလာပါသနည်း"

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား အာဟာရကိုရလာပါသည် ဘုရား"

"ချစ်သား သာရိပုတ္တရာ အာဟာရမည်သည် အဘယ်ကိုဆောင် တတ်ပါသနည်း"

"မြတ်စွာဘုရား ဝေဒနာကိုဆောင်တတ်ပါသည်ဘုရား"

"ချစ်သား သာရိပုတ္တရာ ဝေဒနာသည် အဘယ်ကိုဆောင်ပါ သနည်း"

"မြတ်စွာဘုရား ရုပ်ကိုဆောင်တတ်ပါသည်ဘုရား"

"ချစ်သား သာရိပုတ္တရာရုပ်သည် အဘယ်ကိုဆောင်ပါသနည်း"

"မြတ်စွာဘုရား အတွေ့ကိုဆောင်ပါသည်ဘုရား"

အပြင်၌ ဘုရားရှင်နှင့် ရှင်သာရိပုတ္တရာတို့ ဤသို့မေးဖြေနေစဉ်မှာ ပင်အတွင်းရှိ ရှင်ပဏ္ဍိတသည် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်ရှိလေသည်။

"ချစ်သား သာရိပုတ္တရာသွားပါချေ။ ကိုရင်ကို ဆွမ်းကျွေးပါလော့"

ရှင်သာရိပုတ္တရာသည် ဘုရားရှင်ထံမှ အမိန့်ရ၍ အခန်းတံခါးကို သွားခေါက်သည်။

ရှင်ပဏ္ဍိတသည် ထွက်လာပြီးလျှင် သပိတ်ကိုဆီးယူကာ သင့်လျော် သောအရပ်၌ထားသည်။ ထန်းရွက်ယပ်ဖြင့် ရှင်သာရိပုတ္တရာမထေရ်ကို လေခပ်ပေးသည်။

"ကိုရင်ဆွမ်းစားခြင်း ကိစ္စကိုပြုပါလော့"

"အရှင်ဘုရား၊ အရှင်ဘုရားကော ဆွမ်းကိစ္စပြီးပါပြီလော"

"ငါသည်ဆွမ်းစားခြင်းကိစ္စပြီးပါပြီ၊သင်သာလျှင်ဆွမ်းကိုစားပါလော့"

ခုနစ်နှစ်အရွယ်ခန့်ရှိသော သူငယ်သည် ကိုရင်ဝတ်၍ (၈)ရက် မြောက်သောနေ့ဝယ် ထိုခဏ၌ပွင့်သော ပဒုမ္မာကြာနှင့်တူစွာ အရဟတ္တဖိုလ် သို့ဆိုက်ရောက်သဖြင့် ပစ္စဝေက္ခဏာဆင်ခြင်သင့်သောအရာကို ဆင်ခြင်၍ ဆွမ်းစားခြင်းအမှုကို ပြုလေသည်။

ပဏ္ဍိတကိုရင် ဆွမ်းစားပြီး၍ သပိတ်ကို ဆေးကြောသိမ်းဆည်း ပြီးသောအခါ

www.dhammaransi.com



- လနတ်သားသည် လကိုလွှတ်လိုက်သည်။
- နေနတ်သားသည် နေကို လွှတ်လိုက်သည်။
- သိကြားမင်းသည် တံခါးကြိုးဆွဲရာ၌ အစောင့်အရှောက်ကို လွှတ်လိုက်လေသည်။

နေသည် မွန်းတည့်နေရာမှ လျောကျသွားသည်။

''အရိပ်ကား ပိုလွန်သောပမာဏရှိပြီး နေမွန်းတည့်ရာမှ လျောကျသွားခဲ့လေပြီ၊ ကိုရင်သည်လည်း ယခုပင်လျှင် ဆွမ်းစားပြီး၏။ ဤသို့ ဖြစ်ရခြင်းကားအဘယ်နည်း''

ဟုရဟန်းတို့သည် ကဲ့ရဲ့စကားကို ပြောကြားကြလေသည်။

ဘုရားရှင်သည် ထိုအကြောင်းကို သိတော်မူ၍ ကြွလာပြီးလျှင်

''ချစ်သားတို့ အဘယ်စကားကို ပြောကြားနေကြပါသနည်း''

''မြတ်စွာဘုရား၊ အချိန်လွန်သော အကြောင်းနှင့် ရှင်ပဏ္ဍိတ မွန်းလွဲမှ ဆွမ်းစားသောအကြောင်းကို ဆွေးနွေးနေကြပါသည် ဘုရား''

''ချစ်သားတို့ ဟုတ်ပေ၏။ ဘုဉ်းကံရှိသော ရဟန်းတရားကို အားထုတ်ကြိုးပမ်းစီးဖြန်းသောအခါ လနတ်သားသည်လည်း လဝန်းကို ဆွဲငင်တားမြစ်ထား၏။ နေနတ်သားသည်လည်း နေဝန်းကိုဆွဲငင်၍ တားမြစ်ထား၏။ နတ်မင်းကြီးလေးပါးတို့သည်လည်း ဇေတဝန်ကျောင်းတော်အနီးအရပ်လေးမျက်နှာ၌ အစောင့်ရှောက်ကို ယူကြသည်။ သိကြားနတ်မင်းသည်လည်း တံခါးကြိုးဆွဲရာ၌ အစောင့်အရှောက်ကို ယူလေသည်။ ငါဘုရားသည်လည်း သစ္စာလေးပါးကို သိသောဘုရားဖြစ်၏'' ဟုကြောင့်ကြမဲ့နေခြင်းငှာ မရဘဲ ကြွသွား၍ တံခါးမုခ်၌ ငါ၏သားတော်အား အစောင့်အရှောက်ယူခဲ့လေပြီ။

ထိုကိုရင်သည် ရေဆောင်သမားတို့ ရေမြောင်းဖြင့်သာလျှင် ရေဆောင်ယူကြသည်ကိုလည်းကောင်း၊ မြားသမားတို့မြားတံဖြောင့်အောင် ပြုသည်ကိုလည်းကောင်း၊ တံစဉ်သမားတို့ သစ်ရွက်ကြသည်ကိုလည်းကောင်း မြင်ရသဖြင့် ဤမျှသော အာရုံကိုယူပြီးလျှင် ပညာရှိသောသူတို့သည် မိမိကိုယ်ကိုဆုံးမလျက် အရဟတ္တဖိုလ်သို့ ယူကြကုန်သည်သာတည်း'' ဟူသော ဟောပြတော်မူရာ ရဟန်းများစွာတို့သည် သောတာပတ္တိဖိုလ်စသည်တို့ ရောက်ကြလေသည်။။။

www.dhammaransi.com


## သံကိစ္စကိုရင်ငယ်

သာဝတ္ထိပြည်၌ ကုံလုံကြွယ်ဝသော အမျိုးသမီးတစ်ဦးသည် ကိုယ်ဝန်ရှိ၍ ကိုယ်ဝန်အရင့်အမာ၌ ရောဂါတစ်ခုဖြင့် ကွယ်လွန်လေသည်။

လင်နှင့်တကွ ဆွေမျိုးသားချင်းတို့သည် ထိုအမျိုးသမီး အလောင်းကိုသုသာန်သို့ထုတ်ဆောင်၍ မီးသင်္ဂြိုလ်ကြသည်။

မီးသည် အမျိုးသမီးကိုယ်ကိုသာလောင်ကျွမ်းပြီး သန္ဓေသားရှိသော သားအိမ်ကိုမလောင်ချေ။ မီးရှို့သောသူတို့သည် ထိုသားအိမ်ကို မီးပုံပေါ်မှချ၍ တံစူးတားဖြင့် ထိုးကြည့်ကြသည်။

တံစူးတားအစွန်းသည် သားအိမ်အတွင်းရှိ သူငယ်၏မျက်စိထောင့်စွန်းကိုခတ်မိလေသည်။ မီးရှို့သမားတို့က သားအိမ်ကိုထိုးဆွပြီး တစ်ဖန်မီးပုံပေါ် တင်ကာ မီးလောင်ကျွမ်းစေရန် မီးခဲတို့ဖြင့် ဖုံးအုပ်ထားခဲ့ပြီး ထွက်သွားကြသည်။ မီးကျီးခဲတို့သည် သန္ဓေသားအိမ်ကိုသာ လောင်ကျွမ်းပြီး ငြိမ်းလေသည်။ မီးကျီခဲအထက်တွင် ရွှေအဆင်းကဲ့သို့ရှိသော သူငယ်သည် ပဒုမာကြာတိုက်၌ လဲလျောင်းနေသည့်ပမာ အိပ်စက်နေလေသည်။

(နောက်ဆုံးဘဝဖြစ်သူ၊ ဤဘဝတွင် သံသရာလက်စအဆုံးသတ်၍ ရဟန္တာဖြစ်မည့်ပုဂ္ဂိုလ်သည် မြင့်မိုရ်တောင်ဖြင့် ဖိသတ်သော်မှ အသက်မသေနိုင်ပါချေ)

နံနက်မိုးသောက်သော် ထင်းပုံကို မီးငြိမ်းသတ်ရန် လာရောက်ကြသောသူတို့သည် မီးပုံပေါ်၌ လျောင်းစက်နေသော သူငယ်ကိုမြင်ရလျှင် အဆန်းတကြယ် အံ့သြသောစိတ်၊ စိုးရိမ်ထိတ်လန့်သော စိတ်ဖြစ်ကြသည်။

''ဤမျှသောထင်းများလောင်ကျွမ်းကုန်ပါလျက် မိခင်အလောင်းသည်လည်းအကုန်လုံးလောင်ကျွမ်း ကုန်ပါလျက် ဤကလေးအဘယ်ကြောင့် မလောင်ကျွမ်း ရပါသလဲ''

ထိုသူတို့သည် ကလေးကိုချီပိုးသယ်ယူကြပြီးလျှင် နိမိတ်ဖတ်တတ်သောဆရာထံသွားကာ အကျိုးအကြောင်းပြောပြ၍ ကလေး၏ကောင်းကျိုးဆိုးကျိုးကို မေးကြလေသည်။

''ဤသူငယ်ကား အကယ်၍အိမ်မှာနေအံ့၊ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်တို့ ဆင်းရဲနွမ်းပါးဖြစ်ကုန်လတ္တံ့၊ အကယ်၍ ရဟန်းဖြစ်အံ့၊ ငါးရာသော ရဟန်းတို့ ခြံရံ၍ လှည့်လည်သွားလာနေလတ္တံ့''

ဟုနိမိတ်ဖတ်ဆရာတို့က နိမိတ်ဖတ်ကြသည်။

သူငယ်၏ ဆွေမျိုးသားချင်းတို့သည် သူငယ်ကို အိမ်သို့ယူဆောင်

www.dhammaransi.com



ကြပြီး တံစူးဝါးကြောင့် မျက်စိထောင့်စွန်းကွဲပျက်သည်ကို အကြောင်းပြု၍ ''သံကိစ္စ'' ဟုအမည်ပေးကြသည်။

နိမိတ်ဖတ်သောအကြောင်းကိုမူ

''ယခုတော့ ရှိပါစေ နောင်ကြီးလာသောအခါ ငါတို့၏ ဆရာရှင်သာရိပုတ္တရာထံအပ်နှံ၍ ရှင်ပြုပေးမည်'' ဟုဆုံးဖြတ်ကြပြီး ကလေးကို ကျွေးမွေးပြုစု စောင့်ရှောက်ထားကြသည်။

ထိုသတို့သား ခုနစ်နှစ်သားရှိသောအခါ

''အမောင်ချစ်သား၊ မိခင်ဝမ်း၌ ပဋိသန္ဓေနေသောအခါ သင်ချစ်သား၏မိခင်သည် သေဆုံးခဲ့ရ၏။ မီးသဂြိုဟ်သောအခါ သင့်မိခင်၏ အလောင်းသာမီးလောင်ကျွမ်းခဲ့၏။ သင်ချစ်သားကား မလောင်ကျွမ်းခဲ့ပါ။

ဟုဆွေမျိုးတို့က ပြောပြကြသည်။

''ငါကား ဤသို့သဘောရှိသော ဘေးမှလွတ်သတတ်၊ ငါ့အား အိမ်၌နေခြင်းဖြင့် အဘယ်အကျိုး ရှိပါအံ့နည်း။ ရှင်ရဟန်းပြုတော့အံ့''

ဟုကြံစည်ပြီးလျှင် ဆွေမျိုးတို့ကို ပြောပြသည်။ ဆွေမျိုးတို့ကလည်း အလွန်နှစ်သက် သဘောကျကြသည်။

ဆွေမျိုးတို့သည် သတို့သားငယ်ကို ဝတ်စားဆင်ယင်ပြင်ဆင်ပြီးလျှင် ရှင်သာရိပုတ္တရာထံသို့ ခေါ်ဆောင်သွားကြသည်။

''အရှင်ဘုရား ဤသတို့သားငယ်ကို ရှင်ပြုပေးပါဘုရား''

ဟုလျှောက်ထားကြသည်။

အရှင်သာရိပုတ္တရာမထေရ်မြတ်သည် သတို့သားငယ်ကို တစပဉ္စကကမ္မဋ္ဌာန်းကို ပေး၍ ဆံကိုရိတ်သည်။ ဆံရိတ်သောကိစ္စပြီးဆုံးလျှင် ပြီးဆုံးချင်း သံကိစ္စသည် ပဋိသမ္ဘိဒါလေးပါးနှင့် တကွရဟန္တာအဖြစ်သို့ ရောက်လေသည်။

## သံကိစ္စသာမဏေနှင့် တောကျောင်းနေရဟန်းများ

သာဝတ္ထိပြည်မှ သုံးကျိပ်သော အမျိုးသားတို့သည် ဘုရားရှင်၏ တရားကိုကြားနာရပြီးနောက် သာသနာတော်၌ မဆုတ်မနစ်မြတ်သော စိတ်ထားဖြင့် ရဟန်းပြုကြသည်။

ထိုရဟန်းများသည် (၅)ဝါရသော်ဘုရားရှင်ထံမှ ဂန္ထဓုရဝိပဿနာဓုရဟူသော ဓုရနှစ်ပါးကို နာကြားကြသည်။

အိုမင်းသောကာလမှာ ရဟန်းပြုကြသောကြောင့် ဂန္ထဓုရကို အားထုတ်ခြင်း မပြုနိုင်သဖြင့် ဝိပဿနာကိုသာ ဖြည့်ကျင့်လိုကြသည်။

www.dhammaransi.com


သို့အတွက် ဘုရားရှင်ကို အရဟတ္တဖိုလ်ဆိုက် ကမ္မဋ္ဌာန်းကို ဟောကြားပေးရန် တောင်းပန်လျှောက်ထားကြသည်။

ဘုရားရှင်ထံမှ တရားကျင့်ရန် နည်းလမ်းရလာသောအခါ တောရကျောင်းတစ်ကျောင်း၌ တရားသွား၍ အားထုတ်ရန် ခွင့်ပန်ကြသည်။ ဘုရားရှင်က သွားရောက်မည့်အရပ်ကိုမေး၍ ရဟန်းတို့ကလည်း သွားရောက်ရန် ရည်မှန်းထားသော အရပ်ကိုလျှောက်ထားကြသည်။

''ထိုအရပ်၌ ထိုရဟန်းတို့အား စားကြွင်းစားကျန် သူတောင်းစားကို အမှီပြု၍ ဘေးရန်သည်ဖြစ်ပေါ်လတ္တံ့၊ ထိုဘေးရန်ကို သံကိစ္စ သာမဏေ လိုက်ပါသွားသည်ရှိသော် ငြိမ်းလတ္တံ့၊ ရဟန်းတို့သည်လည်း ရဟန်းကိစ္စ ပြည့်စုံခြင်းသို့ ရောက်လတ္တံ့''

ဟုဘုရားရှင်သည် သိမြင်တော်မူလေသည်။

''ချစ်သားရဟန်းတို့ သင်တို့၏နောင်တော်ကြီးဖြစ်သော ရှင်သာရိပုတ္တရာကို ဖူးမြော်ပြီးမှ သွားကြကုန်လော့''

''ကောင်းလှပါပြီ အရှင်ဘုရား''

ရဟန်းတို့သည် ထိုသို့ဝန်ခံပြီးလျှင် ရှင်သာရိပုတ္တရာထံသို့ သွားရောက် ဖူးမြော်ကြလေသည်။

''ငါ့ရှင်တို့ အဘယ်အကြောင်းရှိပါသနည်း''

''တပည့်တော်တို့သည် ဘုရားရှင်ထံ ကမ္မဋ္ဌာန်း ယူပြီးတောအရပ်သို့ သွား၍တရားအားထုတ်ပါမည်ဘုရား''၊ ဘုရားရှင်က အရှင်ဘုရားကို ဖူးမြော်ပြီးမှ'' သွားရောက်ရန် မိန့်ကြားသဖြင့် လာရောက်ဖူးမြော်ပါသည် ဘုရား''

''မြတ်စွာဘုရားသည် တစ်ခုသောအကြောင်းကိုသာ မြင်၍သာ ရဟန်းတို့ကို ငါ့ထံသို့စေလွှတ်ခြင်းဖြစ်မည်''

ဟုကြံစည်တော်မူလေသည်။

အရှင်သာရိပုတ္တရာသည် ဘုရားရှင်၏အကြံအစည်ကို သိတော်မူ၍

''ငါ့ရှင်တို့ သင်တို့အား အလုပ်အကျွေးသာမဏေသည် ရှိသလော''

''မရှိပါ အရှင်ဘုရား''

''အရှင်တို့ အလုပ်အကျွေးသာမဏေမရှိသော် ဤသံကိစ္စ ကိုရင်ငယ်ကို ခေါ်သွားကြပါလော့''

''အရှင်ဘုရား အလိုမရှိပါ။ ဤကိုရင်ငယ်အတွက် ကြောင့်ကြမှု တွေ့ဖြစ်နေရပါမည်၊ တော၌ နေသူတို့သည် ကိုရင်မလိုပါဘုရား''

''ငါ့ရှင်တို့ ဤကိုရင်ကြောင့် သင်တို့အားကြောင့်ကြမှု မဖြစ်စေရပါ။

www.dhammaransi.com



သင်တို့ကြောင့်သာ ဤကိုရင်မှာ ကြောင့်ကြမှုတွေ ဖြစ်ပေါ်ရပါမည်။ ဘုရားရှင်က သင်တို့ကို ငါ့ထံစေလွှတ်ခြင်းသည် ဤကိုရင်ကို ထည့်ပေးစေလို၍ စေလွှတ်ခြင်းဖြစ်ပါသည်။ ဤကိုရင်ကို ခေါ်သွားပါလေ"

"ဒါဆို ကောင်းလှပါပြီဘုရား"

ရဟန်းတို့သည် သံကိစ္စကိုရင်ငယ်ကို ခေါ်ဆောင်ကာ ယူဇနာ (၁၂၀)ဝေးသော အရပ်ရှိ အိမ်ခြေ (၁၀၀၀)ရှိသောရွာသို့ သွားကြသည်။

လူတို့သည် ရဟန်းတို့ကိုမြင်လျှင် အားရဝမ်းသာဖြစ်ကြ၍ ရှိသေစွာ ဆွမ်းလုပ်ကျွေးကြသည်။

"အရှင်ဘုရားတို့ ဘယ်အရပ်သို့ ကြွကြပါမည်နည်း"

"ဒါယိကာတို့ ချမ်းသာရာအရပ် ထိုထိုသို့ သွားကြပါမည်"

"အရှင်ဘုရားတို့ ဤသို့ဆိုလျှင် ဤအရပ်၌ ဝါဆိုကြပါ။ တပည့်တော်တို့သည် အရှင်ဘုရားတို့ကို မှီပြီး ဥပုသ်သီလဆောက်တည်နိုင်ကြပါမည် ဘုရား"

ဟုရွာသူရွာသားတို့က ရှိသေစွာ ရှိခိုးဦးချ၍ တောင်းပန်ကြသည်။

မထေရ်တို့ကလည်း သည်းခံတော်မူကြသည်။

ရွာသားတို့သည် မထေရ်တို့အတွက် နေ့သန့်ရာအရပ်၊ ညဥ့်သန့်ရာအရပ်၊ စင်္ကြံ၊ သစ်ရွက်မိုးသောဇရပ် စသည်တို့ကို စီမံပြုလုပ်ကြသည်။

ဆွမ်းကိုလည်း နက်ဖြန်ဘယ်သူကပ်မည်၊ သဘက်ခါ ဘယ်သူကပ်မည် စသည်ဖြင့် အသီးသီး စီမံခန့်ခွဲ၍ တာဝန်ယူကြသည်။

မထေရ်တို့သည် ဝါဆိုသောနေ့ဝယ် ကတိကဝတ်ပြုကြသည်။

"ငါ့ရှင်တို့ ငါတို့သည် ဘုရားရှင်ထံ၌ ကမ္မဋ္ဌာန်းကိုယူခဲ့ကြပြီး အကျင့်မြတ်နှင့်ပြည့်စုံအောင်ကျင့်၍ ဘုရားရှင်ကို နှစ်သက်စေကြပါအံ့၊ ငါတို့အတွက် အပါယ်တံခါးသည် ပိတ်စေကာ မင်္ဂလမ်းပွင့်နေဆဲ ဖြစ်ပါသည်။

ထို့ကြောင့် နံနက်စောစော ဆွမ်းခံသွားချိန်နှင့် မထေရ်ကြီးအား ဆည်းကပ်သောအချိန်မှ တစ်ပါးကျန်သောအချိန်၌ အချိန်ပြည့် တရားအား ထုတ်ကြကုန်စို့၊ နှစ်ပါးအတူ အချိန်ဖြုန်းမဖြစ်ကြပါစေလင့်၊ ရဟန်းတစ်ပါးပါးသည်ဝေဒနာစွဲကပ်ခဲ့ပါက ခေါင်းလောင်းထိုးပါလေ၊ ထိုရဟန်းတို့ထံသွား၍ ဆေးကုသပေးကြစို့၊ ဤအချိန် ဤအဖို့မှတစ်ပါးသော ညဥ့်အဖို့၌လည်းကောင်း မမေ့လျော့ကြဘဲ ကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်ကြပါစို့"

ရဟန်းများ ဤသို့ ကတိကဝတ်ပြုပြီး တရားအားထုတ်နေစဉ်ဝယ် သမီးကို အမှီပြု၍ အသက်မွေးရသော ဆင်းရဲသားတစ်ယောက်သည် မိမိ

www.dhammaransi.com



အရပ်၌ ဝတ်မှတ်ခေါင်းပါးလှသောကြောင့် အခြားသပိုးတစ်ယောက်ထံ သွားရန် ဆုံးဖြတ်ပြီး ခရီးထွက်ခဲ့သည်။

မထေရ်တို့သည် ရှာ၍ဆွမ်းခံပြီးသော် ခရီးလမ်းကြားရှိ မြစ်တစ်ခု၌ရေချိုးပြီးလျှင် သဲပြင်၌ ထိုင်လျက်ဆွမ်းဘုဉ်းပေးကြသည်။

ဆင်းရဲသားသည် ထိုအရပ်သို့ရောက်လာပြီး သင့်တင့်သော နေရာ၌ ရပ်တည်နေလေသည်။ မထေရ်တို့သည်မြင်၍

"အဘယ်အရပ်သို့ သွားမည်နည်း" မေးကြသည်။

ဆင်းရဲသားသည် မိမိဘဝဇာတ်ကြောင်းစုံကို လျှောက်ထားသည်။ မထေရ်တို့က သနားကရုဏာဖြစ်ကြ၍

"ဒါယကာ သင်သည် အလွန်ပင် ပုတ်သိပ်ဆာလောင်ဟန် ရှိနေသည်။ ဖက်ရွက်ကို သွားယူပါချေ။ တစ်ဆုပ်တစ်ခဲလက်သော ဆွမ်းကို သင့်ကို ပေးမည်"

ဟုပြောကြားကြသည်။

ဆင်းရဲသားသည် အားရဝမ်းသာ ဖက်ရွက်ကို ခူးဆွတ်ယူပြီး မထေရ်တို့ထံ ပြန်လာသည်။ မထေရ်တို့ကလည်း မိမိတို့ဘုဉ်းပေးနေသော ဆွမ်း၊ ဆွမ်းဟင်းတစ်ဆုပ် တစ်ဆုပ်ကို ပေးကြသည်။

( ဤသို့ပေးခြင်းသည်လည်း ဘုရားရှင်၏ အလိုကျ ကျင့်ဝတ်ဖြစ်ပါသည်။ စားဆဲဖြစ်သောခဏ၌ ရောက်လာသောသူအား ထမင်းကို ပေးလိုသောရဟန်းသည် ဆွမ်းဦးကို မပေးမူ၍ မိမိသုံးဆောင်သောနည်းဖြင့်သာလျှင် အနည်းငယ်ကိုလည်းကောင်း၊ အများကိုလည်းကောင်း ပေးအပ်၏ဟုခွင့်ပြုထားပါသည်)

ဆင်းရဲသားသည် ယမင်းစားခြင်းကိစ္စပြီးသော်

"အရှင်ဘုရားတို့ အရှင်ဘုရားတို့အား တစ်စုံတစ်ယောက်သော သူသည် ပင့်ဖိတ်ထားပါသလော"

ဟုမေးသည်။

"ဒါယကာ ပင့်ဖိတ်ထားသောသူမရှိ၊ လူတို့သည် ဤသို့သာလျှင် နေ့တိုင်း ဆွမ်းအဟာရကို လှူဒါန်းကြပါသည်"

"ငါသည် အခါခပ်သိမ်း ထကြွလုံ့လကောင်းစွာ ပြု၍အလုပ်ကို လုပ်ခဲ့သော်လည်း ဤသို့သဘောရှိသော ထမင်းအာဟာရကို မရနိုင်၊ ငါသည် တစ်ပါးသော အရပ်သို့သွားသဖြင့် အဘယ်အကျိုး ရှိပါအံ့နည်း။ ဤရဟန်းများထံ၌သာလျှင် ဝေယျာဝစ္စပြု၍ အသက်မွေးမြူပါတော့အံ့"

www.dhammaransi.com



ဆင်းရဲသားသည် ဤသို့အကြံအစည်ဖြစ်လေသည်။

"အရှင်ဘုရားကို တပည့်တော်သည် အရှင်ဘုရားတို့ထံ ဝတ်ကြီး ဝတ်ငယ်ပြု၍ နေလိုပါသည်။ ခွင့်ပြုတော်မူပါဘုရား"

"ဒါယိကာ ကောင်းပြီနေပါလေ"

ဆင်းရဲသားသည် ရဟန်းတို့၏ နေရာသို့ လိုက်သွားပြီးလျှင် ရဟန်းတို့၏ ဝေယျာဝစ္စကို ကောင်းမွန်စွာဆောင်ရွက်ပေးလေသည်။ ရဟန်းတို့လည်းကောင်းစွာနှစ်သက်ကြလေသည်။

ဤသို့နေလာ၍ (၂)လလွန်သော် သမီးကို သတိရ အောက်မေ့လာသည်။ "အရှင်မြတ်တွေကို ပန်ကြားနေပါက ခွင့်မလွှတ်သော်သွားရမည် မဟုတ်၊ မပန်ကြားဘဲ တိတ်တ ဆိတ်သွားတာပဲ ကောင်းပါသည်။" ဆင်းရဲသား သည် ဤသို့နှလုံးသွင်းပြီး ရဟန်းတော်များထံမှ တိတ်တဆိတ်ထွက်ခွာခဲ့ လေသည်။

ထိုဆင်းရဲသား သွားသောလမ်းခရီးဝယ် တောအုပ်တစ်ခုရှိသည်။ ထိုတောအုပ်၌ ခိုးသားငါးရာတို့သည် စုဝေးနေကြသည်။

ခိုးသားငါးရာတို့သည် တောအုပ်ဖြင့်ဖြတ်သွားသူကို သတ်ပစ်၍ အသားအသွေးဖြင့် နတ်တင်ရန်စီမံပြီးစောင့်နေကြရာ ခုနစ်ရက်မြောက် ရှိလာ ခဲ့သည်။ ထိုနေ့တွင် ခိုးသူခေါင်းဆောင်သည် သစ်ပင်ထက်သို့ တက်၍လူ အသွားအလာကို ကြည့်ရှုသည်။

ဆင်းရဲသားတောအုပ်သို့ လာသည်ကိုမြင်လျှင် တပည့်များကို အချက်ပြလိုက်သည်။ တောအုပ်အလယ်သို့ ဖြတ်ကျော်သော ထိုဆင်းရဲသားကို ဖမ်းဆီးချုပ်နှောင်ကြသည်။

ခိုးသူတို့သည် ဆင်းရဲသားကိုဖမ်းဆီးပြီးနောက် မီးဖိုကြသည်။ တံစို့ကို ပြုလုပ်ကြသည်။

ဆင်းရဲသားသည် ခိုးသားတို့ပြုလုပ်ဆောင်ရွက်နေမှုကို မြင်ရလျှင်

"အရှင်တို့ ဤအရပ်၌ ဝက်လဲမရှိ၊ သမင်လည်းမရှိပါဘဲလျက် အဘယ်ကြောင့် ဤမီးတံစို့ကို စသည်တို့ကို ပြုလုပ်ဆောင်ရွက်နေပါသလဲ" မေးသည်။

"သင့်ကို သတ်၍ သင်၏အသားအသွေးဖြင့် နတ်မင်းကို ပူဇော် ပြုလုပ်စီမံနေကြခြင်းဖြစ်ပါသည်"

ထိုစကားကိုကြားရသောအခါဆင်းရဲသားသည်သေရမည်ကိုကြောက် လန့်နေသဖြင့် ရဟန်းတော်များ၏ ကျေးဇူးကိုပင်ဂရုမထားနိုင်တော့ဘဲ

www.dhammaransi.com


"အရှင့်သားတို့ ကျွန်ုပ်သည် စားကြွင်းစားကျန် တောင်းစားရသော သူတောင်းစားဖြစ်ပါသည်။ သူတောင်းစားဟူသည် အလွန်ယုတ်ညံ့သော အောက်တန်းစားဖြစ်ပါသည်။ တောအုပ်တစ်နေရာတွင် ရဟန်းတော် သုံးကျိပ် တစ်ယောက်ရှိပါသည်။ သူတို့သည် မြင့်မြတ်သော မင်းမျိုးစသည့်မှ ရဟန်း ပြုလာသူများဖြစ်ကြပါသည်။ ထိုမြင့်မြတ်သော သူတို့၏အသားအသွေးဖြင့် နတ်မင်းကို ပူဇော်လျှင် နတ်မင်းကြီးသည် သင်တို့ကို အလွန်ကျေနပ်နှစ် သက်ပါလိမ့်မည်"

"ဤသူကား ကောင်းသောစကားကို ဆိုဘိသည်။ ဤကျက်သရေ မရှိ ယုတ်ညံ့သောသူဖြင့် အဘယ်အကျိုးရှိအံ့နည်း။ မင်းမျိုးဖြစ်သော ရဟန်း တို့ကိုသတ်၍နတ်မင်းအား ပူဇော်ကြအံ့၊ အင်း ဂင်လာလှည့်ရဟန်းတို့၏နေရာ ကို လိုက်ပြပါလော့"

ခိုးသူတို့သည် ဆင်းရဲသားကို ရဟန်းတို့၏ နေရာကို လမ်းညွှန်ပြ ခိုင်းသည်။ ဆင်းရဲသားသည် ခိုးသူတို့ကိုခေါ်ဆောင်ကာ ရဟန်းတို့၏ နေရာ ကိုလိုက်ပြလေသည်။

ကျောင်းဝိုင်းအလယ်သို့ အရောက်တွင် ရဟန်းတစ်ပါးမှ မမြင်၍ ခိုးမှူးကြီးက

"ရဟန်းတို့ အဘယ်မှာနည်း" ဟုမေးသည်။

ဆင်းရဲသားသည် ရဟန်းတို့နှင့် နှစ်လကာမျှနေခဲ့ဘူး၍ ရဟန်းတို့၏ ကတိကဝတ်ကို သိထားသည်။

"ရဟန်းတို့သည် မိမိတို့၏ညဉ့်သန့်ရာ နေသန့်ရာအရပ်တို့၌ နေကြပါ သည်။ ဤတုံးမောင်းကို ထိုးကြပါလော့၊ တုံးမောင်းသံဖြင့် ရဟန်းများ စည်းဝေးကြပါလိမ့်မည်"

ခိုးမှူးကြီးသည် ဆင်းရဲသားအကြံပေးသည့်အတိုင်း တုံးမောင်းကို ထိုးလိုက်သည်။

တုံးမောင်းခေါက်သံကိုကြားရလျှင်

'အခါမဲ့ တုံးမောင်းခေါက်သည်၊ တစ်စုံတစ်ယောက်သော ရဟန်း အားမချမ်းမသာ ဝေဒနာသည်ဖြစ်လတ္တံ့"

ရဟန်းများသည် ဤသို့အောက်မေ့ကြပြီးလျှင် ကျောင်းဝင်းအလယ် သို့ကြွရောက်လာပြီးလျှက်ကျောက်ဖျာ၌ အစဉ်အတိုင်းခင်းထားသော နေရာတို့ ၌ ထိုင်တော်မူကြလေသည်။

သံဃာမထေရ်ကြီးသည် ခိုးသူတို့ကို ကြည့်၍မေးသည်။

www.dhammaransi.com



"ဒါယိကာ အဘယ်သူ ဤတုံးမောင်းကို ထိုးပါသနည်း"
"အရှင်ဘုရား တပည့်တော်ထိုးပါသည်"
"အဘယ်ကြောင့်ထိုးပါသနည်း"
"တပည့်တော်သည် တောအုပ်၌နေသော နတ်မင်းကို တောင်းပန်ထားခြင်းရှိပါသည်။ ထိုနတ်မင်းကို ပူဇော်ရန် ရဟန်းတစ်ပါးကို ဆောင်ယူလိုပါသည်"
ထိုစကားကိုကြားရလျှင် မထေရ်ကြီးသည် ရဟန်းတို့သို့ လှည့်ကာ
"ငါ့ရှင်တို့ညီငယ်အား ဖြစ်သောအမှုကိစ္စမည်သည့် အစ်ကိုကြီးမှ တာဝန်ယူဆောင်ရွက်ပေးရန် တာဝန်ရှိပါသည်။ ငါသည် သင်တို့အတွက် ငါ၏အသက်ကိုစွန့်၍ ဤခိုးသူတို့နှင့် လိုက်ပါသွားပါမည်။ ခပ်သိမ်းသော ရဟန်းတို့အား အန္တရာယ်သည်ပဲ မဖြစ်ပါစေသတည်း။ မမေ့ မလျော့ ရဟန်းတရားကို အားထုတ်ကြကုန်လော့" ဟုတိုက်တွန်းစကားမှာကြားမိန့်ဆိုလေသည်။
မထေရ်ကြီးအောက် ဒုတိယမထေရ်ကလည်း
"အရှင်ဘုရား အစ်ကိုကြီးအားဖြစ်သော ကိစ္စမည်သည် ညီငယ်၏ တာဝန်သာဖြစ်ပါသည်။ တပည့်တော် လိုက်သွားပါမည်၊ ရဟန်းတရားကိုသာ မမေ့မလျော့ အားထုတ်သော ပုဂ္ဂိုလ်များသည်သာ ဖြစ်ပါစေတော့"
ဟုလျှောက်ကြားလေသည်။
ဤသို့လျှင် တစ်ပါးပြီးတစ်ပါး သူလိုက်မည်၊ငါလိုက်မည်ဟု ဆိုကြသည်။ သုံးကျိပ်သောရဟန်းတို့သည် မိဘတစ်ဦးတည်း၏ သားမဟုတ်ကြ။ ရဂကင်းသောရဟန်းလည်းမဟုတ်၊ စင်စစ်မှာ ကြွင်းသောသူတို့၏ အကျိုးငှာ အသက်စွန့်ကြခြင်းဖြစ်သည်။ ဤရဟန်းတို့တွင် ရဟန်းတစ်ပါးမျှ ရဟန်းတစ်ပါးကို သင်လိုက်သွားလော့ဟုဆိုခြင်းငှာ မစွမ်းနိုင်ကြပါချေ။
သံကိစ္စသာမဏေသည် ရဟန်းအသီးသီးတို့၏ စကားကိုကြားလျှင်
"အရှင်ဘုရားတို့ နေမြဲသာနေကြပါ။ တပည့်တော်သည် အရှင်ဘုရားတို့အတွက် အသက်စွန့်၍ လိုက်သွားပါမည်" ဟုလျှောက်ထားသည်။
"ငါ့ရှင် ကိုရင်၊ ငါတို့အားလုံးတစ်ပေါင်းတည်း အသတ်ခံကြရကုန်သော်လည်း သင့်တစ်ယောက်တည်းကိုကား မလွှတ်ပေးနိုင်ပါ"
"အရှင်ဘုရား အဘယ်ကြောင့်ပါလဲ ဘုရား"
"ငါ့ရှင် ကိုရင်၊ သင်သည် တရားစစ်သူကြီးဖြစ်သော ရှင်သာရိပုတ္တရာ၏ ကိုရင်ဖြစ်သည်၊ သင့်ကို အကယ်၍ ထည့်လိုက်သည်ဖြစ်အံ့၊

www.dhammaransi.com



ငါ၏ကိုရင်ကို ခေါ်သွား၍ ခိုးသူတို့အား အပ်နှင်းကြကုန်၏ဟု မထေရ်မြတ်ကငါတို့အား ကဲ့ရဲ့ပြစ်တင်လတ့်၊ ထိုကဲ့ရဲ့မှုကို ငါတို့မခံလိုကြပါ၊ သို့အတွက် သင့်ကိုမထည့်နိုင်ပါ''

''အရှင်ဘုရားတို့ မြတ်စွာဘုရားသည် အရှင်ဘုရားတို့ကို တပည့်တော်၏ ဥပဇ္ဈာယ်ဆရာထံ စေလွှတ်ခြင်း၊ တပည့်တော်၏ ဥပဇ္ဈာယ်ဆရာက တပည့်တော်ကို အရှင်ဘုရားတို့ထံ လိုက်ပါစားစေခြင်းမှာ ဤဖြစ်ကြောင်းတရားကို ကြိုသိတော်မူ၍ အတူထည့်လိုက်ခြင်းဖြစ်ပါသည်ဘုရား၊ အရှင်ဘုရားတို့ နေမြဲသာနေကြပါ။ တရားကို ဆက်လက် အားထုတ်ကြပါ တပည့်တော်သာ လိုက်ပါသွားပါမည်''

သံကိစ္စသာမဏေသည် ထိုသို့လျှောက်ထားပြီး မထေရ်တို့ကို ရှိခိုးသည်၊ အပြစ်ရှိက ခွင့်လွှတ်ရန် တောင်းပန်လျှောက်ထားပြီး ခိုးသူတို့နောက် လိုက်သွားလေသည်။

ထိုအခါ ရဟန်းတို့အား ကြီးစွာသော ထိတ်လန့်ခြင်းသည် ဖြစ်ကြကုန်သည်။

မျက်လုံးတို့သည် မျက်ရည်ဖြင့်ပြည့်ကြသည်။

နှလုံးသားတို့သည် တုန်တုန်လှုပ်လှုပ် ဖြစ်ကြလေသည်။

မထေရ်ကြီးက ခိုးမှူးကြီးကို

''ဒါယိကာတို့ ဤကိုရင်သည် အလွန်ငယ်ပါသေးသည်၊ သင်တို့သည်မီးမွှေးခြင်း၊ တဲ့စို့လုပ်ခြင်း၊ သစ်ရွက်ခင်းခြင်း စသည်တို့ကို ပြုလုပ်ပါက ဤကိုရင်ကို တစ်နေရာမှာထားပြီး လုပ်ကြပါကိုရင်လေး မမြင်ပါစေနဲ့''

ဟု မှာကြားလိုက်လေသည်။

ခိုးမှူးကြီးသည် ကိုရင်ကိုခေါ်သွားပြီး တစ်နေရာ၌ထားကာ လိုအပ်သော ပြင်ဆင်မှုတို့ကို ပြုလုပ်ဆောင်ရွက်သည်။

ပြုလုပ်စီရင်ပြီးသောအခါ ကိုရင်ကိုခေါ်ကာ ယဇ်ပူဇော်ရာ၌ နေစေပြီး ခိုးမှူးကြီးကိုယ်တိုင် ခုတ်ပိုင်းရန် သံလျက်ကို ထုတ်ဆောင်သည်။

ကိုရင်သံကိစ္စသည် ယဇ်ပူဇော်ရန်နေရာ ရောက်လာကတည်းက ဈာန်ကိုဝင်စားနေလေသည်။

ခိုးမှူးကြီးသည် သံလျက်ကို ချိန်မြှောက်၍ သံကိစ္စကိုရင်၏ လည်ကို စလွယ်ပိုင်း ခုတ်ချလိုက်သည်။

သန်လျက်သည် ညွတ်လိပ်၍ အသွားတစ်ခုဖြင့်တစ်ခုကို ထိခတ်မိလေသည်။

www.dhammaransi.com



''ငါသည် ကောင်းမွန်ပိုင်နိုင်စွာ မခုတ်မိလေသောကြောင့်ဖြစ်ရမည်''

နိုးမျိုးကြီးသည် ဤသို့စဉ်းစားမိပြီး သန်လျက်ကို ပြန်ဖြောင့်ကာ အဖန်တလဲလဲ ခုတ်ပိုင်းပြန်လေသည်။

သန်လျက်သည် ထန်းရွက်ကဲ့သို့ ယိမ်းနွဲ့ယိုင်လျက် အရိုးရင်းသို့ ရောက်လေသည်။

ထိုအဖြစ်ကို မြင်ရသော နိုးမျိုးကြီးသည်

''ရှေးအခါက ငါ၏ သန်လျက်သည် ကျောက်တိုင်၊ ရှားနှစ်တုတ်တို့ကို ကြာစွာ ကြာရိုးတို့ကို လှီးဖြတ်သကဲ့သို့ ဖြတ်နိုင်ပါ၏။ ယခုအခါမူ တစ်ကြိမ်တည်းညွတ်ကိုင်း၍ ထန်းရွက်လိပ်ကဲ့သို့ ဖြစ်ရ၏။ ဤသံလျက်မည်သည်စိတ်မရှိသည် ဖြစ်လျက်လည်း ဤ၊ကိုရင်၏ ဂုဏ်ကျေးဇူးကိုသိ၏။ ငါကားစိတ်ရှိပါလျက် မသိခဲ့လေတကား''

ဟုကြီးစွာသောနောင်တပူပန်မှုဖြင့် ပူပန်ကာသန်လျက်ကို မြေသို့ ပစ်ချလိုက်သည်။ ကိုရင်၏ရှေ့ဝယ် ဝပ်စင်းလျက်

''အရှင်ဘုရား တပည့်တော်တို့သည် ဥစ္စာဟူသောအကြောင်းကြောင့်တောအုပ်သို့ ဝင်ပါသည်။ တပည့်တော်တို့ကို အဝေးမှမြင်ရလျှင် လူတစ်ယောက်ပင်ဖြစ်လင့်ကစား တုန်လှုပ်ကြပါသည်။ နှစ်ယောက် သုံးယောက်ဆိုမူဘွယ်ရာ မရှိပါ။ အရှင်ဘုရားကားထိတ်လန့်ခြင်းသည်လည်းမရှိ၊ မိုဝဠ် ဦးသစ်စရွေသကဲ့သို့ ကောင်းစွာပွင့်သောမဟာလှေကားပန်းကဲ့သို့ အရှင်ဘုရား၏ မျက်နှာတော်သည် တင့်တယ်လှပပါသည်ဘုရား။ အရှင်ဘုရားအား အကြောက်အလန့်စိုးရိမ်ခြင်း မရှိခြင်းသည် အဘယ်ကြောင့်ပါနည်း''

ဟုမေးလျှောက်မိလေသည်။

ကိုရင်သံကိစ္စသည် ဈာန်မှထကာနိုးမျိုးကြီးကို တရားဟောလိုရကား

''ငါ့ရှင် ဒါယိကာလူကြီးမင်း၊ ရဟန္တာပုဂ္ဂိုလ်၏ အတ္တဘောမည်သည်ကား ဦးခေါင်းထက်၌ တင်ထားသောဝန်တို့ကဲ့သို့ ဖြစ်၏။ ထိုရဟန္တာသည် အတ္တဘောပျက်သည်လည်းကောင်း၊ ပျောက်သော်လည်းကောင်း နှစ်သက်သည်သာတည်း မကြောက်လန့်ပါပေ''

ဟုဟောတော်မူသည်။

နိုးမျိုးကြီးသည် ကိုရင်သံကိစ္စ၏ တရားစကားကိုကြားနာရလျှင် ငါးရာသော နိုးသားတို့ကိုလှည့်ကြည့်ပြီးမေးသည်

''သင်တို့သည် အဘယ်သို့ပြုကုန်အံ့နည်း''

www.dhammaransi.com


"အရှင်ခိုးမှုကြီး အသင်ကော အဘယ်သို့ ပြုလိုပါသနည်း"

"အချင်းတို့ ငါ့အား ဤသို့သဘောရှိသော တန်ခိုးပြာဋိဟာကို မြင်ရသဖြင့် အိမ်ရာထောင်သော လူ့ဘောင်၌ မနေလိုတော့ပြီ၊ အရှင်မြတ် ထံ၌ ရဟန်းပြုပါတော့အံ့"

"ကျွန်ုပ်တို့အားလုံးလည်း ခိုးမှုကြီးနည်းတူ ပြုကြပါကုန်အံ့"

"အမောင်တို့ ကောင်းလှပါပြီ"

ခိုးသူတို့သည် ကိုရင်သံကိစ္စထံတွင် ရှင်ရဟန်းအဖြစ်ကို ပြုပေးရန် တောင်းပန်ကြသည်။

ကိုရင်သံကိစ္စသည် ခိုးသူတို့၏ သန်လျက်သွားဖြင့်ဆံပင်ကို ရိတ်ပေး၏။ ပုဆိုးအမြိတ်တို့ကို ဖြတ်၍ မြေနီဖြင့်ဆိုးကာ သင်္ကန်းအဖြစ်ဝတ်စေသည်။ ဆယ်ပါးသီလကို ဆောက်တည်စေလျက် ရဟန်းတို့ကို လာလော့ဟုခေါ်ကာ ထွက်လာခဲ့သည်။

"ငါသည် မထေရ်တို့ကို မဖူးမြင်ဘဲ အကယ်၍သွားပါမူ ထိုရဟန်းတို့ သည်ရဟန်းတရားကို အားမထုတ်နိုင်ဘဲ ရှိနေလိမ့်မည်။ ခိုးသူများ ငါ့ကို ဖမ်းဆီး ခေါ်ဆောင်သွားကတည်းက ရဟန်းတော်တိုင်းမျက်ရည်ကျကြသည်။ ကိုရင်လေးသေသလား၊ မသေသလားဟု တွေးတောကြံစည်နေကြ၍ တရား အလုပ်ကို မလုပ်နိုင်ကြဘဲ ရှိကြလိမ့်မည်၊ ထို့ကြောင်း ရဟန်းတို့ကို ဖူးမြင်ပြီးမှ သာငါသွားပေအံ့"

ဟုကြံစည်ပြီးလျှင် ကိုရင်သံကိစ္စသည် ရဟန်းသစ်ငါးရာ ခြံရံလျက် မထေရ်တို့၏ နေရာအရပ်သို့ သွားသည်။

မထေရ်တို့သည် အသက်မသေဘဲ ပြန်လာသောကိုရင် သံကိစ္စကို တွေ့မြင်ရ၍ အားရဝမ်းသာဖြစ်ကြကာ

"သူတော်ကောင်း သံကိစ္စကိုရင်လေး၊ အသို့နည်း အသက်ရှင်၍ ပြန်လာခဲ့ရပြီလား"

"မှန်ပါသည်ဘုရား၊ ခိုးသူတို့သည် တပည့်တော်ကိုသတ်ကြသော် လည်းတပည့်တော်ကို သတ်၍မရပါ။ သတ်မရ၍ တပည့်တော်၏ ဂုဏ်ကျေးဇူး၌ကြည်ညိုကြ၍လျှင် တပည့်တော်၏တရားကို နာယူကာ ရဟန်းပြုခဲ့ကြပါသည် ဘုရား။ တပည့်တော်သည် အရှင်ဘုရားတို့ကို ဖူးမြင်ပြီးမှ ဤရဟန်း ငါးရာကို ခေါ်ဆောင်၍ တပည့်တော်၏ ဆရာထံသို့ ပြန်ပါမည်ဘုရား၊ အရှင် ဘုရားတို့သည် မမေ့မလျော့ရဟန်းတရားကို အားထုတ်တော်မူကြပါဘုရား"

ကိုရင်သံကိစ္စသည် ဤသို့လျှောက်ထားပြီး ရဟန်းငါးရာကိုခေါ်ကာ

www.dhammaransi.com



ဥပဇ္ဈာယ်ဖြစ်သော ရှင်သာရိပုတ္တရာထံသို့ ပြန်လာခဲ့သည်''

''ကိုရင်သံကိစ္စ အသို့နည်း။ သင်သည် တပည့်တို့ကိုရခဲ့ပါသလော''

''အရှင်ဘုရား ရခဲ့ပါသည်ဘုရား''

ကိုရင်သံကိစ္စသည် မိမိတွေ့ကြုံခဲ့ရသော အဖြစ်အပျက်အလုံးစုံကို ရှင်သာရိပုတ္တရာအား လျှောက်ထားတင်ပြသည်။

''ကိုရင် သံကိစ္စ ဘုရားရှင်ထံသို့ သွား၍ဖူးပါလေ''

''မှန်လှပါဘုရား''

ကိုရင်သံကိစ္စသည် တပည့်ငါးရာ ရဟန်းတို့ကို ခေါ်ဆောင်၍ ဘုရားရှင်ထံသို့သွားလေသည်။

''ကိုရင်သံကိစ္စ သင်သည် တပည့်တို့ကို ရခဲ့သလော''

''မှန်လှပါ ရခဲ့ပါသည်မြတ်စွာဘုရား''

ကိုရင်သံကိစ္စသည် မိမိတွေ့ကြုံရသော အကြောင်းစုံကို အဖြစ်အပျက်စုံတို့ကို ဘုရားရှင်အား လျှောက်ထားပြသည်။

''ချစ်သား ရဟန်းတို့ ဤအဖြစ်အပျက်သည် မှန်သလော''

''မြတ်စွာဘုရား မှန်ပါသည်ဘုရား''

''ချစ်သားရဟန်းတို့ သင်တို့အား ခိုးမှုကိုပြု၍ သီလမရှိသောအရာ ၌တည်လျက် အနှစ်တစ်ရာပတ်လုံး အသက်ရှင်ရခြင်းထက် ယခုအခါ သီလ တည်လျက်တစ်ရက်မျှသော်လည်း အသက်ရှင်ရခြင်းသည် မြတ်၏''

မြတ်စွာဘုရားသခင်၏ ဤဒေသနာအဆုံးတွင် ရဟန်းငါးရာတို့ သည်ပဋိသမ္ဘိဒါလေးပါးနှင့်တကွရဟန္တာအဖြစ်သို့ ရောက်ကြကုန်လေသတည်း။

## ရေဝတကိုရင်ငယ်

အရှင်သာရိပုတ္တရာမထေရ်သည် (ရှစ်ဆယ့်ခုနစ်ကုဋေ)သော ဥစ္စာကို စွန့်၍ ရဟန်းပြုသွားသည်။

ထို့နောက်စာလာ၊ ဥပစာလာ၊ သီသူပစာလာ ဟူသောနှမသုံး ယောက်၊ စုန္ဒ၊ ဥပသေန ဟူသော ညီနှစ်ယောက်တို့ကိုလည်း ဆက်လက်၍ ရဟန်းပြုပေးခဲ့သည်။

မိခင် ပုဏ္ဏေးမကြီးထံတွင် အငယ်ဆုံးအရွယ်မရောက်သေးသော ရေဝတသတို့သားသာ ကျန်ရစ်ခဲ့သည်။

''ငါ၏သားကြီးဖြစ်သော ဥပတိဿသည် ဤမျှလောက်သော ဥစ္စာ ကိုပယ်စွန့်၍ ရဟန်းပြုပြီးလျှင် နှမသုံးယောက်နှင့်ညီနှစ်ယောက်ကိုလည်း

www.dhammaransi.com



ရဟန်းပြုပေးပြန်သည်။ အငယ်ဆုံးဖြစ်သော သားငယ်ရေဝတသာ အိမ်မှာ ကျန်ရစ်ခဲ့၏။ သားကြီးသည် ဤရေဝတသားငယ်ကို အကယ်၍ ရှင်ရဟန်းပြု ပေးပါက ငါတို့၏ ဥစ္စာများလည်း ပျက်စီးလတ္တံ့၊ အမျိုးအနွယ်လည်း ပျက် လတ္တံ့၊ ရေဝတကို ငယ်စဉ်ကပင် အိမ်ထောင်ချပေးအံ့''

ဤသို့ကြံစည်စိတ်ကူးထားလေသည်။

အရှင်သာရိပုတ္တရာကလည်း ရဟန်းများကို

''ငါ့ရှင်တို့ ငါ၏ညီငယ်ရေဝတသည် ရှင်ရဟန်းပြုလို၍ အကယ်၍ လာသည်ဖြစ်ငြားအံ့၊ လာသမျှချက်ချင်းပင် ရှင်ရဟန်းပြုပေးကြကုန်လော့၊ ငါ၏မိခင်ဖခင်တို့သည် မှားသောအယူရှိကြသည်၊ မိဘတို့ကို ပန်ကြားရန် မလို၊ ငါသည်ပင် ရေဝတ၏အမိလည်းဟုတ်သည်၊ အဖလည်းဟုတ်သည်''

ဟုကြိုတင်မှာကြားထားလေသည်။

ရေဝတ၏ မိခင်သည် ရေဝတသတို့သားကို ခုနစ်နှစ်အရွယ်ကပင် အိမ်ထောင်ချပေးထားလို၍ အမျိုးဇာတ်တူသော အိမ်မှသတို့သမီးငယ်ကို တောင်းရမ်းပြီးလျှင် မင်္ဂလာရက်ကို သတ်မှတ်ထားသည်။

သတ်မှတ်ထားသော ရက်သို့ရောက်လျှင် သတို့သားကို ဝတ်စား တန်ဆာ ကောင်းစွာဆင်ယင်စေပြီး ဆွေမျိုးအခြံအရံများစွာနှင့် သတို့သမီး အိမ်သို့သွားကြသည်။

သတို့သမီးအိမ်တွင် နှစ်ဖက်သော မိဘဆွေမျိုးတို့သည် ဆုံကြပြီး လျှင် သတို့သား သတို့သမီးတို့ကို ရေခွက်၌ လက်ကို ချထားစေ၍ မင်္ဂလာ စကားပြောဆိုကြသည်။

သတို့သမီးငယ်၏ ကြီးပွားချမ်းသာခြင်းကို အလိုရှိကြကုန်သော ဆွေမျိုးတို့က

''ချစ်သမီး သင်သည် သင်၏အဖွားမြင်သိအပ်သောတရားကို မြင်၍ အဖွားကဲ့သို့ ရှည်မြင့်စွာ အသက်ရှည်ပါစေသတည်း''ဟုဆိုကြကုန်သည်။

ဤရေဝတသတို့သားသည်

''ဤသတို့သမီး၏အဖွားမှာ သိမြင်အပ်သော တရားများသည် အဘယ်နည်း''

ဟုကြံစည်ပြီးလျှင် အနီးရှိသူတို့ကို မေးသည်။

''ဤသတို့သမီး၏အဖွားမ ဟူသည်အဘယ်နည်း''

''ချစ်သားအသို့နည်း အသက်တစ်ရာ့နှစ်ဆယ်ရှိပြီး ကျိုးသောသွား၊ ဖြူသောဆံပင်၊ တွန့်လိမ်သောအရေရှိပြီး မှည့်မည်းပေါက်စွဲသော ကိုယ်ရှိသော

www.dhammaransi.com



နံရိုးကိုင်းကိုင်း ဤအဖွားအိုမကို မမြင်ဘူးလော၊ ဤအဖွားအိုမသည် သတို့သမီး၏အဖွားအိုမ ဖြစ်ပါသည်"

"အသို့နည်း။ ဤသတို့သမီးငယ်သည်လည်း ကြီးသည့်အခါ ဤသို့ ဖြစ်လတ္တံ့လော"

"ချစ်သားမှန်၏၊ အသက်ရှည်သည်ဖြစ်အံ့၊ ဆံဖြူသွားကျိုး အိုမင်းခြင်းဖြစ်လိမ့်မည်"

ရေဝတသတို့သားသည် ဤသို့ကြံစည်မိသည်။ ဤသို့သဘောရှိသောခန္ဓာကိုယ်သည် အိုခြင်း၊ နာခြင်းဖြင့် ဖောက်ပြန်ခြင်းသို့ ရောက်သည်။ ထို့ကြောင့် ငါ၏နောင်တော်ဖြစ်သော ဥပတိဿသည် ဤသဘောကို မြင်၍ ရဟန်းပြုသွားခြင်းဖြစ်မည်။ ငါသည်လည်း ယနေ့ပင်လျှင် ထွက်ပြေး၍ ရဟန်းပြုသင့်၏။

မင်္ဂလာကိစ္စပြီးသောအခါ ဆွေမျိုးတို့သည် ရေဝတသတို့သားကို သတို့သမီးငယ်နှင့်အတူ ယာဉ်တစ်ခု၌ တင်၍ဆောင်ယူသွားကြသည်။

ရေဝတသတို့သားသည် အတန်ငယ်သွားမိလျှင် ကိုယ်လက်သုတ်သင်ခြင်းကိစ္စကို ညွှန်းပြယိုးမယ်ဖွဲ့၍ တစ်ခဏမျှ ယာဉ်ကို ရပ်စေပြီးလျှင် ယာဉ်မှဆင်းကာ မကြာမီလာခဲ့မည်ဟု ပြောဆိုလျက် ချုံငယ်ဘစ်ခုအတွင်းသို့ ဝင်သွား၏။ မကြာခင်ပြန်လာ၍ ဆက်သွား၏။ အတန်ကြာလျှင် ယာဉ်ကိုရပ်၍ဆင်းပြန်သည်။

ဤသို့ဖြင့် သုံးလေးကြိမ်ပြုလုပ်၍ ယာဉ်မှသက်ဆင်းလုပ်ခဲ့သည် ဆွေမျိုးတို့သည်

"မချွတ်ကေန် ဤသူငယ်အား ကိုယ်လက်သုတ်သင်ရန် ဝေဒနာထကြွခြင်းတို့သည် ဖြစ်ကုန်ဘိ၏"

ဟုထင်မှတ်ကြကာ အစောင့်အရှောက်ကို မပြုကြဘဲ သာမာန်သဘောမျှသာ ထားလေသည်။

ရေဝတသတို့သားသည် နောက်တစ်ကြိမ်ယာဉ်ကို ရပ်တန့်စေပြီး သက်ဆင်းကာ

"သင်တို့မောင်းနှင်ကာ ရှေ့မှသွားနှင့်ကြလော့၊ ငါသည် နောက်မှ ဖြည်းဖြည်းလိုက်ခဲ့မည်"

ဟုပြောဆိုပြီးလျှင် ချုံတစ်ခုသို့ပြေးဝင်သွားသည်။

ဆွေမျိုးတို့သည် နောက်မှလိုက်လာလိမ့်မည်ဟူသော အမှတ်ဖြင့် ယာဉ်ကိုမောင်းနှင်ကာ သွားကြသည်။

www.dhammaransi.com


ရေဝတသတို့သားသည် ချုံတောအုပ်တစ်အုပ်မှ တောအုပ်တစ်ခုသို့ ဆက်လက်ထွက်ပြေးလာရာ ရဟန်းသုံးကျိပ်တို့နေသော တောအုပ်တစ်ခုသို့ ရောက်သွားသည်။ ထိုရဟန်းတို့ကို ရှိနိုးကာ ရှင်သာမဏေပြုပေးရန် တောင်းပန်လျှောက်ထားကြသည်။

''သတို့သားငယ် ဒါယိကာလေး သင်သည်ခပ်သိမ်းသော တန်ဆာဆင်ထား၏။ ငါတို့သည် သင့်ကိုမင်းသားဖြစ်သည် အမတ်၏သားဖြစ်သည်ကိုမသိကြကုန်၊ အဘယ်သို့လျှင် ရှင်သာမဏေ ပြုပေးရမည်နည်း''

''အရှင်ဘုရားတို့ တပည့်တော်ကို မသိကြဘူးလား''

''ဒါယိကာ ငါတို့မသိကြကုန်''

''တပည့်တော်သည် ဥပတိဿ၏ ညီအငယ်ဆုံးဖြစ်ပါသည်''

''ဒါယိကာငယ် ဥပတိဿဟူသည် အဘယ်နည်း''

''ဩော် ဟုတ်ပေ၏။ အရှင်ဘုရားတို့သည် တပည့်တော်၏ အစ်ကိုကိုဥပတိဿဟူ၍ မသိကြ၊ ရှင်သာရိပုတ္တရာဟူ၍သာ သိကြပါသည်''

''သင်သည် ရှင်သာရိပုတ္တရာ၏ ညီငယ်လော''

''မှန်ပါသည် အရှင်ဘုရား''

''ဤသို့ဆိုလျှင်လာပါ။ သင်၏နောင်တော်သည် ငါတို့အားသင့်ကို ရှင်ရဟန်းပြုပေးရန် ခွင့်ပြုထားသည်''

ရဟန်းများသည် ရေဝတသတို့သားကို တန်ဆာများချွတ်စေပြီး လျှင်ရှင်ပြုပေးကြလေသည်။

ရဟန်းတော်များသည် ရေဝတသတို့သားကို သင့်တော်ရာ၌ ထား၍ ရှင်သာရိပုတ္တရာထံသို့ အကြောင်းကြားကြ၏။

ရှင်သာရိပုတ္တရာသည် ထိုသတင်းကိုကြားရလျှင် ဘုရားရှင်အား

''ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တောကျောင်းနေ ရဟန်းတို့သည် တပည့်တော်၏ညီ ရေဝတကို ရှင်သာမဏေပြုပေးလိုက်သည်ဟု သတင်းပို့ပါသည်ဘုရား၊ တပည့်တော်သည် သွားရောက်၍ ရေဝတကို ကြည့်ပြီးပြန်လာလိုပါသည်ဘုရား''

ဟုလျှောက်ထားသည်။

''ချစ်သားသာရိပုတ္တရာ သည်းခံဦးလော့''

ရှင်သာရိပုတ္တရာသည် နှစ်ရက်သုံးရက်လွန်သောအခါ တစ်ဖန်လျှောက်ထားပြန်သည်။

''ချစ်သား သာရိပုတ္တရာ သည်းခံဦးလော့၊ ငါဘုရားပါလိုက်ပါမည်''

www.dhammaransi.com



ရှင်ရေဝတသည် ရှင်သာမဏေပြုပြီးနောက်

"ငါ့အား ဤအရပ်၌ နေက ဆွေမျိုးများက လိုက်၍ခေါ်လိမ့်မည်"

ဟုနှလုံးပြုလျက် ရဟန်းတို့ထံ၌ အရဟတ္တဖိုလ်ရောက်သည့်တိုင် အောင်ကမ္မဋ္ဌာန်းတရားကိုပန်ကြားလျက် သပိတ်သင်္ကန်းကိုယူကာ ဒေသစာရီ လှည့်လည်သည်။

ထိုအရပ်မှ ယူဇနာ (၃၀)အကွာဝေးသော ရှားတောသို့ ရောက်သွား ပြီးဝါတွင်းသုံးလကာလပတ်လုံး ထိုရှားတော၌ တရားအားထုတ်သည်။ ထို ဝါတွင်း၌ပင် ပဋိသမ္ဘိဒါလေးပါးနှင့် တကွ ရဟန္တာအဖြစ်သို့ ရောက်လေသည်။

ရှင်သာရိပုတ္တရာသည် ပဝါရဏာပြုပြီးလျှင် ဘုရားရှင်ကို ထိုရှားတော သို့သွားလိုကြောင်းလျှောက်ထားပြန်သည်။

"ချစ်သား သာရိပုတ္တရာ- ငါဘုရားလည်းသွားမည်"

ဘုရားရှင်သည် ဤသို့မိန့်ကြားပြီးလျှင် ရဟန်းငါးရာနှင့်အတူ ကြွတော်မူသည်။

အတန်ငယ်သွားပြီးသော် လမ်းနှစ်ခွဆုံသို့ ရောက်လာသည်။ ရှင် အာနန္ဒာမထေရ်သည် လမ်းခွဆုံ၌ရပ်လျက် ဘုရားရှင်ကို

"မြတ်စွာဘုရား ရေဝတကိုရင်ထံသွားရာ ခရီး၌ ဤခရီးကား ယူဇနာ (၆၀)ရှိ၍ ဖြောင့်မတ်ပါသည်။ ခရီးတစ်လျှောက်၌ လူတို့သည် ရှိပါ သည်။ ကျန်ခရီးကား ယူဇနာ (၃၀)ရှိပြီး ဖြောင့်သောခရီး ဖြစ်ပါသည်။ နတ်ဘီလူးတို့သာ ရှိသောခရီးဖြစ်ပါသည်။ အဘယ်နည်းခရီးဖြင့် ကြွပါမည် နည်းဘုရား"

ဟုလျှောက်ထားသည်။

"ချစ်သားအာနန္ဒာ ဤခရီး၌ ချစ်သားရှင်သီဝလိပါသလော"

"ပါပါသည် မြတ်စွာဘုရား"

"ရှင်သီဝလိပါလာလျှင် ဖြောင့်သောခရီးဖြင့်သာသွားပါလော့"

ထိုခရီးဖြင့် ဘုရားရှင်ကြွတော်မူသည်ရှိသော် နတ်တို့သည်

"ငါတို့ အရှင်သီဝလိမထေရ်အား ပူဇော်မှုကိုပြုကုန်အံ့"

ဟုဆိုကာ တစ်ယူဇနာ တစ်ယူဇနာသော ခရီးတို့၌ ကျောင်းတို့ ကိုဆောက်လုပ်ပြီး ဘုရားရှင်အမှူးပြုသော သံဃာတော်များကို တစ်ယူဇနာ ခရီးသာကြွစေသည်။ နံနက်စောစောကွင် နတ်ဦဖြစ်သော ယာဂုတို့ကို ယူဆောင်ပြီးလျှင် ရှင်သီဝလိကို ရှာပြီး ဆွမ်းဒါန်းကြလေသည်။

ရှင်သီဝလိသည် နတ်တို့ လှူဒါန်းအပ်သောဆွမ်းကို ဘုရားရှင်အမှူး

www.dhammaransi.com


ရှိသော သံဃာတော်များကို ဆက်ကပ်လှူဒါန်းလေသည်။

ဤသို့လျှင် ဘုရားရှင်သည် အခြံအရံ ပရိသတ်နှင့်တကွ ယူဇနာ (၃၀)ခရီးကို ရှင်သီဝလိ၏ ဘုဉ်းကံဖြင့်သာခံစားသုံးဆောင်ရင်း ကြွတော်မူလေသည်။

ရေဝတကိုရင်သည် ဘုရားရှင်ကြွလာသည်ကို ကြားသိလျှင် ဘုရားရှင်အလို့ငှာ ဂန္ဓာကုဋီတိုက်ဖန်ဆင်း၍ အထွတ်တပ်သောကျောင်းငါးရာ စင်္ကြံငါးရာ ညဉ့်သန့်စင်ရာ နေ့သန့်စင်ရာအရပ်ငါးရာတို့ကို ဖန်ဆင်းထားတော်မူသည်။

ဘုရားရှင်သည် ရေဝတမထေရ်ထံ၌ တစ်လမျှ သီတင်းသုံးနေတော်မူလျက်ရှင်သီဝလိ၏ ဘုန်းကံဖြင့်သာ ခံစားသုံးဆောင်နေလေသည်။

ရဟန်းကြီးနှစ်ပါးသည် ရှားတောသို့ဝင်မိသောအခါ

"ဤသို့ ရေဝတသည် ဤမျှလောက်သောအမှုအဖို့ကို ပြုလုပ်အားထုတ်သူဖြစ်ရကား ရဟန်းတရားကို အဘယ်မှာ အားထုတ်နိုင်မည်နည်း။ ဘုရားရှင်သည် ရှင်သာရိပုတ္တရာ၏ ညီတော်ဖြစ်၍သာ မျက်နှာလိုက်ပြီး ဤသို့အမှုပိုလုပ်နေသော ကိုရင်ရေဝတထံသို့ ကြွလာဘိသည်" ဟုကြံစည်စိတ်ကူးမိကြလေသည်။

ဘုရားရှင်သည် ထိုနေ့နံနက်စောစော လောကကိုကြည့်သည့်ရှိသော် ထိုရဟန်းတို့ကို မြင်တော်မူလျှင် ထိုရဟန်းတို့၏ စိတ်အကြံကို သိတော်မူသည်။

သို့အတွက် ထိုအရပ်မှ ပြန်ထွက်သောနေ့တွင် ဘုရားရှင်သည် အဓိဋ္ဌာန်ပြု၍ ထိုရဟန်းများ၏ ဆီ၊ ကျည်တောက် ရေဗူး ဖိနပ်တို့ကိုမေ့လျော့စေသည်။

ကျောင်း၏ ဥပစာလွန်မှ သတိရစေသည်။ ရဟန်းကြီးနှစ်ပါးသည် ထိုအခါကျမှပင် သတိရပြီးလျှင် ပြန်လည်၍ ပစ္စည်းယူရန် ပြန်ခဲ့ကြသည်။ ယခင်က "ဂန္ဓာကုဋီတိုက်နှင့် ကျောင်းများလည်း ဘာမှမရှိတော့၊ ရှားတော အတိသာဖြစ်နေသည်၊ ရဟန်းနှစ်ပါးလည်းလမ်းကိုမမှတ်မိကြတော့။ ရှားတောကိုတိုးဝှေ့သွားရ၍ ရှားဆူးများအစူးခံရသည်။ ရှားတော၌ မိမိပစ္စည်းကို ရှာဖွေကြသည့်ရှိသော် ရှားပင်တစ်ပင်၌ တွဲလွဲဆွဲ၍ ကျန်ရစ်ခဲ့သော မိမိတို့၏ပစ္စည်းများကိုတွေ့ရလေသည်။

ဘုရားရှင်သည် ရှင်သီဝလိ၏ ဘုဉ်းကံဖြင့်ပင် အပြန်ခရီးကို ပြန်ကြွလာသည်။

ကျောင်းသို့ပြန်ရောက်ကြသော် ရဟန်းကြီးနှစ်ပါးသည် နံနက်စောစောပိသာခါ ကျောင်းအမကြီးအိမ်သို့ ယာဂုဘုဉ်းပေးရန် ကြွကြသည်။

www.dhammaransi.com



ယာဂုဆွမ်းဘုဉ်းပေးပြီးသောအခါ ဝိသာခါကျောင်းအမကြီးက

"အရှင်ဘုရားတို့သည် ဘုရားရှင်နှင့်အတူကိုရင်ရေဝတနေရာသို့ ကြွကြသည်မဟုတ်ပါလော" မေးလျှောက်သည်။

"ဒါယိကာမကြီး ကြွပါသည်"

"ကိုရင်ရေဝတ၏ နေရာသည် မွေ့လျော်ဖွယ်ရှိပါ၏လော"

" ဒါယိကာမကြီး၊ ကိုရင်ရေဝတနေရာသည် မွေ့လျော်ဖွယ်မရှိ မှုန်းတောအတိသာဖြစ်ပါသည်။ ပြိတ္တာတို့၏ နေရာအရပ်နှင့်အတူတူပင် ဖြစ်ပါသည်။

ဟုပြောပြီး ပြန်ကြွသွားကြလေသည်။

မကြာခင် ဝိသာခါ အိမ်သို့ရဟန်းငယ်များကြွလာပြီး ယာဂုလာ ဘုဉ်းပေးကြပြန်သည်။

ဝိသာခါကျောင်းအမကြီးသည် ရဟန်းတော်ငယ်များကို ကိုရင် ရေဝတ၏နေရာ အခြေအနေကို မေးပြန်သည်။

"ဒါယိကာမကြီး ကိုရင်ရေဝတ၏နေရာသည် ချီးမွမ်းဖွယ် မကုန်နိုင် ပါ၊ သုဓမ္မာနတ်သဘင်သဖွယ် ရှိပါသည်။ တန်ခိုးဖြင့် ဖန်ဆင်းထားသကဲ့သို့ ရှိပါသည်"

ဟုအဖြေပေးကြလေသည်။

ဝိသာခါ ကျောင်းအမကြီးသည် ထိုအကြောင်းအရာနှစ်ခု၏ ကွဲလွဲချက်ကို ဘုရားရှင်ထံလျှောက်ထားရန် စောင့်ဆိုင်းနေသည်။

မကြာခင်ပင် ဘုရားရှင်သည် ရဟန်းအပေါင်းခြံရံလျက် ဝိသာခါ အိမ်ကို ကြွတော်မူသည် ။ ဝိသာခါသည် ဘုရားအမှူးရှိသော သံဃာတော် များကို ယာဂုဆက်ကပ်သည်။

ဆွမ်းကိစ္စပြီးသော် ကိုရင်ရေဝတ၏ နေရာနှင့် ပတ်သက်၍ကွဲပြား ခြားနားမှုကိုလျှောက်ထားမေးမြန်းလေသည်။

"ဒါယိကာမကြီး ရွာ၌ဖြစ်စေ၊ တော၌ဖြစ်စေ အကြင်အရပ်၌ ရဟန္တာ တို့သည်နေကြ၏။ ထိုနေသောအရပ်သည် မွေ့လျော်ဖွယ်ရှိသည်သာတည်း" ဟုဟောတော်မူသည်။

တစ်နေ့သောအချိန်တွင် ရဟန်းတို့သည် ရေဝတကိုရင်၏ ဘုဉ်းကြီး ပုံ၊ လာဘ်လာဘပေါ်များပုံအကြောင်းစုံကို ဆွေးနွေးနေကြကြောင်း လျှောက် ထားကြသည်။

ထိုအခါ ဘုရားရှင်က ရဟန်းများကို

www.dhammaransi.com



"ချစ်သားတို့ ငါသားကိုရင်ရေဝတသည် ကောင်းမှုလည်းမရှိ မကောင်းမှုလည်းမရှိပါ၊ ကောင်းမှု မကောင်းမှုကိုပယ်ပြီးဖြစ်ပေသည်"

ဟုဟောတော်မူပြီးနောက်

"ချစ်သားတို့ ဤသာသနာတော်၌ အကြင်သူသည် ကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကိုလည်းကောင်း ပယ်စွန့်ပြီး၍ အာရုံ၌ကပ်ငြိတတ်သောရာဂကိုလွန်မြောက်ပြီး စိုးရိမ်ခြင်းမရှိ၊ ကိလေသာမြူမရှိ၊ သန့်ရှင်းစင်ကြယ်သော ထိုသူကိုမကောင်းမှုမှအပ ပြုပြီးသောသူဟူ၍ ငါဘုရားဆိုပါသည်"

ဟုဟောတော်မူလေသည်။

## သုမနကိုရင်ငယ်

ဝိဋ္ဋိတောအုပ်တောင်ခြေ၌ မုဏ္ဍမည်သော နိဂုံးရွာရှိသည်။ ထိုရွာ၌ ထင်ရှားသော မုဏ္ဍသူဌေးတွင် မဟာသုမန၊ စူဠသုမနဟူသောသား နှစ်ယောက် ရှိသည်။

အရှင်အနုရုဒ္ဓါသည် အတိတ်ဘဝ မိမိမြက်ထမ်းသမား အန္နဘာရဘဝက ပစ္စေကဗုဒ္ဓါအား အလှူပေးခဲ့သည်။ ထိုအလှူ၏ အဖို့ဘာဂကိုသုမနသူဌေးကဝယ်ခဲ့သည်ကို မရောင်းဘဲထားသည်။ နောက်သုမနသူဌေးက အန္နဘာရအားကုသိုလ်အဖို့ကိုပူဇော်သောအားဖြင့် သူဌေးအရာပေး၍ ချီးမြှင့်ခဲ့သည်။ အန္နဘာရနှင့် သုမနသူဌေးတို့သည် မိတ်ဆွေရင်းများဖြစ်ကြပြီး အသက်ရှည်သမျှကာလပတ်လုံး ကုသိုလ်ကောင်းမှုတို့ကို ပြုခဲ့ကြသည်။

ယခုဂေါတမ ဘုရားရှင်လက်ထက်သို့ရောက်သော် အန္နဘာရသည် ရှင်အနုရုဒ္ဓါမထေရ်ဖြစ်လာခဲ့သည်။ မထေရ်သည် မိမိ၏မိတ်ဆွေ သုမနသူဌေး အဘယ်၌ဖြစ်သည်ကို အဘိညာဉ်တန်ခိုးဖြင့် ကြည့်သည်ရှိသော် မုဏ္ဍရွာ၌ မုဏ္ဍသူဌေး၏သား စူဠသုမနဖြစ်နေသည်ကို တွေမြင်ရလေသည်။

ရှင်အနုရုဒ္ဓါသည် မုဏ္ဍရွာသို့သွား၍ စူဠသုမနအတွက် အကျိုးကျေးဇူးရှိမရှိကို ကြည့်ပြန်သည်။ စူဠသုမနသည် အသက်ခုနစ်နှစ်အရွယ်၌ပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်မည့်အကြောင်းကို မြင်တော်မူသည်။

ရှင်အနုရုဒ္ဓါသည် ထိုသို့မြင်တော်မူ၍ ဝါကပ်ရန်နီးသောအခါ မုဏ္ဍရွာသို့ ဖျာနို့ခရီးဖြင့်ကောင်းကင်မှကြွကာ ရွာတံခါး၌ ရပ်ဆင်းတော်မူသည်။

မဟာမုဏ္ဍဥပါသကာသည် ယခင်ကတည်းက ရှင်အနုရုဒ္ဓါနှင့် ချစ်ကျွမ်းဝင်ခဲ့ဖူးသော ဥပါသကာတစ်ဦးဖြစ်သည်။

အရှင်အနုရုဒ္ဓါသည် ဆွမ်းခံချိန်ရောက်သောအခါ သင်္ကန်းကို

www.dhammaransi.com



ဝတ်ရုံ၍ ရွာတွင်းသို့ဆွမ်းခံကြွကြလေသည်။ မဟာမုဂ္ဂလာဥပါသကာသည် အရှင်အနုရုဒ္ဓါကို မြင်၍သားကြီးသုမနကို

"ချစ်သား ငါ၏အရှင်ဖြစ်အောင် အရှင်အနုရုဒ္ဓါသည် ဆွမ်းခံဝင်လာသည်။ အရှင်အနုရုဒ္ဓါကို ဆွမ်းပင့်သူမရှိသေးက ပင့်ဖိတ်၍ လာပါလော"

ဟုမှာထားပြီးစေခိုင်းသည်။

မဟာသုမနသည် ဖခင်မှာသည့်အတိုင်း အရှင်အနုရုဒ္ဓါထံ သွား၍ လျှောက်ထားသည်။ ဆွမ်းမဖိတ်ရသေးသည်ကိုသိ၍ ပင့်ဖိတ်ကာ သပိတ်ကို ယူလာခဲ့သည်။

မဟာမုဂ္ဂလာသည် အရှင်အနုရုဒ္ဓါကိုကောင်းမွန်စွာ ခင်းထားအပ်သော နေရာ၌ထိုင်စေပြီး ဆွမ်းတို့ကို လုပ်ကျွေးသည်။ ပြီးလျှင် ဝါတွင်းသုံးလလုံး သီတင်းသုံးရန် လျှောက်ထားသည်။ အရှင်အနုရုဒ္ဓါမထေရ်ကလည်း သဘော တူခွင့်ပြုတော်မူသည်။

ထိုသို့ ဝါတွင်းသုံးလ မထေရ်ကိုဆွမ်းစသည်ဖြင့် ပြုစုလုပ်ကျွေးလာခဲ့ ရာဝါလကျွတ်၍ ပဝါရဏာပြုသောနေ့တွင် သင်္ကန်းသုံးထည်၊ တင်လဲ၊ ဆီ- ဆန် စသည်တို့ကို ယူဆောင်ပြီးလျှင် မထေရ်၏ခြေရင်း၌ ချထားကာ

"အရှင်ဘုရား ဤအလှူဝတ္ထုတို့ကို အလှူခံတော်မူပါဘုရား"

ဟုလျှောက်ထားလေသည်။

"ဥပသကာတန်ပြီ၊ ငါ့အား အလှူဝတ္ထုဖြင့် အလိုမရှိပါ"

"အရှင်ဘုရား ဤပစ္စည်းသည် ဝါကပ်ဆိုသော ပုဂ္ဂိုလ်တို့အား ရသင့်ရထိုက်သော ဝဿဝါသိကာမည်ပါသည်။ ထိုအသုံးအဆောင်တို့ကို အရှင်ဘုရားတို့ခံယူပါဘုရား"

"ဥပါသကာ ငါသည်မခံယူပါ"

"အရှင်ဘုရား အဘယ်သို့သော အကြောင်းကြောင့်မခံယူပါ သနည်း"

"ဥပါသကာ ငါ၌ အမှုကြီးငယ်ပြုသော ကပ္ပိယသည်လည်းကောင်း၊ သာမဏေသည် လည်းကောင်းမရှိပါ။ ဒါကြောင့်မခံယူပါ"

"အရှင်ဘုရား ဒါဆိုလျှင် တပည့်တော်၏ သားကြီးမဟာသုမနကို သာမဏေပြုပေးပါဘုရား"

"ဥပါသကာ ငါ့အား မဟာသုမနဖြင့် အလိုမရှိပါ"

"အရှင်ဘုရား၊ ဒါဆို စူဠသုမနကို ရှင်သာမဏေပြုပေးပါဘုရား"

"ကောင်းလှပြီ"

www.dhammaransi.com


အရှင်အနုရုဒ္ဓါသည် စူဠသုမနကို ရှင်ပြုပေးရန်ဝန်ခံပြီးလျှင် စူဠသုမနကိုဆံပင်ရိတ်ပေးသည်။ စူဠသုမနသည် သင်ဓုန်းဓားဖြင့် ပြုလုပ်အပ်သောဆံပင်ရိတ်ခြင်းကိစ္စ အဆုံးဝယ်အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

အရှင်အနုရုဒ္ဓါသည် (၁၅)ရက်တာမျှ ထိုရွာ၌ သုမဏသာမဏေနှင့်အတူနေ၍ဘုရားရှင်ကို ဖူးမြော်ရန်ဟု ကြံစည်ပြီးလျှင် သုမနမထေရ်၏ ဆွေမျိုးများကို ပန်ကြား၍ ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူသည်။

ဟိမဝန္တာအရပ်ရှိ တောကျောင်း၌ သက်ဆင်းတော်မူသည်။ အရှင်အနုရုဒ္ဓါမထေရ်သည် အလွန်ဝိရိယရှိသော သူမြတ်ဖြစ်သည်။ ဟိမဝန္တာတောကျောင်း၌ တစ်ညပတ်လုံး စင်္ကြံန်လျှောက်၍ အားထုတ်တော်မူရာ လေရင်နာသည်ပြင်းစွာဖြစ်ပေါ်ခံစားလာရသည်။

မထေရ်သည် ရောဂါခံစားလာရ၍ မရှင်မလန်း ပင်ပန်းသောသဘောရှိသည်။ ထိုသည်ကို သုမနသာမဏေက မြင်၍

"အရှင်ဘုရား အသို့နည်း၊ အရှင်ဘုရားအားနာကျင်ပါသလော"

"ငါ့အား ရင်၌ လေနာသည်ပြင်းစွာဖြစ်ပေါ်ခံစားရ၏"

"အရှင်ဘုရား ယခင်ကလည်းဤသို့ ဖြစ်ခဲ့ဖူးပါသလော"

"ဩော် ဖြစ်ပေါ်ခဲ့ဖူးပါသည်"

"အရှင်ဘုရား အဘယ်ဆေးဖြင့် ချမ်းသာသည် ဖြစ်ပါသလဲ"

"ငါ့ရှင် သာမဏေ အနောတတ္တအိုင်မှရေကိုရသည်ရှိသော် ချမ်းသာသာရရ၏"

"အရှင်ဘုရား ထိုသို့ဖြစ်မူတပည့်တော် ဆောင်ယူပါအံ့"

"ငါ့ရှင်သာမဏေ၊ အသင်သည် စွမ်းဆောင်နိုင်အံ့လော"

"အရှင်ဘုရားစွမ်းနိုင်ပါသည်"

"ထိုသို့ဆိုက အနောတတ္တအိုင်မှ ပန္နဝမည်သော နဂါးမင်းသည် ငါ့ကိုသိပါသည်။ ထိုနဂါးမင်းကို ပြောကြား၍ ဆေးအလို့ငှာ ရေတစ်အိုးကို သယ်ယူခဲ့ပါလော"

"ကောင်းလှပါပြီဘုရား"

သုမနသာမဏေသည် ဆရာကိုရှိခိုး၍ ကောင်းကင်ခရီးဖြင့်ကြွကာ ယူဇနာ (၅၀၀)ဝေးသော အနောတတ္တအိုင်သို့ ကြွတော်မူလေသည်။

ထိုအချိန်တွင် နဂါးမင်းသည် နဂါးမအပေါင်းခြံရံလျက် အနောတတ္တရေအိုင်ဝယ်ရေကစားနေလေသည်။

နဂါးမင်းသည် ရေအိုင်သို့ရှေးရှုလာနေသော သာမဏေကိုမြင်၍

www.dhammaransi.com



အမျက်ထွက်မိသည်။

"ဦးပြည်းကတုံး သာမဏေသည် မိမိခြေ၌ ကပ်ငြိပါလာသော မြေမှုန့်တို့ကို ငါ၏ဦးခေါင်းဖြင့် ကြဖြန့်လျက် လှည့်လည်လာသည်။ ဤရေအိုင်က ရေကိုယူခြင်းငှာ လာသည်ဖြစ်လတ္တံ့၊ ယခုအခါ ငါသည်သာမဏေကို ရေကိုမပေးအံ့"

နဂါးမင်းသည် ဤသို့ကြံစည်ပြီးလျှင် ယူဇနာ (၅၀)ရှိသော အနောတတ္တအားကို ကြီးစွာသောခွက်ကို အဖုံးဖြင့် ဖုံးအုပ်သကဲ့သို့ မိမိ၏ပါးပျဉ်းဖြင့် ဖုံးအုပ်၍ အိပ်နေလေသည်။

သာမဏေသည် နဂါးမင်း၏ နေသောအခြင်းအရာကို ကြည့်ရှု၍ နဂါးမင်းသည် မိမိအပေါ်၌ အမျက်ထွက်သည်ကို သိတော်မူ၍

"ထက်မြက်လျင်မြန်ပြင်းထန်သော တန်ခိုးစွမ်းပကားရှိသော နဂါးမင်း ငါပြောစကားကို သေချာစွာနားထောင်ပါ၊ ဥပဇ္ဈာယ်ဆရာ မကျန်းမာ၍ ရောဂါပျောက်ရန် အကျိုးငှာ ရေအစ်အိုးကို ငါ့အားပေးလှူပါလော"

"ဦးပြည်းကတုံးသာမဏေ ဤအိုင်မှ အရှေ့ဘက်ရှိ ဂင်္ဂါမြစ်သို့ ရေများစွာ စီးဆင်းနေပါသည်။ ထိုဂင်္ဂါမြစ်ရေတို့ကို ကြိုက်သလောက်ယူပါလော့"

နဂါးမင်း၏ စကားကိုကြားသော် သုမနသာမဏေသည်

"ဤနဂါးမင်းသည် မိမိအလိုအလျောက် ရေကိုပေးမည့် သဘောမတွေ့ရ၊ ငါသည် တန်ခိုးပြ၍ အနိုင်ယူမှ ရတော့မည်"

ဟုစဉ်းစားဆင်ခြင်မိပြီးလျှင်

"အသင်နဂါးမင်းကြီး ငါ၏ဆရာသည် ငါ့ကိုဤအိုင်မှ ရေကိုသာ ယူနိုင်းသည်၊ ငါသည် ဤအိုင်မှ ရေကိုသာယူပါမည်၊ အသင်ဖယ်ရှားပေးပါ၊ ငါ့ကိုမတားမြစ် မပိတ်ပင်ပါနှင့်"

" ဦးပြည်းကတုံးသာမဏေ ရေကိုငါမပေးနိုင်ပါ"

"အသင်နဂါးမင်း ငါသည် ဥပဇ္ဈာယ်ဆရာအတွက် နေရောင်မထိသောဤအနောတတ္တအိုင်မှ ရေကို မရရအောင်ဆောင်ရွက်ပါမည်။ သင်သည် ငါ့ထက်တန်ခိုးထက်က ရအောင်တားမြစ်ပါလော"

"ဦးပြည်းကတုံး သာမဏေငါ၏ သောက်ရေကို သင်မရ ရအောင် ယူပါလော့၊ သင်သည် ယောက်ျားတို့၏ စွမ်းအားလုံ့လ အကယ်၍ ရှိသည် ဖြစ်ငြားအံ့၊ ကလေးငယ်ဖြစ်သော သင်၏ကြုံးဝါးပြင်းထန်မာနသံကို ငါသည် အလွန်အကျူး နှစ်သက်လှပါ၏"

www.dhammaransi.com



"အို နဂါးမင်း ကောင်းလှပါပြီ၊ ငါသည် ယူဆောင်ပေအံ့"

"မောင်ရှင်သာမဏေ၊ အကယ်၍ စွမ်းနိုင်သည်ဖြစ်အံ့ ဆောင်ယူပါလော့"

ရှင်သာမဏေသည် နဂါးမင်းထံမှ သုံးကြိမ်တိုင်တိုင် ပြောဆိုဝန်ခံ ပဋိညာဉ်ကိုယူ၍

"မြတ်စွာဘုရား သာသနာတော်၏ အရှိန်အဝါ အာနုဘော်ကိုပြ၍ငါသည် ရေကိုဆောင်ယူခြင်းငှာ သင့်လျော် လျောက်ပတ်အပ်သည်"

ဟုကြံစည်မိလေသည်။

ထို့နောက် သုမနသာမဏေသည် ကောင်းကင်နတ်များရှိရာသို့ ကြွတော်မူသည်။ အထက်ကောင်းကင်နတ်တို့သည် ကိုရင်သုမနကို လာရောက်ရှိခိုးကြလျက်

"အရှင်ဘုရား အကြောင်းအသို့နည်း" ဟုမေးလျှောက်ကြသည်။

"အနောတတ္တအိုင် အပြင်ထက်၌ နဂါးမင်းနှင့်ငါတို့ စစ်ထိုးကြမည်။ ထိုစစ်ထိုးရာသို့ လာကြ၍ မည်သူနိုင်၊ မည်သူရှုံးသည်ကို ကြည့်ရှုကြကုန်လော့"

ထိုသုမနသာမဏေသည် ဤသို့သောအမှတ်ဖြင့် စတုမဟာရာဇ် နတ်မင်းကြီးလေးပါး၊ တာဝတိံသာရှိ သိကြားမင်း၊ သုယာမနတ်၊ သန္တုသိတနတ် နိမ္မာနရတိနတ်၊ ပရိနိမ္မိတဝသဝတ္တိနတ်တို့သို့ အစဉ်အတိုင်းသွားရောက်ချဉ်းကပ်၍ ထိုသို့သောအကြောင်းတို့ကို ပြောကြားသည်။

သုမနသာမဏေသည် နတ်ပြည်မှတစ်ဆင့် ဗြဟ္မာပြည်သို့ ကူးကာ အသညတ်ဗြဟ္မာ၊ အရူပဗြဟ္မာတို့ကို ချန်ထား၍အလုံးစုံသော ဗြဟ္မာတို့ကို တမဟုတ်ချင်းဖြင့်သာလျှင် လှည့်လည်ပြောကြားလေသည်။

ထိုသာမဏေ၏ စကားကိုကြား၍ အလုံးစုံသော နတ်၊ ဗြဟ္မာတို့သည်အနောတတ္တအိုင်ကြီးအပြင်ထက်၌ ကျည်တောက်၌ ထည့်သွင်းအပ်သော နှမ်းမှုန့်ညက်မှုန့်တို့ကဲ့သို့ ကောင်းကင်အလုံးအကြားမလပ် ပြည့်ကြပ်စေကာ စုရုံးစည်းဝေးကြကုန်သည်။

နတ်ဗြဟ္မာအပေါင်းသည် သောင်းသောင်းဖြိမ့်ရှန်း စုရုံးစည်းဝေး မိသည်နှင့်သော် သာမဏေသုမနသည် ကောင်းကင်၌တည်နေ၍ နဂါးမင်းကို ယခင်ကအတိုင်း ဆရာဥပဇ္ဈာယ်အတွက် ရေပေးရန်တောင်းသည်။

နဂါးမင်းကလည်း ယခင်ကအတိုင်းပင် သင်စွမ်းရည်ရှိသော ယောက်ျားကောင်းဖြစ်က ရေကိုရအောင်ယူလော့ဟု ပြောပြသည်။

သုမနသာမဏေသည်သုံးကြိမ်တိုင်တိုင်နဂါးမင်း၏ ဝန်ခံပဋိညာဉ်ကို

www.dhammaransi.com


ရယူပြီးလျှင် ကောင်းကင်၌ရပ်တည်လျက်သာလျှင် (၁၂)ယူဇနာရှိသော အတ္တဘောကိုဖန်ဆင်း၍ ကောင်းကင်မှဆင်းသက်ပြီးလျက် နဂါးမင်း၏ ပါးပျဉ်း၌တက်နင်း၍ အောက်ခံတွင်းကို ဖိနှိပ်လေသည်။ ထိုခဏ၌ပင် စွမ်းအားကြီးသောယောက်ျား တက်နင်းအပ်သော သားရေကဲ့သို့ နဂါးမင်း၏ ပါးပျဉ်း၌ တက်နင်းကာမျှလျော့ကျ ရှုံ့တွန့်၍ ယောက်မကြီးမျှလောက်သော ပါးပျဉ်းအဖို့တို့သည်ဖြစ်ကုန်သည်။

နဂါးမင်း၏ ပါးပျဉ်းတို့မှ လွတ်သောအရပ်၌ ထန်းဂင်လုံးခန့်ရှိသော ရေတံခွန်လုံးတို့သည် အန်ထွက်၍ လာလေသည်။

သုမနသာမဏေသည် အထက်ကောင်းကင်၌ပင် သုံးရေသောက်ရေတို့ကိုပြည့်စေသည်။

နတ်ဗြဟ္မာအပေါင်းတို့သည် တစ်ပြိုင်နက်ဘည်း ကောင်းချီးသြဘာပေးကြသည်။

ထိုအခါ နဂါးမင်းသည် ရှက်နိုးလှသည်ဖြစ်၍ သာမဏေအား အမျက်ထွက်လျက် နဂါးမင်း၏ မျက်လုံးတို့သည် ခေါင်ရန်းပန်းကဲ့သို့ နီမြန်းလေသည်။

''ဤသာမဏေယ်ကား နတ်ဗြဟ္မာအပေါင်းကို စည်းဝေးစေပြီး လျှင်ရေကိုယူလျက် ငါ့ကိုရှက်စေဘိ၏။ ငါသည် သာမဏေကို ဖမ်းယူ၍ခံတွင်း၌လက်ကိုတည့်သွင်း၍ ယိုသာမဏေ၏ နှလုံးသားကိုလည်း ဆုပ်နယ်အံ့၊ ခြေတို့ကို ကိုင်ဆွဲယူ၍ ဂင်္ဂါမြစ်တစ်ဘက်ကမ်းသို့ ပစ်လွှတ်အံ့''

ဟုကြံစည်ပြီးလျှင် လျင်သောအဟုန်ဖြင့် သာမဏေနောက်သို့ အစဉ်လိုက်လေသည်။

သို့သော် နဂါးမင်းသည် သာမဏေကို မှီအောင်မလိုက်နိုင်ပါချေ။ သုမနသာမဏေသည် ရေကို ဥပဇ္ဈာယ်ဆရာအားကပ်၍

''အရှင်ဘုရား သောက်တော်မူပါကုန်လော''

ဟုလျှောက်ထားသည်။

နဂါးမင်းသည်နောက်မှဆက်လက်လိုက်လာပြီးရှင်အနုရုဒ္ဓါမထေရ်ကို

''အရှင်ဘုရား အနုရုဒ္ဓါ ငါသည်မပေးလှူဘဲလျက် ဤသာမဏေသည်ရေကို ယူလာသည်။ သောက်တော်မမူပါလင့်''

ဟုအော်ဟစ်လျှောက်ထားသည်။

''ငါ့ရှင်သာမဏေသည် ဤနဂါးမင်းသည် လျှောက်ထားသည့်အတိုင်း ဟုတ်မှန်သလော''

www.dhammaransi.com


"အရှင်ဘုရား သောက်တော်မူပါ၊ ဤနဂါးမင်းသည် တပည့်တော်အားဆောင်ယူနိုင်က ရေကိုယူလော့ဟု ပေးအပ်ပါသည်"

အရှင်အနုရုဒ္ဓါမထေရ်သည် အာသဝေါကုန်ခမ်း၍ ရဟန္တာဖြစ်သော ရှင်သာမဏေကား လိမ်လည်လှည့်ဖြား ပြောဆိုခြင်းမည်သည် မရှိနိုင်ဟု သိတော်မူသောကြောင့် ရေကို ဘုဉ်းပေးသောက်တော်မူသည်။ ထိုရေကို သောက်တော်မူလိုက်သော ခဏ၌ပင် အနုရုဒ္ဓါမထေရ်အား ပြင်းထန်စွာ ခံစားနေရသော လေနာသည် ငြိမ်းပျောက်လေသည်။

နဂါးမင်းသည် သာမဏေက မိမိကိုနှိပ်စက်ပြဟ္မာများ စုဝေးစေပြီး အရှက်ခွဲသောကြောင့် သာမဏေကိုနှိပ်စက်ဖျက်ဆီးရန် ကြံစည်ပြီး လိုက်လာကြောင်းအကြောင်းစုံကိုလျှောက်ထားပြသည်။

"မြတ်သော ဒကာတော်နဂါးမင်း၊ သာမဏေငယ်သည် ကြီးကျယ်မြင့်မြတ်သော အာနုဘော်ရှိပါသည်။ အသင်တို့သည် သာမဏေငယ်နှင့်အတူ တကွမနိုင်အနိုင်ယှဉ်ပြိုင်ခြင်းငှာ မစွမ်းနိုင်ပါ။ သာမဏေကို သည်းခံ၍သွားပါလေ"

နဂါးမင်းသည် မိမိကိုယ်တိုင်လည်း သာမဏေ၏ အာနုဘော်တန်ခိုးကိုသိပါသည်။ ရှက်လှသောကြောင့်သာ အစဉ်အလိုက်လာခြင်းဖြစ်ပါသည်။ အရှင်အနုရုဒ္ဓါ၏ မိန့်ဆိုသောစကားဖြင့် သာမဏေကို သည်းခံလေသည်။ နောက်သာမဏေနှင့် ချစ်ကျွမ်းဝင်ရင်းနှီးမှုကို ပြုကာ

"ယခုအချိန်မှစ၍ အနောတတ္တအိုင်မှ ရေကိုအလိုရှိသည်ရှိသော် အရှင်ဘုရားကိုယ်တိုင် မကြွလာပါနှင့်၊ တပည့်ကော်ထံ သတင်းစကားသာ ပို့လိုက်ပါ၊ တပည့်တော်သည်သာလျှင် ယူဆောင်၍ ပေးလှူပါမည်ဘုရား"

ဟုလျှောက်ထားမှုပြု၍ ပြန်လေသည်။

အရှင်အနုရုဒ္ဓါမထေရ်သည် သာမဏေငယ်ကို ခေါ်၍ကြွသွားတော်မူသည်။

မြတ်စွာဘုရားရှင်သည် ရှင်အနုရုဒ္ဓါနှင့် သုမနသာမဏေကြွလာသည်ကို ကြည့်ရှုတော်မူ၍ ပုပ္ဖါရုံကျောင်းပြသာဒ်၌ သီတင်းသုံးလျက်နေလေသည်။

ရဟန်းတို့သည် ပုပ္ဖါရုံကျောင်းသို့ ရှေးရှုကြွလာသော အနုရုဒ္ဓါနှင့် သုမနသာမဏေတို့ကို တွေ့မြင်ကြ၍ ခရီးဦးကြိုဆိုကြသည်။ သပိတ်သက်န်းတို့ကိုလှမ်းယူကြသည်။

အချို့ကုန်သော ရဟန်းငယ်များနှင့် သာမဏေများသည် သုမန

www.dhammaransi.com



သာမဏေတို့ကို ဦးခေါင်း၊ နား၊ လက်မောင်းတို့ကို သုံးသပ်ကိုင်ဆွဲလှုပ်ယမ်းကြကာ

"ညီငယ်လေး ဘယ်လိုလဲ၊ ငြီးငွေ့လာပြီလော"

ဟုမေးမြန်းပြောဆိုကြလေသည်။

မြတ်စွာဘုရားရှင်သည် ထိုရဟန်းသာမဏေငယ်တို့၏ အပြုအမူကို မြင်တော်မူ၍

"ဤရဟန်း သာမဏေတို့၏ ပြုသောအမှုကား ဝန်လေးစွတကား လျှင်စွာအဆိပ်ရှိသော မြွေမျိုးကို ဦးခေါင်း၊ လည်၌ ကိုင်ယူသကဲ့သို့ သာမဏေငယ်ကိုသုံးသပ်ကြကုန်သည်။ သုမနသာမဏေ၏ တန်ခိုးအာနုဘော်ကို မသိကြကုန် ယခုအခါ ငါဘုရားသည် သုမနသာမဏေ၏ ဂုဏ်ကျေးဇူး ထင်ရှားသည်ကို ပြုခြင်းငှာသင့်၏"

ဟုကြံစည်တော်မူလေသည်။

အရှင်အနုရုဒ္ဓါမထေရ်သည် ဘုရားရှင်ကို ရှိခိုး၍ ထိုင်နေသည်။ ဘုရားရှင်သည် အနုရုဒ္ဓါမထေရ်နှင့် ပဋိသန္ထာရကို ပြုပြီး၍ အာနန္ဒမထေရ်ကို

"ချစ်သား အာနန္ဒ ငါသည် အနောတတ္တအိုင်မှ ရေဖြင့်ခြေဆေးတော်ကိုဆေးကြောလိုပါသည်။ သာမဏေတို့ကို ရေအိုးကိုပေး၍ ဆောင်ယူပါစေလော့" ဟုမိန့်ကြားတော်မူသည်။

ရှင်အာနန္ဒမထေရ်သည် ပုပ္ဖါရုံကျောင်းရှိ ရှင်သာမဏေငါးရာတို့ကိုစုရုံးစေပြီး ထိုသာမဏေတို့တွင် သုမနသာမဏေသည် အငယ်ဆုံးဖြစ်လေသည်။

ရှင်အာနန္ဒာမထေရ်သည် အကြီးဆုံးသာမဏေကို

"ငါ့ရှင်သာမဏေ ဘုရားရှင်သည် အနောတတ္တအိုင်မှ ရေဖြင့်ခြေတော်ကိုဆေးလိုသည် ရေကိုယူပေးပါလော"

ဟုမိန့်ကြားတော်မူသည်။

'အရှင်ဘုရား တပည့်တော်မစွမ်းနိုင်ပါဘုရား"

ရှင်အာနန္ဒာမထေရ်သည် သာမဏေတို့ကို အစဉ်လိုက်မေးတော်မူသည်။ တစ်ပါးမျှမစွမ်းနိုင်ကြောင်း လျှောက်ထားကြသည်။

အရှင်အာနန္ဒာမထေရ်သည် အငယ်ဆုံးသာမဏေဖြစ်သော သုမန

သုမနသာမဏေသည် မြတ်စွာဘုရားကို ဆက်လက်ရှိခိုး၍အနောတတ္တရေအိုင်မှ ရေကိုယူဆောင်ပေးမည်ဖြစ်ကြောင်း လျှောက်ထားသည်။

www.dhammaransi.com


သုမနသာမဏေသည် ပုပ္ဖါရုံကျောင်းရှိ ပကတိရေအိုးအလုံးခြောက်ဆယ်ဆန့်သော စရည်းအိုးကြီးကို တွဲလွဲကိုင်ဆွဲကာ ကောင်းကင်ခရီးဖြင့် ဟိမဝန္တာသို့ ကြွလေသည်။

နဂါးမင်းသည် အဝေးမှသာလျှင် သုမနသာမဏေလာသည်ကို မြင်၍ ခရီးဦးကြိုဆိုပြီးလျှင် ရေအိုးကိုပခုံးစွန်းလက်ဖြင့်ထမ်းယူလျက်

"အရှင်ဘုရားသည် တပည့်တော်ကဲ့သို့သော ကျေးကျွန်ရှိပါလျက် အဘယ်ကြောင့် ကိုယ်တော်တိုင် ကြွလာရပါသလဲ၊ ရေအလိုရှိသော် အဘယ်ကြောင့်သတင်းစကား မပါးပါသလဲဘုရား"

ဟုလျှောက်ထားပြီး ရေကိုခပ်ယူသည်။ မိမိကိုယ်တိုင်ရေအိုးကို ထမ်းပြီးလျှင်

"အရှင်ဘုရား ရှေ့ကကြွတော်မူပါ၊ တပည့်တော် လိုက်ပို့ပေးပါမည်" ဟုလျှောက်ထားသည်။

"မြတ်သောမင်းကြီး၊ အသင်နေခဲ့ပါ၊ ဘုရားရှင် အကျွန်ုပ်ကိုသာ စေခိုင်းပါသည်"

ဟုပြောပြီးနဂါးကိုပြန်လွှတ်သည်။ ရေအိုးကို မျက်နှာဝ၌ လက်ဖြင့် ကိုင်ဆွဲယူ၍ ကောင်းကင်ခရီးဖြင့်သာ ပြန်ကြွတော်မူလာသည်။

မြတ်စွာဘုရားရှင်သည် ပြန်လာသော သုမနသာမဏေကို ကြည့်ရှုတော်မူ၍ ရဟန်းတို့ကို ခေါ်တော်မူပြီး

"ချစ်သား ရဟန်းတို့ သုမနသာမဏေ၏ တင့်တယ် စံပယ်ခြင်းကို အသင်တို့ကြည့်ရှုကြကုန်လော၊ ကောင်းကင်ပြင်ဝယ် ဟင်္သာမင်းကဲ့သို့ အလွန်တင့်တယ်လှပေ၏"

ဟုမိန့်ကြားတော်မူလေသည်။

သုမနသာမဏေသည် ရေအိုးကို သင့်လျော်ရာတွင်ထား၍ ဘုရားရှင်ကို ရှိခိုး၍ရပ်ကည့်နေလေသည်။

"ချစ်သား သုမန၊ သင့်အသက် ဘယ်နှစ်နှစ်ရှိပြီလဲ"

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား ခုနစ်နှစ်ရှိပါပြီ ဘုရား"

"ချစ်သား သုမန ခုနစ်နှစ်ရှိလေပြီတကား၊ သင်သည် ယနေ့မှစ၍မြင့်မြတ်သော ရဟန်းဖြစ်ပါစေလော့"

မြတ်စွာဘုရားသည် သုမနသာမဏေကို ရဟန်းအဖြစ်ပေးသနားတော်မူလေသည်။

သုမနသာမဏေရဟန်းအဖြစ်သို့ ရောက်ရှိသော် တရားသဘင်၌

www.dhammaransi.com



ရဟန်းများသည်

"ငါရှင်တို့ ဤခုနစ်နှစ်အရွယ်မျှရှိသော ရှင်သာမဏေလေး၏ တန်ခိုးရှိန်စော်အာနုဘော်ကား အံ့ဩဘွယ်ရှိပေစွ၊ ငါတို့အား ရှေးက ဤသို့ သဘောရှိသော တန်ခိုးရှိန်စော်အာနုဘော်ကို မမြင်ဘူးပါပေ"

ဟုစကားဖြစ်စေကြသည်။

ထိုစကားဝိုင်းသို့ ဘုရားရှင်သည် ကြွလာတော်မူ၍ မေးတော်မူသည် နှင့်သော် ရဟန်းများကလည်း သုမနသာမဏေနှင့် ပတ်သက်၍ စကားဖြစ်ပုံ အကြောင်းစုံကို လျှောက်ထားကြသည်။

ထိုအခါဘုရားရှင်က

"ချစ်သား ရဟန်းတို့ ငါဘုရား၏ သာသနာတော်၌ အလွန်အရွယ် ငယ်သော်လည်း မဖောက်မပြန် ဟုတ်မှန်ပိုင်း ကောင်းစွာကျင့်သော ပုဂ္ဂိုလ် သည်ဤသို့သဘော၊ အံ့ဩဘနန်း ပြောမခန်းသောအစွမ်း ရှိန်တော်အာနုဘော် နှင့်ပြည့်စုံခြင်းကို ရရှိသည်သာလျှင်တည်း"

ဟုမိန့်ကြားတော်မူလေသည်။

## တိဿကိုရင်ငယ်

ရှင်သာရိပုတ္တရာမထေရ်၏ အလုပ်အကျွေးဖြစ်သော အမျိုးအိမ်၌ အိမ်ရှင်အမျိုးသမီးသည် ကိုယ်ဝန်တည်လာသည်ရှိသော် လင်ယောကျ်ားကို ကိုယ်ဝန်တည်သောအကြောင်းပြောပြသည်။

ခင်ပွန်းသည်ကလည်း မိမိဇနီးကိုယ်ဝန်အတွက် လိုအပ်သော အစောင့်အရှောက်များကို စီမံဆောင်ရွက်ပေးလေသည်၊

ဇနီးသည်,သည် ပူလွန်းသောအစာ၊ အေးလွန်းသောအစာ၊ ချဉ်လွန်းသောအစာ စသည်တို့ကို ရှောင်ကြဉ်လျက် ကိုယ်ဝန်ကိုကောင်းစွာ စောင့်ရှောက်သည်။

ထိုအမျိုးသမီးသည် တစ်နေ့သောအချိန်တွင်

"ငါသည် ရှင်သာရိပုတ္တရာအမှူးရှိသော ရဟန်းငါးရာကို ပင့်ဖိတ်၍ အိမ်၌ရေမရောသော နို့ယနာဆွမ်းကို ဆက်ကပ်လိုသည်။ မိမိကိုယ်တိုင်သည် ဖန်ရည်စွန်းသော အဝတ်ကိုဝတ်ဆင်ပြီးလျှင် ရွှေခွက်ဖြင့် ရဟန်းတို့စားကြွင်း ဖြစ်သောနို့ယနာဆွမ်းကို စားသောက်ရမူ ကောင်းလေစွ"

ဟုချင်ခြင်းတပ်လေသည်။

အမျိုးသမီးသည် ထိုသို့ချင်ခြင်းဖြစ်သည့် အကြောင်းကို လင်သား

www.dhammaransi.com



အားပြောပြသည် ။ လင်ယောက်ျားကလည်း ဆွေမျိုးတို့ကို ပြန်လည်ပြောပြသည်။

"ဖန်ရည်စွန်းသော အဝတ်ကို ဝတ်လိုသော ဆန္ဒချင်ခြင်းသည် ဝမ်း၌ ပဋိသန္ဓေနေသော သားငယ်က မြတ်စွာဘုရား သာသနာတော်အတွင်း၌ရဟန်းပြုမည့်သူဖြစ်သော ပုဗ္ဗနိမိတ်ဖြစ်လိမ့်မည်၊ ဤချင်ခြင်းသည် သူတော်ကောင်းတရားအား သင့်လျော်လှပေသည်"

ဟုဆွေမျိုးတို့က ဆိုကြပြီး ဝမ်းမြောက်ဝမ်းသာဖြစ်ကြကာ ရေမရောသောနို့ဃနာဆွမ်းကို ပြုကြ၍ အရှင်သာရိပုတ္တရာ အမှူးပြုသော ရဟန်းငါးရာတို့ကိုပင့်ဖိတ်၍ ဆက်ကပ်လှူဒါန်းကြသည်။

အမျိုးသမီးသည် ဖန်ရည်စွန်းသော အဝတ်တစ်ထည်ကိုဝတ်၍ တစ်ထည်ကို ခြုံလွှမ်းကာ သံဃာမှကြွင်းသောနို့ဃနာကို ရွှေခွက်ဖြင့် စားသုံးလေသည်။

စားပြီးသော ခဏာဝယ် ချင်ခြင်းတပ်မက်မှုသည် ငြိမ်းလေသည်။

ထိုအမျိုးသမီးသည် ကိုယ်ဝန်မမွေးဖွားခင်ကာလပြုသော အလှူတို့၌လည်းကောင်း၊ မွေးဖွားကာလပြုသောအလှူတို့၌ လည်းကောင်း၊ ရှင်သာရိပုတ္တရာ အမှူးရှိသော ရဟန်းငါးရာတို့ကိုရေမရောသော နို့ဃနာဆွမ်းကိုသာ ဆက်ကပ်လေသည်။

ဤသို့သောနို့ဃနာဆွမ်းကို လှူဒါန်းသော အကျိုးဆက်သည်ကား ဤကလေး၏ အတိတ်ဘဝက ပေးကမ်းလှူဒါန်းသော နို့ဃနာဆွမ်း၏ အကျိုးဆက်ပင်ဖြစ်ပါသည်။

ထိုကလေး၏ အတိတ်ဘဝသည်ကား

အရှင်သာရိပုတ္တရာ၏ဖခင် ဝင်္ကန္တပုဏ္ဏားကြီး၏ ဇိတ်သွေ သူငယ်ချင်းမဟာသေလအမည်ရှိသော ပုဏ္ဏားတစ်ဦးသည် ရာဇဂြိုဟ်ပြည်၌နေသည်။ ထိုမဟာ သေလပုဏ္ဏားကြီးသည် ဉစ္စာကုန်ခန်းပြီး နွမ်းပါးသောအခြေအနေသို့ ရောက်နေသော အချိန်ဖြစ်သည်။

ရှင်သာရိပုတ္တရာမထေရ်သည် ထိုမဟာသေလ ပုဏ္ဏားကြီးကို ချီးမြှောက်လိုသဖြင့် ယိုပုဏ္ဏားကြီးအိမ်တံခါးသို့ ဆွမ်းအလို့ငှာ ကြွတော်မူလေသည်။ မထေရ်ပြက်တံခါးသို့ ရပ်သည်ကိုမြင်သော ပုဏ္ဏားကြီးယည်

"ငါ၏ သားမထေရ်ကား ငါ၏ အိမ်တံခါးသို့ ဆွမ်းအလို့ငှာ ကြွမတော်မူလာသည် ဖြစ်လိမ့်မည်၊ ငါသည်လည်းဆင်းရဲနေခိုက်ဖြစ်၍ တစ်စုံတရာ လှူဖွယ်လည်းမရှိချေ၊ ငါ၏သားသည် ငါဆင်းရဲသည့်အဖြစ်ကို မသိယောင်ဟာကား"

www.dhammaransi.com



ဟုကြံစည်မိပြီး ပုဏ္ဏားကြီးသည် မထေရ်ရှေ့မသွားရဲဘဲ ပုန်းအောင်း၍နေလေသည်။

အရှင်သာရိပုတ္တရာမထေရ်သည် နောက်နေ့၌လည်း ဆက်လက်ကြွတော်မူသည်။ ပုဏ္ဏားကြီးသည် ရှေးနည်းတူ ပုန်းအောင်း၍သာ နေလေသည်။

နောက်တစ်နေ့တွင် ပုဏ္ဏားကြီးသည် ပုဏ္ဏားတို့စာဟောပြောပွဲ၌ ထူထဲကြမ်းတမ်းသော ပုဆိုးတစ်ထည်နှင့် နို့ယာနာတစ်ခွက်ကို ရလာသဖြင့် အိမ်သို့ယူဆောင်လာခဲ့သည်။

"ငါသည် ဤယနာနို့ဆွမ်းကို မထေရ်မြတ်အားပေးလှူခြင်းငှာ သင့်၏"ဟုကြံစည်မိပြီး မထေရ်ကိုတောင်းတမိလေသည်။

ရှင်သာရိပုတ္တရာမထေရ်မြတ်သည် ထိုခဏ၌ ဈာန်သမာပတ်ကို ဝင်စား၍ သမာပတ်မှထသည့်ရှိသော် ထိုပုဏ္ဏားကြီးကို မြင်လေသည်။

" ပုဏ္ဏားကြီးသည် ယနေ့လှူရန်ကို၍ငါလာရောက်ခြင်းကို တောင်းတမျှော်လင့်၍ နေလေသည်။ ငါသည် သွားရောက်ခြင်းငှာသင့်၏"

ဟုကြံစည်ပြီးလျှင် သင်္ကန်းကိုရုံကာ ထိုပုဏ္ဏားကြီး အိမ်တံခါးဝသို့ ကြွကာရပ်လေသည်။

ပုဏ္ဏားကြီးသည် မထေရ်သို့ချဉ်းကပ်၍ ရှိသေစွာရှိခိုးပြီးလျှင် ပဋိသန္ဓာရ စကားပြုပြီး အိမ်ပေါ်သို့ပင့်ဖိတ်သည်။ ပြီးလျှင် ရလာသော နို့ယနာဆွမ်းကိုမထေရ်၏ သပိတ်၌လှူဒါန်းလေသည်။

မထေရ်သည် နို့ယနာဆွမ်းတစ်ဝက်ကို အလှူခံတော်မူ၍ သပိတ်ကို ပိတ်လေသည်။

"အရှင်ဘုရား ဤနို့ယနာဆွမ်းသည် တစ်ယောက်စာမျှသာရှိပါသည်။ တပည့်တော်ကို နောင်ဘဝကိုသာချီးမြှင့်တော်မူပါ၊ ဤပစ္စုပ္ပန်ဘဝချီးမြှင့်ခြင်းကိုမပြုပါနှင့် အကုန်သာအလှူခံတော်မူပါဘုရား"

ဟုလျှောက်ထားပြီး အကုန်ပင် သပိတ်သို့ထည့်လေသည်။

ရှင်သာရိပုတ္တရာမထေရ်သည် ထိုယနာနို့ဆွမ်းကို ထိုနေရာမှာပင် ဘုဉ်းပေးသုံးဆောင်တော်မူလေသည်။

ဆွမ်းဘုဉ်းပေးပြီးသောအခါ ပုဏ္ဏားကြီးသည် မထေရ်မြတ်ကို မိမိရရှိသော ပုဆိုးပိုင်းကိုပေးလှူပြီး ရှိခိုးဦးချကာ

"အရှင်ဘုရား ဤပုဆိုးအလှူကြောင့် အရှင်ဘုရားတို့ သိမြင်အပ်သောတရားတော်ကိုသာလျှင် မျက်မှောက်ပြုနိုင်ရပါလို၏ အရှင်ဘုရား" ဟုဆုတောင်းလေသည်။

---

ဆုပြည့် စုံထွန်းစာပေ

www.dhammaransi.com



"ဒါယိကာ ပုဏ္ဏားကြီး အသင်တောင်းသော ဆုအတိုင်းပြည့်ပါစေ"

မထေရ်သည် ဝမ်းမြောက်ဝမ်းမြောက် အနုမောဒနာပြုပြီးလျှင် ကြွသွားတော်မူလေသည်။

ဆင်းရဲသောကာလ၌ ပေးလှူအပ်သော အလှူဒါနမည်သည် အလှူရှင်အား အလွန်ပင်နှစ်သက်ခြင်းကို ဖြစ်စေတတ်သည်။

ပုဏ္ဏားကြီးသည် ထိုအလှူကို ပေးလှူပြီးလျှင် ကြည်ညိုနှစ်သက် ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ ရှင်သာရိပုတ္တရာမထေရ်အပေါ်၌ အလွန်အကဲ ချစ်မြတ်နိုးတော်မူသည်။

ထိုပုဏ္ဏားကြီးသည် ထိုကြည်ညိုသောစိတ်ဖြင့်ပင် ကွယ်လွန်ခဲ့ရာ သာဝတ္ထိပြည် ဤအမျိုးသမီးဝမ်း၌ ကိုယ်ဝန်တည်ပြီး ယခုကဲ့သို့ မွေးဖွားလာရခြင်းဖြစ်လေသည်။

မိဘတို့သည် မွေးဖွားပြီးသော သားငယ်၏ ဖွားမင်္ဂလာပြုသော နေ့ဝယ် နံနက်စောစောကပင် ကလေးကို ရေချိုးတန်ဆာဆင်ပြီး ကျက်သရေရှိသော အိပ်ရာထက်ဝယ် အဖိုးတစ်သိန်းထိုက်သော ကမ္ဗလာထက်၌ ကလေးကိုသိပ်ထားကြလေသည်။

ရှင်သာရိပုတ္တရာနှင့်သံဃာတော်များ ယနာဂူ့ဆွမ်းကပ် ပြီးနောက် ဆွမ်းအနုမောဒနာတရားကို ပြုသောအခါ သူငယ်သည် အိပ်ရာထက်ပက်လက်လှန်ရင်း ရှင်သာရိပုတ္တရာကို စိမ်းစိမ်းကြည့်ကာ

"ဤမထေရ်သည် ငါ၏ရှေးဆရာရင်းပေတည်း။ ငါသည် ဤမထေရ်ကိုမှီ၍ ဤစည်းစိမ်ပြည့်စုံခြင်းကို ရပေသည်။ ငါသည် ဤမထေရ်ကို ပစ္စည်းတစ်ခုခုလှူခြင်းငှာသင့်သည်" ဟူ၍ကြံစည်မိလေသည်။

တရားသီလယူရန်စိမ်ကြ၍ ကလေးကို ချီမလာသောအခါ ကလေးငယ်သည် တစ်သိန်းတန်ကမ္ဗလာကို လက်ချောင်းငယ်ဖြင့် ရစ်ပတ်ကာယူလေသည်။

သူငယ်၏လက်၌ ကမ္ဗလာချိတ်ငြိနေသည်ဟုထင်ကာ ကလေးကိုချီမသောသူတို့ ကမ္ဗလာကိုဖယ်ရန် လုပ်ကြသည်။ ထိုအခါ သူငယ်သည် ပြင်းစွာ ငိုကြွေးလေသည်။

"ကလေးကို မငိုစေနှင့် ကမ္ဗလာနှင့်အတူသာယူကြပါ"

ဟုဆွေမျိုးတို့က ဆိုကြ၍ ကလေးကို ကမ္ဗလာနှင့်အတူယူကြသည့်အခါကျမှ ကလေးသည် အငိုတိတ်လေသည်။

သူငယ်သည် မထေရ်ရှေ့သို့ရောက်သောအခါ ကမ္ဗလာစကို လက်မှ

www.dhammaransi.com



လွတ်၍ မထေရ်၏ ခြေတော်ရင်း၌ ချထားလေသည်။

မိဘဆွေမျိုးတို့ကလည်း

"သူငယ်သတ္တိသားသည် ကလေးအမိုက်အမဲ မသိမလိမ္မာ၍ ပြုလေဘိသည်" ဟုမထင်မှတ်ကြဘဲ ဤသို့လျှောက်ထားကြသည်။

"အရှင်ဘုရား တပည့်တော်တို့၏သားငယ်ကလေးက ပေးကမ်းလှူဒါန်းအပ်ပြီးသော အလှူသည် လွတ်လွတ်ကျွတ်ကျွတ် စွန့်အပ်ပြီးသော အလှူပင်ဖြစ်ပါစေဘုရား"

"အရှင်ဘုရား အရှင်ဘုရားအား အဖိုးတစ်သိန်းထိုက်သော ကမ္ဗလာဖြင့် လှူဒါန်းပူဇော်ခြင်းကိုပြုသော အရှင်ဘုရားတို့၏ ကျေးကျွန်အား သိက္ခာပုဒ်တို့ကို ပေးတော်မူပါဘုရား"

"ဤသူငယ်ကား အဘယ်အမည်ရှိပါသနည်း"

"အရှင်ဘုရား ဤသူငယ်သည် အရှင်ဘုရားနှင့်အမည်တူ တိဿအမည်ရှိသူ ဖြစ်လတ္တံ့ပါဘုရား"

(ရှင်သာရိပုတ္တရာသည် လူဖြစ်စဉ်က ဥပတိဿအမည်ရှိခဲ့ပါသည်)

"ငါသည် သားငယ်၏အလိုဆန္ဒကို မဖျက်ဆီးအံ့"

ဟုသတ္တိသား၏ မိခင်သည် ကြံစည်ထားလေသည်။

သတ္တိသားတိဿကို အမည်ပေးခြင်းမင်္ဂလာပြုပြီးနောက် တစ်ပန် သူငယ်ကို

- ထမင်းအဟာရသုံးဆောင်ခြင်းမင်္ဂလာ
- နားသွင်းမင်္ဂလာ
- ပုဆိုးဝတ်မင်္ဂလာ
- ဦးသျှောင်ထုံးမင်္ဂလာ

ထိုသို့သော မင်္ဂလာများ ပြုလုပ်ရာတို့၌လည်း ရှင်သာရိပုတ္တရာ အမှူးပြုသော သံဃာငါးရာတို့အား ဃနာနို့ဆွမ်းကိုသာ ကပ်လှူကြလေသည်။

သူငယ်သည် အစဉ်အားဖြင့်ကြီးပြင်းလာခဲ့ရာ ခုနစ်နှစ်[illegible]အရွယ် သို့ရောက်ရှိလာခဲ့သည်။

"မိခင် ဖခင်တို့ ကျွန်ုပ်သည် ရှင်သာရိပုတ္တရာထံ၌ ရှင်သာမဏေ ပြုခွင့်ပေးတော်မူကြပါ"

"ချစ်သားကောင်းလှပါပြီ၊ ရှေးအခါကတည်းကငါမိခင်သည် သား၏ အလိုကိုမဖျက်ဆီးဘဲ လိုက်လျောဆောက်ရွက်ပေးမည်ဟု စိတ်နှလုံးသွင်းထား ပါသည်။ ချစ်သား သာမဏေပြုပါ"

www.dhammaransi.com



မိခင်သည် အနူးအညွတ်ခွင့်ပြုပြီးလျှင် အရှင်သာရိပုတ္တရာကို ပင့်လျှောက်စေသည်။

ရှင်သာရိပုတ္တရာကြွလာသောအခါ မထေရ်ကို ဆွမ်းဆက်ကပ်ပြီးလျှင် "အရှင်ဘုရား အရှင်ဘုရား၏ ကျေးကျွန်သည် ရှင်သာမဏေ ပြုပါရစေ ဟုမိဘထံခွင့်တောင်းထားပါသည်။ ဤသူငယ်ကို ခေါ်ဆောင်၍ ညနေတွင် တပည့်တော်တို့ လာပါမည်ဘုရား" ဟုလျှောက်ထားကြသည်။

မထေရ်သည် တိဿသတို့သား ရှင်သာမဏေပြုပေးရန် သဘောတူလက်ခံပြီး ကျောင်းသို့ ပြန်ကြွသွားကြလေသည်။

ညနေချမ်းသို့ရောက်သောအခါ ဆွေမျိုးတို့သည် သတို့သားအား အမြတ်တနိုးပူဇော်ကြသည်။ လှပစွာဝတ်စားဆင်ယင်ပြီး ကျောင်းသို့ပို့၍ ရှင်သာရိပုတ္တရာထံ အပ်နှံကြလေသည်။

"သူငယ်တိဿ ရှင်သာမဏေပြုခြင်းမည်သည်ကား ခဲယဉ်းလှလေ၏။ အပူကိုလိုသော် အအေးကိုရတတ်၏။ အအေးကိုလိုသော် အပူကို ရတတ်သည်။ ရှင်သာမဏေဘဝဟူသည် ဆင်းရဲငြိုငြင်သဖြင့် အသက်မွေးရ၏။ သင်သည် ချမ်းသာခြင်းဖြင့် ကြီးပြင်းလာခဲ့သူဖြစ်၏"

ဟုရှင်သာရိပုတ္တရာက မိန့်ကြားသည်။

"အရှင်ဘုရား တပည့်တော်သည် အရှင်ဘုရားတို့ ဆိုဆုံးမသော နည်းအတိုင်းသာလျှင် အလုံးစုံပြုခြင်းငှာ စွမ်းနိုင်ပါသည်ဘုရား"

"အမောင်တိဿ ကောင်းလှပြီ"

ရှင်သာရိပုတ္တရာသည် ရှင်လောင်းတိဿကို တစပဉ္စကမ္မဋ္ဌာန်းကိုပေး၍ဆံကိုချစေကာ ရှင်သာမဏေပြုပေးလေသည်။

သူငယ်၏ မိဘတို့သည် သားငယ်၏ ရှင်သာမဏေပြုပွဲ ပူဇော်သက္ကာရကို ပြုတော်မူလျက် ခုနစ်ရက်ပတ်လုံး ကျောင်းတော်၌သာ နေကြသည်။ ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော သံဃာတော်များကို ရေမရော သောဃနာနို့ဆွမ်းကိုသာ ပေးလှူဆက်ကပ်ကြလေသည်။

မိဘတို့သည် ခုနစ်ရက်ပြည့်ပြီးသော် အိမ်သို့ပြန်ကြသည်။

ရှစ်ရက်မြောက်သောနေ့တွင် သာမဏေငယ် တိဿသည် ရဟန်းသံဃာများနှင့်အတူ ဆွမ်းခံကြွတော်မူသည်။

သာဝတ္ထိ မြို့သူမြို့သားအပေါင်းတို့ကလည်း

"သာမဏေငယ် ရှင်တိဿ ယနေ့ဆွမ်းခံကြွလာလိမ့်မည်၊ သာမဏေအား ပူဇော်သက္ကာရကို ပြုကုန်အံ့"

www.dhammaransi.com



ဟုငါးရာသော ပုဆိုးတို့ဖြင့်ခေါင်းခုတို့ကို ပြု၍ ငါးရာသောဆွမ်းအုပ်တို့ကိုစီရင်ကာ ခရီးလမ်းမဲ့စောင့်ကာ ပေးလှူကြသည်။

နောက်တစ်နေ့ရောက်ပြန်သော် မြို့သူမြို့သားတို့သည် ကျောင်းဥယျာဉ်ထိလာရောက်စောင့်ပြီး ငါးရာသော ပုဆိုးတို့ကို လှူကြပြန်လေသည်။

ဤသို့သောအားဖြင့် သာမဏေ ရှင်တိဿသည် နှစ်ရက်အတွင်း ဆိုးလျှာသက်နှီးစတစ်ထောင်၊ ဆွမ်းအုပ်တစ်ထောင်တို့ကို သံဃာများအား ပေးလှူနိုင်ခဲ့သည်။ (ဤသည်မှာ ပုဏ္ဏားတ၏ ပုဆိုးလှူခဲ့သော အကျိုးဆက်ပင် ဖြစ်ပါသည်)

ထိုသို့ဆွမ်းအုပ်တစ်ထောင် ပေးလှူသောကြောင့်ရဟန်းတို့က ရှင်တိဿကို ''ပိဏ္ဍပါတဒါယိကတိဿ'' ဟူသောအမည်ကိုပေးကြလေသည်။

ဆောင်းတွင်းကာလ တစ်နေ့သော၊အချိန်တွင် ရဟန်းတော်များသည် ချမ်းအေးလှသဖြင့် မီးလှုံနေကြသည်။ ရှင်တိဿသည် ကျောင်းစဉ်လှည့်လည်ကြည့်သည်ရှိသော် ချမ်းအေးလှ၍ မီးလှုံနေကြသော ရဟန်းများကိုမြင်၍

''အရှင်ဘုရားတို့ အသို့ပါနည်း မီးလှုံနေကြပါသလော''

ဟုမေးလျှောက်သည်။

''ငါ့ရှင် သာမဏေငါတို့အား အချမ်းဖြင့်နှိပ်စက်၏''

''အရှင်ဘုရားတို့ ချမ်းအေးသောကာလ၌ ကမ္ဗလာကို ခြုံသင့်သည် မဟုတ်ပါလော''

''ကမ္ဗလာသည် အချမ်းကို တားမြစ်နိုင်သည် မဟုတ်ပါလား ဘုရား''

''ငါ့ရှင် သာမဏေ သင်ကားရှေးဘုဉ်းကံ ရှိပေသောကြောင့် ကမ္ဗလာကို ရပေရာ၏။ ဘုဉ်းကံနည်းပါးသော ငါတို့ကား ကမ္ဗလာကို အဘယ်မှာရနိုင်ပါအံ့နည်း''

''အရှင်ဘုရားတို့ ထိုသို့ဖြစ်မူ ကမ္ဗလာကို အလိုရှိသော သူတို့သည် တပည့်တော်နှင့်အတူတကွ လိုက်လာတော်မူကြပါစေဘုရား''

သာမဏေတိဿသည် ထိုအကြောင်းကို အလုံးစုံသော ကျောင်းများသို့ ပြောကြားလျှောက်ထားစေသည်။

'ငါတို့သည် သာမဏေငယ်ကို အမှီပြု၍ ကမ္ဗလာကိုဆောင်ပေအံ့'' ဟု ရဟန်းတစ်ထောင်တို့သည် ထွက်လာကြကာ သာမဏေတိဿနှင့်တကွ လိုက်ပါလာကြသည်။

ရှင်တိဿသည် ''ဤရဟန်းတစ်ထောင်အတွက် ကမ္ဗလာသည်

www.dhammaransi.com


အဘယ်မှာ ရနိုင်ပါမလဲ" ဟူ၍စိုးရိမ်ကြောင့်ကြစိတ်လုံးဝမဖြစ်ဘဲ ထိုရဟန်းများကိုပင့်ဆောင်ကာ မြို့သို့ရှေးရှုထွက်ကြွခဲ့သည်။

သာမဏေသည် မြို့အဝင်ဝ၌ပင်လျှင် အိမ်စဉ်အတိုင်းကြွသည့်ရှိ သော်ကမ္ဗလာငါးရာတို့ကို ရလေသည်။

မြို့တွင်းသို့ဆက်လက်ကြွတော်မူလေသည်။ မြို့သူမြို့သားတို့သည် ရှင်တိဿကြွလာသည်ဟူသော သတင်းကိုကြားရလျှင် ထိုမှ ဤမှ ကမ္ဗလာတို့ကို ယူဆောင်လာကြသည်။

ယိုအချိန်တွင် ယောက်ျားတစ်ယောက်သည် ဈေးသို့လာစဉ် ဆိုင်တစ်ဆိုင်ကမ္ဗလာ ငါးရာတို့ကို ဖြန့်ခင်းရောင်းချနေသော ဆိုင်ရှင်တစ်ဦးကို တွေ့မြင်၍

"အို အချင်း သာမဏေတစ်ပါးသည် ကမ္ဗလာတို့ကို ယူဆောင်စုရုံးလျက် ကြွတော်မူသည်။ အသင်၏ ကမ္ဗလာတို့ကို ဖုံးအုပ်ကာထားပါလော့"

(ကြားကနေဝန်တိုတတ်သော လူမိုက်ဖြစ်သည်။ ထိုပုဂ္ဂိုလ်မျိုးသည် ကိုယ်အကုသိုလ်အမှုကို ကိုယ်ရှာ၍ ငရဲသို့သွားရသော သူများဖြစ်ကြသည်)

"အမောင် ဘယ်လိုလဲ ထိုသာမဏေငယ်သည် လှူဒါန်းအပ်သော ကမ္ဗလာကိုယူဆောင်သလား၊ မလှူဒါန်းဘဲကမ္ဗလာကို အတင်းလုယူသလား"

"အချင်း သာမဏေသည် လှူဒါန်းမှသာ ယူဆောင်ပါသည်"

"ဒါဆို ငါလှူချင်မှ လှူဒါန်းမည်၊ မလှူဒါန်းလိုက မလှူဒါန်းဘူး၊ မင်းလာပြောနေစရာမလိုသွားတော့"

ဆိုင်ရှင်သည် လာရောက်ပြီး ဝန်တိုစွာ ပြောဆိုသူကို နှင်လွှတ်လိုက်ပြီးလျှင်

"ဤယောက်ျားကား မိမိသဘောအားဖြင့် လာရောက်၍ အသင်ကမ္ဗလာများကို ဖုံးအုပ်ထားပါလော့ဟု လာပြောသည်။ သာမဏေသည် လှူဒါန်းအပ်သည်ကိုသာ ယူသည်ဟုဆိုပါသည်။ ငါသည် ငါလှူလိုက လှူမည်၊ မလှူလိုက မလှူဟု ပြောလိုက်မိပြီး၊ မျက်မှောက်ထင်ထင် မြင်နေရသော အလှူခံပုဂ္ဂိုလ်ကို မပေးမလှူသူအား ရှက်ဖွယ်လိလိဖြစ်သည်၊ ထို့ကြောင့် မိမိပစ္စည်းကို ဖုံးအုပ်ကာ ထားသောသူအား အပြစ်မရှိ၊ ငါးရာသော ဤကမ္ဗလာတို့တွင် နှစ်ထည်သောကမ္ဗလာသည်ကား အဘိုးတစ်သိန်းထိုက်၏။ ထိုကမ္ဗလာနှစ်ထည်ကို ဖုံးလွှမ်းထားခြင်းငှာ သင်၏"

ဟုကြံစည်မိပြီး ကမ္ဗလာနှစ်ထည်ကို အမြိတ်အဆာတစ်ခုဖြင့် တစ်ခုကိုဖွဲ့စပ်ပြီးလျှင်ကမ္ဗလာငါးရာအတွင်း၌ ထည့်သွင်း၍ဖုံးအုပ်ထားလေသည်။

www.dhammaransi.com



သာမဏေသည် ရဟန်းတစ်ထောင်နှင့် ထိုနေရာသို့ ရောက်လာသည်။ ဆိုင်ရှင်ဈေးသည်သည်လည်း သာမဏေကိုမြင်လျှင်မြင်ချင်းသားတည်းဟူသောချစ်ခြင်းသည် ဖြစ်ပေါ်လာလေသည်။ တစ်ကိုယ်လုံးသားဟူသောချစ်ချင်းမေတ္တာဖြင့် ပြည့်သည်ဖြစ်သည်။

"ကမ္ဗလာကိုထားဘိဦး ဤသာမဏေကိုမြင်ရလျှင် နှလုံးသားကိုပင့်သော်လည်း လှူဒါန်းခြင်းငှာ သင့်လျော်လျောက်ပတ်၏"

ဆိုင်ရှင်သည် ဤသို့ကြံစည်မိပြီးလျှင် အဖိုးတစ်သိန်းထိုက်သော ကမ္ဗလာနှစ်ထည်ကိုပင် ထုတ်ယူ၍ သာမဏေ၏ ခြေရင်း၌ ချထားလျက် ရှိခိုးပြီးလျှင်

"အရှင်ဘုရား အရှင်ဘုရားသိမြင်သော တရားအဘို့ကို သိမြင်နိုင်သောသူဖြစ်ရပါလို၏ ဘုရား"

ဟုဆုတောင်းပတ္ထနာပြုလေသည်။

"ဒါယိကာ သင်တောင်းသောဆုအတိုင်း ပြည့်ပါစေသော့"

သာမဏေသည် မြို့တွင်း၌လည်း ကမ္ဗလာငါးရာကို အလှူခံရရှိတော်မူသည်။

ဤသို့လျှက် တစ်နေ့တည်း၌ ကမ္ဗလာတစ်ထောင်ရရှိသဖြင့် ရဟန်းတော်များက သာမဏေအား ကမ္ဗလာတစ်ထောင်လှူသောကြောင့် ကမ္ဗလဒါယကတိဿမထေရ်ဟူ၍ ခေါ်ဝေါ်ကြလေသည်။

ဇေတဝန်ကျောင်း၌ နေသော ကိုရင်တိဿထံသို့ ဆွေမျိုးဖြစ်သော ဒါယိကာတို့သည် မပြတ်လာကြသည်။ ကိုရင်မှာ မပြတ်ညှော်ခံ စကားပြောနေရသည်။

"ငါကား ဤဇေတဝန်ကျောင်း၌ နေသဖြင့်ဆွေမျိုးဖြစ်သော ဒါယကာတို့သည်လာသည်။ စကားပြောဆိုကြသည်ရှိသော် မပြောမဆိုဘဲနေခြင်းငှာလည်း မသင့်တော်၊ ထိုဆွေမျိုးများနှင့် စကားပြောနေရသဖြင့် တရားအလုပ်ကိုမလုပ်နိုင်၊ ငါသည် မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းကိုသင်ယူပြီးသော အခါတောအုပ်၌ သွားနေရဖူးကားကောင်းလေစွ" ဟုတိဿသာမဏေသည် စဉ်းစားဆင်ခြင်မိလေသည်။

ထို့နောက်တိဿသာမဏေသည် ဘုရားရှင်ထံမှ အရဟတ္တဖိုလ်ဆိုက်ရောက်စေသော ကမ္မဋ္ဌာန်းတရားကို သင်ယူသည်။ ဥပဇ္ဈာယ်ဆရာကို ခွင့်ပန်ရှိခိုးပြီးလျှင် သပိတ်သင်္ကန်းကိုယူကာထွက်ခဲ့သည်။

"ငါသည် နီးသောအရပ်၌ အကယ်၍နေမူ ဆွေမျိုးတို့သည် ငါ့ကို ပင့်ဖိတ်လတ္တံ့ "

www.dhammaransi.com

သာမဏေသည် ဤသို့စဉ်းစားမိပြီးလျှင် ယူဇနာ (၁၂၀) ဝေးသော ခရီးသို့ ကြွတော်မူလေသည်။

သာမဏေငယ်သည် ရွာတစ်ရွာအရောက် ရွာတံခါးဝ၌ တွေ့ရသော ဥပါသကာအဖိုးအိုတစ်ယောက်ကို

'' ဥပါသကာ ဒါယိကာကြီး ဤအရပ်၌ နေလိုသော ပုဂ္ဂိုလ်အတွက် တောရပ်အင်္ဂါနှင့် ညီညွတ်သော ကျောင်းများရှိပါသလား'' ဟုမေးသည်။

''အရှင်ဘုရား ရှိပါသည်''

''ထိုသို့ဖြစ်လျှင် ကိုရင်ကို လမ်းပြပေးပါလော''

ဥပါသကာအဖိုးအိုသည် ကိုရင်ငယ်ကို မြင်လျှင်မြင်ခြင်းပင် သားငယ်ကဲ့သို့ ချစ်ခြင်းမေတ္တာဖြစ်ပေါ်လေသည်။ သို့အတွက် ထိုအရပ်၌ နေလျက်လမ်းညွှန်ပြောကြားသည်ကို မပြုဘဲကိုယ်တိုင်ပင် ပင့်ဆောင်ခေါ် ယူသွားလေသည်။

သာမဏေငယ်သည် ဥပါသကာ ဒါယိကာကြီး ခေါ်ရာနောက်သို့ လိုက်သွားရာ လမ်းခရီးကြား၌ အထူးထူးသော အသီးအပွင့်တို့ဖြင့် ပြည့်စုံစွာ တန်ဆာဆင်အပ်သကဲ့သို့ရှိသော တောအုပ်တစ်အုပ်ကို မြင်ရလျှင်

ဥပါသကာကြီးက တောအုပ်အမည်၊ နေရာအရပ်ကို ပြောပြပြီး တောကျောင်းရှိရာသို့ ခေါ်ဆောင်သွားသည်။

''အရှင်ဘုရား ဤအရပ်သည် ချမ်းသာသုခရှိသောအရပ်ဖြစ်သည်၊ ဤအရပ်မှာသာ သီတင်းသုံးနေထိုင်တော်မူပါလော့''

''ကောင်းလှပါပြီ ဥပါသကာကြီး''

''အရှင်ဘုရား၊ အရှင်ဘုရားအမည် မည်သို့ရှိပါသလဲ ဘုရား''

''ဥပါသကာကြီး တိဿအမည်ရှိပါသည်။''

''အရှင်ဘုရား၊ နက်ဖြန် တပည့်တော်ရွာသို့ ဆွမ်းခံပါဘုရား''

ဥပါသကာကြီးသည် တိဿသာမဏေကိုဖိတ်ကြားပြီး ရွာထဲသို့ပြန်လာခဲ့သည်။

''ရွာသူရွာသားတို့ ဝနဝါသီတိဿအမည်ရှိသော အရှင်မြတ် သာမဏေငယ်တစ်ပါးသည် တောရကျောင်းကိုကြွလာပါသည်။ ထိုအရှင် အတွက်ယာဂုဆွမ်းစသည်တို့ကို စီရင်ကြကုန်လော့''

သာမဏေသည်

ပထမအမည် - တိဿ

ဒုတိယအမည် - ပိဏ္ဍပါတဒါယကတိဿ

www.dhammaransi.com



တတိယအမည် - ကမ္ဗလဒါယကတိဿ
စတုတ္ထအမည - ဝနဝါသီတိဿ

ဟူသောအမည်လေးပါးတို့ကိုခုနစ်နှစ်သားအရွယ်၌ပင်ရခဲ့လေသည်။

သာမဏေငယ်သည် နောက်နေ့နံနက်တွင် ရွာတွင်းသို့ဆွမ်းခံဝင်လေသည်။ ရွာသူ ရွာသားတို့သည်ဆွမ်းကို လှူဒါန်း၍ ရိုသေစွာ ရှိခိုးကြသည်။

သာမဏေသည်

သုခိတာဟောထ = ချမ်းသာကြသူတို့ဖြစ်ကြပါစေ။

ဒုက္ခာမုစ္စထ = ဆင်းရဲခြင်းမှ ကင်းလွတ်ပါစေဟု မိန့်ဆိုဆုပေးသည်။

ဆွမ်းလောင်းလှူပြီးသော သူတိုင်းသည် သာမဏေကို ဆွမ်းလှူပြီး နောက်ချက်ချင်း ပြန်လှည့်မသွားနိုင်ကြချေ။ သာမဏေငယ်ကို ငေးကြည့်၍ သာရပ်တည်နေကြလေ့ရှိသည်။

တိဿသာမဏေ မိမိအတွက် မျှတသောဆွမ်းကိုသာခံယူလေသည်။

ရွာသူရွာသားတို့သည် သာမဏေငယ်၏ခြေရင်း၌ ဝပ်ဆင်းကြလျက် "အရှင်ဘုရား၊ အရှင်ဘုရားသည် ဝါတွင်းသုံးလကာလပတ်လုံး ဤအရပ်၌ သီတင်းသုံးတော်မူပါ။ တပည့်တော်တို့သည် သရဏဂုံ သုံးပါးနှင့်တကွ ငါးပါးသီလတို့ကို တည်ပါမည်။ ဝါတွင်းကာလ ဥပုသ်နေ့တိုင်း၌ ရှစ်ပါးသောသီလဥပုသ်တို့ကို ကျင့်သုံးဆောက်တည်၍ နေပါမည်။ ထို့ကြောင့် အရှင်ဘုရားသည် ဤအရပ်၌ သီတင်းသုံးမည်ဖြစ်ကြောင်း ဝန်ခံ ကတိပေးစေလိုပါသည်ဘုရား"

ဟုတောင်းပန်လျှောက်ထားကြသည်။

သာမဏေသည် ကျေးဇူးဥပကာရကို မှတ်သဖြင့် ဝန်ခံကတိ ပဋိညာဉ်ကို ပေးလေသည်။

ထိုအချိန်မှစ၍ ရွာတွင်းသို့ဆွမ်းခံကြွလေ့ရှိပြီး ဆွမ်းလောင်းသူတို့ကို လည်းသုခိတာဟောထ၊ ဒုက္ခာမုစ္စထ ဟူ၍သာ အမြဲဆုပေးလေ့ရှိသည်။

သာမဏေသည် ထိုအရပ်၌ပင်နေ၍ နောက်ဆုံးလတွင် ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်လေသည်။

ထိုမှဝါကျွတ်သောအခါတွင် တိဿသာမဏေ၏ ဆရာဖြစ်သော အရှင်သာရိပုတ္တရာသည် တပည့်ဖြစ်သော တိဿသာမဏေထံသို့ သွားလိုကြောင်းဘုရားရှင်ထံခွင့်ပန်လေသည်။

ဘုရားရှင်က ခွင့်ပြုတော်မူသည်၊ ရှင်သာရိပုတ္တရာသည် တပည့်အခြံအရံရဟန်းငါးရာနှင့်အတူ သွားရန်စီမံလေသည်။

www.dhammaransi.com


ထိုအခါ အရှင်မဟာမောဂ္ဂလန်၊ အရှင်မဟာကဿပ၊ အရှင်အနုရုဒ္ဓါအရှင်ပုဏ္ဏ၊ အရှင်ဥပါလိတို့ကလည်း မိမိတို့တပည့်ငါးရာနှင့် အတူတူလိုက်မည်ဟုဆိုသဖြင့် လိုက်ပါမည့်ရဟန်းတို့သည် လေးထောင်မျှရှိလေသည်။

တိဿသာမဏေ၏ရွာသို့ မထေရ်မြတ်တို့ရောက်ကြသည့်ရှိသော် ရွာသူရွာသားတို့က ကြိုဆို၍ ရှိခိုးကြလေသည်။

ရှင်သာရိပုတ္တရာသည် ရွာသူရွာသားတို့ကိုမေးသည်။

"ဒါယိကာတို့ ဤအရပ်၌ တောကျောင်းရှိပါသလော"

"ရှိပါသည်ဘုရား"

"ထိုကျောင်း၌ သီတင်းသုံးသောပုဂ္ဂိုလ်ရှိပါသလော"

"ရှိပါသည်ဘုရား"

"ထိုပုဂ္ဂိုလ်အမည် မည်သို့ခေါ်ပါသလဲ"

" ဝနဝါသီတိဿမထေရ်ဟု ခေါ်ပါသည်ဘုရား"

"ထိုသို့ဖြစ်မူ ငါတို့ကို လမ်းညွှန်မူ ပြုပါလော့"

"ဒါယကာတို့ ငါတို့သည် သာမဏေထံသို့ လာကြသော ပုဂ္ဂိုလ်တို့ ဖြစ်ကြပါသည်"

ထိုစကားကိုကြားလျှင် ဒါယိကာတို့သည် တရားစစ်သူကြီးဖြစ်သော ရှင်သာရိပုတ္တရာနှင့် မဟာသာဝကကြီးများ ဖြစ်ကြသည်ကို သိရှိကြလေသည်။

"အရှင်ဘုရားတို့ ဤနေရာ၌ ခေတ္တဆိုင်းငံ့၍ သီတင်းသုံးပါဦး ဘုရား"

ဒါယကာတို့သည် ဤသို့လျှောက်ထားပြီးလျှင် ရွာအတွင်းသို့ဝင်ကာ အရှင်သာရိပုတ္တရာနှင့် မဟာသာဝကကြီးများ အခြံအရံနှင့် တကွ၊ တိဿထံ ကြွလာကြောင်း ညောင်စောင်းများ ဆီမီးစသည်တို့ကို ယူ၍လျင်မြန်စွာ ထွက်ကြရန် နှိုးဆော်တိုက်တွန်းလေသည်။

ရွာသူရွာသားတို့ကလည်း ဝမ်းမြောက်ဝမ်းသာ ထိုခဏမှာပင် ညောင်စောင်းစသည်တို့ကိုယူ၍ မထေရ်များနောက်သို့အစဉ်လိုက်ကြလျက် မထေရ် များနှင့်အတူတကွ ဒါယိကာတို့သည် တိဿသာမဏေထံသို့ လိုက်ခဲ့ကြလေ သည်။

တိဿသာမဏေသည် ရဟန်းအပေါင်းတို့ကို ကောင်းစွာသိသဖြင့် ..ဉ်အဝိုင်းပင် မထေရ်တို့၏ သပိတ်သင်္ကန်းကို လှမ်းယူလျက် ဝတ်ကြီး ဝတ်ငယ်တို့ကို ပြုလေသည်။

တိဿသာမဏေသည် မထေရ်များသီတင်းသုံးရန် နေရာထိုင်ခင်း

www.dhammaransi.com



စီစဉ်ခြင်း၊ သပိတ်များကို သိမ်းဆည်းခြင်းလုပ်ငန်း လုပ်နေစဉ်မှာပင် မိုးချုပ်လေသည်။

ထိုသို့မိုးချုပ်သည့်အတွက် အရှင်သာရိပုတ္တရာက
"ဒါယိကာတို့ မိုးချုပ်လေပြီ၊ ရွာတွင်းသို့ပြန်ကြပါလေ"
ဟုမိန့်ကြားတော်မူသည်။

"အရှင်ဘုရား ယနေ့ကား တရားနာအံ့သောနေ့ဖြစ်ပါသည်။ တပည့်တော်တို့ မပြန်လိုကြသေးပါဘုရား၊ တရားတော်ကို နာကြားပါရစေ၊ တပည့်တော်တို့ ရှေးအခါက တရားကို နာကြားရခြင်းမရှိသေးပါဘုရား"

"ငါ့ရှင် သာမဏေထိုသို့ဖြစ်မူ ဆီမီးကို ညှိထွန်းစေ၍ တရားနာအံ့သောအခါကို ကြွေးကြော်ပါလော့"

တိဿသာမဏေသည် အရှင်သာရိပုတ္တရာ စေခိုင်းသည့်အတိုင်း အလုံးစုံပြုလုပ်ပေးသည်။

"တိဿ သင်၏အလုပ်အကျွေးဖြစ်သော ဒါယိကာ၊ ဒါယိကာမတို့သည်တရားနာလိုသည်။ သင်သည် သူတို့ကို တရားဟောပါလော့"

ထိုအခါ ဒါယိကာ ဒါယိကာမတို့သည် တစ်ပြိုင်နက်တည်းထကြ၍ "အရှင်ဘုရားတပည့်တော်တို့၏အရှင်သည်ကားသုခိတာဟောထ၊ ဒုက္ခမုဉ္စထ နှစ်ပါးမှတစ်ပါးအခြားတရားကို မသိပါဘုရား။ တပည့်တော်တို့အား အခြားတစ်ပါးသော ဓမ္မကထိကကို ရွေးချယ်ပေးတော်မူပါဘုရား"

သာမဏေသည် အရဟတ္တဖိုလ်သို့ ရောက်ပြီးဖြစ်သော်လည်း ထိုဒါယိကာ ဒါယိကာမတို့အား တစ်ခါမျှ တရားဟောကြားဘူးခြင်း မရှိသေး၍ ဒါယိကာ၊ ဒါယိကာမတို့က ထိုသို့လျှောက်ထားကြခြင်း ဖြစ်ပါသည်။

"ငါ့ရှင် သာမဏေအဘယ်သို့လျှင် ချမ်းသာကြသည် ဖြစ်ကုန်သနည်း။ အဘယ်သို့လျှင် ဆင်းရဲမှလွတ်ကုန်သနည်း။ ဤနှစ်ပုဒ်၏ အနက်အဓိပ္ပါယ်ကို ငါတို့အား ဟောကြားပါဦးလော"

"အရှင်ဘုရား ကောင်းပါပြီ"

တိဿ သာမဏေသည် ယပ်ကိုကိုင်စွဲကာ တရားဟောပလ္လင်ထက်သို့တက်ပြီးလျှင် နိကာယ်ငါးရပ်တို့မှအကျိုးကိုလည်းကောင်း အကြောင်းကိုလည်းကောင်း ယူငင်ဆွဲထုတ်၍တစ်ခဲနက်မိုးကိုရွာသွန်းစေသော လေးကျွန်းလုံးနှံ့သော မိုးကြီးကဲ့သို့ ခန္ဓာ၊ အာယတန၊ ဓာတ် ဗောဓိပက္ခိယတရားတို့ကို ဝေဖန်လျက် အရဟတ္တဖိုလ်တည်းဟူသောအထွတ်အထိပ်တင်သော တရားကို ဟောကြားတော်မူသည်။

www.dhammaransi.com


"အရှင်ဘုရားတို့ ဤသို့ဆိုလျှင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သောသူသည်သာလျှင် ဆင်းရဲမှ လွတ်ပါ၏။ ကြွင်းသော သတ္တဝါတို့သည် ပဋိသန္ဓေနေခြင်းစသော ဆင်းရဲတို့မှလည်းကောင်း၊ ငရဲသို့ ကျရောက်ခံစားရခြင်းစသော ဆင်းရဲတို့မှလည်းကောင်း မလွတ်နိုင်ကြပါဘုရား"

"သာမဏေတော်ပါပေ၏။ တရားကို ကောင်းစွာဟောကြားအပ်ပေ၏။ သင့်အားထက်မြက်သော ပဋိဘာန်ဉာဏ်ပညာရှိပါ၏။ ယခုအခါ သရဘညသုတ်ကို ရွတ်ဆိုပါဦးလော့"

ရှင်သာရိပုတ္တရာ၏ စေခိုင်းချက်အရ သာမဏေသည် သရဘညသုတ်ကိုရွတ်ဖတ်သရဇ္ဈာယ်လေသည်။

ထိုမှအရဏ်တက်သည့်ရှိသော် သာမဏေ၏ ဒါယကာ၊ ဒါယိကာမတို့သည်နှစ်ခုကွဲကြလေသည်။

တစ်ခုသော သူတို့က

"ငါတို့သည်ကား ဤသို့သဘောရှိသော ခက်ထန်ကြမ်းကြုတ်သောသူကိုမမြင်ဘူးလေစွတကား၊ ဤသို့ သဘောရှိသော တရားစကားကို တတ်သိပါလျက် ဤမျှလောက်သော မိဘအရာ၌ တည်၍လုပ်ကျွေးသောသူတို့အား တစ်ပုဒ်တစ်ပါဒမျှသော တရားကို အဘယ်ကြောင့်မဟောကြားဘဲနေနိုင်ဘိသနည်း"

ဟုအမျက်ထွက်ကြလေသည်။

တစ်စုသောသူတို့က

"ငါတို့သည် ဤသို့သဘောရှိသော ဂုဏ်ကျေးဇူးအထူးနှင့်ပြည့်စုံသော အရှင်ကို ဂုဏ်ကျေးဇူး ရှိသည်၊ မရှိသည်ကိုမသိကြဘဲ လုပ်ကျွေးသမှုပြုခဲ့ကြသည်။ ငါတို့ဘဝတော်လေစွ၊ ယခုအခါ၌ ထိုအရှင်ထံ၌ တရားနာခြင်းကို ရအပ်လေပြီ"

ဟုနှစ်သက်ဝမ်းမြောက်ကြလေသည်။

ဘုရားရှင်သည် ထိုနေ့နံနက်စောစော လောကကိုကြည့်သည် ရှိသော်ဝနဝါသီတိဿမဏေ၏ ဒါယိကာ၊ ဒါယိကာမတို့ကို ဉာဏ်တော်ကွန်ရက်၌ ပေါ်တော်မူလေသည်။

"အကြောင်းအသို့နည်း"

ဟုဆင်ခြင်စူးစမ်းတော်မူသည်။

"ဝနဝါသီတိဿသာမဏေ၏ အလုပ်အကျွေးဖြစ်ကုန်သော ဒါယိကာ ဒါယိကာမတို့သည် အချို့ကားသာမဏေကိုနှစ်သက်ကြကုန်၏၊ အချို့ကား

www.dhammaransi.com



အမျိုက်ယွက်ကြကုန်၏။ ငါ၏ သားတော် တိဿသာမဏေသည် အမျက်ထွက်ကုန်သောသူတို့သည်ငရဲသို့ကျရောက်ရန် အကြောင်းရှိလတ္တံ့၊ သို့အတွက်ငါဘုရားသည် ထိုအရပ်သို့ကြွသွားခြင်းငှာသင့်၏။

ငါဘုရားကြွသွားသည်ရှိသော် အလုံးစုံသော ဒါယကာ၊ ဒါယိကာမတို့သည် သာမဏေ၌ မေတ္တာစိတ်ကိုဖြစ်စေ၍ ဆင်းရဲမှလွတ်ကုန်လတ္တံ့"

ဟုဘုရားရှင်က ကြံစည်တော်မူလေသည်။။

ထိုအချိန်ဝယ်ရွာသူရွာသားတို့ကလည်း ရဟန်းသံဃာတော်အပေါင်းတို့ကိုပင့်ဖိတ်ပြီးလျှင် ရွာ၌မဏ္ဍပ်ဆောက်လုပ်ကာယာဂုစသည်တို့ကိုစီမံဆောင်ရွက်ထားကြလေသည်။ ရဟန်းသံဃာအပေါင်း ကြွတော်မူလာခြင်းကို စောင့်ဆိုင်းမျှော်နေကြသည်။

ရဟန်းတော်တို့သည် ကိုယ်လက်သုတ်သင်ခြင်းကို ပြုပြီးလျှင် ဆွမ်းခံချိန် ရောက်သောအခါ ရွာသို့ဆွမ်းခံထွက်ရန် ပြင်ဆင်ကြသည်။

"ငါ့ရှင်တိဿ အသို့နည်း ငါတို့နှင့်အတူလိုက်မည်လော သို့မဟုတ် နောက်မှလိုက်မည်လော"

"တပည့်တော်၏ သွားအံ့သောအချိန်ကာလရောက်မှ တပည့်တော် လိုက်ခဲ့ပါမည်ဘုရား။ အရှင်ဘုရားတို့သာ ဦးစွာကြွနှင့်ပါဘုရား"

ရဟန်းအပေါင်းတို့သည် သပိတ်သင်္ကန်းကိုယူလျက် ရွာသို့ဆွမ်းခံဝင်ကြလေသည်။

ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌သာလျှင် သင်္ကန်းတော်ကို ရုံပြီး သပိတ်ကိုယူကာ စိတ္တက္ခဏတစ်ခုအတွင်း ကြွတော်မူ၍ ရဟန်းတော်တို့၏ရှေ့၌ ရပ်တော်မူလျက်သာလျှင် ကိုယ်တော်ကိုထင်ရှားပြတော်မူသည်။

မြတ်စွာဘုရား ကြွလာတော်မူ၍ တစ်ရွာလုံး ချောက်ချား၍ အုတ်အုတ်ကျက်ကျက်ဖြစ်ကြရလေသည်။

ရွာသူရွာသားတို့သည် ရှင်လန်းနှစ်သက်တက်ကြွသော စိတ်ရှိကုန်သည်ဖြစ်၍မြတ်စွာဘုရားအမှူးရှိသော ရဟန်းတော်အပေါင်းကိုမဏ္ဍပ်၌သီတင်းသုံးနေစေပြီးလျှင် ယာဂုနှင့်ခဲဖွယ်တို့ကို ဆက်ကပ်လှူဒါန်းကြလေသည်။

ရဟန်းတော်များ ဘုဉ်းပေးခြင်းကိစ္စပြီးမှ သာမဏေသည် ရွာတွင်းသို့ဝင်လာသည်။

ရွာသူရွာသားတို့သည် သာမဏေကိုကောင်းမွန်စွာ လောင်းလှူကြသည်။ သာမဏေသည် မျှတသော ဆွမ်းကိုအလှူခံပြီးလျှင် ဘုရားရှင်ထံချဉ်းကပ်ကာ ဆွမ်းသပိတ်ကို လှူဒါန်းဆက်ကပ်သည်။

www.dhammaransi.com


မြတ်စွာဘုရားရှင်သည်

"ချစ်သားတိဿ ဆောင်ယူခဲ့လော"

ဟုမိန့်ကြားပြီးလက်တော်ကို ဆန့်တန်းကာ သပိတ်တော်ကို လှမ်းယူပြီးလျှင်

"ချစ်သား သာရိပုတ္တရာ သင်၏ တပည့်ရင်းဖြစ်သော သာမဏေ၏ သပိတ်ကိုမြင်၏လော"

ဟုမိန့်တော်မူလျက် အရှင်သာရိပုတ္တရာမထေရ်အား သပိတ်တော်ကို ပြတော်မူသည်။ မထေရ်သည် ဘုရားရှင်လက်ထဲမှ သပိတ်တော်ကို ယူပြီးလျှင် သာမဏေအားလက်လှမ်းပေးသည်။

"ချစ်သားသွားချေ၊ မိမိရောက်သော နေရာ၌ထိုင်၍ ဆွမ်းစားခြင်းကိုစွပြီးစေလော"

ရှာသူရှာသားတို့သည် ဆွမ်းလုပ်ကျွေးပြီးသော် ဘုရားရှင်ကို ရှိသေစွာရှိခိုးလျက် အနုမောဒနာတရားဟောခြင်းကို တောင်းပန်လျက်လျှောက်ထားကြသည်။

"ဒါယိကာတို့ သင်တို့အရတော်လေစွ၊ သင်တို့သည် မိမိ၏ ဆရာဖြစ်သော သာမဏေကိုအမှီပြု၍ သာရိပုတ္တရာ၊ မောဂ္ဂလာန်၊ ကဿပ၊ အနုရုဒ္ဓါ၊ ဥပါလိ၊ ပုဏ္ဏစသော အသီတိမဟာသာဝက တို့ကိုဖူးမြော်ခြင်းငှာရကြကုန်၏။ ငါဘုရားသည်လည်း သင်တို့၏ ဆရာကိုအမှီပြု၍ ကြွလာတော်မူရ၏။ အသင်ဒါယကာ ဒါယိကာမတို့ ငါဘုရားကို ဖူးမြင်ရခြင်းသည် အသင်တို့၏ ဆရာသာမဏေကို အမှီပြု၍သာရအပ်ခြင်းဖြစ်လေသည်။ အသင်ဒါယကာတို့သည် အရတော်လေစွတကား၊ ကောင်းစွာရအပ်လေသည်တကား"ဟုမိန့်ကြားတော်မူလေသည်။

"ကြြဘ် အံ့ဖွယ်ရှိလေစွတကား၊ ငါတို့ကား အရတော်လေစွတကား မြတ်စွာဘုရားနှင့် ရဟန်းသံဃာများအား နှစ်သိမ့်စေခြင်းငှာ စွမ်းနိုင်သော ငါတို့၏အရှင်ကို ဖူးမြင်ခြင်းငှာ ငါတို့ရပေသည်။ ထိုအရှင်အား လှူဖွယ်ဝတ္ထုတို့ကိုလှူဒါန်းပူဇော်ခြင်းငှာလည်း ငါတို့ရပေသည်။

ဟုသာမဏေအပေါ်၌ အမျက်ထွက်သော သူတို့သည်လည်းနှစ်သက်ရွှင်လန်းဝမ်းမြောက်ကြလေသည်။

ယခင်က နှစ်သက်ပြီးသော သူတို့ကလည်း အတိုင်းထက်အလွန်ကြည်ညိုမြတ်နိုးကြလေသည်။

ဘုရားရှင်၏ အနုမောဒနာတရား၏ အဆုံးဝယ် များစွာသော

www.dhammaransi.com



သူတို့သည် သောတပတ္တိဖိုလ် စသည်တို့ကို ရောက်ကြလေသည်။

မြတ်စွာဘုရားသည် နေရာမှထ၍ ကြွသည်ရှိသော် လူတို့သည် ဘုရားရှင်နောက်သို့ အစဉ်လိုက်ပို့ပြီးမှ ရှိခိုးဦးချကာ ပြန်လည်ဆုတ်နစ်ကြလေသည်။

မြတ်စွာဘုရားရှင်သည် တိဿသာမဏေနှင့် ရင်ဘောင်တန်း အတူတကွ ဖြည်းညှင်းစွာ ကြွသွားတော်မူရင်း သာမဏေကို အရပ်ဒေသ အမည်တို့ကို မေးမြန်းတော်မူသည်။ သာမဏေကလည်း ယခင် မိမိလာစဉ်က ဥပါသကာကြီးက မိမိအားလျှောက်ထားခဲ့သော အရပ်ဒေသအမည်တို့ကို ဘုရားရှင်အား လျှောက်ထားသည်။

ဤသို့ဖြင့်အတူလျှောက်လာကြရာသာမဏေ၏နေရာတောရကျောင်းသို့ရောက်လာသည်။ ဘုရားရှင်သည် သာမဏေနှင့်အတူတောင်ထိပ်သို့ တက်တော်မူသည်။

တောင်ထိပ်မှနေ၍ကြည့်လျှင် ပင်လယ်သမုဒ္ဒရာပြင်ကို လှမ်းမြင်ရလေသည်။

"တိဿ ဤတောင်ထိပ်မှနေ၍ ဟိုဟိုဒီဒီကြည့်သည်ရှိသော် အဘယ်ကိုမြင်ရပါသနည်း"

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား မဟာသမုဒ္ဒရာကို မြင်ရပါသည်ဘုရား"

"တိဿ မဟာသမုဒ္ဒရာကို မြင်ရလျှင် သင်မည်သို့သောအကြံအစည်ကို ကြံစည်ပါသလဲ"

"မြတ်စွာဘုရား ဆင်းရဲဒုက္ခရောက်တိုင်း တွေ့ကြုံရတိုင်း ငိုကြွေးခဲ့ရသော ငါ၏မျက်ရည်များသည် ဤသမုဒ္ဒရာလေးစင်းရေထက် အလွန်အလွန့်များသည်ဖြစ်တန်ရာ၏ဟူ၍ တပည့်တော်ကြံမိပါသည်ဘုရား"

ချစ်သား တိဿ၊ သာဓု၊ သာဓု၊ သာဓု သင်လျှောက်ကြားသော စကားအတိုင်း ဟုတ်မှန်လှပေ၏။

"သမုဒ္ဒရာလေးစင်း၌ ရှိသောရေသည်နည်းလှ၏။ ဆင်းရဲခြင်းဖြင့် တွေ့သောသူအား (ဝါ) သတ္တဝါ၏ စိုးရိမ်ခြင်းကြောင့်ဖြစ်သော မျက်ရည်သည် ထိုထက်ပင် များလှပေ၏။ ထိုသည်ကို အဘယ်ကြောင့်မေ့နေဘိပါသနည်း"

ဟုဘုရားရှင်က ဟောကြားတော်မူသည်။

"ချစ်သား တိဿ သင်ဘယ်အရပ်မှာ နေပါသလဲ"

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်သည် ဤတောင်ဝှမ်း၌ နေပါသည်ဘုရား"

www.dhammaransi.com


"ချစ်သား တိဿ၊ တောင်ဝှမ်း၌ နေစဉ်သင်သည် အဘယ်အကြံ အစည်ကို ကြံစည်ပါသနည်း"

"မြတ်စွာဘုရား၊ ငါသေသဖြင့် အလောင်းကောင်ပစ်ချသည်ကို ပြုရခြင်း၏ အပိုင်းအခြားသည် မရှိပြီဟု ကြံစည်မိပါသည်ဘုရား"

"ချစ်သားတိဿ သာဓု သာဓု သာဓု ချစ်သား တိဿသင်လျှောက် ကြားသောစကားအတိုင်း မှန်လှပေသည်။ ဤသတ္တဝါတို့ကား မဟာပထဝီ မြေကြီးထက်၌ လျောင်းအိပ်စက်လျက် မသေဘူးသော နေရာမည်သည် မရှိပါချေ"

ထို့နောက် ဘုရားရှင်က ဤသို့ဆက်ဟောကြားခဲ့သည်။

"ဤအရပ်၌ ဥပသာဠအမည်ချည်းသာ တွင်ကုန်သည်ဖြစ်၍ ဝစ်သောင်းလေးထောင်ကုန်သော အလောင်းကောင်တို့ကို ဖုတ်ကြည်း သင်္ဂြိုဟ် အပ်ကုန်ပြီ၊ လောက၌ မသေဘူးသည်ဖြစ်သော အရပ်မည်သည် (ဝါ) သုသာန်မဟုတ်သော အရပ်မည်သည်မရှိပါ"

အကြွင်ပုဂ္ဂိုလ်၌

- သစ္စာလေးပါးသိကြောင်း၊ ရှေးအဘို့သစ္စာဉာဏ်လည်းကောင်း
- ကုသိုလ်တရားသည်လည်းကောင်းရှိ၏
- သီလစောင့်ရှောက်ခြင်းသည်လည်းကောင်းရှိ၏
- ဣန္ဒြေဆုံးမခြင်းသည်လည်းကောင်းရှိ၏

ဤဂုဏ်လေးပါးအပေါင်း၌ ရှိသောပုဂ္ဂိုလ်ကို ပစ္စေက ဗုဒ္ဓါသာဝက တို့သည် မှိဝဲဆည်းကပ်ကြကုန်၏။ လောက၌ ဤဂုဏ်လေးပါးအပေါင်းသည် သေခြင်းကင်းသည်ကို ပြုတတ်သောကြောင့် အနာမတမည်ပေသည်"

ထို့နောက်ဘုရားရှင်က တိဿသာမဏေကို ဆက်မေးသည်

"ချစ်သားတိဿ ဤတောအုပ်၌ သစ်ကျူးအစရှိသော တော တိရစ္ဆာန်တို့၏ အသံဖြင့် ကြောက်ရွံ့ခြင်းဖြစ်လေသလော၊ မဖြစ်လေသလော"

"မြတ်စွာဘုရား ကြောက်ရွံ့ခြင်း တုန်လှုပ်ခြင်းမဖြစ်ပါ။ အမှန်မှာမူ တောတိရစ္ဆာန်တို့၏ အသံကိုကြားရလျှင် တော၌ဖြစ်သော မွေ့လျော်ခြင်းသာ ဖြစ်ပါသည်ဘုရား"

ထို့နောက် တိဿသာမဏေသည် ဂါထာခြောက်ဆယ်တို့ဖြင့် တောဇာ၏သာယာဖွယ်ကောင်းပုံ တို့ကိုလျှောက်ထားပြလေသည်။

"ချစ်သားတိဿ"

" မှန်လှပါ ရှိပါသည်ဘုရား"

www.dhammaransi.com



"ငါတို့သည် ပြန်ကြွမည်၊ သင်သည်ငါတို့နှင့် လိုက်မည်လော၊ နေခဲ့မည်လော"

"မြတ်စွာဘုရား၊ တပည့်တော်၏ ဥပဇ္ဈာယ်ဆရာက လိုက်စေလိုက လိုက်ပါမည်၊ နေစေလိုက နေခဲ့ပါမည်ဘုရား"

မြတ်စွာဘုရားသည် ပြန်လည်ကြွတော်မူသည်။ ရှင်သာရိပုတ္တရာ ညကြီးအရပ်မှာပင် နေလိုသော ဆန္ဒရှိသည်ကိုသိ၍ ရှင်သာရိပုတ္တရာမထေရ်ကလည်း

"ငါ့ရှင်တိဿ သင်နေလိုက နေခဲ့ပါ" ဟုမိန့်ကြားလေသည်။

ရှင်သာမဏေသည် ဘုရားရှင်နှင့် ရဟန်းအပေါင်းတို့ကို ရိုသေစွာ ရှိခိုးပြီးလျှင် တောအရပ်မှာပင် နေခဲ့လေသည်။

ရဟန်းတို့သည် ဇေတဝန်ကျောင်း၊ တရားသဘင်အစည်းအဝေး၌ ဝနဝါသီတိဿသာမဏေ၏ ဘဝနှင့် ပတ်သက်၍ မိဘတို့ကဃနာနှိုးဆွမ်း ကပ်ပုံ၊ ကမ္ဗလာသင်္ကန်းတစ်ထောင်ရပုံ၊ အလှူနံလာဘ်များသည် စွန့်ပယ်၍ တောအရပ်သို့သွားရောက်နေထိုင်ပုံ၊ ဝနဝါသီတိဿ သာမဏေပြုနိုင်ခဲ့သော စွန့်နိုင်ခဲ့သော အရာတို့ကို ပြုနိုင်စွန့်စားနိုင်ပုံကို ချီးကျူးပြောဆိုနေကြသည်။

ဘုရားရှင်သည် ကြွလာတော်မူ၍ ရဟန်းတို့၌ ဖြစ်ပေါ်သော တရားစကားကိုမေးသည်။ ရဟန်းတို့ကလည်း ဝနဝါသီတိဿသာမဏေ ပြုနိုင်ခဲ့သည်တို့ကို ပြုနိုင်ပုံအကြောင်းစုံကို လျှောက်ထားကြသည်။

"ချစ်သားရဟန်းတို့ မှန်လှပေ၏။ လာဘ်ကိုမှီ၍ ကျင့်သောအကျင့် အမည်ဟာတစ်မျိုးတစ်ခြားဖြစ်၏။ ဤသို့ ကျင့်သည်ရှိသော် လာဘ်ကိုရအံ့ဟူ၍ အရည်ကင်စသော ဓူတင်ကို ဆောက်တည်သည်၏ အစွမ်းဖြင့် လာဘ်ကိုမှီး၍ ဆောက်တည်သော ရဟန်းအား အပါယ်လေးဘုံ ဝံခါးသည် ဟင်းလင်းပွင့်ကုန်၏။

နိဗ္ဗာန်သို့ ရည်ရွယ်၍ လာဘ်ကိုမငဲ့ဘဲ လာဘ်ကိုစွန့်၍ တောသို့ဝင် ကာကောင်းမွန်စေ့ဆော်တတ်သော လုံ့လဥဿာဟဝီရိယရှိသော ရဟ... ...သည် အရဟတ္တဖိုလ်သို့ ရောက်ရလေ၏။

ဟူ၍ ဘုရားရှင်က ရဟန်းတို့ကို ဟောကြားလေသည်။

ဤလောက၌ လာဘ်ရကြောင်း အကျင့်သည်တစ်ခြားဖြစ်၏။ နိဗ္ဗာန်ရကြောင်း အကျင့်သည်ကား တစ်ခြားဖြစ်ပါသည်။

လာဘ်ကိုရလိုသော ရဟန်းသည်အနည်းငယ်သော အကုသိုလ်အမှုကိုပြုရ၏။ ကိုယ်၏ကောက်ကျစ်စဉ်းလဲခြင်း စသည်တို့ကို ပြုအပ်ကုန်၏။

---

www.dhammaransi.com

အကြင်အခါ၌ ကောက်ကျစ်စဉ်းလဲခြင်း တစ်ခုခုကို ပြု၏။ ထိုအခါ လာဘ်လာဘသည် ဖြစ်ပေါ်လာတတ်သည်။

ဥပမာ– နို့ဃနာခွက်၌ ကောက်ကွေးခြင်း မပြုဘဲ ဖြောင့်ဖြောင့် တန်းတန်းဖြင့်သာ လက်ကိုချ၍ ပြန်နှုတ်ယူသည်ရှိသော် ထိုသူ၏ လက်သည် နို့ဃနာ လိမ်းကျံရုံမျှသာရှိမည်။

လက်ကိုကောက်ကွေး၍ နို့ဃနာခွက်မှ လက်ကိုထုတ်သည်ရှိသော် နို့ဃနာအစိုင်အခဲများသည် ထုတ်ကော်သကဲ့သို့ ထွက်ပေါ်လာပါသည်။

ဤဥပမာအရ ကောက်ကျစ်စဉ်းလဲခြင်း စသည်ကို ပြုသောအခါ၌သာလျှင် လာဘ်လာဘသည် ဖြစ်ပေါ်တတ်ပါ၏။

ဤကား တရားနှင့်မညီသော လာဘ်ရကြောင်း အကျင့်မည်ပါသည်။

- ခန္ဓာကိုယ်ဥပဓိပြည့်ဖြိုးခြင်း
- သက်န်းညီစွာ ဆောင်ခြင်း
- အကြားအမြင် ဗဟုသုတရှိခြင်း
- အခြံအရံကောင်း ပြည့်စုံခြင်း
- တောကျောင်း၌နေခြင်း

ဤသို့ သဘောရှိသော အကြောင်းတို့ကြောင့် ဖြစ်ပေါ်လာသော လာဘ်လာဘသည် တရားနှင့်အညီ ဖြစ်ပေါ်လာသော လာဘ်မည်ပါသည်။

နိဗ္ဗာန်ရကြောင်း အကျင့်ကောင်းကို ဖြောင့်တန်းစွာ ဖြည့်ကျင့်လိုသော ရဟန်းသည် ကိုယ်၏ကောက်ကျစ်စဉ်းလဲခြင်း စသည်တို့ကို ပယ်စွန့်အပ်သည်။

မကန်းသော်လည်း ကန်းသကဲ့သို့
မအသော်လည်း အသကဲ့သို့
နားမပင်းသော်လည်း ပင်းသကဲ့သို့ဖြစ်သင့်၏
ကောက်ကျစ်စဉ်းလဲခြင်းမှ ကင်း၍ လှည့်ဖြားခြင်းမှကင်းလွတ်သူ ဖြစ်ရပါမည်။

ရဟန်းကောင်းသည် လာဘ်ရကြောင်းနှင့် နိဗ္ဗာန်ရကြောင်း တရားနှစ်ပါး၏ ကွဲပြားမှုကို ဘုရားရှင်ဟောကြားသော တရားတော်အရ ကောင်းစွာ သိသဖြင့်လည်းကောင်း၊ တားမြစ်သည်ကိုလိုက်နာ စောင့်ထိန်းသဖြင့် လည်းကောင်း တရားနှင့်မညီသော ပစ္စည်းလေးပါး ပူဇော်မှုကို ခံမင်စုံမက်နှစ်သက်ခြင်းမပြုရပါ။

www.dhammaransi.com



– တရားနှင့်လျော်ညီသော ပစ္စည်းလေးပါး ပူဇော်မှုကိုလည်း ပိတ်ပင်တားဆီး မဖျက်ဆီးရပါ။

– တစ်ကိုယ်တည်းအဖြစ်ဟူသော ကာယဝိဝေက
– သမာပတ်ရှစ်ပါးဟူသော စိတ္တဝိဝေက
– နိဗ္ဗာန်ဟူသော ဥပဓိဝိဝေက

ဤဝိဝေက သုံးပါးတိုးပွားအောင် ကျင့်သုံးဖြည့်ကျင့်ရသည်။

ကာယဝိဝေကသည် အပေါင်းအဖော်၌နေခြင်းကိုပယ်ဖျောက်သည်။

ဥပဓိဝိဝေကသည် သင်္ခါရတရားအပေါင်း၌ နေခြင်းကို ပယ်ဖျောက်တတ်သည်။

စိတ္တဝိဝေကသည် ကိလေသာအပေါင်း၌ နေခြင်းကို ပယ်ဖျောက်တတ်သည်။

ကာယဝိဝေကသည် စိတ္တဝိဝေက၏အကြောင်းအထောက်အပံ့ဖြစ်သည်။

စိတ္တဝိဝေကသည် ဥပဓိဝိဝေက၏ အကြောင်းအထောက်အပံ့ဖြစ်သည်။

ဤဝိဝေကသုံးပါးကို တိုးပွားအောင် ကျင့်ရမည်။ ဘုရားရှင်၏ ဒေသနာတော်အဆုံးဝယ် များစွာသော သူတို့သည် သောတာပတ္တိဖိုလ်တည်ကြလေသည်။

## သောပါကကိုရင်

သိဒ္ဓတ္ထဘုရားရှင်ပွင့်တော်မူသော အချိန်ကာလဖြစ်သည်။

သောပါက သာမဏေငယ်လောင်းသည် သူကြွယ်တစ်ဦး၏ သားဖြစ်လေသည်။

တစ်နေ့တွင် အမျိုးသားသည် ဘုရားရှင်ကို ဖူးတွေ့ရ၍ သစ်သီးများကိုဘုရားရှင်အား ပေးလှူလေသည်။ မြတ်စွာဘုရားသည် ထိုအမျိုးသားကို ချီးမြှောက်သောအားဖြင့် ထိုသစ်သီးများကို ဘုဉ်းပေးသုံးဆောင်လေသည်။

ထိုအမျိုးသားသည် မြတ်စွာဘုရားရှင်နှင့် သံဃာတော်များကို အလွန်ကြည်ညိုသည်ဖြစ်၍ သံဃာက ရည်ညွှန်းအပ်သော သံဃာ(၃)ပါးကို နေ့စဉ်နို့ဆွမ်းကို ပေးလှူခဲ့လေသည်။

ထိုအမျိုးသားသည် ထိုကုသိုလ်ကံကောင်းမှုတို့ကြောင့် နတ်ပြည်ဝယ်ကျင်လည်ခဲ့ရသည်။

www.dhammaransi.com


ဘဝတစ်ခုတွင် လူ့အဖြစ်ကိုရပြန်၍ ပစ္စေကဗုဒ္ဓါတစ်ပါးကို နို့ယနာဆွမ်းကို ပေးလှူခဲ့ပြန်လေသည်။

ထိုအမျိုးသားသည် ရောက်လေရာ ဖြစ်လေရာ ဘဝတို့ဝယ် ကုသိုလ်ကောင်းမှုအစုစုတို့ကို ပြုလုပ်သဖြင့် သုဂတိဘုံဘဝတို့၌သာ ကျင်လည်ခဲ့ရလေသည်။

ယခုဂေါတမ ဘုရားရှင်ပွင့်တော်မူသောအခါဝယ် ရှေးကပြုခဲ့ဖူးသောအကုသိုလ်ကံဝဠ်ကျွေးတစ်ခုကြောင့် သာဝတ္ထိပြည်ဝယ် မထင်ရှားသောဆင်းရဲသော အမျိုး၌ ပဋိသန္ဓေယူခဲ့ရသည်။

ထိုသားသန္ဓေဆယ်လပြည့်၍ မွေးကာနီးကာလဝယ် မိခင်သည်သားကိုမမွေးဖွားနိုင်ဘဲ ရှည်ကြာစွာ သတိမေ့မြောသွားခဲ့ရသည်။

လူတို့သည် ထိုအမျိုးသမီးကိုသေပြီဟု မှတ်ထင်ကာ သုသာန်သို့ သယ်ဆောင်ပြီးလျှင် ထင်းပုံ၌တင်ကာ မီးသင်္ဂြိုဟ်ရန် စီမံကြသည်။

ထိုအချိန်ဝယ် နတ်တို့၏အာနုဘော်ကြောင့် လေပွေလေပြင်းများကျလာသဖြင့် မီးသင်္ဂြိုဟ်မည့်သူတို့သည် အလောင်းတင်ရာ ထင်းပုံကိုမီးမရှို့နိုင်ဘဲ ပြန်ကြလေသည်။

မွေးဖွားမည့်သူငယ်သည် နောက်ဆုံးဘဝ လူဖြစ်ရမည့်သူဖြစ်၍ နတ်တို့၏ အာနုဘော်ကြောင့် ရောဂါကင်းစွာ မိခင်ဝမ်းမှ မွေးဖွားလာခဲ့သည်။ မိခင်မူကား မွေးပြီးလျှင်ပြီးချင်း သေဆုံးလေသည်။

နတ်တို့သည် လူ့အသွင်ကိုယူကာ ကလေးကိုယူဆောင်ကာ သုသာန်စောင့်အိမ်၌ ထားခဲ့ကြသည်။ နှစ်ရက် သုံးရက် သင့်တော်သော အဟာရဖြင့် ကျွေးမွေးပေးထားကြသည်။

ထို့နောက်မှ သုသာန်စောင့်သည် ကလေးကိုတွေ့၍ ကောက်ယူမွေးစားထားလေသည်။ သူငယ်သည် သုသာန်၌ မွေးဖွားကြီးပြင်းလာရသူဖြစ်၍ သူငယ်ကို သောပါကဟူ၍ အမည်ပေးထားသည်။

သောပါက သူငယ်အသက်(၇)နှစ်အရွယ်အရောက်တွင် ဘုရားရှင်၏ဉာဏ်တော်ကွန်ရက်တွင် သောပါက သူငယ်သည် ထင်မြင်လာသည်။

ဘုရားရှင်သည် ထိုသူငယ်၏အကြောင်း ဉပနိဿယရှိ မရှိကိုဆင်ခြင်သည်ရှိသော် နောက်ဆုံးဘဝဖြစ်ရမည့်အဖြစ်ကို သိတော်မူ၍ သုသာန်သို့ ပာစ်ပါးတည်း ကြွသွားတော်မူလေသည်။

သောပါက သူငယ်သည် အတိတ်ဘဝက ပြုခဲ့သော ကုသိုလ်ဇောအဟုန်က ထောက်ပံ့လာသဖြင့် ဘုရားကိုမြင်ရလျှင် ကြည်ညိုသော စိတ်ရှိ

www.dhammaransi.com


သည်ဖြစ်၍ ဘုရားရှင်ထံသို့ ချည်းကပ်သွားပြီးလျှင် ရှိခိုး၍ ရပ်တည်နေလေသည်။

ဘုရားရှင်သည် သူငယ်ကိုတရားဟောတော်မူသည်။ သူငယ်သည် ဘုရားရှင်ထံမှ တရားတော်ကို နာယူပြီးသောအခါ ဘုရားရှင်ထံ ရှင်သာမဏေ ပြုခွင့်တောင်းလေသည်။

ဘုရားရှင်က မိဘတို့ခွင့်ပြုမှ ရှင်ပြုပေးမည်ဟု မိန့်ကြားသောအခါ သောပါကသူငယ်သည် မွေးစားဖခင်သုသာန်စောင့်ထံသို့ ရောက်သွား၍ ရှင်သာမဏေပြုခွင့်ကို တောင်းပန်လေသည်။

မွေးစားဖခင်ကလည်း အနူးအညွတ်ဝမ်းမြောက်ဝမ်းသာ ခွင့်ပြုပြီး လျှင်သူငယ်ကို ဘုရားရှင်ထံသို့ လိုက်ပို့ပေးလေသည်။

"အရှင်ဘုရား ဤသူငယ်ကို ရှင်သာမဏေပြုပေးတော်မူပါဘုရား"

ဟုလျှောက်ထားသည်။

မြတ်စွာဘုရားရှင်သည် သောပါက သူငယ်ကို ရှင်သာမဏေပြုပေး ပြီးလျှင် မေတ္တာဘာဝနာကို ပွားများစေသည်။

သောပါကသာမဏေသည် မေတ္တာကမ္မဋ္ဌာန်းကို ဘုရားရှင်ထံမှ သင်ယူပြီးလျှင် မိမိမွေးဖွားခဲ့သော သုသာန်၌ပင် နေ၍မေတ္တာစျာန်ကို အခြေခံ၍ ဝိပဿနာကိုပွားများရာ မကြာခင် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်ဆိုက်ရောက်ပြီး ရဟန္တာဖြစ်တော်မူလေသည်။

## ငါးနှစ်သား ရဟန္တာပဋိသမ္ဘိဒါလသမာဒါနိယကိုရင်ဝယ်

အနောမာဒဿီ ဘုရားရှင်လက်ထက်ဖြစ်သည်။ စန္ဒဝတီမြို့တွင် သူဆင်းရဲသားတစ်ယောက်သည် သူ့ခစားအလုပ်ကို လုပ်ရသည်။ သူ့ခစားအလုပ်ကို လုပ်နေရ၍ ရဟန်းဝတ်ချိန်လည်းမရ ဖြစ်နေသည်။

မိမိ၏ တစ်ဝမ်းတစ်ခါးအတွက် သူ့ခစားလုပ်နေရ၍ အပိုအလိုမရှိ။ အပိုအလိုမရှိ၍ လှူဖွယ်ဝတ္ထုကလည်းမရှိဖြစ်နေရသည်။ ထိုဆင်းရဲသားသည် တစ်နေ့တွင် စဉ်းစားမိသည်။

"ငါမှာ အသက်ရှင်နိုင်ရေးအတွက် သူများအိမ်မှာအခစား လုပ်နေရသည်။ လှူရန်ကလည်း ပစ္စည်းမရှိ၊ ကြီးစွာသော အမိုက်မှောင်ပိတ်ဖုံးအပ်သောသတ္တဝါတို့သည် မီးသုံးပါးတို့ဖြင့် လောင်မြိုက်ကုန်၏။ အဘယ်သို့သော အကြောင်းဖြင့် ငါသည် ဝဋ်ဆင်းရဲမှ လွတ်အောင် ပြုလုပ်ရမည်နည်း၊ ငါသည် ငါးပါးသီလကို ပြည့်စုံစေလျက် စောင့်ရှောက်ပါရမူ ကောင်းလေစွ"

www.dhammaransi.com



ဆင်းရဲသားသည် ဤသို့စဉ်းစားမိလျှင် အနောမာဒဿီ ဘုရားရှင်၏တပည့်နိသကမထေရ်ကြီးထံသို့သွားရောက်ကာ ငါးပါးသီလကို ဆောက်တည်လေသည်။

ထိုဘုရားရှင်လက်ထက် လူတို့၏သက်တမ်းသည် အနှစ်တစ်သိန်းရှိသည်။ ဆင်းရဲသားသည် ထိုနှစ်ထိုကာလဝယ် မိမိစောင့်ထိန်းသော ငါးပါးသီလကိုပင် အောက်မေ့၍ကွယ်လွန်ခဲ့ရာ တာဝတိံသာနတ်ပြည်သို့ ရောက်လေသည်။

ထိုငါးပါးသီလကိုစောင့်ထိန်းသော ကုသိုလ်ဖောအရှိန်ကြောင့် သံသရာတစ်လျှောက်တွင် ကျင်လည်ရာတွင် သိကြားမင်းအကြိမ် (၃၀)၊ စကြာဝတေးမင်းဘဝအကြိမ် (၇၅)ကြိမ် ဖြစ်ရသည်။ ပဒေသရာဇ်မင်းအဖြစ်ကား မရေအတွက်နိုင်အောင် ရှိပါသည်။

ယခုဂေါတမ ဘုရားရှင်ပွင့်သောအချိန်ဝယ် ဝေသာလီပြည်၌ အလွန်ချမ်းသာကြွယ်ဝသော မဟာသာလမျိုး၌ သူဌေးသားငယ်ဖြစ်လာရသည်။

ငါးနှစ်သားအရွယ်ရောက်၍ တစ်နေ့သော ဝါဆိုဦးအချိန်တွင် မိဘတို့သီလဆောက်တည်သည်ကို တွေ့မြင်ရသည်။ သီလစကားကို ကြားရသည်နှင့်တစ်ပြိုင်နက် မိမိ၏သီလကို ပြန်လည်အောက်မေ့နိုင်ခဲ့ပြီး တစ်ထိုင်တည်း တရားကိုဆင်ခြင်ရာ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ဆိုက်ရောက်လေသည်။

ငါးနှစ်သား ပဉ္စသီလသမာဒါနိယသာမဏေသည် မိမိရဟန္တာဖြစ်သည်ရှိသော် မိမိဘဝကို မိမိဥဒါန်းကျူးရင့်ပြီး ဝမ်းမြောက်ဝမ်းသာဖြစ်ရလေသည်။

## ကောသမ္ဗီပြည်သားကိုရင်ငယ်

ကောသမ္ဗီပြည်သား တိဿမထေရ်သည် ကောသမ္ဗီပြည်၌ ဝါဆိုသည့်ဝါလကျွတ်သော် မထေရ်၏ ဒါယကာသည် တိစီဝရိတ် သင်္ကန်း၊ ထောပတ်၊ တင်လဲတို့ကိုယူဆောင်လာပြီးလျှင် မထေရ်၏ခြေရင်း၌ထားသည်။

"ဒါယကာ ဤဝတ္ထုကားအဘယ်နည်း"

"အရှင်ဘုရား အရှင်ဘုရားသည် တပည့်တော်၏ ကျောင်း၌ ဝါကပ်ခဲ့သည် မဟုတ်ပါလော"

"ဒါယကာ ဝါကပ်ခဲ့သည်ကမှန်ပါ၏"

"တပည့်တော်ကျောင်း၌ ဝါကပ်၍ ဝါကျွတ်သော မထေရ်တို့အတွက်

www.dhammaransi.com



လာဘ်လာဘရသင့်သည် မဟုတ်ပါလော၊ အရှင်ဘုရား ဤဝတ္ထုပစ္စည်းများကို အလှူခံတော်မူပါ''

ဒါယကာရှိစေတော့၊ ဤဝတ္ထုများကို အလိုမရှိပါ''

''အရှင်ဘုရား အဘယ်ကြောင့်ပါလဲဘုရား''

''ဒါယကာ ငါ့ထံ၌အပ်အောင်ပြုတတ်သော တပည့်သာမဏေ မရှိပါ''

''အရှင်ဘုရား၊ အရှင်ဘုရားထံ၌ ကပ္ပိယကာရကမရှိပါက တပည့်တော်၏ သားငယ်ကို အရှင်ဘုရားတို့ထံ၌ သာမဏေပြုစေပါမည်''

''ဒါယိကာ ကောင်းပါ၏''

မထေရ်က လက်ခံသောအခါ ဒါယကာသည် ခုနစ်နှစ်အရွယ်ရှိ မိမိ၏သားကို မထေရ်ထံသို့ပို့ကာ ရှင်ပြုပေးစေလေသည်။

ထိုအခါ မထေရ်သည် သူငယ်ကိုဆံချပေးရင်း တစပဉ္စကကမ္မဋ္ဌာန်းကိုပေးလေသည်။

သူငယ်သည် ဆံချ၍အပြီးတွင် ပဋိသမ္ဘိဒါနှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

မထေရ်သည် သူငယ်ကို ရှင်ပြုပြီးနောက်လခွဲလောက် ကောသမ္ဗီ၌ နေပြီးလျှင် ဘုရားရှင်ကိုဖူးမြင်ရန် သာမဏေကို ဘဏ္ဍာထုပ်ယူစေပြီးလျှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းသို့ သွားလေသည်။

လမ်းခရီးကြားတွင် ကျောင်းတစ်ကျောင်းသို့ ဝင်၍ တည်းခိုကြသည်။ သာမဏေသည် ကျောင်းသို့ရောက်သောအခါ ဥပဇ္ဈာယ်ဆရာ၏ အိပ်ရာနေရာတို့ကို သုတ်သင်ပြင်ဆင်ပေးသည်။

ထိုသို့ဆရာအတွက် ပြင်ဆင်နေသည့်အတွက် မိမိအတွက် အိပ်ရာနေရာကို မပြင်ဆင်နိုင်ချေ။

ထိုအခါ မိမိအနီး၌ လာရောက်ခစားနေသော သာမဏေကို ဆရာက

''သာမဏေ သင့်အတွက် အိပ်ရာနေရာပြင်ပြီးလော''

ဟုမေးသည်။

''အရှင်ဘုရား၊ တပည့်တော်အတွက် နေရာပြင်ရန် အချိန်မရ၍ မပြင်ရသေးပါဘုရား''

''ဒါဆို အမောင်သာမဏေ ငါ၏ အိပ်ရာနေရာခန်း၌သာ အိပ်ပါတော့၊ ဤနေရာသို့ အပြင်အပ မရောက်ဖူးသေး။ အတွေ့အကြုံ မရှိသေးသော သင်သည်အပြင်အပ၌ နေရာဆင်းရဲလိမ့်မည်''

www.dhammaransi.com


အိပ်ချိန်ရောက်သော် မထေရ်သည် သာမဏေငယ်ကိုခေါ်၍ကျောင်း အိပ်ရာသို့ဝင်သည်၊ မထေရ်သည် ပုထုဇဉ်ရဟန်းမျှသာ ဖြစ်၍အိပ်ရာ၌ လျောင်းအိပ်ကာမျှဖြင့်သာလျှင် အိပ်ပျော်ခြင်းသို့ရောက်လေသည်။

"ညဦးသုံးယံပတ်လုံး ဥပဇ္ဈာယ်ဆရာနှင့် အတူတကွအိပ်သည် ဖြစ်ပြီးအံ့။ ငါ၏ဥပဇ္ဈာယ်ဆရာ၌သဟသေယျသိက္ခာပုဒ်အရအာပတ်သင့်ရာ ရောက်ရာ၏။ ယခုညဉ့်၌ငါသည် အိပ်စက်ခြင်းမပြုဘဲ ညဦးသုံးယံကိုလွန်စေအံ့"

သာမဏေငယ်သည် ဤသို့ကြံစည်ပြီးလျှင် ဆရာ၏ အိပ်ရာဘေး ပလ္လင်ထက်ဝယ်ဖွဲ့ထိုင်နေလျက် ညဉ့်ကိုလွန်စေသည်။

မထေရ်သည် မိုးသောက်သောကာလ၌

"အိပ်ရာမှထ၍ သာမဏေကို အပြင်သို့ထွက်ရန်သင့်ပြီ"

ဟုကြံ၍ ညောင်စောင်းနံပါး၌ ထားသည့်ယပ်ကို ကိုင်ယူပြီးလျှင် ယပ်၏အဖျားဖြင့် သာမဏေ၏ ဖျာကိုခေါက်လိုက်ပြီးလျှင်

"သာမဏေအပြင်သို့ထွက်လော"

ဟုမိန့်ကြားပြီး ယပ်ကိုအထက်သို့ မြှောက်လိုက်ရာ ယပ်၏အရိုးနှင့် သာမဏေ၏ မျက်စိကို ထိခိုက်မိကာ သာမဏေ၏ မျက်စိသည်ကွဲပျက် လေသည်။

"အရှင်ဘုရား အကြောင်းကိစ္စရှိပါသလား"

"သာမဏေ လျင်မြန်စွာထ၍ အပြင်ထွက်ပါလော"

ထိုအခါ သာမဏေသည် မိမိ၏မျက်စိ ပျက်စီးသည်ကိုမလျှောက် ထားဘဲ မျက်စိကိုလက်တစ်ဖက်ဖြင့် ပိတ်ဖုံးအုပ်ပြီး လက်တစ်ဖက်ဖြင့် တံမြက်စည်းကို ကိုင်ကာကျောင်းပရဝုဏ်ဝစ္စကုဋီတို့ကို အမှိုက်လှဲသည်။ မျက်နှာသစ်ရေ၊ ဒန်ပူတို့ကိုအသင့်ပြုလုပ်ပေးလေသည်။

သာမဏေငယ်သည် ဆရာကို ဒန်ပူ၊ ရေတို့ကို ကပ်သောအခါ သက်ကစ်ဖက်ဖြင့်သာ ပေးကပ်လေသည်။

"အမောင် သာမဏေသင်သည် ဆရာဥပဇ္ဈာယ်တို့အား ပြုရသော ဝတ်ကိုမသိဖူးလော၊ ဥပဇ္ဈာယ်ဆရာကို မရိုမသေလက်တစ်ဖက်ဖြင့်သာ ဒန်ပူ ကိုပေးရသလော"

"အရှင်ဘုရား ဥပဇ္ဈာယ်ဆရာကို လက်တစ်ဖက်ဖြင့် ဒန်ပူ မကပ်ကောင်းသည်ကို သိပါ၏။ သိပါသော်လည်း တစ်ဘက်သော လက်သည် အချည်းနှီးမအားလပ်ပါသောကြောင့် တစ်ဖက်သောလက်ဖြင့်သာ ပေးရပါ သည်ဘုရား"

www.dhammaransi.com



"သာမဏေအကြောင်းက မည်သို့နည်း"

ထိုအခါသာမဏေက မိမိ၏ ဖြစ်ပျက်ပုံ အကြောင်းစုံကို လျှောက်ထားပြသည့် ဥပဇ္ဈာယ်ဆရာသည့် သာမဏေ၏ စကားကို ကြားလျှင် ထိတ်လန့်တုန်လှုပ်နေသော စိတ်ရှိသည်ဖြစ်၍

"သာမဏေ ငါသည် ဝန်လေးသော အမှုကိုပြုမိလေစွတကား၊ ... ဦးခံနိုင်သော စွမ်းအားရှိသော သာမဏေ မသိသည့်အလျောက် မိုက်မှားပြုမိသော ငါ့အားအပြစ်တဖန် မပြုဘဲသည်းခံပါလော၊ သင်၏ ဆရာငါသည် သင်၏မျက်စိပျက်စီးမှုကို မသိပါလေ။ သူတော်ကောင်းအစစ်ဖြစ်သော မောင်ရှင်သာမဏေ သင်သည်မသိသည့်အလျောက် မိုက်မှားမိသော ငါဆရာ မထေရ်၏ ဆောက်တည်မှီခိုရာဖြစ်ပါလေတော့"

ဟုဝန်ချတောင်းပန်လေသည်။

"အရှင်ဘုရား တပည့်တော်မျက်စိပျက်စီးသည်ကို လျှောက်ထားခြင်းမှာ အရှင်ဘုရားအပြစ်ကို ဝန်ချကန်တော့စေလို၍ မဟုတ်ပါ။ အရှင်ဘုရားအမျက်ထွက်မည်ကို စောင့်ရှောက်စေလို၍ ဤသို့သောအကြောင်းစကားကို တပည့်တော် လျှောက်ထားရခြင်းဖြစ်သည်ဘုရား။ တပည့်တော်မျက်စိကွယ်ရခြင်းသည် အရှင်ဘုရားအား အပြစ်မရှိပါ။ တပည့်တော်မှာလည်း အပြစ်မရှိပါ အမှန်စင်စစ် ကျင်လည်ပြေးသွားရာ သံသရာဝဋ်သာလျှင် ဤသို့သော အပြစ်ဖြစ်ပါသည်။ အရှင်ဘုရားသည် ကြောင့်ကြပူပန်စိုးရိမ်ခြင်း မဖြစ်ပါစေလင့်၊ တပည့်တော်သည် အရှင်ဘုရားအား ဤကဲ့သို့ နှလုံးမသာက် မသာကျင်နာဖောက်ပြန်ခြင်း မဖြစ်စေလိုပြီ၊ ကောင်းစွာစောင့်ရှောက်လိုပါသဖြင့် အစဦးက မလျှောက်ထားဘဲ တိတ်တဆိတ်နေပါသည်ဘုရား"

မထေရ်သည် သာမဏေငယ်က နှစ်သိမ့်စေသော်လည်း သက်သာရာကိုမရနိုင်ဘဲ ထိတ်လန့်တုန်လှုပ်ဖြစ်ပွား ခံစားလျက်သာ သာမဏေ၏ ဘဏ္ဍာထုပ်ကို မိမိကိုယ်တိုင်ယူလျက် မြတ်စွာဘုရားရှိရာ ဇေတဝန်ကျောင်းသို့ဆက်လက်ထွက်ခွာခဲ့လေသည်။

မြတ်စွာဘုရားရှင်ထံသို့ရောက်သော် ဘုရားရှင်အား ရိုသေစွာ ရှိခိုး၍ ဘုရားရှင်နှင့် ဝမ်းမြောက်ဝမ်းသာ ပဋိသန္ထာရ စကားဖြင့်ပြောကြားလျှောက်ထားလေသည်။

"ချစ်သား ရဟန်းအသင့်အား မျှတခန့်ကျန်းပါ၏လော၊ တစ်စုံတခု အလွန်အကဲ စိတ်မချမ်းသာခြင်းများရှိသလော"

"မြတ်စွာဘုရား တပည့်တော်ကား ခန့်ကျန်းပါ၏။ တစ်စုံတစ်ရာ

www.dhammaransi.com

စိတ်မချမ်းသာစရာ အလွန်အကဲလည်းမရှိပါ။ သို့သော်လည်း ဤသာမဏေ ကဲ့သို့ ကြီးကျယ်မြင့်မြတ်လွန်ကဲသော ဂုဏ်ကျေးဇူးအထူးနှင့် ပြည့်စုံသော တစ်ပါးသောသူကို တပည့်တော်သည် တစ်စုံတစ်ယောက်မျှ မတွေ့ဖူးသေးပါ ဘုရား''

''ချစ်သား ရဟန်း ဤသာမဏေငယ်ကို အဘယ်ကဲ့သို့သော အမှုကိုပြုစုဆောင်ရွက်ပါသနည်း''

ထိုအခါ မထေရ်သည် လမ်းခရီးတစ်လျှောက် သာမဏေနှင့် ဖြစ်ခဲ့ရသည့်အကြောင်းစုံ၊ သာမဏေက မိမိအားသက်သာရာ ရစေရန်လျှောက်ထားပုံ၊ အကြောင်းစုံကို ပြန်လည်လျှောက်ထားပြလေသည်။

''ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ဤသို့ သဘောရှိသောဂုဏ်ကျေးဇူးနှင့်ပြည့်စုံသောပုဂ္ဂိုလ်ကို တပည့်တော်သည်ရှေးအခါကတစ်ယောက်မျှ မတွေ့ခဲ့ဖူး၊ မမြင်ခဲ့ဖူးပါဘုရား''

''ချစ်သားရဟန်း ကုန်ပြီးသော အာသဝေါတရားရှိကုန်သော ရဟန္တာတို့မည်သည် တစ်စုံတစ်ဦးသော သူအားအမျက်ထွက်ခြင်း မပြုကြကုန်၊ ဖြစ်ပွားခြင်းရှိခြင်း မရှိကြကုန်၊ ငြိမ်သက်တည်ငြိမ်သော ဣန္ဒြေ ငြိမ်သက်တည်ငြိမ်သော စိတ်ရှိသည်သာလျှင် ဖြစ်ကုန်၏''

''ကောင်းစွာသိမြင်၍ ကိလေသာမှ လွတ်မြောက်ပြီးသော ငြိမ်းချမ်းပြီးသော ထိုရဟန္တာပုဂ္ဂိုလ်၏ စိတ်သည် ငြိမ်းချမ်းသည်သာလျှင် ဖြစ်၏။ စကားသည်လည်းကောင်း၊ အလုပ်သည်လည်းကောင်း ငြိမ်းချမ်းသည်သာ ဖြစ်ပါသည်။

ထိုတရားဒေသနာ၏ အဆုံး၌ ကောသမ္ဗီမထေရ်သည် ပဋိသမ္ဘိဒါနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်ရှိလေတော့သည်။

(ကောသမ္ဗီ တိဿမထေရ်ဝတ္ထု၊ ဓမ္မပဒ)

## သာနုကိုရင်ငယ်

မြတ်စွာဘုရားရှင် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ်ဖြစ်ပါသည်။ ဥပါသိကာမတစ်ယောက်တွင် သားတစ်ယောက် ရှိလေသည်။ ဥပါသိကာမသည် ထိုသားငယ်ကို ငယ်စဉ်ကပင် ရှင်သာမဏေ ပြုစေသည်။

သာနုသာမဏေသည် သာမဏေဖြစ်သောအချိန်မှစ၍

- သီလရှိသည်
- ကျင့်ဝတ်နှင့်ပြည့်စုံသည်

www.dhammaransi.com



– ဆရာဝတ်၊ အာဂန္တုဝတ်စသော ဝတ်ကြီးဝတ်ငယ် တို့ကို မချွတ်ယွင်းအောင်ပြုသည်။

– ဥပုသ်နေ့တို့၌ စောစောထ၍ ရေထည့်ရာနေရာ၌ ရေထည့်သည်။ တရားတင်းကုပ်ကို တံမြက်လှည်းပြီးလျှင် သာယာသောအသံဖြင့် တရားနာ ဖိတ်ကြားကြွေးကြော်သည်။

– ရဟန်းတို့သည် သာနုသာမဏေ၏ နှုတ်သံအာအစွမ်းကို သိကြ၍

''ငါ့ရှင်သာမဏေ သရဘညဝတ်ကို ရွတ်ဆိုပါလော''

ဟုပြောဆိုတိုက်တွန်းကြလေသည်။

သာနုသာမဏေသည် ထိုသို့ပြောကြားလျှင် တပည့်တော် နေမကောင်းပါ၊ မအားလပ်ပါ စသည်ငြင်းပယ်ခြင်းမပြုဘဲ တရားဟောနေရာသို့ တက်ရောက်ပြီးလျှင် မြစ်ရေအလျဉ်စီးသကဲ့သို့ တရစပ်ရွတ်ဖတ်သရဇ္ဈာယ်ပြသည်။

ရွတ်ဖတ်ပူဇော်ပြီးလျှင်

''ငါ၏ မိခင်ဖခင်တို့ကား ဤသရဘညဝတ်ရွတ်ဆို ဟောပြောရာ၌ ရအပ်သော ကုသိုလ်ကောင်းမှု၏ အဖို့ဘာဂကို အမျှပေးဝေပါ၏''

ဟုအမျှဝေလေသည်။

သာနုသာမဏေ၏ လက်ရှိဘဝမိဘတို့သည် သာနုကောင်းမှုအဖို့ ပေးဝေသည်ကို မသိကြကုန်။

အခြားမဲ့သော ဘဝ၌ မိခင်တော်စပ်ခဲ့ဘူးသော မိခင်သည် ယခု ဘီလူးမဖြစ်နေသည်။

ထိုဘီလူးမသည် နတ်တို့နှင့်တကွ သင့်တော်သောနေရာ၌ နေ၍ တရားနာရာ သာမဏေပေးဝေသော ကုသိုလ်အဖို့ကို

''ချစ်သားဝမ်းမြောက်လှပါ၏''

'ဟုဆိုကာ သာဓုခေါ်ဆိုလေသည်။

သီလနှင့်ပြည့်စုံသော ရဟန်းးတို့ကို နတ်နှင့်တကွသော လူအပေါင်း တို့ကချစ်မြတ်နိုးကြလေသည်။

ထို့ကြောင့်နတ်တို့သည် သာနု သာမဏေ၌ ရှက်ကြောက်ခြင်း၊ ရိုသေခြင်းတို့ ရှိကြသည်ဖြစ်၍ ဗြဟ္မာမင်းကြီးကဲ့သို့လည်းကောင်း၊ မီးပုံကြီး ကဲ့သို့လည်းကောင်းမှတ်ထင်နေကြသည်။

သာမဏေ၌ ရိုသေခြင်းဖြင့် မိခင်ဖြစ်ခဲ့ဘူးသော ထိုဘီလူးမကို လည်းအလေးအမြတ်ပြု၍ ချီးမွမ်းကြကုန်သည်။

www.dhammaransi.com



ဘီလူးမတရားနာနေသောအခါ ဘီလူးတို့သည် စည်းဝေးသောအခါ စသည်တို့၌

" သာနုသာမဏေ၏ မိခင်တည်း"

ဟုဘီလူးမအား အဦးဖြစ်သောနေရာ၊ အဦးဖြစ်သောရေ၊ အဦးဖြစ်သော ထမင်းအစာတို့ကို ပေးကြလေသည်။

တန်ခိုးကြီးကုန်သော ဘီလူးတို့သည် ထိုဘီလူးမကိုတွေ့မြင်ကြသည်ရှိသော် လမ်းခရီးမှ သက်ဆင်းဖဲရှောင်ရကုန်သည်။ ထိုင်နေရာမှ ရှိသေ သမှုပြုသောအားဖြင့် ထပေးကြကုန်သည်။

နောင်တွင်သာနုသာမဏေသည် အရွယ်ရောက်လာ၍ သာသနာ့ဘောင်၌ မမွေ့မလျော်သော စိတ်ဖြစ်လာသည်၊ သာသနာဘောင်၌ ငြီးငွေ့လာပြီးဂျင် ဆံပင်ကိုမရိတ်၊ လက်သည်း ခြေသည်းမလှီးဖြတ်ဘဲတာ•ရာ ဆံပင်လက်သည်း ခြေသည်းတို့သည်ရှည်လျားလာသည်။

တစ်နေ့တွင် သာနု သာမဏေသည် ညစ်နွမ်းသောဝတ်ရုံ ဝတ်ဆင်လျက်မည်သူကိုမျှ မပန်ကြားမပြောကြားဘဲ သပိတ်သင်္ကန်းကိုယူကာ တိတ်တဆိတ် မိခင်အိမ်သို့ထွက်ခွာလာခဲ့သည်။

မိခင်ကြီးသည် သားကိုမြင်သော် ဝမ်းမြောက်ဝမ်းသာ ရှိခိုး ဦးချသည်။

"ချစ်သား ဘယ်လိုအကြောင်းရှိပါသလဲ၊ ရှေးအခါကလာလျှင် ဆရာဥပဇ္ဈာယ်လည်းပါတတ်သည်၊ ရဟန်းအပေါင်းအဖော်လည်းပါတတ်သည်။ ယခုတစ်ပါးတည်း အဘယ်ကြောင့် ကြွလာပါသလဲ"

"မိခင် သာသနာတော်၌ မပျော်ပိုက်၍ လူထွက်လို၍ ဖြစ်လာပါသည်"

ထိုအခါမိခင်ကြီးသည် သာနုသာမဏေကို ဃရာဝါသ ဗဟုကိစ္စ လူ့ဘောင်၌ ဒုက္ခဆင်းရဲများပုံ၊ အနှောင့်အဖွဲ့ အချုပ်အနှောင်တွေ့ရှိပုံ အကြောင်းစုံကိုလည်းကောင်း လူ့ဘောင်၏အမြင်တို့ကိုလည်း ပြောပြ၍ ဆုံးမသည်။

သာနုသာမဏေသည် မိခင်ဆုံးမသည့်စကားကို နားမဝင် သာသနာတော်၌ မပျော်ပိုက်၍ ထွက်လိုသောအကြောင်းသာ အဖန်ဖန်ပြောနေသည်။

"ချစ်သား ဤသို့မှတားမရလျှင် ခဏနေပါဦး၊ ယာဂုဆွမ်းကျက်အောင်ခဏစောင့်ပါဦး၊ ယာဂုသောက်ပြီး ဆွမ်းစားခြင်းကိစ္စပြီးဆုံးပါက သင်ချစ်သားနှစ်သက်သလို လုပ်ပါ။ အမေကလည်းအဝတ် ပုဆိုးတို့ကို ထုတ်ပေးပါမည်"

www.dhammaransi.com



မိခင်ကြီးသည် သာနုသာမဏေကိုနေရာထိုင်ခင်းပေး၍ ထိုင်စေပြီး လျှင်ယာဂုခဲဘွယ်ကို ပြုပြင်ပေးလှူလေသည်။

ထို့နောက်ဆွမ်းကို ဆက်လက်ကပ်ရန် ဆန်ကိုဆေးကြောလေ့သည်။

မိခင်ဖြစ်ခဲ့ဘူးသော ဘီလူးမသည်

သာမဏေသာနုသည် အဘယ်မှာနည်း၊ ဆွမ်းအဟာရတစ်စုံတရာ ကိုရ၏လော၊ မရလောဟုဆင်ခြင်ကြည့်သည်။

သာမဏေသာနု လူထွက်လို၍ မိခင်အိမ်၌ ထိုင်နေသည်ကို သိမြင် လေသည်။

"သာမဏေသည် ငါ့အား တန်ခိုးကြီးကုန်သော နတ်တို့၏အကြား၌ ရှက်ဖွယ်ကိုဖြစ်စေရာ၏။ ငါသည် သွားဦးအံ့၊ သာမဏေကိုလူမထွက်အောင် ပြုအံ့"

ဟုကြံစည်ပြီးလျှင် လျင်စွာလာ၍ သာမဏေ၏ကိုယ်၌ ပူးဝင်လေ သည်။ သာမဏေ၏ လည်ကို ရှေ့နောက် လည်စေသည်။ တံတွေးများ တတွေတွေကို ယိုစီးကျစေပြီး ကြမ်းပေါ်၌လဲကျစေသည်။

မိခင်ကြီးသည် သား၏ကောင်းရာမှ ချက်ခြင်းဖေါက်ပြန်၍ လဲကျ သည်ကိုမြင်တွေ့ရသော် လျင်မြန်စွာထပြေးသွားသည် သားကို ရင်ခွင်ထဲသို့ ပွေ့ချီသည်၊ အရပ်ကိုလည်း ကူပါ၊ ကူပါဟု ဟစ်အော်ကြွေးကြော်လေသည်။ လူထုသည် ဝိုင်းအုံလာကြပြီး နတ်ပလီနတ်စာစသည်တို့ကို ပြုလုပ်ပေးကာ တောင်းပန်ကြသည်။

ဥပါသိကာ မိခင်ကြီးသည် ငိုကြွေးမြည်တမ်းလျက်

"အကြင်တို့သည် လပြည့်လကွယ် ရှစ်ရက်နေ့တို့၌ ရှစ်ပါးသီလကို စောင့်ထိန်း၍ ဥပုသ်စောင့်ကြပါ၏။ ထိုသူတို့ကို ဘီလူးတို့သည် ပူးဝင်ပြေး တွယ် မကျီစယ်ကုန်၊ မကစားကုန်ဟု အရိယာ သူတော်ကောင်းတို့ပြောဆို သံကိုကြားဘူးပါ၏။ ယခုအခါ ငါသည်ကားသာနု၌ ဘီလူးမြှေးတွယ်ပူးတွယ် ကပ်သည်ကိုတွေ့ရပါ၏"

ဟုပြောဆိုကြလေသည်။

ဘီလူးမသည် သာနု၏မိခင်၏ စကားကိုကြားသောအခါ သာနုမိခင် ပြောသော စကားသည်မှန်ပါ၏ဟု ဝန်ခံပြီးလျှင်

"မေ့လျော့ရာမှ သတိရလာသော သာနုကိုသင်မိခင်သည် ဤသို့ ပြောကြားပါလေ၊ သာနုသည် မျက်မှောက်၌လည်းကောင်း၊ မျက်ကွယ်၌ လည်းကောင်း၊ ယုတ်မာသော မကောင်းမှုကံကို အသင်မပြုပါလင့်၊ ထို

www.dhammaransi.com



ယုတ်မာသောကံကိုယခုလည်းပြုစေ၊ နောင်လည်းပြုအံ့၊ ပြုပြီး၍ ကောင်းကင်သို့ထွက်ပြေးသော်မှ ဘီလူးညှဉ်းဆဲ ဆင်းရဲအပေါင်းမှ မလွတ်မြောက်နိုင်ပါ ဟုသင်ပြောပြပါလေ"

ဘီလူးမသည် သာနုမိခင်ကိုမှာပြီး သာနုသာမဏေထံဝင်ပူး ကပ်မှုမှ ဖဲခွာသွားလေသည်။

သာနုသည် သတိရလာ၍ ကြည့်လိုက်သော် ဆံပင်ဖရိုဖရဲနှင့် ပြင်းစွာငိုရှိုက်နေသော မိခင်ကိုလည်းကောင်း၊ ရွာသူရွာသားတို့ကို လည်းကောင်း၊ မြင်ရပြီး ဘီလူးမဖမ်းစားသည်ကို မသိသောကြောင့်

"ငါသည်ခုနက အင်းပျဉ်ထက်မှ ထိုင်နေသည်။ မိခင်သည် ဆန်ကိုဆေးကြောနေပါ၏။ ယခုမူငါသည် မြေကြီး၌ လဲလျောင်းနေရ၏။ အကြောင်းကားအဘယ်နည်း" ပုကြုံစည်ပြီး လျောင်းအိပ်လျက်မိခင်ကိုမေးသည်။ "မိခင်လောက၌ သေသောသူကို အကြောင်းပြု၍ ဆွေမျိုးသားချင်း မိဘသားချင်းတို့သည် ငိုကြွေးမှုပြုကြပါသည်။ ယခုငါသည် အသက်ရှင်လျက် မိခင်အဘယ်ကြောင့် ငိုကြွေးနေပါသနည်း"

"ချစ်သား တစ်ဦးတစ်ယောက်သော ဆွေမျိုးသားချင်းများ ငိုကြွေးပူဆွေးကြသလို သာသနာဘောင်ရောက်ပြီးမှ ကာမအနှောင့်အယှက်ရှိသော လူ့ဘောင်သို့တစ်ဖန်ပြန်လာသော သူသည်လည်း အသက်ရှင်လျက် သေသောသူဘဝရောက်နေ၍ သား၏ဆွေမျိုးသားချင်းတို့သည် နှလုံးပူဆွေးငိုကျွေးနေကြရပါသည်။ "ချစ်သားပြာပူနှင့်တူသော အိမ်ရာဖွဲ့နှောင်လူတို့ဘောင်မှ ထွက်ခွာရှင်ပြုပြီးမှ တဖန်ပြာပူထဲသို့ သက်ဆင်းခြင်းကို သင်သည်အလို ရှိနေ၏။

ချစ်သား ငရဲချောက်နှင့်တူသော အိမ်ရာဖွဲ့နှောင် လူတို့ဘောင်မှ ထွက်ခွာရှင်ပြုပေးပြီးမှ တဖန်ငရဲချောက်နှင့်တူသော လူ့ဘောင်သို့ ပြန်လာခြင်းငှာသင်သည်အလိုရှိ၏။

ချစ်သား သင့်အား ငါသည်အိမ်ကို မီးလောင်သည်ရှိသော် ဘဏ္ဍာတို့ကို ထုတ်ယူဆောင်သကဲ့သို့ သင်သားကိုလည်း လူ့ဘောင်မှထုတ်ဆောင်၍မြတ်စွာဘုရားသာသနာတော်၌ ရှင်သာမဏေပြုစေ၏။ သင်ချစ်သားလည်း တစ်ဖန်လောင်မြိုက်ခြင်းငှာ အလိုရှိနေပါ၏။

သင်လူထွက်လိုသောအကြောင်းကြောင့် ဘီလူးသည် သင့်ကိုနှိပ်စက်၏။ နှိပ်စက်ပြီး သင့်ကိုလူထွက်က ပို၍နှိပ်စက်မည်ဟု မှာကြားကာထွက်သွားပါ၏။ လူထွက်ရန်ဖောက်ပြန်သော သင်ချစ်သားနှင့် ညှဉ်းပန်းနှိပ်စက်သော

www.dhammaransi.com



ဘီလူးမနှစ်ဦးတို့တွင် အဘယ်သူကိုမိခင်အပြစ်တင်ရမည်နည်း"

သာနုရှင်သာမဏေသည် မိခင်၏ စကားကိုကြားသော် ထိတ်လန့်ခြင်းဖြစ်၍

"ငါ့အား လူအဖြစ်အကျိုးမရှိတော့ပါ"

ဟုပြောဆိုလေသည်။

"ကောင်းလှပါပြီသား၊ သားချစ် မြင့်မြတ်သော ရှင်သာမဏေဘဝကိုသာ နှစ်သက်မြတ်နိုးပါသလော"

မိခင်သည် ဝမ်းမြောက်ဝမ်းသာပြောဆိုပြီး ရှင်သာမဏေသာနုကို မွန်မြတ်သော ဘောဇဉ်တို့ဖြင့် ပြုစုလုပ်ကျွေးဆက်ကပ်လေသည်။

သာနုသာမဏေသည် အသက် (၂၀)ပြည့်သောအခါ မိခင်ကပင်ဆက်လက်၍ ရဟန်းခံပေးလေသည်။

ရဟန်းဖြစ်၍ မကြာခင်ပင် ဘုရားရှင်က သာနုရဟန်းအားစိတ်ကိုနှိပ်ကွပ်ဆုံးမတတ်စေရန်ဟောကြားသည်မှာ

"ဤစိတ်သည် အထူးထူးအပြားပြား များစွာသော အာရုံတို့၌ ရှည်မြင့်စွာ နေ့ညပတ်လုံး ပြေးလွှားလှည့်လည်တတ်သည်၊ ပြေးလွှားလှည့်လည်သော ထိုစိတ်ကို မနှိပ်ကွပ် မဆုံးမသောသူအား ချမ်းသာသော အဖြစ်မည်သည်မရှိ၊ ထို့ကြောင့် ချွန်းဖြင် မုန်ယစ်သောဆင်ကို နှိပ်ကွပ်ဆုံးမသကဲ့သို့စိတ်ကိုနှိပ်ကွပ်ဆုံးမခြင်း အားထုတ်ခြင်းကို ပြုအပ်၏"

ဘုရားရှင်၏ တရားတော်အဆုံးဝယ် သာနုရဟန်းနှင့်အတူ တရားနာလာရောက်ကြသော နတ်တို့အားသစ္စာလေးပါးတရားကို သိမြင်ကြ၍ တရားကိုရကြသည်။

အရှင်သာနုထေရ်သည် ပိဋကတ်သုံးပုံကိုဆက်လက်သင်ယူ၍ ကြီးကျယ်မြင့်မြတ်သော ဓမ္မကထိကပုဂ္ဂိုလ်ဖြစ်ပြီးလျှင် အနှစ် (၁၂၀)တို့ ကာလပတ်လုံးနေ၍ အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်းသို့ ချောက်ချားစေ၍ ပရိနိဗ္ဗာန်ပြုတော်မူလေသည်။

## မိဂပေါတကိုရင်ငယ်

အဘယမထေရ် သီတင်းသုံးသော ဥဒ္ဒလောမ္မကကျောင်းသည် တောအုပ်ကြီးနှင့် ဆက်စပ်နေသဖြင့် အေးချမ်းသာယာ ဆိတ်ငြိမ်လှစွာ၏။ ဥယျာဉ်ပန်းမန် ရေကန်တံတားဘုရားစေတီတို့ဖြင့်လည်း စိတ်ကြည်နူးဖွယ်တင့်တယ်ပေသည်။

---

ဆုပြည့် စုံထွန်းစာပေ

www.dhammaransi.com



အဘယမထေရ်ကြီးသည် နံနက်မိုးသောက် အရုဏ်တက်ချိန်သို့ ရောက်တိုင်းကျောင်းသခ်မ်း တောအုပ်ပတ်ဝန်းကျင်ရှိ ကျောင်းစောင့်နတ်၊ တောစောင့်နတ်များအား တရားနာလှည့်ရန် ကြွေးကြော်တော်မူလေ့ရှိ၏။ နေ့အရုဏ်တက်သည်နှင့် မထေရ်၏တရားရွတ်ဖတ် သရဇ္ဈာယ်သံမှာ ဆိတ်ငြိမ် သောကာလဟွင် သာသနာပျော်ဖွယ်ကောင်းလှပေသည်။ တရားသံကိုကြား လျှင်တောတိရစ္ဆာန်များပင် ရပ်တန့်၍ နားကြားလေ့ရှိ၏။

ထိုသဘောတရားကို သိထားသော မုဆိုးတစ်ယောက်သည် တစ်နေ့ သောအရုဏ်တက်တွင်မထေရ်၏တရားသံကြောင့်လည်ကိုဆန့်လျက် လက်ယာ ခြေကို မြေသို့မချဘဲ နားနစ်ဖက်လုံးစွင့်စွင့်ကား၍ တရားသံကိုနားစိုက်ထောင် နေသော သမင်ငယ်တစ်ကောင်အား လေးမြှားဖြင့် ရက်စက်စွာ ပစ်သတ်လိုက် ၏။ အဖော်သားကောင်များလည်း လန့်ဖျတ်ထွက်ပြေးကြလေသည်။ အဘယ မထေရ်၏တရားသံကား အရှိန်မပျက် စည်းညံလျက်ပင် ရှိနေသည်။ သမင် ငယ်သည်မြှားဒဏ်ကြောင့်လဲကျသွားသော်လည်း မထေရ်၏ တရားသံကို သာနားစိုက်ကြည်ညိုရင်း သေရရှာလေ၏။

ထိုသမင်ငယ်သည် သေပြီးနောက်မကြာခင်ပင် အဘယမထေရ်၏ နှမဝမ်း၌ ဝင်စား၍သတို့သားငယ်အဖြစ် ပြန်လည်မွေးဖွားခဲ့သည်။

အဘယမထေရ်သည် နေ့စဉ် နှမတော်အိမ်သို့ ဆွမ်းခံကြွရောက် တော်မူလေ့ရှိရာ နှမတော်မှာမွေးဖွားသော သားငယ်ကလေးမှာ မထေရ်၏ အသံကိုကြားလျှင် အငိုပင်တိတ်သွားသည်။ အရွယ်နှင့်မလိုက်အောင် ဦးရီးတော်မထေရ်အား လွန်စွာစိတ်ပါဝင်စားသော အမူအရာကို ပြလေ့ရှိရာ စကားပီနားလည်းသော အရွယ်မှစ၍ မယ်တော်ထက် ဦးရီးတော်ကို ပို၍ ခင်မင်နေ၏။ ဦးရီးတော်အပါးက မခွာချေ။ ဦးရီးတော်၏ တရားသံကြောင့် လူဖြစ်လာရသောသူငယ်ပေတည်း။

ဦးရီးတော်ကလည်း "ဟဲ့ သမင်ကလေး" ဟုခေါ်လေ့ရှိ၏။ ခုနစ်နှစ် အရွယ်ရှိလျှင်ပင် ရှင်သာမဏေဝတ်၍ ပေးလိုက်သည် ရှင်ပြုရန် ဆံချပြီး သည်နှင့်တပြိုင်နက် ပဋိသမ္ဘိဒါလေးတန် အဘိညာဉ်ခြောက်ပါးနှင့်တကွ ရဟန္တာဖြစ်တော်မူ၏။ ဦးရီးတော် မထေရ်ကြီးကား လောကီအဘိညာဉ်မျှသာ ရရှိတော်မူသေး၏။ သို့ရာတွင် ရဟန်းကိစ္စပြီးပြီဟု ထင်မှတ်နေလေသည်။

www.dhammaransi.com



## လကိုကိုင်သောသက်

တူသာမဏေငယ်သည် တစ်ခုသောနံနက်စောစော ဦးရိုးတော် မထေရ်အနီးသို့ ဝတ်ကြီးဝတ်ငယ်ပြုရန် သွားစဉ် ဦးရိုးတော်သည် လက်ကို ရှည်လျားသွယ်ပျောင်းအောင် ဖန်ဆင်း၍ ကောင်းကင်ရှိ လမင်းကြီးကို ကိုင်တွယ်သုံးသပ်နေသည်ကို တွေ့ရ၏။ ထိုအခါ သာမဏေငယ်က

"ဦးရိုးတော်ဘုရား ဒီတရားမျိုးကို မြဲမြဲခိုင်ခံ့အောင် စောင့်ရှောက် တော်မူနိုင်ရင် ကောင်းမှာဘဲဘုရား"

ဟုလျှောက်ထားလေသည်။ မထေရ်လည်း တူတော်၏ စကားကို မကြားယောင်ပြုနေ၏။ တူ ရဟန္တာဖြစ်သွားသည်ကိုလည်း မသိ၍ကလေးဘဝ အားကျပြီး ပြောနေခြင်းမျှသာဟု ထင်မိလေသည်။ စကားပြန်ဖို့ မဆိုထားဘိ၊ တူတော်ကိုလှည့်၍ပင်မျှ ကြည့်ချေ။

တူတော်လည်း ဦးရိုးတော်အား သံဝေဂဖြစ်အောင် ကြံဆောင်၍ ကောင်းကင်၌ လအစ်ဆင်းပေါင်းတစ်ထောင်မက ချက်ခြင်းဖန်ဆင်းလိုက်၏။ မထေရ်လည်း ရုတ်တရက်အံ့အားသင့်ကာ တူတော်သာမဏေငယ်အား လှမ်း၍ ကြည့်နေစဉ်မှာ

"ဦးရိုးတော်ဘုရား လမင်းပေါင်းတစ်ရာ၊ တစ်ထောင်၊ တစ်သောင်း ကိုင်ဆောင်ဖို့ကား ဘာမျှမခက်ပါ။ ရဟန်းမြတ် မည်သည့်မှာ တစ်ခုထဲသာရှိ တဲ့ တဏှာကို ပယ်သတ်နိုင်ဖို့က ပိုပြီးအရေးကြီးလှပါတယ်ဘုရား"

"ထိုမှတစ်ပါး သမုဒ္ဒရာကမ်းတစ်ခုမှာ ရပ်တည်၍ ကြည့်မြင်ရုံ မျှဖြင့် "ငါသမုဒ္ဒရာကြီးကိုမြင်ရတယ်" ပြောဆိုသူကဲ့သို့ စျာန်၊ သမာပတ် ကြောင့် ကိလေသာတစ်ခဏကင်းစွာ ငြိမ်းစဲရုံမျှဖြင့် ကိလေသာကုန်ပြီဟု အထင်အမှတ်လွဲမှားနေပါက ဒကာတို့လှူသော ပစ္စည်းလေးပါးကို သုံးဆောင် နေရတာ သန်လျက်ကိုမျိုနေရသကဲ့သို့ ဖြစ်တတ်ပါတယ်ဘုရား။ လောကီ တန်ခိုးဟာ အခိုင်အမာအားကိုးလောက်တဲ့ ဘုရားမဟုတ်သေးပါ"

## ခုနှစ်နှစ်သား၏ တရားနှင့်တန်ခိုး

အဘယမထေရ်ကြီးသည် တူတော်သာမဏေ၏ စကားကိုကြားရ လျှင် ပြင်းစွာသံဝေဂဖြစ်တော်မူလေသည်။ ထိုနေရာ၌ပင် လက္ခဏာရေးသုံးပါး ထင်အောင် ရုပ်နာမ်နှစ်ပါးကို ဆင်ခြင်တော်မူရာ ရဟန္တာဖြစ်တော်မူသွားသည်။

တနေ့သောအခါ သာမဏေငယ်၏ မယ်တော် အဘယမထေရ်၏ နှစ်မတော်သည် မောင်နှင့်တူအား နောင်ရက်၌ ဆွမ်းကပ်ရန် စီစဉ်၍ ကျောင်း သို့လာရာ မောင်တော်က

www.dhammaransi.com



"နှမတော်၊ နက်ဖြန်သင့်အိမ်မှာ ငါတို့တူအရှင်နှစ်ပါးသာမဟုတ် ရဟန္တာအများ ဆွမ်းအလှူခံကြွလာလိမ့်မယ်၊ သို့သော်လည်း ငါတို့တူအရှင်နှစ်ပါးစာသာ ပြုလုပ်ထားလေ"

ဟုမိန့်တော်မူလိုက်၏။

နောက်တစ်နေ့တွင် ရဟန္တာအရှင်မြတ်သုံးသောင်း ဆွမ်းအလှူခံကြွတော်မူလာကြရာ နေရာထိုင်ခင်းမှအစ အလှူဒကာများ အခက်အခဲတွေ့နေကြစဉ် တူအရှင်နှစ်ပါး၏ တန်ခိုးတော်ကြောင့် အစစအရာရာ ပြည့်စုံသွား၍ခမည်းတော် မယ်တော်တို့မှာ ဝမ်းသာမဆုံး ရှိကြရလေ၏၊ ဆွမ်းကျွေးပြီးလျှင် မထေရ်ကြီးများက သာမဏေငယ်အား ဆွမ်းအနုမောဒနတရားဟောကြားစေရာ ခမည်းတော် မယ်တော်နှင့်တကွ ပရိသတ်ငါးရာတို့ သောတာပန်တည်ကြလေ၏။

## နိဂြောဓကိုရင်ငယ်

သာသနာသက္ကရာဇ် (၂၁၄)ခုတွင် ပါဋလိပုတ်ပြည်ရှင်ဘုရင်၏ ဗိန္ဒုသာရနတ်ရွာစံသည်၊ ထီးနန်းအရိုက်အရာကို သားတော်ဓမ္မာသောကမင်းကပြည်အားလုံးကို သိမ်းယူ၍ မင်းပြုလေသည်။

ထိုအကြောင်းကို နောင်တော်သုမနမင်းသား ကြားသော်ညီတော်နောင်တော် (၉၉)ယောက်နှင့် ညှိနှိုင်းတိုင်ပင်ပြီးလျှင် သမုဒ္ဒရာလှိုင်းထသကဲ့သို့ စစ်ကြီးစီရင်ပြီးလျှင် ပါဋလိပုတ်ပြည်ကို ဝိုင်းရံလေသည်။

ဓမ္မာသောကမင်းသည် မြို့တွင်းရှိရဲမက်တို့နှင့် စုရုံးတိုင်ပင်ပြီး တိုက်လေရာ နောင်တော်(၉၉)ယောက်၏ စစ်ကိုနိုင်ပြီး၊ (၉၉)ယောက်ကိုလည်း ဖမ်းမိကာ ကွပ်မျက်သုတ်သင်လေသည်။

နောင်တော် သုမနမင်း၏ မိဖုရားသုမနဒေဝီသည် ထိုအချိန်ဝယ် ကိုယ်ဝန်အရင့်အမာနှင့်ရှိနေသည်။ မင်းသားသေဆုံးကြောင်းကြားသိလျှင် မထင်ရှားသောအသွင်ဖြင့် ထွက်ပြေးပြီးလျှင် လူသူဆက်ဆံမှု ကင်းသော ဒွန်းစဏ္ဍားတို့၏ ရွာသို့သွားလေသည်။

ရွာထိပ်သို့ရောက်လျှင် ရွာထိပ်ရှိညောင်ပင်၌ မောပန်း၍ ရပ်နားသည်။ ညောင်ပင်စောင့်နတ်သည် သုမနဒေဝီအား သနားကြင်နာစောင့်ရှောက်လိုသောကြောင့် ဇရပ်ကိုဖန်ဆင်းပေးပြီး မိဖုရားကို ဤနေရာသို့လာလော့၊ ဤနေရာမှာ အနားယူလော့ဟုဆိုကာ နေရာထိုင်ခင်းကို စီမံပေးလေသည်။

www.dhammaransi.com



သုမနဒေဝီသည် ဇရပ်ပေါ်သို့ ရောက်သောခဏမှာပင် သားငယ်ကို မွေးဖွားလေသည်။ ထိုသားငယ်ကိုလည်း ညောင်ပင်စောင့်နတ်ကပင် စောင့်ရှောက်ပေးလေသည်။

သတို့သားကို ညောင်ပင်အောက်ဇရပ်၌ မွေးဖွားသောကြောင့် "နိဂြောဓ" သတို့သားဟူ၍ အမည်မှည့်ပေးလေသည်။

ရွာ၏အကြီးအကဲ ဒွန်းစဏ္ဍားကြီးကလည်း သုမနဒေဝီကိုမြင်သော အချိန်မှစ၍ မိမိအရှင်၏ သမီးကဲ့သို့ မှတ်ထင်ပြီးလျှင် လုပ်ကျွေးပြုစုလေသည်။

နိဂြောဓသတို့သား ခုနစ်နှစ်အရွယ်သို့ရောက်သော် မဟာဝရုဏမည်သောရဟန္တာသည် သူငယ်ရဟန္တာဖြစ်အံ့သော အကြောင်းကိုမြင်၍ သုမနဒေဝီကိုတရားစကားဟောကြားပြီးလျှင် သတို့သားကိုယူ၍ ရှင်ပြုပေးလေသည်။

နိဂြောဓ လုလင်သည် ဦးခေါင်းရိတ်စဉ်ပင် တစပဥ္စက ကမ္မဋ္ဌာန်းကိုသင်ကြားသဖြင့် သင်ဓုန်း၏အဆုံး၌ပင် ကိလေသာကုန်ခန်း မြတ်သောရဟန္တာအဖြစ်သို့ ရောက်လေသည်။

သီရိဓမ္မသောကမင်းကြီးသည် အဘိသိက်ခံပြီးမှ လေးနှစ်တိုင်တိုင် သာသနာတော်မှ အပဖြစ်သော လောကီစည်းစိမ်တို့ကိုသာများစွာ ဆည်းပူးတော်မူလျက် လေးနှစ်လွန်သော အခါမှသာ သံသရာအကြောင်းကို နှိုင်းဆဆင်ခြင်တိုင်းထွာ၍ ဆရာကောင်းဆရာမြတ်ကို ရှာလေသည်။

သီရိဓမ္မာသောကမင်းကြီးသည် မိမိ၏ခမည်းတော် ဗိန္ဒုသာရမင်းကြီးလက်ထက်က ကျွေးမွေးခဲ့သောဝတ်ကို မပြတ်ပြုလုပ် ကျွေးမွေးသည်။ ဗိန္ဒုသာရမင်းကြီးက မပြတ်ဝတ်ထားသော တိတ္ထိခြောက်သောင်းအမျိုးအစားများမှာ

- ပုဏ္ဏားများ
- ပုဏ္ဏားမျိုးဖြစ်သော ပါသဏ္ဍအယူရှိသော သက်နှင်းယောင်ပုဆိုးဝတ်သောပဏ္ဍရင်တိတ္ထိများ
- အဝတ်မဆီး အချည်းနှီးနေသော အစေလကတိတ္ထိ
- ငါတို့အား ကိလေသာတည်းဟူသော အနှောင့်အဖွဲ့မရှိ ရဟန္တာဖြစ်ပြီဟုဝန်ခံလျက် သူတစ်ပါးထံအလှူခံ၍ များစွာသောပရိက္ခရာတို့ကိုဆောင်ယူတတ်သော နိဂဏ္ဌတိတ္ထိ
- ငါတို့ဆရာကား ထာဝရဘုရားတည်း၊ ထိုဘုရားကို ကိုးကွယ်မှုလူတို့၏အကောင်းသောအကျင့်ဟူသမျှ ထာဝရ ဘုရားကသာ ကိုယ်စားခံစေသည်ဖြစ်၍ မကောင်းမှုမရှိပြီ ဟုယူသောနတ္ထိတိတ္ထိများ

www.dhammaransi.com


ဤသို့သောအားဖြင့် တိတ္တိခြောက်သောင်းတို့ကို ခမည်းတော် လက်ထက်ကတည်းက ကျွေးသောဝတ်ကို မချွတ်ယွင်းစေဘဲ အမြဲလုပ်ကျွေး စေခဲ့သည်။

တစ်နေ့တွင် ခြသေ့ံခံသော လေသာနန်းတံခါးကို ဖွင့်လှစ်၍ကြည့် သည့်ရှိသောလျှပ်ပေါ်သော ကြွေ့ဖြင့် နေထိုင်စားသောက်နေကြသောတိတ္တိ ပရိဗိုဇ်တို့ကိုမြင်၍

ဤသူတို့၌ မြတ်သောတရားသည်မရှိရာ၊ သွားလာနေထိုင်ခြင်းကိစ္စ၌ငြိမ်သက်မြတ်မွေ့ခြင်းမရှိ၊ ပကတိသော လူတို့ကဲ့သို့ပင်တကား၊ မြတ်သော အလှူခံတို့ကို ရှာဖွေ၍ လှူမှသာလျှင် အကျိုးရှိပေလိမ့်မည်တကား'' ဟုကြံ စည်မိလေသည်။

သီရိဓမ္မာသောကမင်းသည် ဤသို့အလှူခံမြတ်ကို ရှာဖွေနေစဉ် ကာလအတွင်း တစ်နေ့၌ လေသာနန်းတံခါးဝ၌ ရပ်လျက်အရှေ့အရပ်သို့ မျှော်နေစဉ် မင်းရင်ပြင်သို့ လှမ်း၍ကြွလာနေသော နိဂြောဓသာမဏေငယ်ကို မြင်မိသည်။

''မြင်မြင်သမျှသော လူအပေါင်းကား မတည်ကြည်သော နှလုံးရှိ၏ တုန်လှုပ်လျှပ်ပေါ်သော ကြွေ့ရှိ၏။ အရှေ့သို့တက်ခြင်း၊ နောက်သို့ဆုတ်ခြင်း၊ တူရူကြည့်ခြင်း၊ တစောင်းကြည့်ခြင်း၊ လက်ခြေတို့၏ ကွေးခြင်း၊ ဆန့်ခြင်း စသောအမူအရာတို့သည် တင့်တယ်သိမ့်မွေ့စွာ ရှိ၏တကား၊ ဤသူငယ်၏ ကိုယ်တွင်း၌ မြတ်သောတရားသည် ရှိပေရာ၏''

ဟုကြံစည်ဆင်ခြင်မိပြီးလျှင် သာမဏေအပေါ်၌ အလွန်ချစ်ခင်ကြည် ညိုသောစိတ်တဖွားဖွား ပေါ်မိလေသည်။

အဘယ်ကြောင့် ချစ်ခင် နှစ်သက်မိသနည်းဆိုသော် အတိတ်တစ် ဘဝ၌ ကုသိုလ်အတူတူပြုကြရာ၌

နိဂြောဓ သာမဏေကား အစ်ကိုကြီး
ဒေဝါနံ ပိယတိဿကား ညီအလတ်
သီရိဓမ္မာသောကကား အထွေးဆုံးညီငယ်

ဖြစ်ခဲ့ကြသောကြောင့် မြင်လျှင်ပင် အလွန်ချစ်ခင် ကြင်နာစုံမက်မှု ဖြစ်လေသည်။

မြတ်စွာဘုရားရှင်က ရှေးဘဝ၌ ကောင်းမှုအတူပြုခဲ့ဖူးသောကြောင့် လည်းကောင်း၊ မျက်မှောက်ဘဝ၌ စီးပွားချမ်းသာကို ဆောင်ပေးသောကြောင့် လည်းကောင်း၊ ဤအကြောင်းတရားနှစ်ပါးသည် ချစ်ခြင်းကိုဖြစ်စေ၏''

ဟုဟောတော်မူခဲ့လေသည်။

---

www.dhammaransi.com



မင်းကြီးသည် ထိုအကြောင်းနှစ်ပါးဖြင့် အားကြီးသော မြတ်နိုးခြင်းသည်ဖြစ်လေသည်။

''သာမဏေကို လျင်မြန်စွာ လိုက်ပင့်ကြချေ''

ဟုအမတ်တို့ကို စေလွှတ်လေသည်။

အမတ်တို့လိုက်၍ ပင့်စဉ်ကြာသည်ထင်၍ တဖန်ထပ်၍ စေလွှတ်ပြန်သည်။ ထိုသို့အမတ်တို့ကို အကြိမ်ကြိမ် စေလွှတ်သော်လည်း သာမဏေသည်လည်းလျင်မြန်စွာမကြွမူ၍ ပြကတေ့သောလာခြင်းဖြင့်သာ ကြွလာခဲ့သည်။

နန်းတော်သို့ရောက်သော် မင်းကြီးက

''သင့်လျော်သော နေရာ၌နေပါလော့''

ဟုလျှောက်ထားသည်။

သာမဏေသည် ထိုမှဤမှကြည့်သည်။

''ဤမင်းအိမ်ဝယ် ငါ့ထက်သိက္ခာဝါကြီးသော ရဟန်းသည် မရှိပြီ''

ဟုကြံပြီးလျှင် ထီးဖြူအုပ်သော ရာဇပလ္လင်ထက်သို့ တက်အံ့သောအခြင်းအရာကိုပြလျက် မင်းကြီးလက်သို့သပိတ်ကို ကမ်းလေသည်။

မင်းကြီးသည် ဤအချင်းအရာကို မြင်တွေ့ရလျှင်

''ဤသာမဏေငယ်သည် ယနေ့ငါ၏ အိမ်တော်အလုံး၌ အရှင်ဖြစ်လတ္တံ့ဟု ကြံတော်မူ၍ သပိတ်တော်ကို ကမ်းယူလေသည်။

သာမဏေသည် ရာဇပလ္လင်ထက်သို့တက်၍ ထိုင်လေလျှင် မင်းကြီးသည်အထူးထူးသော ခဲဖွယ်ဘောဇဉ်တို့ကို သပိတ်ထဲ၌ ထည့်၍ကပ်လှူလေသည်။ သာမဏေလည်း ဘုဉ်းပေးသုံးဆောင်လေသည်။

ဘုဉ်းပေးသုံးဆောင်ပြီးသောအခါ မင်းကြီးက မေးလျှောက်သည်။

''သာမဏေ သင်၏ အမျိုးအနွယ်ကားအဘယ်သူ၏ အမျိုးအနွယ်နည်း။ အဘယ်သူ၏ အဆုံးအမကို ခံယူသနည်း၊ သင်၏အယူကား အဘယ်နည်း''

''ငါ၏အမျိုးအနွယ်ကား ညွှယ်ချခံတရား ငါးပါးကိုအကုန်သိမြင်သောသဗ္ဗညုတဘုရားရှင်၏အနွယ်တည်း။ ထိုဘုရားရှင်၏ အဆုံးအမ၌ သာငါတည်ပါသည်၊ ငါ၏အယူလည်း အဆူဆူသောဘုရားသခင်ကို ပျော်စံရာဖြစ်သော နိဗ္ဗာန်ကိုသာ အာရုံပြုပါသည်''

''သင်တို့၏ ဆရာမြတ်စွာဘုရား၏ အဆုံးအမကိုသိလျှင် ငါ့အားဟောကြားပြသပေးပါ''

''မင်းကြီး ငါသည်အတန်ငယ်မျှသာ သိပါသည်။ နာလိုမူကားဟောပေးပါမည်''

www.dhammaransi.com


"နာလိုပါသည် ဟောပေးတော်မူပါ"

"အပ္ပမာဒေါ အမတံပဒံ ပမာဒေါမစ္စုနော ပဒံ"

နိဂြောဓသာမဏေသည် အပ္ပမာဒဝဂ်ကို ဆုံးအောင်တရားကို ဟောပေးလေသည်။

တရားဟောပြီးသောအခါ မင်းကြီးသည် သာမဏေကို ကြည်ညိုလှသည်ဖြစ်၍

"ရှင်သာမဏေ အရှင်အား ရှစ်ဝတ်သောဆွမ်းတို့ကို ကျွန်ုပ်နေ့တိုင်း မပြတ်လှူပါ၏"

ဟုလျှောက်ထားပြီး လှူဒါန်းလေသည်။

"ဒါယိကာမင်းကြီး လှူသောဆွမ်းဝတ်ရှစ်ဝတ်ကို ငါ၏ဥပဇ္ဈာယ်ဆရာအား လှူပါ၏"

"ရှင်သာမဏေဥပဇ္ဈာယ်ဆရာဟူသည်အဘယ်သို့သောသူပါနည်း"

"မင်းကြီးအပြစ်ကြီး အပြစ်ငယ်တို့ကို ကဲ့ရဲ့ဆုံးမ၍ ဤသို့ကျင့်အပ်၏။ ဤသို့ဆိုအပ်၏ဟူ သွန်သင်ပြသပေးသောသူဖြစ်ပါသည်"

"ချစ်သား သင်၏ဥပဇ္ဈာယ်ဆရာကိုလည်း ဆွမ်းရှစ်ဝတ် သင်ချစ်သားအားလည်း ဆွမ်းရှစ်ဝတ်လှူပါ၏"

"မင်းကြီး ငါ့အဖို့ကို ငါ့ဆရာကိုလှူပါ၏"

"ချစ်သား ဆရာဟူသည် အဘယ်သို့သောသူပါနည်း"

"မင်းကြီးဆရာဟူသည် ငါ့ကိုအတတ်သညာ၊ အသိအလိမ္မာရအောင်သင်ကြားပြသပေးသူဖြစ်ပါသည်"

"ချစ်သား သင့်ဆရာအားလည်း ဆွမ်းရှစ်အုပ်၊ သင့်အားလည်း ဆွမ်းရှစ်အုပ် လှူပါ၏"

"မင်းကြီး ငါ့အဖို့ကို သီတင်းသုံးဖော် သံဃာတော်တို့အားပေးလှူပါ၏"

ချစ်သား သတင်းသုံးဖော် သံဃာတော်တို့ဟူသည်ကား အဘယ်သူနည်း"

"မင်းကြီး သံဃာဟူသည် ငါ့ကိုရှင်ရဟန်း ပြုပေးသောသူ၊ အတူတကွ သီလဆောက်တည်ဖက်ဖြစ်သောသူတို့ဖြစ်ပါသည်"

"ချစ်သား သံဃာတော်တို့အား ဆွမ်းရှစ်အုပ်၊ သင်အားဆွမ်းရှစ်အုပ်ကိုလှူပါ၏"

"မင်းကြီး ကောင်းလှပါပြီ"

www.dhammaransi.com



မင်းကြီးသည် အတိုင်းထက်အလွန် ကြည်ညိုသောစိတ်များ ဖြစ်ပေါ်လေသည်။

နိဂြောဓသာမဏေသည် မင်းကြီး၏အလှူကို လက်ခံပြီးနောက် ပြန်လည်ကြွတော်မူလေသည်။

မိုးသောက်သောနေ့၌ ရှစ်ဝတ်လေးလီ (၃၂) ဝတ်သောဆွမ်းတို့ကို (၃၂)ပါးသော ရဟန္တာတို့အား ပင့်ဆောင်၍ ဆွမ်းဘုဉ်းပေးတော်မူလေသည်။ ဆွမ်းဘုဉ်းပေးပြီးသော် မင်းကြီးက နိဂြောဓသာမဏေကို

"ချစ်သား ယနေ့ကြွလာသော ရဟန္တာသုံးကျိပ်နှစ်ပါးကို လည်းကောင်း၊ ထိုမှတစ်ပါးသော သုံးကျိပ်နှစ်ပါးကိုလည်းကောင်း ပင့်ဖိတ်၍ နက်ဖြန်ဆွမ်းဘုဉ်းပေးတော်မူပါ"

ဟုလျှောက်ထားပြန်လေသည်။

ဤသို့သောနည်းအားဖြင့် နေ့တိုင်းနေ့တိုင်း ပွားစေ၍ တိတ္ထိခြောက်သောင်းတို့အား လှူသောဆွမ်းဝတ်ကို ဖြတ်ပြီးလျှင် ခြောက်သောင်းသော ရဟန္တာတို့အား နန်းတော်အတွင်း၌ အမြဲလုပ်ကျွေးလေသည်။

သီရိဓမ္မာသောကမင်းကြီးသည် နိဂြောဓသာမဏေအား ပုထုဇဉ်တို့၏ကြည်ညိုခြင်းထက်လွန်စွာ ကြည်ညိုတော်မူသည်။

နိဂြောဓသာမဏေသည် မင်းကြီးနှင့်တကွ မင်း၏ ပရိတ်သတ်တို့ကို သရဏဂုံသုံးပါး၊ ငါးပါးသီလ၊ ရှစ်ပါးသီလ တို့ကိုတည်စေပါသည်။

မင်းကြီးကလည်း သံဃာတော်များ သီတင်းသုံးရန် အသောကာရာမကျောင်းကို ဆောက်လုပ်စေ၍ ခြောက်သောင်းသော ရဟန္တာမြတ်တို့အား ဆွမ်းဝတ်နှင့်တကွ လှူဒါန်းလေသည်။

## တောသွားဥပဇ္ဈာယ်နှင့် ကိုရင်ငယ်

အမည်မထင်ရှားသော ရဟန်းငယ်တစ်ပါးသည် သွားတိုက်တံ (ဒန်ပူ)ပြုလုပ်ရန်အတွက် (ခင်ပုပ်၊တမာစသော)အသားခုတ်ရန် ကိုရင်ငယ်တစ်ပါးကိုခေါ်၍တောထဲသို့သွား၏။

ကိုရင်ငယ်သည် လမ်းရိုးအတိုင်းမသွားဘဲ တောထဲသို့ လမ်းဖွဲ့ဆင်းလာကာ မိမိတို့လိုသော သစ်ပင်ကိုရှာဖွေရာ တောထဲ၌ သေနေသော အလောင်းကောင်တစ်ခုကိုတွေ့လေ၏။

ကိုရင်ငယ်သည် အသုဘကောင်ကြီးကို မတ်တပ်ရပ်ကြည့်ရင်း စက်ဆုပ်ရွံရှာဖွယ်အခြင်းအရာများကို တွေ့မြင်ရလေရာ ပဌမဈာန်ကိုပင်

www.dhammaransi.com



ရရှိလေ၏။ ထိုအသုဘအနီး၌ပင် ထိုင်၍ရရှိသော အသုဘစျာန်ကို အခြေခံ လျက်မိမိခန္ဓာကိုယ်ရှိ ရုပ် နာမ် ဓမ္မတို့၏ အဖြစ်အပျက် လက္ခဏာရေးသုံးပါး တို့ကိုဆင်ခြင်သုံးသပ်ရာ အနာဂါမ်ဖြစ်သွားလေသည်။

ထိုမှတစ်ဆင့် အရဟတ္တဖိုလ်အတွက် ဆက်လက်၍ မတ်တပ်ရပ် ရှုပွားနေခိုက် ရဟန်းငယ်သည် ကိုရင်ကိုရှာမတွေ့သဖြင့် "ကိုရင်ရေ" ဟုလှမ်း ၍အော်ခေါ်လိုက်သော အသံကိုကြားရသဖြင့် ကိုရင်ငယ်သည် အမှတ်သတိ ကိုဖျက်၍ စဉ်းစားနေမိ၏။

"ငါသည် ကိုရင်ဝတ်ချိန်မှစ၍ ရဟန်းတော်များရဲ့ စကားကို မနာခံ ခွန်းတုံ့ပြန်လှန် ပြောဆိုဖူးခြင်းမရှိ၊ တိတ်တိတ်နေခြင်းဖြင့်လည်း ညည်းဆဲ ဖူးသည်မရှိ၊ နောက်ရက်ကျမှပဲ အထက်မဂ်ဖိုလ်အတွက် ကြိုးစားရတော့ မှာပဲ"

ဟုစဉ်းစားကာ "အရှင်ဘုရား" ဟုလှမ်း၍ အသံပြုလိုက်၏။

"ကိုရင် ဒီကိုလာခဲ့"

ဟုတစ်ခွန်းခေါ်ရုံမျှဖြင့် ရဟန်းငယ်ထံအရောက်သွားကာ

"ဦးပဉ္စင်း၊ ဒီဘက်နားခဏကြွပါ"

ဟုဆိုကာ ရဟန်းငယ်အားခေါ်သွားပြီးနောက်

"ဦးပဉ္စင်း၊ တပည့်တော်နားခဏကြွပြီး ဟောဟိုဘက်လှမ်းကြည့် လိုက်စမ်းပါဘုရား" ဟုဆိုကာ အသုဘကိုညွှန်ပြလိုက်သည်။ ရဟန်းငယ် လည်းထိုခြေတစ်ရပ်အတွင်း၌ပင် အနာဂါမ်ဖိုလ်သို့ ဆိုက်ရောက်လေ၏။

ယင်းသို့ အသုဘအလောင်းကို ရှုကြည့်ရာ ယောက်ျားများအတွက် မိန်းမအလောင်း၊ မိန်းမများအတွက်ယောက်ျား အလောင်းကိုကြည့်ရန် မသင့်၊ သဟာယမဖြစ်၊ မိမိနှင့် သဘောတူလိင်တူကိုသာ ကြည့်ရှုသင့်လေသည်။

(မ၊ ၄၊ ၁၊ ၂၆၉၊ မဟာသတိပဋ္ဌာနသုတ် သပ္ပဋိကသမ္မဇဉ်အဖွင့်)

## ဝေဇယန္တပြသာဒ်ကို ခြေညှပ်၍ လှုပ်ယမ်းသော သံဃရက္ခိတ ကိုရင်ငယ်

သမုဒ္ဒရာ၌ နေတော်မူသော မဟာနာဂမထေရ်ကြီးအား သံဃ ရက္ခိတ ခေါ်သော တူကိုရင်ငယ်လေးတစ်ပါးရှိ၏။ ကိုရင်သံဃရက္ခိတသည် ရှင်ပြု၍ ဆံချသောအခိုက်မှာပင် ရဟန္တာဖြစ်တော်မူသော ကိုရင်လေးဖြစ်သည်။ တန်ခိုးဣဒ္ဓိပါဒ်နှင့်လည်း ပြည့်စုံတော်မူလေ၏။

ကိုရင်သံဃရက္ခိတသည် ရဟန္တာအဖြစ်သို့ရောက်သည်နှင့်တစ်ပြိုင်နက်

www.dhammaransi.com



''ရှင်ရဟန်းပြုတဲ့နေ့မှာပင် ရဟန္တာဖြစ်ပြီး သိကြားမင်း၏ဝေဇယန္တာပြာသာဒ်ကို ကိုင်လှုပ်ဖူးတဲ့ ရဟန်းတော်များ ရှေးကရှိခဲ့ဖူးလေသလား'' ဟုစဉ်းစားမိတော်မူလေ၏။ သာသနာတော်၌ ထိုသို့ လှုပ်ဖူးသူ ရဟန်းတစ်ပါး မျှမရှိခဲ့ဖူးသည်ကို သိ၍ စူးစမ်းသောအနေဖြင့် ''ငါလှုပ်ပြမည်'' ဟုကြံရွယ်ကာချက်ခြင်းပင် အဘိညာဉ်ဖြင့် တာဝတိံသာနတ်ပြည်သို့တက်ကြွကာ ဝေဇယန္တပြာသာဒ်ကြီးပေါ်၌ ရပ်တော်မူလေ၏။

သို့ရာတွင် ခြေထောက်ဖြင့် ပြာသာဒ်ကြီးကို လှုပ်ရာ လှုပ်၍မရ ရှိလေ၏။ ထိုအခါ သိကြားမင်း၏အခြွေအရံနတ်သမီးများက ကိုရင်လေး ရှင်သံဃရက္ခိတအား

''သားတော် မောင်သံဃရက္ခိတ၊ သင်ဟာ ဦးခေါင်းမှာ မိခင်ဝမ်း ပုပ်နံ့မှမပျောက်သေးဘူး၊ နတ်ပြည်ကိုများ လာပြီးဝေဇယန္တာကို လှုပ်ယမ်း တယ်ပေါ့လေ၊ ဘယ်မှာရပါမလဲကိုရင် ဝေဇယန္တပြာသာဒ်ကြီးဟာ အခိုင်အမာ ကြီးပဲ'' ဟုပြောင်လှောင်ပြောဆိုကြလေ၏။

ကိုရင် သံဃရက္ခိတမှာ နတ်သမီးများပြောင်လှောင်သောအခါ သူ့ဆရာထံမှ နည်းပြည့်စုံအောင် မရ၍သာ ယခုကဲ့သို့ အပြောင်အလှောင် ခံရသည်ဟု အောက်မေ့ကာ ဦးလေးတော် ဆရာသာမဏေရှိရာ မဟာနာဂထေရ် ကြီးသီတင်းသုံးရာဌာနကို ဆင်ခြင်ကြည့်ရာ သမုဒ္ဒရာအတွင်း တစ်နေရာ၌ ရေလှိုင်ဂူကြီး ဖန်ဆင်း၍နေသန့်စင်နေတော်မူကြောင်းတွေ့ရပေ၏။ ချက်ချင်း ပင် ဆရာထံသွား၍ ရှိခိုးပြီးရပ်နေလျှင်

''ချစ်သား သံဃရက္ခိတ၊ သင်ဟာ ပညာမသင်ကြားရသေးပဲနဲ့ တယ်ပြီးစစ်ထိုးလှချင်သကိုး'' ဟုဆီး၍ မိန့်တော်မူကာ

''ချစ်သား သင်ဝေဇယန္တာကို မလှုပ်နိုင်ခဲ့ဘူးမဟုတ်လား''

ဟုမေးတော်မူ၏။ ဆရာအကူအညီ အဆုံးအမနည်းပြသွန်သင်မှု မရရှိ၍ မလှုပ်နိုင်ခဲ့ကြောင်းလျှောက်ထားလေလျှင်

''ချစ်သား သံဃရက္ခိတ သင့်လိုလူကမှ မလှုပ်နိုင်ခဲ့လျှင် ဒီလောက မှာ ဘယ်သူလှုပ်နိုင်ပါလိမ့်မတုံး ချစ်သား၊ သင်မြင်ဖူးတယ် မဟုတ်လား၊ ရေထဲမှာပေါလောပေါ်ပြီး မျောနေတဲ့နွားချေးခြောက်တွေ၊ နောက်ပြီး ချစ်သား ဆီပူအိုးကင်းကြီးနှင့် မုန့်များကြော်တဲ့အခါ ဆီတွေဟာအိုးကင်းဘေးအစွန် ပတ်ပတ်လည်မှာ နယ်ခြားထားတာတွေ့တယ် မဟုတ်လား၊ ဒါလောက်ဆို သင်နားလည်လောက်ပြီးပေါ့''

''ဒါလောက်ဆို ရပါပြီဘုရား''

www.dhammaransi.com



ဟုလျှောက်ကာဝေဇယန္တာပြာသဒ်ကြီး ရပ်တည်နေရာတစ်ပြင်လုံးကို ရေဖြစ်အောင်အဓိဋ္ဌာန်၍ တာဝတိံသာသို့ ချက်ခြင်းပြန်တက်သွားလေ၏။ နတ်သမီးများ ကိုရင်သံဃရက္ခိတ လာသည်ကိုမြင်ကြလျှင်

"တစ်ခါအရှက်ကွဲသွားတာမမှတ်သေးဘူး၊ ကိုရင်ကလေးတစ်ခေါက် လာပြန်ပြီ"

ဟုဝိုင်း၍ဆီးပြောဆိုကြရာ သိကြားမင်းကြီးက

"ရှင်မတို့ ငါ့သားတော်ကလေးနဲ့ ဖက်ပြိုင်အန်တုပြီး ပြောနေကြသလား၊ အခု သူ့မှာဆရာရလာပြီကွယ့်၊ ညဉ်းတို့ပြာသဒ်ကြီးကို ခဏကလေးနဲ့ ကိုင်လှုပ်ပြလိမ့်မယ်၊ မပြောကြလေနှင့်"

ဟုတားလေ၏။

ကိုရင်သံဃရက္ခိတလည်း ဝေဇယန္တပြာသဒ်ကြီးအထွတ် ထုပိကာကို ခြေမနှင့်ညှပ်ကာ သွက်သွက်ခါအောင် လှုပ်ယမ်းပစ်လိုက်လေ၏။ ထိုအခါကျမှ စောစောကပြောင်လှောင်ခဲ့သော နတ်သမီးများမှာ

"ကိုရင်ဘုရား၊ သိပ်ပြီးမလှုပ်ပါနှင့်၊ ရပ်ပေးပါတော့"

ဟုကြောက်လန့်အော်ဟစ်ကာ တောင်းပန်ကြလေသည်။

ကိုရင်သံဃရက္ခိတလည်း ပြာသဒ်ကြီးကို နေမြဲတိုင်းရပ်တည်စေပြီးနောက် ပြာသဒ်ထိပ်ဖျားပေါ် ရပ်လျက်

"ယနေ့သက်နုဝတ်၊ ယနေ့ရဟန္တာဖြစ်၊ ယနေ့ပင် ဝေဇယန္တာပြာသဒ်ကြီးကို ကိုင်လှုပ်နိုင်ပြီ၏ဟေ့" ဘုရားရှင်ကျေးဇူးတော်၊ တရားမြတ်၏ကျေးဇူး တော် သံဃာတော်အရှင်မြတ်တို့၏ ကျေးဇူးတော်တို့အား အံ့ဖွယ်သရဲ ထူးကဲမြင့်မြတ်လှပါပေသည်တကား" ဟုကြုံးဝါး၍ ဥဒါန်းကျူးတော်မူလိုက်လေသည်။

(ဒီ၊ ဋ္ဌ၊ ၂၊ ၁၄၈–မဟာပရိနိဗ္ဗာန်နီသုတ်မြေလှုပ်ခန်းအဖွင့် အ၊ ဋ္ဌ၊ ၃၊ ၂၅၁)

## ကိုရင်ငယ်ချာန်ကစားကန်းမနှင့်ညား

ရဟန္တာအရှင်မြတ်ကြီးတစ်ပါးသည် သီဟိုဠ်ကျွန်းရှိ မဟာစေတီနှင့် မဟာဗောဓိပင်ကိုသွားရောက်ပူဇော်မည်ဟု မိမိသီတင်းသုံးသော ရွာကလေးမှ မဟာဝိဟာရကျောင်းတိုက်သို့ ကြွတော်မူ၏။ တန်ခိုးဣဒ္ဓိပါဒ်နှင့်ပြည့်စုံသော ကိုရင်ငယ်တစ်ပါးကိုလည်း နောက်ပါခေါ်တော်မူခဲ့သည်၊ မဟာဝိဟာရကျောင်းတိုက်ကြီးအတွင်း သင့်လျော်သော ကျောင်းတစ်ခု၌ ဆရာတပည့်တည်းခို နေထိုင်တော်မူကြသည်။

www.dhammaransi.com



ညနေအချိန်အခါမျိုးတွင် သံဃာတော်အများပင် မဟာစေတီသို့ ဘုရားပူဇော်သွားလေ့ရှိကြရာ မထေရ်ကြီးကား သံဃာတော်များကို လေးစားငဲ့ကွက်နေရသဖြင့် ကောင်းစွာဘုရားအာရုံပြုနိုင်ခွင့် ရမည်မဟုတ်၍ သံဃာအများကြွချိန် မကြွဘဲနေလေသည်။

ဘုရားဖူးသံဃာတော်များလည်း ပြန်ကြွလာချိန် လူဒကာ၊ ဒကာမများလည်း ညနေစာ စားသောက်ချိန် (သဗ္ဗာယသမ္ဗဇဉ်ခေါ်၏) လူသူရှင်းမည့်အချိန်ကိုစောင့်သင့်ကာ ကိုရင်ငယ်ကိုပင် အသိမပေးဘဲ တစ်ခုသောညနေတွင်ကြွတော်မူလေ၏။ ကိုရင်လည်း မိမိဆရာတော်ကြီးကို မတွေ့ရသဖြင့်

"ဘယ်နှယ့်လဲ အချိန်အခါမဟုတ် ဆရာတော်ကြီး တစ်ပါးတည်းကြွသွားပြီ၊ အကြောင်းဘယ်သို့သိရအောင် လိုက်သွားဦးမှပဲ" ဟုစဉ်းစားကာဆရာတော်ကြီး ကြွသွားသောလမ်းအတိုင်း နောက်ကထပ်ကြပ်မကွာလိုက်ပါသွားလေ၏။

မထေရ်ကြီးလည်း မိမိတပည့်လိုက်ပါလာမည်ကို မဆင်ခြင်မိချေ။ ကြွမြဲတိုင်းကြွကာ မဟာစေတီတောင်ဘက်မုခ်မှ တက်တော်မူရာ သာမဏေလည်းနောက်ကပင် လိုက်ပါတတ်သွား၏။

စေတီတော်ရင်ပြင်ပေါ်သို့ရောက်လျှင် မထေရ်ကြီးသည် မဟာစေတီကို တစ်ချက်ဖူးမြော်လိုက်ပြီး ဘုရားအာရုံပြုကာ မလှုပ်မယှက်စိတ်ပါလက်ပါအားရကျေနပ်စွာ ရှိခိုးတော်မူလေသည်။

ကိုရင်ငယ်လည်း နောက်မှနေ၍ မထေရ်ကြီး မလှုပ်မယှက် ရှိခိုးနေသည်ကိုကြည့်ကာ

"သြော် ငါ့ရဲ့ ဥပဇ္ဈာယ်ဆရာတော်ကြီးဟာ ဘုရားကို အလွန်ရှိရှိသေသေ လေးလေးမြတ်မြတ် ရှိခိုးနေပါလား၊ ပန်းများရလျှင် လှူဒါန်းလိုမလားမသိ"

ဟုစဉ်းစားနေခိုက် မထေရ်ကြီးလည်း ထိုင်၍ရှိခိုးနေရာမှ မတ်တပ်ထလက်အုပ်ချီလျက် မဟာစေတီကို မော်ကြည့်ဖူးမြော်နေလေသည်။ ကိုရင်လည်းမိမိရောက်နေကြောင်း ချောင်းဟန့်သံပေးလိုက်၏။ မထေရ်ကြီးမှာ နောက်သို့စောင်းငဲ့ကြည့်ပြီးလျှင်

"ငါ့ရှင် ကိုရင်ဘယ်အချိန်က ရောက်လာသလဲ"

ဟုမေးတော်မူသည်။

"ဆရာတော်ဘုရား၊ ဘုရားအာရုံပြုစကပင် ရောက်ရှိနေပါတယ်ဘုရား၊ ဆရာတော်ဟာ အလွန်ရှိရှိသေသေ လေးလေးမြတ်မြတ်ကြီး ရှိခိုး

www.dhammaransi.com


နေတာပါလားဘုရား၊ တကယ်လို့ ပူဇော်ရန်ပန်းများရလျှင် လှူဒါန်းပူဇော်လိုပါသလားအရှင်ဘုရား'' ဟုလျှောက်လိုက်သည်။

မထေရ်ကြီးကလည်း

''ကောင်းပေတယ် ကိုရင်၊ ဒီမဟာစေတီလို ဘယ်မှာမှ ဒီလောက် ဓာတ်တော်မွေတော်များများ ထည့်သွင်းဌာပနာထားတဲ့ စေတီတော်မရှိဘူးပေါ့ ငါ့ရှင်၊ ပန်းရလျှင် ဒီလောက်ထူးခြားမြင့်မြတ်တဲ့ အတုမရှိစေတီတော်မြတ်ကြီး ကိုဘယ်သူမပူဇော်လိုဘဲ ရှိပါ့မလဲငါ့ရှင်''

''ဒါဖြင့် အရှင်ဘုရား ခေတ္တသည်းခံဆိုင်းငံ့တော်မူပါဦး၊ တပည့်တော်ပန်းကို ဆောင်ယူပါချေဦးမယ်''

ဟုလျှောက်ကာ ကိုရင်ငယ်သည် ချက်ချင်း ဈာန်သမာပတ်ဝင်စား၍ကောင်းကင်ခရီးဖြင့် ဟိမဝန္တာသို့ ကြွသွားလေ၏။

မထေရ်ကြီးသည် စေတီတော်တောင်ဘက်မုခ်မှ အာရုံပြုအပြီး အနောက်ဘက်မုခ်သို့ လှည့်တော်မူ၏။ ကိုရင်ငယ်သည် မထေရ်ကြီး အနောက်ဘက်မုခ်သို့ မရောက်ခင်မှာပင် ရေစစ်ခွက်နှင့် ယူဆောင်လာသော ပန်းများကို မထေရ်ကြီးလက်သို့ ထည့်လှူလိုက်၏။

''အဆင်းအနံ့နှင့်ပြည့်စုံသော ဤပန်းများကို လှူဒါန်းပူဇော်တော်မူပါအရှင်ဘုရား''

ဟုလျှောက်လျှင်မထေရ်ကြီးသည် (တစ်ဖန်ခွက်မျှရှိသော) ရေစစ်ခွက်ကိုကြည့်၍

''ကိုရင် ငါ့ရှင် ပန်းကနည်းနည်းကလေးပါလား''

ဟုမိန့်တော်မူလျှင်

''အရှင်ဘုရား၊ ပန်းလှူရန်အလိုရှိရာ ကြွသာကြွပါ။ ဘုရားရှင်ရဲ့ ကျေးဇူးတော်ဂုဏ်တော်တွေကိုသာဆင်ခြင်ပြီး ပူဇော်တော်မူပါဘုရား''

ဟုလျှောက်ထားလိုက်သည်။

မထေရ်ကြီးလည်း စေတီအနောက်ဘက်မုခ်က တက်ရသော လှေကားဖြင့်တက်ကာ စေတီတော်သပိတ်မှောက်အောက်အထက်ပစ္စယ်၌ ပန်းများခင်းဖြန့်လှူတော်မူ၏။ စေတီတော်တစ်ပတ်ပြည့်သွားသော်လည်း ရေခွက်ထဲ၌ ပန်းများမကုန်သေးချေ။ အထက်ပစ္စယ် ပတ်ပတ်လည်၌ ပန်းများပြည့်လျှံပြီးမှောက်၍ အောက်ပစ္စယ်သို့ပင်ကျလာကုန်၏။ အောက်ပစ္စယ်မှပန်းများလည်း ပြည့်လျှံကျကာ စေတီဖိနပ်တော် ပတ်ပတ်လည်း၌ပင် ပြည့်နေ၏။

အထက်ပစ္စယ်မှ အောက်ခြေဖိနပ်တော်အထိ ပန်းများ ပြည့်လျှံနေ

www.dhammaransi.com



သပြင်ပူဇော်ရန် နေရာမကျန်ရှိတော့၍ စေတီရင်ပြင်၌ ကြဲဖြန့်ပူဇော်လိုက်ရာ စေတီတော်တစ်ခုလုံးလည်း ပန်းများပြည့်နေတော့သည်။ သို့သော် ရေစစ်ခွက်ထဲ၌ကား ပန်းများမလျော့သေးချေ။

"ငါ့ရှင် ပန်းတွေမကုန်နိုင်ပါလား"

ဟုမိန့်တော်မူလျှင်

"အရှင်ဘုရား၊ ရေစစ်မျက်နှာဝကို အောက်ဘက်လှည့်ပြီး မှောက်သွန်ချတော်မူလိုက်ပါဘုရား"

ဟုလျှောက်၍ ရေစစ်ကိုမှောက်ပြီး လှုပ်လိုက်ခါမှ ပန်းများကုန်လေတော့သည်။ ရေစစ်ခေါက်ကို သာမဏေငယ်အားပေးလိုက်ပြီးနောက် ဆရာတပည့် မဟာစေတီကြီးအား လက်ျာရစေတီသုံးပတ်လှည့်ကာ ပူဇော်ကြလေ၏။ အရပ် လေးမျက်နှာတို့၌လည်း ထိုင်၍ ဘုရားအာရုံပြုပြီးလျှင် စေတီရင်ပြင်မှဆင်းကြလေ၏။

ကျောင်းသို့အပြန်လမ်းတွင် မထေရ်ကြီးသည် မိမိတပည့်သာမဏေငယ်၏ တန်ခိုးကတ္တိပါဒ်နှင့် စပ်၍

"အင်း ကိုရင်ကလေးကား တန်ခိုးကြီးပေစွ၊ ဒီတန်ခိုးကို ဆက်လက်ပြီး စောင့်မှစောင့်ရှောက်နိုင်ပါ့မလား"

ဟုဆင်ခြင်တော်မူရာ ဆက်လက်စောင့်ရှောက်နိုင်မည့် အခြေအနေကိုမြင်တော်မမူသဖြင့်

"ငါ့ရှင့်ကိုရင်ငယ် သင်ယခုတော့ အလွန်တန်ခိုးကြီးပေတယ်၊ ဒါပေမယ့် တနေ့တော့ကိုယ့်တန်ခိုးကိုယ်ဖျက်ပြီး နောက်ဆုံးယက်ကန်းသည်အကန်းမလေးလက်နှင့်နယ်တဲ့ဆန်ပုန်းရည်ကို သောက်နေရလိမ့်မယ်"

ဟုမိန့်တော်မူလိုက်သည်။

သို့ရာတွင် ကိုရင်ငယ်သည် ဥပဇ္ဈာယ်ဆရာ၏ စကားကြောင့် ထိတ်လန့်သံဝေဂရကာ ဝိပဿနာ ကမ္မဋ္ဌာန်းတရား မတောင်းခံရုံမျှမက၊ ငါ့ကို ဆရာတော်ဘာတွေပြောနေပါလိမ့်ဟု စိတ်မဝင်စား၊ မကြားယောင်ဆောင်လိုက်ပါခဲ့၏။

မထေရ်ကြီးသည် မဟာစေတီနှင့် မဟာဗောဓိကို ဖူးမြော်အပြီး သပိတ်သက်နှုံးကို သာမဏေအားယူစေကာ ကုဋ္ဋေဋ္ဌိတိဿ မဟာဝိဟာရ (သီဟိုဠ်က ဋ္ဌေတိဿမဟာဝိဟာရ) ကျောင်းတိုက်ကြီးသို့ ဆရာတပည့် ကြွကြလေသည်။

သာမဏေငယ် (ကိုရင်ငယ်)သည်ဆွမ်းခံကြွသောအခါ မိမိဆရာ

www.dhammaransi.com


၆ အတူ ဆွမ်းခံကြွလာသော်လည်း ကျောင်းမှကြွလာသောအခါ အတူ လိုက်ပါ သွား။

"အရှင်ဘုရား ဒီနေ့အဘယ်ရွာသို့ဆွမ်းခံကြွပါမည်နည်း"

လျှောက်ကာ ဆရာ၏ သပိတ်သက်န်းကြီးများကို ယူထားလိုက်ပြီး လျင်ဆွ ဝင်မည့် ရွာအပေါက်သို့ မထေရ်ကြီးရောက်ချိန်မှ ကျောင်းမှ ထွက်၍ ကာင်းကင်ခရီးဖြင့် အမီလိုက်လေ့ရှိသည်။ ရွာသို့ ဝင်ကာနီးမှ သပိတ် ာ်န်းများကို ဆက်ကပ်လေ့ရှိ၏။

"ကိုရင်ငယ် ဒီလိုမလုပ်နှင့်၊ ပုထုဇဉ်တို့ရဲ့ တန်ခိုး ဣဒ္ဓိပါဒ်ဆိုတာ ခိုင်မြဲ ါဘူး။ မသင့်လျော်တဲ့ ရူပါရုံစသည်နှင့်တွေ့လျှင် ဘာမဟုတ်တာ ကလေ လည်း ပျက်စီးဆုံးရှုံးတတ်တယ်။ ရှိထားတဲ့ ဈာန်သမာပတ်တေ ယုတ်ေ ာ့သွားရင် အကျင့်သီလပြဟ္မာစရိယကိုလည်း လုံခြုံအောင်ထိန်းထား နိုင်ဖို့ခ ာတယ်"

ဟုမကြာခဏဆုံးမတော်မူလေ့ရှိသော်လည်း ကိုရင်ငယ်မှာ ဘာတွေ ပြောမှန်းပင်မသိ၊ မကြားယောင်ဆောင်၍သာ နေခဲ့လေသည်။

မထေရ်ကြီးသည် ကိုရင်ငယ်ကို တန်ခိုးကြီးစေတီတော်များကို လှည့် သည်ဖူးလျက် ကမ္ဗုဇိန္ဒ (သီဟိုဠ်မှုကုဝေလာ၊ သာရသင်္ဂဟအလိုကုပြု ဖောန္ဒ) ကျောင်းတိုက်သို့ကြွတော်မူသည်။ ထိုသို့နေသောအခါတွင်လည်း ကိုရင် ငယ်သည် တန်ခိုးကိုသုံးမြဲသုံးကာ ဆရာ၏စကားကို မနာယူ ပြုမူ နေ၏။

မထေရ်ကြီးသည် ဆွမ်းခံချိန်ရောက်သဖြင့် ကမ္ဗုဇိန္ဒခေါ် ယက်ကန်း သည်ရွာကြီးသို့ တစ်ပါးတည်းကြွနှင့်လေသည်။ ကိုရင်လည်း မထေရ်ကြီး ရွာပေါက် ရောက်ခါနီးလျှင် ထုံးစံအတိုင်းကောင်းကင်မှ ပျံကြွလိုက်ပါလ လေသည်။ ကျောင်းနှင့်ရွာအကြား၌ ကြာအိုင်ကြီး တစ်အိုင်ရှိလေရာ ကိုရင်သည် ထိုကြာအိုင်ပေါ်မှ ဖြတ်ကျော်သွားရ၏။ ထိုနေ့ကား ထိုကြာအိုင် ကြီးအတွင်း၌ ကမ္ဗဇိန္ဒရွာမှ အလွန်ချောမောလှပသော ယက်ကန်းသည်မ ကလေးတစ်ဦးသည် သီချင်းဆိုလျက် ကြာပန်းများကို ဆင်း၍ချိုးနေ၏။

ယက်ကန်းသည်မကလေး၏ သီချင်းသံသည် ကြာအိုင်ပေါ်မှ ပျံကြွ လာသော ကိုရင်ကလေးသည် နား၌ ပင့်ကူမြှေး အစေး ငြိသော ယင်ကန်း ကဲ့သို့ငြိစွန်းသွားရာ မခွာနိုင်တော့ဘဲ ထိုင်နေရာ၌ပင် ဈာန်အဘိညာဉ်တန်ခိုး များကွယ်ပျောက်ရလေ၏။ အတောင်ပံကျိုးသော ငှက်ပမာမြေပြင်သို့ ကျဆင်း လေသည်။

www.dhammaransi.com



သို့သော် ဈာန်လျောကျရသော်လည်း ဈာန်သမာပတ် တန်ခိုးကြောင့် ချောင်းကန်သမုဒ္ဒရာ စသည်တို့၌ ကျရိုးထုံးစံမရှိချေ။ ကြိုးပြတ်ကျသူ၊ အမြင့်မှ ကျသူတို့ကဲ့သို့လည်း ထိခိုက်နစ်နာခြင်းမရှိ၊ လဲဝါဂွမ်းများ ကျလာသကဲ့သို့ ကျလေသည်။ ဈာန်ကြိုးပြတ်သာမဏေလည်း တရွေ့ရွေ့လျောကျကာ ကြာအိုင်ကြီးဆိပ်ကမ်း၌ ကျလေ၏။

အချိန်လည်း နီးကပ်နေသဖြင့် ဥပဇ္ဈာယ်ဆရာနှင့် သပိတ်နှင့် သင်္ကန်းကြီးကိုမထေရ်ကြီးရှိရာ ရွာဝင်ပေါက်သို့ ကုန်းကြောင်းလျှောက် အပြေးသွားကာ ဆက်ကပ်လိုက်၏။ ပြီးလျှင်မည်သို့မှ အကျိုးအကြောင်း မလျှောက်ထားဘဲချက်ချင်းပင် ကြာအိုင်ဘက်သို့ လှည့်ထွက်ခဲ့လေသည်။ မထေရ်ကြီးလည်း

"ဒီလိုငါမြင်လို့ အကြိမ်ကြိမ်တားပေမယ့် နားထောင်ရကောင်းမှန်း မသိရှာပဲကိုး"

ဟုသာအောက်မေ့တော်မူ၍ တစ်စုံတစ်ရာ မေးမြန်းပြောဆိုခြင်း မပြုဘဲ ဆွမ်းခံဝင်တော်မူလေသည်။

ကိုရင်ငယ်လည်း ကြာအိုင်သို့ အလျင်အမြန် ပြန်လာကာ (အဝတ်အစားများချွတ်၍ပုံထားသော) ကြာအိုင်ဆိပ်ကမ်းနဖူး၌ ရပ်လျက် ယက်ကန်းသည်မလေး တတ်လာမည့်အချိန်ကို စောင့်မျှော်နေလေ၏။

ယက်ကန်းသည်မ ကလေးလည်း ကိုရင်ကလေး၏ ကောင်းကင်မှ ကြာအိုင်ကိုဖြတ်ကျော်၍ ပျံသွားသည်ကိုမြင်လိုက်၏။ ယခုကြာအိုင်ဆိပ်ကမ်းသို့ရပ်၍စောင့်နေသည်ကိုလည်း မြင်ရသဖြင့် မိမိအပေါ်သံယောဇဉ်ရှိနေမှန်း သိလေ၏။ သို့ရာတွင် အဝတ်အစားများ မပါပဲ ကြာပန်းဆင်းခူးခဲ့သဖြင့် ကုန်းပေါ်ပြန်တက်ရန် ခက်ခဲနေသဖြင့်

"ကိုရင်ခဏလောက်တစ်နေရာရှောင်ပေးပါဦး" ဟုပြောဆို၍ ကိုရင်တိမ်းရှောင်ပေးမှ ကမ်းပေါ်သို့တက်ကာ အဝတ်အစားများ ဝတ်ရလေ၏။ အဝတ်အစားများ ဝတ်ပြီး၍ ကိုရင်၏အနီးသို့သွားကာ အကျိုးအကြောင်း ရှိသေစွာ မေးလျှောက်၏။

ကိုရင်က လူထွက်ရန် မေတ္တာမျှရန် ပြောသောအခါ ယက်ကန်းသည်မလေးသည် ဃရာဝါသလူ့လောက၏အဖြစ်အပျက်များစွာ ပြောပြလေ၏။ သာသနာဘောင်၌ နေရသော အကျိုးကျေးဇူးများကို ပြောပြ၍ တောင်းပန်လေသည်။ ကိုရင်ကား ယက်ကန်းသည်မလေး၏ စကားကို တွင်တွင်သာငြင်းပယ်နေတော့သည်။

www.dhammaransi.com


ယက်ကန်းသည်မကလေးမှာလည်း မည်သို့မျှ နားချပြောဆိုတောင်းပန်၍မရတော့သည့်အပြင် မိမိကြောင့်ပင် ဤမျှလောက်ကြီးကျယ်သော တန်ခိုးဣဒ္ဓိပါဒ်များ ဆုံးရှုံးသွားရဖြင့် ကိုရင်ကလေး၏ အပေါ်၌သနားစိတ်ဝင်သွားကာ

"ဒါဖြင့်လဲ့ ကိုရင် ဒီကပဲ ခဏကလေး စောင့်နေခဲ့ပါဦး"

ဟုအကျိုးအကြောင်း ပြောဆိုတောင်းပန်ကာ အိမ်သို့ ပြန်၍မိဘများကိုပြောဆိုလေသည်။ မိဘများ လာရောက်သောအခါတွင်လည်း ကိုရင်အားဖျောင်းဖျနားချကြပြန်ရာ နားမထောင်ဘဲ ငြင်းမြဲငြင်းနေသဖြင့်

"ကိုရင် တပည့်တော်တို့ကို ဆွေကြီးမျိုးကြီးများ ထင်မှတ်နေသလား ကိုရင် တပည့်တော်တို့မှာ သားအမိ သားအဖတွေ တစ်နေ့ကုန် ယက်ကန်းရက်မှ စားရတဲ့ဆင်းရဲသားတွေပါ။ ဒီလို ကြမ်းတမ်းတဲ့အလုပ်တွေကို ကိုရင်လုပ်နိုင်မှာလား" ဟုပြောပြရာ သာမဏေက

"ဒကာကြီး လူဖြစ်မှတော့ ယက်ကန်းရက်တဲ့အလုပ်ဖြစ်ဖြစ်၊ ကျူထရံရက်လုပ်ရတဲ့အလုပ်ပဲဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် လုပ်နိုင်ရမှာပေါ့၊ ဒကာကြီးပုဆိုးလေးတစ်ထည်လောက်ပေးရမှာ နှမြောမနေပါနှင့်"

ဟုဒကာကြီး ချိုင်းကြား၌ ညှပ်ယူလာသော အဝတ်များကို ကြည့်၍ပြောလိုက်ရာ ယက်ကန်းသည် ဒကာကြီးလည်း ယူလာသော အဝတ်ကိုပေးလိုက်ရလေ၏။ ချက်ချင်းပင် ရှင်လူထွက်ကာ သမီးငယ်နှင့်အတူ အိမ်သို့ခေါ်ဆောင်သွားလေသည်။

ကိုရင်လူထွက်လည်း ကမ္မဗန္ဓုယက်ကန်းသည်ရွာကြီး၌ ယက်ကန်းအတတ်များ သင်ယူကာ အများနည်းတူလုပ်ကိုင်စားသောက်ရရှာလေ၏။

ထိုရွာရှိ ယက်ကန်းသည်များအားလုံး ရွာလယ်ရှိ ယက်ကန်းရုံကြီးသို့နေထွက်မှနေဝင်တစ်နေကုန် စုပေါင်းအလုပ်ဝင်ကြရ၏။ နေ့လည်စာအတွက်ထမင်းများကို ချက်ပြုတ်ပြီး ယူဆောင်ခဲ့ကြရလေသည်။ အိမ်ရှင်မများက ထမင်းလိုက်၍လည်းပို့ပေးကြ၏။

အခြားယက်ကန်းသမားများသည် စားချိန်ရောက်လျှင် အလုပ်မှရပ်နားကာ ထမင်းစားနေကြသော်လည်း ကိုရင်လူထွက်မှာ အိမ်ရှင်မကလေးထမင်းလာမပို့သေးသဖြင့် မနားရ မစားရသေးချေ။ ထပင်းဆာဆာရက်ဖောက်များ၌ ချည်ရစ်လျက်စောင့်နေရလေ၏။ အလွန်နေမြင့်မှ အပေါ်တကော ရောက်လာသော ဇနီးအားကိုရင်လူထွက်က

"နောက်ကျရကောင်းလား"

www.dhammaransi.com



ဟုဟိန်းဟောက် ငေါက်ငမ်းလေ၏။

မာတုဂါမတို့မည်သည် စကြာဝတေးမင်းကြီးပင်ဖြစ်စေကာမူ မိမိအပေါ်စွဲလမ်းတပ်မက်မှုန်းသိလျှင် ကျွန်ကဲ့သို့မှတ်ထက်ထားလေ့ရှိသည့်အတိုင်း ပြန်၍ စိတ်လိုက်မာန်ပါ အော်ပြောချေပလိုက်လေသည်။

''ကိုယ်တော် တဆိတ်ရှိသူများကို မာန်ဖို့မဲဖို့ သိတယ်၊ သူများတွေအိမ်မှာက ထင်းတို့ရေတို့ ဆန်ဆီဆားအားလုံး အဆင်သင့် အပြင်က ဝိုင်းဝန်းကူညီပြီးလုပ်ပေးနေရတဲ့လူတွေဘာတွေနဲ့ ကျွန်မမှာကထင်းမရှိလည်း ကျွန်မပဲ၊ ဆန်မရှိလည်း ကျွန်မတစ်ယောက်ထဲလုပ်နေရတာ ရှင်က ကိုယ့်အိမ်မှာဘာရှိလို့ရှိမှန်း မရှိလို့မရှိမှန်းမသိတတ်ဘူး။ ကိုယ်စိတ်နဲ့ မတွေ့တိုင်း ဆူဖို့ကြိမ်းဖို့ပဲတတ်တယ်၊ ရော့ ကိုယ်တော်ထမင်း၊ ကြိုက်လဲဘုဉ်းပေး၊ မကြိုက်လဲနေရုံပဲ''

ကိုရင်လူထွက်မှာ လူပုံအလယ်တွင် ရှက်ရှက်နှင့် စိတ်မထိန်းနိုင်တော့ပဲနေမြင့်မှလဲ ထမင်းလာပို့သေးရဲ့ ငါ့ကိုထိပါးပုတ်ခတ်ပြီး ပြောရကောင်းလားဟု စိတ်ဆိုးကာ ရိုက်ရန် တုတ်ရှာ၍မရသဖြင့် ရွတ်တရက်ဖောက်တံဖြင့် မျက်နှာကိုပိတ်၍ ပစ်ပေါက်လိုက်၏။ ယက်ကန်းသည်မလေးသည် မျက်နှာကို တိမ်းဖယ်လွှဲလိုက်သော်လည်း ရှောင်လိုက်ခါမှ ထက်လှသော ရက်ဖောက်တံအချိန်နှင့် မျက်စိနှင့်တည့်တည့်ဖြစ်ကာ မျက်စိတစ်ဖက်၌ စူးဝင်သွားလေသည်။ ယက်ကန်းသည်မလေးလည်း မျက်စိကို လက်ဝါးနှင့်ပိတ်ကာရှိုက်ကြီးတငင် ငိုကြွေးလေ၏။ မျက်စိမှသွေးများလည်း တသွင်သွင်ကျလေတော့သည်။

ထိုအခါမှ ကိုရင်လူထွက်လည်း ယူကျုံးမရငိုကြွေးလေ၏။ အနီးရှိလုပ်ဖော်ကိုင်ဖက်များက

''သူငယ်ချင်းအခုမှငိုမနေနဲ့တော့။ ငိုနေလို့လည်းကန်းသွားတဲ့ မျက်စိတစ်ဖက်က ပြန်ကောင်းလာမှာမဟုတ်ဘူး'' စိတ်ကိုဖြေ၍ လုပ်သင့်တာလုပ်ရန်ကိုသာပြောဆိုနားချကြရာ ကိုရင်လူထွက်က

''ကျွန်တော်က ဒါကြောင့်ငိုတာမဟုတ်ပါဘူး၊ ဆရာစကားကို နားမထောင်မိလို့'' အစချီကာ အကြောင်းစုံကို ပြန်လာပြောပြလေ၏။

''မင်း ယက်ကန်းသည်အကန်းမလေးရဲ့ လက်နှင့်နယ်တဲ့ ဆန်ပုန်းရည်သောက်နေရလိမ့်မယ်တဲ့ ကျွန်တော့်ဥပဇ္ဈာယ်ဆရာဟာ အရှည်မြင်တော်မူပါတယ်။ ကျွန်တော်သာ ဆရာစကားနားမထောင်မိလို့ ယခုလိုဖြစ်ရတာပဲ'' ဟုဆိုကာ ငိုယိုမြည်တမ်းကာ နောင်တဖြစ်ရှာလေတော့၏။

လောကုတ္တရာအင်အား အထိန်းအကွပ်မပါသော လောကီတန်ခိုး

---

www.dhammaransi.com


ဣဒ္ဓိပါဒ်သည် သတ္တဝါတို့အား ဆင်းရဲစေတတ်ကြောင်း သင်ခန်းစာတစ်ရပ် ဖြစ်လေ၏။

"ကိုရင်ကလေးတော်တော်ရှာန်ကစားကန်းမနှင့်ညား"ဟုပြောရိုး ဆိုစဉ်ရှိသောဝတ္ထုတည်း"။

(မ၊၅၊၃၊၁၇၁–မဟာသကုလုဒါယီသုတ်အဖွင့် ဝိဘာဂ်အဌကထာ ၂၇၈)

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်သျှင်သိရိ
(မော်စရိယ၊ ဘီအေ)

www.dhammaransi.com

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ် သျှင်သီရိ
ဓမ္မာစရိယ(ဘီအေ)

# တန်ခိုးထက်မြက် အစွမ်းထက်သည့်
# ရဟန္တာကိုရင်ငယ်များ

